# င်လုပ်သား

ဖိုးကျော့



ပထမနှိပ်ခြင်း။ ၁၉၇၃၊ အုပ်ရေ ၂၄၀၀၀

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေသည်။

ရန်ကုန်မြို့ ၃၆၁ ပြည်လမ်း စာပေဗိမာန်ပုံနှိပ်တိုက်တွင်
ဦးကျော်အုံး (မှတ်ပုံတင်အမှတ် ၀၁၃၂) က ရိုက်နှိပ်သည်။

# မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူအမှာ | ၁ |
| ၁။ | ကမ္ဘာ့ဆင်အမျိုးမျိုး | ၈ |
| ၂။ | ဆင်လေ့လာရေးခရီး | ၂၁ |
| ၃။ | ဆင်မိတ်လိုက်သားမွေးခြင်း | ၃၄ |
| ၄။ | မြန်မာ့ဆင်အမျိုးအစား | ၅၁ |
| ၅။ | ဆင်၏သဘာဝစရိုက် | ၆၅ |
| ၆။ | ကျမ်းလာဆင်နှင့် ဆင်ဖြူတော် | ၇၄ |
| ၇။ | ဆင်မုန်ယိုခြင်း | ၈၅ |
| ၈။ | ဆင်ဆိုး | ၉၈ |
| ၉။ | ဆင်စွယ် | ၁၀၂ |
| ၁၀။ | ဆင်ရိုင်းများ ထောင်ဖမ်းခြင်း | ၁၃၅ |
| ၁၁။ | သင်ကြားလေ့ကျင့်ပေးခြင်း | ၁၄၅ |
| ၁၂။ | ကြိုးကွင်းစွပ်ဆင်ဖမ်းနည်း | ၁၅၅ |
| ၁၃။ | မေ့ဆေးသေနတ်နှင့် ပစ်ဖမ်းခြင်း | ၁၆၆ |
| ၁၄။ | ဆင်ကျန်းမာရေး | ၁၈၈ |
| ၁၅။ | ဆင်ငယ်များကို မှိန်းသင်ခြင်း | ၂၀၉ |
| ၁၆။ | သစ်ဆွဲဆင်နှင့် သစ်လုပ်ငန်း | ၂၂၈ |
| ၁၇။ | ဆင်ဦးစီး | ၂၄၁ |
| ၁၈။ | ဆင်နှင့် ရေ | ၂၅၃ |
| ၁၉။ | ဆင်ကျောင်းစခန်း | ၂၅၇ |
| ၂၀။ | ရေဆင် | |

# စာရေးသူ၏အမှာ

ဤစာအုပ်တွင် ဆင်နှင့်ပတ်သက်သော အကြောင်းအရာများကိုချည်း ရေးသားထားသော်လည်း ပြီးပြည့်စုံပြီဟု ကျွန်တော် မယူဆပါ။ ဆင်အကြောင်းရေးသားရန် အကြောင်းအရာများမှာ ထူးတွေများပြား၍ ကျွန်တော်၏လေ့လာမှုတွင် ဟာကွက်များ ချွတ်ယွင်းချက်များ မုချရှိပါလိမ့်မည်။ သို့သော် ကျွန်တော်တတ်နိုင်သမျှ စူးစမ်းလေ့လာ၍ ရေးသားထားသော ဆင်ရိုင်းများကို ဖမ်းဆီးခြင်း၊ အိမ်မွေးခြေပေါက်ဆင်များကို ပြုစုစောင့်ရှောက်ခြင်း၊ သင်ကြားလေ့ကျင့်ခြင်း၊ သစ်လုပ်ငန်းတွင် အသုံးချခြင်း အစရှိသည့် အကြောင်းအရာများသည် အတော်အတန် ပြည့်စုံလိမ့်မည်ဟု ယူဆပါသည်။

ကျွန်တော်သည် ဤစာအုပ်ကို ရှစ်လနီးပါး အချိန်ယူလေ့လာမေးမြန်း၍ ရေးသားပြုစုခဲ့ပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီခဲ့ကြသော သစ်ထုတ်လုပ်ရေးမှ အထူးအရာရှိ ဗိုလ်မှူးစိုးညွန့် (ထိလာစစ်သူ)၊ အတွင်းရေးမှူး ဦးကျော်၊ မန်နေဂျာ ဦးကျော်ခင်၊ ဦးအောင်ခင်၊ ဦးသာဒွန်းအောင်မြင့်၊ ဦးအေးမောင်သူ၊ ဦးသန်းလွင်၊ ဦးဘညို၊ တိရစ္ဆာန်ဆေးကုဝန်ထောက် ဦးကျော်မြင့်၊ သစ်ထုတ်လုပ်ရေးရုံးစာရေး ဦးကျော်ဝင်း၊ မိုးမိတ် သတင်းထောက် ဦးသက်ဝေ (ရွှေလင်းသက်ဝေ)၊ ကဒူးကဏန်းအမျိုးသား ဆင်အုပ် [illegible] ဦးအောင်လုံ၊ သစ်အုပ်တောအုပ် ဦးစံဘော်နှင့် ဦးချစ်၊ ဆင်ခေါင်း [illegible]ဝေ၊ သောင်ဆရာ ဦးစောမြဗိုလ်နှင့် ဓာတုဗေဒစက်ရုံမှစာရေး [illegible]အေးထွန်းတို့အား အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပိုးကျော့

# ၁။ ကမ္ဘာ့ဆင်အမျိုးမျိုး

လူတို့သည် သမိုင်းမစတင်မီ ခေတ်အခါကပင် တောရိုင်းတိရစ္ဆာန်များအား နည်းအမျိုးမျိုးဖြင့်ဖမ်းဆီး၍ မိမိတို့အကျိုးစီးပွါးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေးတို့တွင် အသုံးပြုခဲ့ကြသည်။

လူသားတို့၏သမိုင်းသည် တခေတ်မှတခေတ်သို့ ပြောင်းလဲရွေ့လျားလာခဲ့သော်လည်း တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးပြီး စီးပွါးရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ လမ်းပန်း ဆက်သွယ်ရေးတို့တွင် အသုံးချနေကြခြင်းမှာ ယခုခေတ်အထိပင်ဖြစ်သေးသည်။ ထိုအထဲတွင် "ဆင်" သည် အရေးပါ အရာရောက်ဆုံး တိရစ္ဆာန်သတ္တဝါဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်ပေ။

ထို့ကြောင့် ဆင်ဆိုလျှင် ကမ္ဘာ့နိုင်ငံအားလုံးက သိရှိကြသည်။ ကုန်းတိရစ္ဆာန်များထဲတွင် ဆင်သည် ကိုယ်ခန္ဓာအကြီးမားဆုံးနှင့် သက်ဆိုးအရှည်ဆုံး အယဉ်ပါးဆုံး တိရိစ္ဆာန်ဖြစ်သည်ဆိုက မှားမည်မဟုတ်ပေ။ ရှေးပဝေဏီခေတ်မှ ကျန်ရှိနေသော အံ့သြဘွယ်ရာ သတ္တဝါကြီးများထဲတွင် ဆင်သည် ထိပ်ဆုံးကပါဝင်သော တိရစ္ဆာန်တမျိုးဖြစ်၏။ ရှေးခေတ်မှ ယနေ့အထိ မျိုးဆက်မပြတ်ပဲ အံ့သြဘွယ်ရာကျန်ရှိနေသော သတ္တဝါ

ကြီးများမှာ ဆင်,ကြံ့,ရေမြင်းနှင့် ကုလားအုပ်များ ဖြစ်ပေရာ ယင်းတို့တွင် ဆင်နှင့်ကုလားအုပ်တို့မှာ အသိဉာဏ် အရှိဆုံးနှင့် လူတို့အားအကျိုးအပြုဆုံးသတ္တဝါများဖြစ်ကြသည်။ ထိုသတ္တဝါ တို့သည် သဘာဝအလျောက် ပေါ်ပေါက်လာခဲ့သော သတ္တဝါ များဖြစ်ကြပေရာ ယင်းသတ္တဝါကြီးများကို မလေ့လာလျှင် ဝေးလံမှုန်မွှားလှသော ရှေးပဝေဏီက သတ္တဝါတို့အကြောင်း ကို သဘောပေါက်နားလည်နိုင်ရန် ခဲယဉ်းပေလိမ့်မည်။ ထို ကြောင့် သက်ရှိသတ္တဝါကြီးများသည် လူသားတို့၏ သမိုင်းကို ပြုစုလေ့လာရာ၌ အရေးပါအရာရောက်သော သတ္တဝါကြီးများ အဖြစ် ဆက်လက်တည်တံ့လျက် ရှိကြလေသည်။

ဤတိရစ္ဆာန်ကြီးများကို ကြည့်ခြင်းအားဖြင့် လူဟူ၍ မပေါ်ပေါက်မီ ရှေးပဝေဏီကပင် ဆင်သည် တိရစ္ဆာန်ထဲတွင် လည်း စိတ်ဝင်စားဘွယ် အကောင်းဆုံးသော တိရစ္ဆာန်တမျိုး ဖြစ်ကြောင်းတွေ့ရပေမည်။ ရှေးအခါက ဆင်များသည် ကမ္ဘာ အနှံ့အပြားတွင် ရှိခဲ့ကြသည်ကိုထောက်၍ ရှေးဆင်ကြီးများ သည် ရာသီဥတုမျိုးစုံတွင် ထိုက်သင့်သလို လှည့်လည်နေထိုင် ခဲ့ကြကြောင်း ထင်ရှားပေသည်။

လွန်လေပြီးသောအခါက မမ္မတ်ခေါ် ရှေးဆင်ကြီးမျိုး သည် အင်္ဂလန်မှ ဗယ်ရင်ရေလက်ကြားအထိ ကျက်စားရာမှ အမေရိကတိုက်သို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။ ထိုရှေးဆင် များသည် အမွေးအမှင်ထူ၏။ ထို့ကြောင့် ထိုမမ္မတ်ဆင်များ သည် အေးသောရာသီဥတုရှိဒေသများ၌နေထိုင်နိုင်ခဲ့ကြသည်။ မမ္မတ်ရှေးဆင်ကြီးများသည် ကမ္ဘာဦးသူများနှင့် ခေတ်ပြိုင်ရှိ ကြရာ သူတို့၏အသားသည် လူများစားသောက်ရန်အစာဖြစ် ခဲ့ရသည်။ အရေသည် လူတို့၏အသုံးအဆောင်ဖြစ်ခဲ့၍ မမ္မတ်



ဆင်၏အစွယ်ကို လူတို့ပုံကူးခဲ့ကြသည်။ ဆင်စွယ်ပေါ်၌ ကမ္ဘာ ဦးသူတို့ ရေးဆွဲခဲ့သော ပုံကြမ်းတို့ကို လေ့လာကြည့်ရှု၍ လူနှင့် မမ္မတ်ဆင်ကြီးတို့သည် ကမ္ဘာကြီးကိုစိုးမိုးရန် အပြိုင်အဆိုင် ကြိုးစားခဲ့ကြသည်ဟု ပညာရှင်များမှတ်တမ်းတင်ခဲ့ကြသည်။

ဘူမိဗေဒအရ ဆိုလျှင် မမ္မတ်ရှေးဆင်ကြီးများသည် နှစ် များမကြာမီကမှ ကမ္ဘာပေါ်မှ ပျောက်ကွယ်ဆုံးပါးသွားခဲ့ကြ သည်။ ယင်းတို့၏အသေကောင်များကို အလွန်အေးလှသော ဆိုက်ဘေးရီးယားပြည်နှင့် ရုရှနိုင်ငံတို့တွင်ရေခဲရွှံ့များအောက် ၌နှစ်ပေါင်းများစွာနစ်မြုပ်ဖုံးကွယ်လျက်ရှိသည်ကို တွေ့ရသည်။

ဒင်းဗတ်ကလန်မည်သော ပုဂ္ဂိုလ်တဦးသည် နှစ်ပေါင်း ထောင်သောင်းများစွာက ညွန်ပျောင်းထဲ၌ နစ်မြုပ်နေခဲ့ပြီးမှ ပြန်လည်ဖော်ထုတ်ရရှိခဲ့သော မမ္မတ်ခေါ် ရှေးဆင်သားကို မိမိ ဧည့်သည်များအား ကျွေးမွေးခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း တရာလောက်ကလည်း လယ်နမြစ်ဝအနီးတွင်မမ္မတ်ရှေးဆင်ကြီး တကောင်၏ အလောင်းကို တွေ့ခဲ့ရသေးသည်။ တွေ့စဉ်က ၎င်း ၏ဦးနှောက်သည် မပျက်စီးသေးပေ။ မျက်စိတို့သည် ဦးခေါင်း မှ ပြူးထွက်လျက်ရှိသည်ကလဲ့လျှင် အသား အမွေး အတွင်း ပိုင်း ကိုယ်အင်္ဂါတို့ကို မပျက်မယွင်းတွေ့ရသည်။ နောက်ဆုံး စား၍ အစာမကျေပဲရှိနေသေးသည့် ထင်းရှူးပင်ပေါက်ကလေး များကိုပါအစာအိမ်ထဲ၌တွေ့ခဲ့ရ၏။ ဆိုက်ဘေးရီးယားပြည်သည် မမ္မတ်ရှေးဆင်တို့၏ သင်္ချိုင်းဖြစ်ခဲ့ပေရာ ဆင်စွယ်များကို နိုင်ငံ ခြားသို့ပင် အမြောက်အများတင်ပို့ခဲ့ရသည်။ ဆိုက်ဘေးရီးယား ပြည်၌ မမ္မတ်ဆင်များ မည်မျှပေါ်ခဲ့သနည်းဟူမူ အချို့ကျွန်း ကလေးများသည် ထိုဆင်များ၏ အရိုးပုံများပင် ဖြစ်ကြသည်ဟု ပညာရှင်များက ယုံကြည်ခဲ့ကြသည်။

ရှေးဆင်ကြီးများစာရင်းထဲတွင် မမွတ်ဆင်နှင့်အတူ မတ်စတိုဒန်နှင့် ဒိုင်နိုသာရီယမ်ဆင်တို့လည်း ပါဝင်သည်။ ယခုအခါ အာဖရိကဆင်နှင့် အာရှဆင်တို့သာ ကမ္ဘာပေါ်၌ ကျန်ရှိတော့သည်။ ရှေးမမွတ်ဆင်ကြီးများသည် တဆယ့်သုံးပေထိ မြင့်သည်ဟု အဆိုရှိသည်။ သို့သော် ဖျမ်းမျှအားဖြင့် ၁၀ ပေမျှဖြစ်၍ ယခုခေတ်ဆင်တို့ထက်ပင် နိမ့်သည်ဟုလည်း ဆိုကြပြန်သည်။ အိန္ဒိယပြည်မှ နာဘဒ္ဒခေါ် ဆင်တမျိုးမှာမူ ၁၆ ပေထိ မြင့်သည်ဟု သိရသည်။ ထိုသို့ဆိုလျှင် ယခုခေတ် အကြီးဆုံးဆိုသောဆင်ထက်ပင် ထိုနာဘဒ္ဒဆင်များက လေးပေလောက်ပို၍ မြင့်နေပြန်သည်။

ဆင်တို့၏ အကြီးအသေးမှာ အစားအသောက်နှင့်ရာသီဥတုရေမြေပေါ်တွင်တည်သည်ဟု တိရစ္ဆာန် သုတေသနပုဂ္ဂိုလ်များက ဆိုကြသည်။ ပရိုဗိုဆစ်ဒီယမ်ဆင်မျိုးစဉ်တွင် အပါအဝင်ဖြစ်သော ဆင်တို့၏အရွယ်မှာ နာဘဒ္ဒ ဆင်ကြီးများမှ ကျောက်ဆင်အထိ အစားစားရှိသည်။ ကျောက်ဆင်တို့သည် ရုတ်တလန်မြင်းပုလောက်သာကြီးရာ ကမ္ဘာ့မြောက်လုံးခြမ်းကို ရေခဲ လွှမ်းသည့်ခေတ်က ယင်းတို့သည် မော်လတာကျွန်းစု ဆိုက်ပရပ်ကျွန်းနှင့် အနီးအနားမှ ကျွန်းအချို့သို့ အခါများစွာ သွားရောက်ကျက်စားခဲ့ကြ၏။ ထိုခေတ်ထိုအခါက မြောက်အမေရိကတိုက်တွင်မမွတ်ရှေးဆင်ကြီးများနှင့်အတူမတ်စတိုဒန်ရှေးဆင်ကြီးများပါ ကျက်စားခဲ့ကြသည်။ ယင်းဆင်ကြီးတို့၏ ရိုးစုများကိုအမေရိကန်ပြတိုက်တို့၌ ဆင်ယင်ပြသထားသည်။

ယခုအခါကမ္ဘာပေါ်၌ဆင်ကို အာရှဆင်နှင့်အာဖရိကဆင်ဟူ၍နှစ်မျိုးနှစ်စား ခွဲခြားထားသည်။ဆပ်ကပ်ပွဲများနှင့်တိရစ္ဆာန်ရုံများတွင်တွေ့နေမြင်နေကြရသောဆင်များမှာများသောအား



အာရှဆင်များသာဖြစ်ကြသည်။ သစ်ဆွဲရာတွင် အသုံးပြု ဆင်များမှာလည်း အာရှဆင်ပင်ဖြစ်၏။ များသော ဖြင့် အာဖရိကဆင်များကိုမူ လူတို့က ဖမ်းဆီးပြီး ယဉ်ပါး သွန်သင်၍ မရပေ။ ယင်းတို့မှာ လူတို့၏စီးပွါးရေး စိုက် ရေး သယ်ယူပို့ဆောင်ရေးတို့တွင် အသုံးပြုနိုင် လောက် ယဉ်ကျေးလိမ္မာခြင်း မရှိပေ။

အာရှတွင် ဆင်လေးမျိုးရှိ၏။ အိန္ဒိယ သို့မဟုတ်မြန်မာ သီဟိုဠ်ဆင် မလေးရှားဆင်နှင့်ဆုမတ္တြာဆင်တို့ဖြစ်သည်။ လေးမျိုးစလုံးသည် နိုင်ငံ၏အမည်ကို လိုက်၍ ခွဲခြားခေါ် သော်လည်း တမျိုးနှင့်တမျိုးမှာ အသွင်တူ ရုပ်တူ အလုံး သည် စရိုက်သဘာဝအတူတူသာ ဖြစ်ကြသည်။

အာဖရိကဆင်နှင့် အာရှဆင်တို့ ခြားနားချက်မှာ အာရှ သည် အာဖရိကဆင်ထက် နားရွက် ငယ်သည်။ ကိုယ်ရေ သားချောမွတ်သည်။ နှာမောင်းများရှူး၍သေးသေး သွယ် ရှိသည်။ အာရှဆင်မမှာ အစွယ်မရှိပေ။ သီဟိုဠ်ကျွန်း၌မူ သီးရောအမပါ အစွယ်မရှိဟု သိရသည်။ ဤသည်မှာ သီဟိုဠ် န်း၌ ဆင်များစားရသော အစားအစာကြောင့် ဖြစ်သည်ဟု ကြသည်။ ထို့ကြောင့်လည်းသီဟိုဠ်ဆင်များသည် မြန်မာ ဒိယ မလေးရှား ဆုမတ္တြာဆင်များကဲ့သို့ အလုပ်ကြမ်းမလုပ် ကြပေ။ အနည်းအကျဉ်းသော ဝန်စည်စလယ် လောက် သာ သည်ပိုးရွက်ဆောင်နိုင်ကြသည်။

အာဖရိကဆင်မှာ အာရှဆင်ထက် အရပ် ပိုရှည်သည်။ ရွက်ကြီးမားသည်။ နှာမောင်းတလျှောက်လုံးတွင် ရစ်ဝိုင်း လည်လျက်ရှိသော အဖုအထစ်များ ကြီးသည်။ အစွယ် း ပိုမိုကြီးမားရှည်လျားသည်။ အာဖရိကဆင်များကို ယဉ်

ပါးလာအောင် သွန်သင်ခြင်းမရှိသည်မှာ အာဖရိက တိုင်းရ
သားတို့သည် ဆင်မွေးမြူရေးလုပ်ငန်းကို ကြိုးစားလုပ်ကိုင်ခြ
မရှိသောကြောင့် ဖြစ်သည်။ သူတို့တွင် ဆင်များနှင့် အလ
လုပ်သော မိရိုးဖလာအစဉ်အလာလည်း မရှိပေ။ အာဖရိ
ဆင်မှာ အာရှဆင်များကဲ့သို့ လေးလံသော ဝတ္ထု ပစ္စည်းမျ
ကို ဆွဲငင်ရန်အတွက် ကိုယ်ခန္ဓာ တည်ဆောက်ပုံ အချိုးအစ
မကျသောကြောင့် ပင်ပင်ပန်းပန်းလုပ်ကိုင်နိုင်ခြင်းမရှိပေ။

စစ်ပြီးစကမှ မြန်မာ ကရင်ဆင်သမားအချို့ကို အာဖရိ
အရှေ့ပိုင်းသို့ ခေါ်ဆောင်ပြီး အာဖရိကဆင်များကို ဖမ်း
လေ့ကျင့်ခိုင်းရန် ဗြိတိသျှအစိုးရက စီမံခဲ့ပေရာ ထိုစီမံကိ
သည် မည်မျှ အောင်မြင်မှုရှိခဲ့သည်ကို နောက်ပိုင်းတွင် လ
မသိခဲ့ရပေ။

**ဘီစီ ၂၁၈-ခုနှစ်က အာဖရိကမြောက်ပိုင်းမှ အီတလီပြ**
ရောမမြို့တော်သို့ ချီတက်တိုက်ခိုက်ခဲ့ဘူးသော ကာသေးလူ
ဟန်နီဘယ် စစ်ဗိုလ်ကြီး၏တပ်မကြီးတွင် ဆင် ၃၇ ကောင်
ဝင်သည်ဟု အဆိုရှိသည်။

ဟန်နီဘယ်သည် ထိုဆင်များကို မည်သည့် ကိစ္စအတ
အသုံးပြုခဲ့ကြောင်းကို မသိရပေ။ ဆင်အကြောင်းကို အလေ
စေ့စေ့သေချာစွာ လေ့လာခဲ့သော ပုဂ္ဂိုလ်တဦးကမူ ထိုဆင်
သည် အာဖရိကဆင်များမဟုတ်ပဲ အာရှဆင်များသာဖြစ်
ကုသည်။ အာဖရိကတိုက်၌ ဆင်များကို လေ့ကျင့် သင်
ပေးသော အစဉ်အလာမရှိ၍ အိန္ဒိယနိုင်ငံမှ လေ့ကျင့် ယဉ်
ပြီး ဆင်များကို ဟန်နီဘယ်က အသုံးပြုခြင်း ဖြစ်တန်ရာ
ဟု ဆိုသည်။

ရှေးအိန္ဒိယမင်းများသည် ရှေးမြန်မာမင်းများကဲ့သို



ရာတွင် ဆင်များကို ထောင်နှင့်ချီ၍ သုံးလေ့ရှိကြ၏။
မြို့များကို ဝိုင်းရံလုပ်ကြံရာ၌ ဆင်များမှာ မြို့တံတိုင်း
န်အတားများကို ဖြိုဖျက်ရန်အတွက် အလွန် အသုံးဝင်
သို့သော်လည်း စစ်ပွဲ၌ ဒဏ်ရာရသော ဆင်များမှာမူ
နိုင်ထိန်းမရဖြစ်၍ ကိုယ့်တပ်ကိုယ် ပြန်နင်းကာ အန္တရာယ်
တတ်သည်လည်းရှိ၏။

ငဆောင်ချမ်းတိုက်ပွဲ၌ ရန်သူတို့က မြားမိုး
၍ဒဏ်ရာရသွားသောဆင်တို့ကြောင့် မြန်မာများမှာ ဖရိုး
ားဖြစ်ပြီးအရေးရှုံးနိမ့်ခဲ့ရပုံကို မာကိုပိုလိုကသူ၏မှတ်တမ်း
ော်ပြခဲ့သည်။

ရှေး ပဝေဏီက မမွတ်ဆင်များ ကျက်စား ခဲ့ကြသည်
သော အိန္ဒိယနိုင်ငံ၌ ယခုအခါ ဆင်များတစတစ ပျောက်
နေကြလေပြီ။ ကမ္ဘာပေါ်၌ဆင်ကို လူတိုင်းအကျိုးစီးပွါး
တွက် အများဆုံး အသုံးပြုကြသောနိုင်ငံမှာ မြန်မာ နိုင်ငံ
သည်ဟု ဆိုရပေမည်။ ထိုကြောင့် မြန်မာနိုင်ငံ၌ ဆင်များ
ယခင်ကသာမဟုတ် ယခုအထိ ရတနာတပါးကဲ့သို့ မွေးမြူ
းရှာဖွေဖမ်းဆီးခြင်း၊ ယဉ်ပါးလာအောင် သွန်သင်ဆုံးမပြီး
လုပ်ငန်းတွင် အဓိကထား၍ အသုံးချနေရခြင်း ဖြစ်လေ
သည်။

# ၂။ ဆင်လေ့လာရေးခရီး

စာပေဗိမာန်မှ စာတည်းများနှင့် ဆင်အကြောင်း စာအု
တအုပ် ရေးသားရန် တိုင်ပင်ကြစဉ်က မည်သည့်နေရာသို့ သွ
၍ လေ့လာရမည်ဟု အတိအကျ မဆွေးနွေးမိကြပေ။ စာပေ
ဗိမာန်က သစ်ထုတ်လုပ်ရေးရုံး အထူးအရာရှိ ဗိုလ်မှူးစိုးညွှ
(ထီလာစစ်သူ) ထံသို့ အကူအညီပေးရန် မေတ္တာရပ်ခံစ
တစောင်ပေးပြီး လွှတ်လိုက်၏။ ဗိုလ်မှူးစိုးညွန့်၏ အကူအညီဖြ
သစ် ထုတ်လုပ်ရေး မန်နေဂျာ ဦးကျော်ခင်နှင့် တွေ့ရ၏
ကျွန်တော်က ဆင်ယဉ် ဆင်ရိုင်းများနှင့် ဆင်ဖမ်းနည်းမျာ
အကြောင်း လေ့လာရန်အတွက် ပြည် သို့မဟုတ် မင်းဘူးခရိုင်
စေတုတ္တရာ ကြိုးဝိုင်းဘက်ကို သွားချင်သည်ဟု ပြောသောအခ
"ပြည်နဲ့ မင်းဘူးခရိုင်မှာက ကျုံးထောင် ဖမ်းတဲ့နည်းတနည်
ပဲရှိတယ်။ ပြီးတော့ တောဆင်ရိုင်းဆိုလို့လဲ ဒီနှစ် တကောင
မမိသေးဘူး။ ကျုံးသွင်းဖမ်းနည်း ကြိုးကွင်းစွပ်ဖမ်းနည်း
ဆေးသေနတ်နဲ့ ပစ်ဖမ်းနည်းတွေကိုပါ လေ့လာချင်ရင်တေ
မိုးမိတ်ကို သွားမှ အစုံအစေ့တွေ့ရမယ်။ မိုးမိတ်ခရိုင်မှာဆို
ခ ဆင်ရိုင်းတွေချည်း အကောင် နှစ်ဆယ်ကျော် မိထားပြ
နောက်လဲ မိအုံးမယ်။ ကြုံကြိုက်ရင် ကျုံးထဲမိလာတဲ့ ဆ



တွေကိုတောင် တွေ့ချင်တွေ့ရမယ်။ ပြီးတော့ ဆင်ယဉ် သစ်ဆွဲဆင်ဝိုင်းတွေနဲ့ ဆင်နှာရုံ ဆင်ကျောင်းစခန်းတွေလဲ ရှိတယ်။ ဘယ်နှယ်လဲ မိုးမိတ်ကို သွားပါလား။ မိုးမိတ်မှာ တိရစ္ဆာန်ဆေးကု ဝန်ထောက်လဲရှိတယ်။ ခင်ဗျား သိချင်တာတွေထက်တောင် ပိုပြီး လေ့လာလို့ရတာပေါ့"ဟု ဦးကျော်ခင်က စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသည်။

အိမ်သို့ ပြန်ရောက်သောအခါ မိုးမိတ်ကို မြေပုံထဲမှာ ရှာကြည့်သည်။ မြေပုံထဲတွင် မန္တလေးက မေမြို့၊ ဝက်ဝံ၊ သုံးဆယ်၊ နောင်ချို၊ ကျောက်မဲ၊ မိုင်းလုံ၊ မိုးကုတ်၊ ကုန်းဝက်၊ မိုးမိတ် ကားလမ်းကို တွေ့ရသည်။ နောက်တလမ်းမှာ မန္တလေးကနေပြီး မတ္တရာဘက်မှ သပိတ်ကျင်းလမ်းကို ဖြတ်တက်သော ကားလမ်းသစ် ဖြစ်သည်။

သို့ဖြင့် ကျွန်တော်သည် ၂၁-၄-၇၀ နေ့၌ ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့်သွား၍ နောက်တနေ့နံနက်၌ မန္တလေးမှ မိုးကုတ်သို့ ကားဖြင့် ထွက်ခဲ့၏။ လမ်းခရီးတလျှောက်လုံးမှာ လိုချင်မှ အခြေအနေ မကောင်းပေ။ ရဲအစောင့်မပါလျှင် ကားများ လုံးဝမသွားရဲကြသဖြင့် ရဲအစောင့်များ လိုက်ပါကြရသည်။ ထို့ကြောင့် ရန်ကုန်မှ ဗိုလ်မှူးစိုးညွန့်နှင့် အခြားပုဂ္ဂိုလ်များက လိုအပ်သော အကူအညီအတွက် ရေးပေးလိုက်သော စာများအားလုံးကို ဝှက်ယူရ၏။ မိမိကိုယ်ကို အခြေအနေအရ အသွင်တမျိုး ပြောင်းရသည်။ နွေရာသီ ကျောင်းပိတ်၍ ပြန်လာသော ကျောင်းသားလိုလို၊ အစိုးရအမှုထမ်းလိုလို၊ ဘုရားဖူးပြန်လိုလို၊ ယောင်သုံးဆယ် အသွင်သဏ္ဍာန်ဖြင့် လိုက်ခဲ့ရသည်။

မကြာမီပင် သပိတ်ကျင်း မိုးကုတ် ကားလမ်းပေါ်သို့

ရောက်လာလေသည်။ ထိုလမ်းမှာ ကတ္တရာလမ်း ဖြစ်သဖြင့် မန္တလေးက လာသော ကားလမ်းကဲ့သို့ မကြမ်းတော့ပေ။ ခရီးမှာ မန္တလေးမှ ခုနစ်မိုင်ဝေး၏။ ရာသီဥတုမှာ အေးစပြုလာသည်၊ စိမ့်ကြီး မြိုင်ကြီးနှင့် တောကြီး တောင်ကြီးတွေမှာ အုံ့ဘွယ်တနန်း ဖြစ်လာသည်။ မန္တလေး၏ နွေလ ရာသီဥတု ကား ကျန်ခဲ့ပေပြီ။ တောင်စောင်းအတိုင်း ကားလမ်းဖောက်ထားသဖြင့် ကားက ရစ်ပတ်ခွေဝိုက်၍ တက်ရသောအခါ ကျွန်တော့်မှာ မျက်စိလည်လာသည်။ နေလုံးကိုပင် တချက်တချက် ဘွားကနဲ ဘွားကနဲ တောင်စောင်း တောင်ထိပ်ဖျားများတွင် ရုတ်တရက် လှမ်းမြင်လိုက်ရသည်မှာ မြောက်ဘက်ကလိုလို အရှေ့ဘက်ကလိုလိုနှင့် ခေါင်းကလည်း မူးနောက်လာသည်။ ရာသီဥတုက ပို၍ အေးလာသဖြင့်သာ တော်သေး၏။ သို့မဟုတ်လျှင် ဝေါ့ကနဲပင် ထိုးအန်မိမည်ဟု ထင်သည်။ ကျွန်တော်က မူးဝေနေသော်လည်း ဤခရီးကို သွားလာနေကျ သူများမှာ စကားပြောမပျက်ကြပေ။ မိုးကုတ်ဘက်က ဆင်းလာသော ကားတစီးတလေကို တွေ့သောအခါမှ တကားလုံး ငြိမ်ကျသွားပြီး ကားဒရိုင်ဘာကအစ ကားကို ခဏရပ်ကာ "ဘယ့်နှယ်လဲ သာသာယာယာပဲလား"ဟု ရှေ့ကားကို လှမ်းမေးတတ်၏။ သို့ဖြင့် ဤလမ်း ဤခရီးမှာ မိနစ် နာရီပိုင်းတွင် အခြေအနေ ပြောင်းလဲတတ်ကြောင်း သတိပြုမိသည်။ ထို့ကြောင့် အခြားခရီးသည်များ၏ အရိပ်အခြည်ကို အကဲခတ်၍ ကျွန်တော်မှာ ငြိမ်လိုက်ပါလာရသည်။

ညနေ လေးနာရီထိုး၍လည်း မိုးကုတ်သို့ မရောက်သေးသောအခါ ကျွန်တော်က "မိုးကုတ်ကို ဘယ်အချိန်လောက်ရောက်မလဲ"ဟု ခရီးသည်အချို့ကို မေးသည်။ ကျွန်တော်က



…ကျက်မှုသော အရပ်ဖြစ်၍ မေးသည်ကိုပင် ကားဒရိုင်ဘာ… အမေးအမြန်း ထုသည်ဟု မကျေနပ်ချေ။ ဤသို့ လမ်း…သတင်းကိုမေးလျှင် မေးမြလှဆိုးနှင့် တွေ့ရတတ်သည်၊ ခရီး…တတ်သည်၊ ကားပျက်တတ်သည်ဟု ရိုးရာ အစွဲအလမ်းရှိ…ကြောင်း နောက်မှ သိရသည်။ ဤသည်ကို မသိသော…န်တော်ကလည်း နေလုံးနီနီကြီးက အနောက်ဖက် တောင်…မြင့်ကြီးများပေါ်သို့ တအိအိ လျှော့ကျလာလေ အမေး…မြန်း ထုလာလေပင်။ "မိုးကုတ်မြို့ကို ဘယ်အချိန်လောက်…ောက်မှာလဲ။ မိုးကုတ်မြို့မှာ ပါတီယူနစ်ရုံးနဲ့ ကားဆိပ်နဲ့ မနီး…သလား။ ပါတီယူနစ်ရုံးက ရဲဌာနကို မြင်းလှည်း ဆိုက်ကား…သလား။ ရပ်ဝေးက လာတဲ့ခရီးသည်တွေ တခိုလို့ရတဲ့ တဲခို…သာဟော်တယ်ရှိသလား"ဟု မသိ၍မေးလေ ကားဒရိုင်ဘာ… ကျွန်တော့်ကို မသင်္ကာလေ။ ကျွန်တော့်စကားကို သူက…မှိုနားစိုက်လေပင်ဖြစ်၏။သူ့ဂရုတစိုက် လှည့်ကြည့်တတ်သည်…သို့၍ ကျွန်တော်က တီးတိုးတီးတိုးနှင့် ခရီးသည်အချို့ကို မေး…သောအခါ သူမှာ ပို၍ စိတ်လှုပ် မရတော့ပေ။ သို့သော်…န်တော့်မှာ မိုးချုပ်မှ မိုးကုတ်မြို့သို့ ရောက်သွားလျှင် မသွား…တ် မလာတတ်ဖြစ်မည်စိုးရ၍ အမေးအမြန်း ထူခဲ့ဖြစ်၏။

မိုးကုတ်ဘက်သို့ နီးလာပြီဟုတော့ ပြော၏။ ရွှေညောင်ပင်…၌ ကားကို ခဏရပ်သဖြင့် အချို့ လက်ဖက်ရည် ဆင်း…သောက်ကြသည်။ အစောင့်ပါလာသော ရဲအချို့သည် ရွှေ…ညောင်ပင်က မန္တလေး ကားကြုံနှင့် လက်ပန်လှသို့ အစောင့်…အဖြစ် ပြန်လိုက်သွားကြသည်။ ရွှေညောင်ပင် လွန်လာသော…ခါ ကားကို တခါရပ်ပြန်၏။ကားဒရိုင်ဘာက "မှောင်ခိုပစ္စည်း…များ ပါလျှင် ဖွက်ထားကြပါ။ ကင်းရှာ အဝင်မှာ အကြီး

အကျယ် ပိုက်စိတ်တိုက် ရှာလိမ့်မယ်”ဟု နီးစပ်ရာခရီးသည်များ
ကို တိုးတိုးတိတ်တိတ် သတိပေးသည်။ မလွတ်နိုင်သော ပစ္စည်း
များဆိုလျှင် ထိုနေရာ၌ ကားလမ်းဘောထဲတွင် ဝှက်ထားနိုင်
ခဲ့ကြသည်။

ကျွန်တော်တို့ ကားပေါ်တွင် မြည်သူရဲ တယောက် ပါ
လာသော်လည်း ခေါင်မိုးပေါ်မှာ ဖြစ်နေသဖြင့် ဒရိုင်ဘာက
ပြောသည်ကို သူကြားပုံမရပေ။ ခရီးသည်များကလည်း သူ
ပါလာကြောင်း မသိကြပေ။

ကင်းရွာအဝင်သို့ ရောက်သောအခါ ကားကို ရပ်ပြီးခရီး
သည်အားလုံးအား ရဲဌာနာထဲသို့ခေါ်၍ တယောက်စီ မေးမြန်း
စစ်ဆေး၏။ ခရီးသည်များက မှတ်ပုံတင်နှင့် ထောက်ခံစာများ
ထုတ်ပြကြရ၏။ လမ်းခရီး၌ ယောင်သုံးဆယ် လုပ်လာသော
ကျွန်တော်မှာ စာပေ လုပ်သားကပ်နှင့် ဝှက်ယူလာသော
ညွှန်ကြားလွှာများကို ထုတ်ပြရ၏။ ဤနေရာတွင် လူတွေ
အားလုံးအလိမ်ပေါ်ကုန်ကြသည်။ မန္တလေးမှာကျောင်းနေ၍
မိုးကုတ်သို့ပြန်လာကြသည်ဆိုသော ပလောင်အမျိုးသမီးသုံးဦး
မှာ မိုးမိတ်က မန္တလေးသို့ အဝတ်အထည်များနှင့် ဆွဲကြိုးစသည်
လာလုပ်သော မိန်းကလေးများ ဖြစ်နေကြလေသည်။ သူတို့က
ဇာတိမိုးကုတ်က မန္တလေးမှာနေသည်ဟု ပြောခြင်းမှာလမ်းခရီး
၌ တစုံတခုအကြောင်းကြီးငယ်ဖြစ်ပါက ကားပေါ်တွင် ပါလာ
ကြသော မန္တလေးသား မိုးကုတ်သားများ၏ အကူအညီရရန်
စည်းရုံးထားခြင်းဖြစ်သည်။ ကျွန်တော်တို့ မြန်မာများသည်
မိမိအရပ်ဒေသသူများဆိုလျှင် ပိုပြီးကူညီယိုင်းပင်းတတ်ကြသည်
မဟုတ်ပါလား။

ထိုနေ့က မိုးကုတ်မြို့သို့ မိုးကြီးချုပ်မှ ရောက်တော့မည်ဟု



ဆိုသဖြင့် ညီများရှိရာ ကျောက်ကြမ်းရွာ၌ ဆင်းနေရစ်ခဲ့သည်။
ကျောက်ကြမ်းရွာမှာ ကားဆိပ် ကားလမ်းနှင့်ကပ်လျက်ဖြစ်နေ
သဖြင့် အဆင်ပြေသွားသည်။ ကျောက်ကြမ်း၌ တညအိပ်ပြီး
မိုးကုတ်သို့ နောက်တနေ့မှ တက်ရသည်။ မိုးကုတ်မြို့တွင်
ဖောင်တော်ဦးဘုရားပွဲရှိနေသဖြင့် ကျောက်ကြမ်းရွာက ဦးစိုး
ကားနှင့်ပင် လိုက်ရသည်။ ကျောက်ကြမ်းက မိုးကုတ်သို့ ကားခ
နှစ်ကျပ်ပေးရသည်။ မိုးကုတ်တွင် ပွဲကြည့်၍ ပါတီယူနစ်ရုံး၌ပင်
တညအိပ်၏။ မိုးကုတ်မှာ ပင်လယ်ရေ မျက်နှာပြင်ထက်
ပေ ၃၀၀၀ ကျော်မြင့်၍ ရာသီဥတုမှာ တပေါင်းလ၌ပင် ရန်ကုန်
က ဆောင်းရာသီလောက် အေးလေသည်။

နောက်တနေ့ မိုးကုတ်မှမိုးမိတ်သို့ ကားနှင့် လိုက်ရသည်။
မိုးကုတ်နှင့် မိုးမိတ်မှာ ၂၆ မိုင်သာ ဝေးသော်လည်း ကားခ
ရှစ်ကျပ်ပေးရ၏။ မန္တလေးနှင့် မိုးကုတ်မှာ မိုင် ၁၀၀ ကျော်
ဝေးသော်လည်း ကားခ ၁၂ ကျပ်ပေးရသည်နှင့်စာလျှင်
မိုးကုတ် မိုးမိတ်လမ်း ကားခမှာ များလွန်းလှသည်။ သို့သော်
လမ်းကြမ်း၍ခရီးက လုံခြုံမှုပိုမရှိသဖြင့် ကားခပိုပေးရကြောင်း
သိရသည်။ မိုးမိတ်ကြေးနီတောင်က လွန်လျှင် ကားလမ်းမှာ
အဆင်းချည်း ဖြစ်သည်။

မိုးမိတ်သို့ရောက်သောအခါ ဗိုလ်မှူးစိုးညွန့်၏စာကို မိုးမိတ်
သစ်ထုတ်လုပ်ရေးခရိုင်မန်နေဂျာ ဦးအောင်ခင်အား ထုတ်ပြ၍
သစ်ထုပ်လုပ်ရေးဝင်းထဲတွင် တဲရသည်။ ညနေပိုင်းတွင် သတင်း
ထောက် ...ာရေးဆရာ ရွှေလင်းသက်ဝေထံသို့ သွားရောက်
...တ်ဆက်သည်။ မိုးမိတ်မြို့သည် ပင်လယ်မျက်နှာပြင်မှ ပေ ၆၀၀
သာမြင့်သဖြင့် မိုးကုတ်လောက်မအေး။ မန္တလေးလောက်လည်း
...ပြင်းခြင်းမရှိပဲ ရာသီဥတုမျှတသည်။

## ရွှေလီကိုဖြတ်၍

နောက်တနေ့ နံနက် ခြောက်နာရီခွဲတွင် ဦးအောင်ခင်နှင့် အတူ သူ၏ကားဖြင့်လေ့လာရန်ထွက်လာကြသည်။ မိုးမိတ်မြို့၏ အစွန်အဖျားဖြစ်သော နှာမောင်းချောင်းကိုကျော်၍ ရွှေဇာလီ ကျေးရွာကိုလွန်သော် လမ်းမှာ တောလမ်းကြမ်း ဖြစ်လာသည်။

ကားလမ်းမှာ တောင်တက် တောင်ဆင်း သိပ်မရှိလှပဲ အင်ပင်တောလှင်ကြောအတိုင်း ဖြစ်သည်။ နှစ်နာရီ နီးပါး တောလမ်းခရီးသွားပြီးသောအခါ မြစ်ဆုံရွာသို့ ရောက်သည်။ မြစ်ဆုံဆိုသည်မှာ တရုပ်ပြည်ယူနမ်နယ်မှ စီးဆင်းလာသော ရွှေလီမြစ်နှင့် နှာမောင်းချောင်းတို့ဆုံရာကို အစွဲပြု၍ ခေါ်ခြင်း ဖြစ်သည်။ မြစ်ဆုံရွာနှင့် မိုးမိတ်မှာ ၁၈ မိုင်ဝေး၏။

နွေနှောင်းရက်၏ ရွှေလီမြစ်ရိုးတလျှောက်မှာ ရှုခင်း သာယာပါတိသည်။ သောင်ပြင်များ ပေါ်ထွန်းနေသည်မှာ လည်း တချော်တခေါ် ဖြစ်၏။ ဝါးဖောင်များကို ရွှေလီ မြစ်ထဲတွင် တွေ့မြင်ရ၏။ ဝေသီမြင့်ခေါင်သော တောတောင် များထဲမှ မြန်မာ့ရွှေဝါချောင်းများဖြစ်သော ကျွန်းသစ်များကို ဤရွှေလီမြစ်ကပင် ဖောင်ဖွဲ့၍ အောက်ပြည် အောက်ရွာသို့ မျှောချရ၏။

ရွှေလီမြစ်တဖက်ကမ်းသို့ သစ်တိုက်ကားတစီး ကူးသွား သည်မှာ မကြာသေးသဖြင့် ကျွန်တော်တို့ကားကို ကမ်းနဖူး တွင် ရပ်ထားရသည်။ ကားကို ဖောင်ပေါ်တင်၍ ဖြတ်ကူး ရမည်ဖြစ်သဖြင့် ကားတင်သော လှေနှစ်စင်း တွဲဖောင်မှာ တဖက်ကမ်းသို့ရောက်နေသဖြင့် စောင့်ဆိုင်းနေကြရ၏။ မြစ်ဆုံ မှာ နာရီဝက်လောက်ကြာသွားသည်။



ရွှေလီမြစ်မှာ ရေတိမ်နေသဖြင့် လှေနှစ်စင်းတွဲဖောင် ကို လုပ်သားငါးယောက်က ထိုးဝါးနှင့်ထိုး၍ သည်ဖက်ကမ်းသို့ တရွေ့ရွေ့ ဆောင်လာနေကြသည်။ ရေကြောင်းကို ရှာပြီး တဖြည်းဖြည်းတွားလာနေသောဖောင်ကို လှမ်းကြည့်နေရသည် မှာ စိတ်မောစရာပင်။ မြစ်ထဲတွင် လှေဖောင်သွားလာနိုင်သော လမ်းမှာ တလတခါ သောင်ထွန်းပြီး ရေကြောင်းအပြောင်း အလဲရှိတတ်သည်ဟု မန်နေဂျာဦးအောင်ခင်က ပြောပြသည်။

ကားတင်ကူးရမည့် လှေဖောင်စောင့်နေစဉ် မန်နေဂျာ ဦးအောင်ခင်အား ဆင်ဖမ်းအဖွဲ့မှ လုပ်သား တယောက်က ဆင်နှစ်ကောင် နောက်ထပ် ဖမ်းမိထားကြောင်း သတင်းလာပို့ ၏။ သူက သတင်းပို့ရန် မိုးမိတ်မြို့သို့အလာ လမ်း၌ဆုံမိကြခြင်း ဖြစ်၏။ ဦးအောင်ခင်က အလုံးအရပ် အတီးအမ ရေးမှတ်သည်။

ဖမ်းမိသော ဆင်နှစ်ကောင်အနက် တကောင်မှာ အရိုင်း သက်သက်ဖြစ်ပြီး ကျန်တကောင်မှာ တနှစ်က သစ်ထုတ်လုပ် ရေးမှ လွတ်ပြေးသွားသော ဆင်ဖြစ်သည်ဟု သိရသည်။ ထိုဆင်တွင် သစ်ထုတ်လုပ်ရေးက ရေးထိုးထားသော ကြယ် တံဆိပ်အမှတ်အသားပါကြောင်း သတင်းလာပို့သူ လုပ်သားက ပြောသည်။ ပြီးတော့ အရေးပေါ် ငွေလည်း လိုချင်သည်ဆို၏။

အချို့သော ဆင်ရိုင်းများသည် ယဉ်ပါးနေပြီး တနှစ်နှစ် နှစ်ကြာမှ တောထဲပြန်ထွက်ပြေးသွားသဖြင့် ဆင်ပျောက်စာရင်း ထဲသွင်းလိုက်ရ၏။ ထိုဆင်များကို တနှစ် နှစ်နှစ်ကြာမှ ပြန်မိ လျှင် သစ်ထုတ်လုပ်ရေးက ၃၅၀၀ ကျပ်ဈေးဖြင့် ဝယ်ရသည်။ အမှန်က ဆင်ဈေးမှာ ငါးပေ၊ ခြောက်ပေ ဆင်ဆိုလျှင် အမြင့် တပေကို ၁၂၀၀ တလက်မ ၁၀၀ ဈေးရှိ၏။ ယခုပြန်မိသော ဆင် မှာ ငါးပေခြောက်ပေနီးပါးရှိသော်လည်း တလက်မ ၁၀၀ ဈေး

မပေးပဲ အကောင် ၃၆၀၀ ကျပ်သာ ဈေးနှိမ့်ပေးခြင်းမှာ ဆင်ဦးစီးများနှင့် ဆင်ဖမ်းလုပ်သားများသည် တခါတရံ ကလိမ်ကျပြီး ဆင်ပျောက်တိုင်ခြင်း၊ မယဉ်မရိုင်းဆင်များကို တောထဲသို့ လွှတ်ပစ်ခြင်းလုပ်တတ်သည်။ နောက်တနှစ်နှစ်နှစ်ကြာမှ ထိုဆင်ကိုပြန်ဖမ်း၍ တပေကို ၁၂၀၀ ဈေးနှင့် ပြန်ရောင်းတတ်သဖြင့် ဆင်ဈေး နှိမ့်ထားခြင်း ဖြစ်သည်။ တနယ်မှတနယ်သို့ မောင်းသွားဝှက်ထားပြီး ပြန်မိဆင်အဖြစ် ကလိမ်ကျ ရောင်းချခြင်းလည်း ရှိသဖြင့် ဤသို့ဈေးနှိမ့်ထားရခြင်း ဖြစ်လေသည်။

ယခု လာသတင်းပို့သော ဆင်ဖမ်းလုပ်သားက ကြယ်တံဆိပ်ပါသည်ဆိုသော ဆင်မှာ တနှစ်က တောထဲ ထွက်ပြေးသွားသော ဆင်ဖြစ်နိုင် မဖြစ်နိုင်၊ အခြားခရိုင်က ခိုးမောင်းလာသော ဆင်ယဉ်ဟုတ်မဟုတ် ဦးအောင်ခင်က အသေအချာ စစ်ဆေးရန် မှတ်ချက်ယူထားလေသည်။

မကြာခင်ပင် လှေနှစ်စင်းတွဲ ဖောင်ရောက်လာသဖြင့် ကားကို ဖောင်ပေါ်သို့ မောင်းတင်ရသည်။ လူတွေကလည်း အားလုံးဖောင်ပေါ်သို့ တက်လိုက်ကြရ၏။ ကျွန်တော်တို့အဖွဲ့သားများအပြင် တခြား ခရီးသည် လေးငါးယောက်လည်း ပါသေး၏။ ကားတင်သောဖောင်မှာ လှေနှစ်စင်းကို အောက်က ခံပြီး ပျဉ်ချပ်ကြီးများ ခပ်ကျဲကျဲ ခင်းထားလေသည်။

ရွှေလီမြစ်ကို ဖြတ်ကူးရသော ကူးတို့ခမှာ လူတယောက်လျှင် ပြား ၅၀၊ ကားတစီး ရှစ်ကျပ်ပေးရသည်။ သို့သော် ကျွန်တော်တို့မှာ သစ်ထုတ်လုပ်ရေးက လူများဖြစ်နေသဖြင့် ကားခရော လူခပါမပေးရပေ။ ဤလမ်းဤခရီးမှာ သစ်ထုတ်လုပ်ငန်းကြောင့်သာ လူသွားလူလာရှိပြီး ဖောင်လုပ်သားများမှာ သစ်ထုတ်လုပ်ရေးကို အမှီသဟဲပြု၍ ကူးတို့ခရကြသဖြင့် သစ်ထုတ်



လုပ်ရေးကားများကို လမ်းဖွင့်လမ်းပိတ် နှစ်ကြိမ်သာ ကူးတို့ခယူသည်ဟုသိရသည်။ ဤလမ်းကို ဆောင်းဦးတွင်ဖွင့်ပြီး မိုးဦးတွင် ရွှေလီရေကျသန်၍ ဖောင်လမ်းပိတ်ရသည်။

ကားရောလူပါ စီးလာကြသော လှေခံဖောင်ကို လုပ်သားငါးယောက်က ထိုးဝါးနှင့် တအားထိုး၍ ရေစီးကြောင်းကို ဆောက်စမ်းကာ တရွေ့ရွေ့ တွန်းနေကြရသည်။ မြစ်ကျဉ်းကျဉ်းလေးထဲတွင် စုံလိုက် ဆန်လိုက် ကွေ့လိုက် ပတ်လိုက် ဝင်လိုက် မျောလိုက်နှင့် ရေစီးကြောင်းရှာ၍ သွားနေရသည်မှာ အချိန်ကြာသည့်အပြင် စိတ်မောစရာလည်း ကောင်းလှသည်။ ထို့ကြောင့် ကျွန်တော်က ရေက တိမ်တိမ်လေးပဲ၊ ခြေလျင် ကူးသွားယင်လဲ ရောက်မှာပဲ၊ ဒီလူတွေက ဘာလို့ ဖောင်စီးကြတာလဲ၊ အချိန်ကြာပြီး ပိုက်ဆံလဲ ကုန်ပါတယ်ဟု ကားဒရိုင်ဘာကို ပြောမိ၏။

"ဒါက ဒီလိုပါ....။ဒီမြစ်ဆုံကနေပြီးအထက်တမိုင်အောက်တမိုင်အတွင်း လူမကူးသွားရဘူး။ ကူးနေတာတွေ့လို့ ဖောင်သမားတွေက တရားစွဲယင် ခံရတတ်ပါတယ်"ဟု ပြော၏။

ကားဒရိုင်ဘာပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ရွှေလီရေမှာ တချို့နေရာများ၌ ဒူးခေါင်းလောက်သာနက်ပြီး လူကူးသွားလျှင်လည်း ဟိုဖက်ကမ်းကို ရောက်နိုင်၏။ သို့သော် ဤလမ်းကို ကံထရိုက်ဆွဲ (ပတ္တာခံ) ထားသော ဖောင်လုပ်သားတွေက အထက်တမိုင် အောက်အမိုင်အတွင်း ဖောင်မစီးပဲ ကူးသွားလျှင် ထိုသူကို တရားစွဲနိုင်သည်ဟု သိရလေသည်။

ရွှေလီမြစ်မှာ ရေအစုန်ချည်း ဖြစ်၏။ ရေဆန်မရှိပေ။ တောင်နှင့်မြောက်ကို စီးဆင်းနေ၏။ ကျွန်တော်ရောက်သွားသော အချိန်မှာ တပေါင်းနွေရင့်ရက်ဖြစ်သဖြင့် သဘော်လမ်း

မပေါက်ပေ။ မိုးတွင်း၌မူ ရေဝတီကမ်းနဖူးတွင်ရှိသော ရွှေလီမြစ်ဝအင်းရွာမှ ခရီးသည်တင် သင်္ဘောသည် မြစ်ဆုံထိ ရောက်တတ်သည်။ ရေမှာ နွေလ၌ စီးရုံသာရှိသဖြင့် ဝါးဖောင်များကိုသာ မြစ်ထဲ၌ တွေ့ရသည်။

တဖက်ကမ်းသို့ ဖောင်ဆိုက်ထားသောအခါ ကားပေါ်ပြန်တက်၍ ခရီးကြမ်း နှင်ကြရပြန်၏။ မကြာမီဘမဲသို့ရောက်သည်။ ဘမဲရွာ၌ ရှင်ပင်တဲ့လဲ ဘုရားပွဲ ကျင်းပမည်ဖြစ်သဖြင့်ကွင်းပြင်တွင် မကျော် ဈေးဆိုင်များ ဆောက်လုပ် နေကြလေပြီ။ အချို့က ဆိုင်နေရာသာ ရပြီး ဈေးခန်းပင် မဆောက်ရသေး။ မိုးမိတ်နှင့် ဘမဲမှာ ၂၈ မိုင်ဝေး၏။

ဦးအောင်ခင်၏အဖေနှင့် အခြား ဘုရားလူကြီး တဦးကဘမဲတွင် ဆင်းကျန်ခဲ့ကြ၏။ ဦးအောင်ခင်၏အဖေက အပြန်တွင်ပွဲဝင်ကြည့်ရန်ဖိတ်သည်။ သူတို့အရပ်ဒေသတွင် ပွဲပြင်ကန္တာရဆို၍ ဘုရားပွဲလောက်သာ ရှိသဖြင့် အိမ်ခြေ ၅၀ ကျော်သာရှိသော်လည်း ဤဘမဲ ဘုရားပွဲမှာ အလွန်စည်ကားသည်ဟုသိရသည်။ သစ်တိုက်ကားတွေနှင့် လဝါဘက်ကပင် ပွဲလာကြည့်ကြသည်ဆို၏။

ဘမဲ လွန်လာကတည်းကပင် ကားလမ်း တလျှောက်မှာသစ်တော တွေချည်း ဖြစ်သည်။ ဒေသခံ လုပ်သား ပြည်သူများ၊ မီးသွေးဖုတ်ထားသော မီးသွေးပိုများနှင့် မဖောက်ထုံးဖုတ်ထားသော ထုံးကျောက်များ ထုံးပိုများကိုလည်း ကားလမ်းတလျှောက်တွင် တွေ့ရလေသည်။

မဘိန်းနှင့်နီးလာသောအခါ ကားလမ်းသည် ရွှေလီမြစ်ကမ်းနားအတိုင်းဖြစ်သည်။ ကြိမ်ပျစ်တောကြီးများ ထူထပ်



သိပ်သည်းနေ၏။ ကျွန်း ကညင် အင်ပင် အင်ကြင်းတောများမှာ ကျပြန့်သွားသည်။

မကြာမီ မဘိန်းမြို့သို့ရောက်သည်။ မဘိန်းမှာ မြို့ဟု ဆိုသော်လည်း အိမ်ခြေ တရာ့ငါးဆယ်လောက်သာရှိ၏။ သို့သော် ပြည်သူ့ဆေးရုံ စာသင်ကျောင်း ရဲဌာန၁ ပါတီ ယူနစ် ရုံးတို့ ရှိလေသည်။

မဘိန်းရှိ သစ်ထုတ်လုပ်ရေးစခန်းမှာ ရွှေလီကမ်းနဖူးတွင် ကပ်လျက်ဖြစ်သည်။ မဘိန်းသစ်ထုတ်လုပ်ရေးမှ လက်ထောက်မန်နေဂျာ ဦးအေးမောင်သူက နံနက်စာ ကျွေး၍ ဧည့်ခံ၏။ ဦးအောင်ခင်က သစ်ထုတ်လုပ်ရေးနှင့်ပတ်သက်သော လုပ်ငန်းခွင်ကိစ္စများကို ဦးအေးမောင်သူနှင့် အလုပ်သမား များအားအသေးစိပ် ညွှန်ကြားလေသည်။

"ဦးမြင့်လွင်၊ တောဆင်ရိုင်းတွေ ထောင်ဖမ်းတဲ့ စောမြဗိုလ်တို့ ရေပြကျုံးဆိုတာ ဟိုဘက်မှာဘဲ"

ဦးအောင်ခင်က လက်ညှိုး ညွှန်ပြသဖြင့် ကျွန်တော်တို့ရွှေလီမြစ်တဖက်ကမ်းကို လှမ်းကြည့်လိုက်သောအခါ အုန်းပင်တွေ မှိုင်မှိုင်နှင့် ရွာတရွာကိုမြင်ရသည်။ ထိုရွာမှာ ဝိုင်းလုံဟုခေါ်၏။ ထိုရွာမှ အနောက်ဖက်သို့ သုံးနာရီလောက် တက်သွားလျှင် ရိုးထဲက ဆင်ကျုံးကိုရောက်မည်။ ရွှေလီဟိုဘက်ကမ်းမှာ ဆင်ဝိုင်းတွေလည်း ရှိသဖြင့် အပြန်မှ ဝင်လေ့လာကြမည်ဟု ဦးအောင်ခင်က ပြောလေသည်။

ထိုခဏ၌ မဘိန်းမြို့ခံ လူကြီးတယောက် ရောက်လာ၍ဆင်ဝိုင်းထဲမှ သားပေါက် နေသော ဆင်မ တကောင်သည် ကားလမ်းမပေါ် ဆင်း၍ လူသွားလူလာ ခရီးသည်များကို ရန်ရှာ နှောက်ယှက် နေသဖြင့် ထိန်းသိမ်းပေးပါရန် ပြောသည်။

မနေ့က သစ်တိုက် ကားတွေ ကိုပင် လှမ်းပက်သည်ဟု တိုင်ချက်ဖွင့်၏။

အမဲတွင် မကြာခင် ဘုရားပွဲတော် ကျင်းပတော့မည်ဖြစ်သဖြင့် ဤလမ်း တလျှောက်တွင် လူသွားလူလာ တနေ့တခြား များပြားလာမည် ဖြစ်လေရာ သားပေါက်နေသော ဆင်မအား ဆင်နှာရုံ သို့မဟုတ် ကားလမ်းနှင့် ဝေးလံသော တနေရာရာသို့ ရွှေ့ပြောင်းထားရန် ဦးအောင်ခင်က သူ့လက်ထောက် မန်နေဂျာအား ညွှန်ကြားရလေသည်။

ဤအချိန်ကစ၍ ဆင်၏ဓလေ့စရိုက်များကို ကျွန်တော် လေ့လာစုံစမ်းပါတော့သည်။

# ၃။ ဆင်မိတ်လိုက် သားမွေးခြင်း

ဆင်မများ ပဋိသန္ဓေရှိသော ကာလမှာ အများဆုံး ၂၂ လနှင့် အနည်းဆုံး ၁၈ လဖြစ်သည်။ အမမွေးဖွားမည့် ဆင်မိခင်ထက် အထီးမွေးဖွားမည့် ဆင်မိခင်က ပို၍ ပဋိသန္ဓေ ကာလကြာတတ်၏။ အကြောင်းအမျိုးမျိုးကြောင့် ပဋိသန္ဓေ ပျက်ကျသော (ဓီးချော) ဆင်မများလည်းရှိ၏။ ဆင်ပဋိသန္ဓေ နေသော ကာလ အပိုင်းအခြားကို ဤသို့ အတိ အကျသိရခြင်းမှာ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးတွင် ဆင်များကို စနစ်တကျ မွေးမြူထားသောကြောင့် ဖြစ်သည်။

သစ်ထုတ်လုပ်ရေးတွင် ဆင်မတကောင် မိတ်လိုက်ပြီဆိုလျှင် ဆင်ဦးစီးက ချက်ချင်းသိ၏။ ဆင်ဦးစီးများမှာ မိမိတို့ ဆင်များကို တနေ့နှစ်ကြိမ် ပွတ်သပ် ရေချိုးပေးရသောအခါ အရွယ်ရောက်လာပြီဖြစ်သော ဆင်ထီး ဆင်မများကို တောထဲက မိတ်လိုက်လာခြင်း ရှိမရှိ အထူး ဂရုစိုက် ကြည့်ရသည်။ အကယ်၍ ဆင်ထီး ဆင်မတကောင်သည် စားကျက်တွင်လွှတ်ထားရာမှ ဆင်ရိုင်းနှင့်ဖြစ်စေ၊ ဆင်ယဉ်နှင့်ဖြစ်စေ မိတ်လိုက်လာပါက လိင်အင်္ဂါနားတဝိုက်တွင် သုက်အစအနကို တွေ့ရတတ်သည်။ ဤသို့သော လက္ခဏာများကို တွေ့ရပါက ဆင်

ဦးစီးသည် ဆင်အုပ်မှတဆင့် လက်ထောက် မန်နေဂျာ ထံ ဘယ်နေ့က ဘယ်ဆင်မသည် မိတ်လိုက်ပါပြီ ဖြစ်ကြောင်း တိုင်ကြားရသည်။ ထိုအခါ ဆင်အုပ်ကြီးသည် ထိုဆင်မ၏ မှတ်တမ်းစာအုပ်ပုံစံ (ည) တွင် မှတ်သားထားရသည်။

မိတ်လိုက်ချိန်တွင် ဆင်မကို ဆင်ရိုင်းများနှင့်အတူ တွေ့ရပါက သူကြိုက်သော ဆင်ဝိုင်းထဲက ဆင်ထီး တကောင်နှင့် အနည်းဆုံး သုံးလေးလ တွဲနေသည်ကို စားကျက်တွင်တွေ့ရသည်။ နောက် သူတို့၏ ဘာသာဘာဝ တဦးကိုတဦး ခေါ်ပြီး တောထဲသို့ ဝင်သွားတတ်ကြသည်။ ဆင်ထီး ဆင်မများ မိတ်လိုက် လိုသော အခါ သူတို့ကိုယ်မှ အနံ့ အသက် တမျိုး ထွက်လာတတ်သည်။ ဆင်ထီးသည်မိမိမိတ်လိုက်လိုသော ဆင်မကို သုံးလေးရက် ပိုးပန်းရသေး၏။ စားကျက်တွင် အတူတကွ သုံးလေးရက်တွဲနေပြီးမှ မိတ်လိုက်ခြင်း ဖြစ်၏။ ထိုသို့ တွဲနေသော ဆင်ထီးဆင်မများကို ဆင်ဦးစီးများက အထူးဂရုစိုက် ကြည့်ကြရသည်။ ဆင်ထီးများ မိတ်လိုက်သော အခါ လိင်အင်္ဂါများ တွဲကျလာခြင်း၊ မိမိဝမ်းဗိုက်ကို မိမိအင်္ဂါနှင့် လှုပ်ခတ်ခြင်းများ ပြုလာတတ်သည်။ သို့ဖြစ်၍ မိတ်လိုက်ချိန်တွင် ဆင်မများထက် လက္ခဏာ သိသာထင်ရှားသည်။ ထို့ကြောင့် လည်း သစ်ထုတ်လုပ်ရေး ဌာနတွင် ဆင်ကလေး တကောင် မွေးဖွားသောအခါ ၎င်း၏ အမေအဖေ၊ ၎င်းတို့ မိတ်လိုက်သောအချိန်ကာလ၊ ၎င်း၏ မွေးရက်၊ အမေအဖေတို့၏စာရင်းတွင် ဆင်ကလေး၏ အမျိုးအစား စသည်တို့ကို အသေးစိတ် ရေး မှတ်ထားရသည်။

ဆင်မိတ်လိုက်ပုံမှာ သာမန်အားဖြင့် အခြား ခြေလေး ချောင်းသတ္တဝါ ကျွဲနွားများ ကဲ့သို့ပင် ဖြစ်သည်။ သို့သော်



ဆင်သည် တခြား တိရစ္ဆာန်များကဲ့သို့မဟုတ်ပဲ အလွန် သိုသိုသိပ်သိပ်ရှိသည်။ လူရှိသော နေရာ လူမြင်ကွင်းတွင် ဘယ်အခါမျှ မိတ်လိုက်ခြင်းမပြုပေ။ ဆင်အုပ်ထဲ၌ပင် မိတ်လိုက်ခြင်း ရှိဟုသိရသည်။

တောဆင်ရိုင်းများတွင် မိတ်လိုက်လိုသောဆင်မသည် မိမိဆင်အုပ်ထဲမှ ဆင်ထီးများနှင့်ပင် မိတ်မလိုက်ပဲ များသောအားဖြင့် ခိုထီး ခေါ် အုပ်မှ ခွဲထွက်၍ ထီးတည်းနေသော ဆင်ပြောင်ကြီးများနှင့် တိတ်တဆိတ် ပေါင်းဖော်တတ်၏။ ဆင်ထီးတကောင် မိတ်လိုက်ပါကလည်း အုပ်ထဲမှ ခွဲထွက်ကာ အစာစားရာ၌ ဆင်အုပ် အစုန်အဖျားသို့ ရောက်ရှိလာသော ဆင်မများနှင့်သာ မိတ်လိုက်တတ်ကြသည်။

ဆင်အုပ်ထဲ ဆင်မြင်ကွင်းတွင် ဆင်ထီး ဆင်မ မိတ်လိုက်သည်ကို သဘာဝအရ အုပ်ထိန်း ဆင်ကြီးများက မကြိုက်ပေ။ ထို့ကြောင့် ဆင်အုပ်ထဲတွင် ဆင်ပျိုပေါက်များသည် ညအခါ၌ ဆင်မများရှိရာသို့သွား၍ မြူဆွယ်တတ်ကြ၏။ ဆင်မများက သူတို့အကြိုက်နှင့်တွေ့လျှင် အော်ခြင်း ရုန်းခြင်း မပြုပဲ နှာမောင်းချင်းယှက်ကာ အုပ်ထဲမှ တိတ်တဆိတ် ထွက်သွားပြီး မိတ်လိုက်ကြကာ နံနက်ဝေလီဝေလင်းမှ အုပ်ထဲသို့ မသိမသာ ပြန်ဝင်လာတတ်ကြသည်။ သို့ဖြစ်၍ အုပ်ထိန်း ဆင်ကြီးများသည် ညအခါ၌ ဆင်ပျိုပေါက် များကို စောင့်ဖမ်းတတ်ကြသည်။ အကယ်၍ ဆင်ပျိုပေါက်တကောင်ကောင်က ဆင်မတကောင်ကောင်နား သွားကပ်၍ မြူဆွယ် နေသည်ကိုမြင်ရလျှင် ချက်ချင်း ထလိုက်လာပြီး အမြီးဖျား၊ နားရွက်ဖျားကို ကိုက်ဖြတ်ခြင်း၊ နီးစပ်ရာ သစ်ကိုင်းသစ်ခက်များကို ချိုးမဲ့ကာ ဆင်ပေါက်၏ ကျောကုန်းကို တပုံးပုံးရိုက်နှက်ခြင်း၊ ကျောက်

ခဲ ကျောက်တုံးများနှင့် ထရိုက်ခြင်း ပြုတတ်၏။ သို့ဖြင့် အချို့ ဆင်ပေါက်များအုပ်မှထွက်ပြေးရခြင်းသည် မရိုးသောစိတ်နှင့် ဆင်မပျို့အပါး ချဉ်းကပ်မိခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် တောဆင်ရိုင်းများ ဖမ်းဆီးရန် ည ကင်းစောင့်ကြသော ဆင်ဖမ်းလုပ်သားများသည် ညအခါ၌ ဆင်အော်သံ၊ ရိုက်သံနှက်သံများကို နားစွင့်၍ ဆင်အုပ်ကိုရှာတတ်ကြသည်။ ဆင်ပျို့ပေါက် များများပါသော ဆင်အုပ်သည် တညလုံး ညံစီနေတတ်သည်ဟုဆိုသည်။

ဆင်မများသည် အသက် ၁၇ နှစ်က ၂၀ အကြားတွင် ပထမဦးဆုံး မိတ်လိုက်လေ့ရှိ၏။ ပဋိသန္ဓေ ၁၀ လ ရပြီးသော ဆင်မသည် မိတ်မလိုက်တော့ပေ။ ဆင်ထီးသည် အသက် ၁၈ နှစ်နှင့် ၂၀ နှစ်အကြားတွင် ဦးဆုံး မိတ်လိုက်တတ် ကြသည်။ ဆင်ယဉ်များ၏ မိတ်လိုက်ရာသီမှာ အလုပ် ရပ်နားထားသော မတ်လနှင့် ဧပြီလ တို့တွင် ဖြစ်သည်။ အစိုးရ သစ်ထုတ်လုပ်ရေးတွင် ပဋိသန္ဓေရှိလာသော ဆင်မများကိုမမွေးဖွားမီ သုံးလနှင့် မွေးဖွားပြီး သုံးလ ပေါင်း ခြောက်လထိ အနားပေးထားရသည်။ ထိုခြောက်လ အတွင်း ဘာမျှ မလုပ်ခိုင်းရချေ။ အကြောင်းအမျိုးမျိုးကြောင့် လနုသော ဆင်မများ ပဋိသန္ဓေပျက်ကျပါက တလနားခွင့်ပေးသည်။ အချို့ ပေါ့လျော့သော ဆင်ဦးစီးများကြောင့် တောဆင်ရိုင်း များနှင့် မိတ်လိုက်လာသော ဆင်မများအား ပဋိသန္ဓေခွင့်ရက်ကို တိတိကျကျမပေးနိုင်ချေ။ ဇီးရင့်လာသော ဆင်မကိုမူ အများအားဖြင့် ဆင်ဦးစီးတိုင်းလိုလို သိကြ၏။ အဘယ်ကြောင့်ဆိုသော် ဆင်ကို ရေချိုး ရေချရသောအခါ ဆူးရစ်နွယ် ဂုံညင်းနွယ်(ဒိုး)များနှင့် ဆင်တကိုယ်လုံးကို ပွတ်တိုက် ပေးရ၏။ ထိုအခါ ဇီးရင့်နေ



ပုံ—၁။ ဆင်ရေချိုးချိန်

သောဆင်မ၏ အင်္ဂါများ ရောင်ရမ်းနေခြင်း၊ နားထင်ချိုင့်ဝင်နေခြင်း၊ အချို့ဆင်မများမှာမူ ဗိုက်ထဲက ကလေး တိုးနေသလိုလိုဖြစ်နေခြင်း လက္ခဏာများကို တွေ့ရသည်ဟု ဆင်ဦးစီးများက ပြောကြ၏။

သစ်ထုတ်လုပ်ရေးတွင် ဆင်များကို ဆင်ဝိုင်း ဖွဲ့ထားရာ ဆင်တဝိုင်းတွင် ခြောက်ကောင် ခုနစ်ကောင်မှ ၁၃ ကောင်အထိရှိတတ်သည်။ ဤသည်မှာလည်း လုပ်ငန်း၏ သစ်လုံးရေ အနည်းအများပေါ် တွင်တည်သည်။ ဆင်မသည် ဗီးရင့်လာသောအခါ မွေးဖွားလာမည့် ဆင်ကလေးကို ထိန်းသိမ်းစောင့်ရှောက်ရန် အခြား ဆင်မတကောင်က ထိုဗီးရင့်လာသော ဆင်မ၏ အနား၌ အမြဲမကွာ ကပ်လိုက် နေတတ်သည်။ ဤသည်ကို သစ်ထုတ်လုပ်ရေး လူများက "သက်မွေးကပ်ဖြို" ဟု ခေါ်ကြ၏။ ထိုသို့သက်မွေးကပ်ခြင်းမှာ လူကတမင်တကာ စီစဉ်ပေးခြင်း မဟုတ်ပေ။ သူတို့၏ သဘာဝ အလျောက် ဇာတိစိတ်က လှုံ့ဆော်၍ ဆင်မျိုးပွားမှုကို အထောက် အကူပြုရန် အလိုလိုဖြစ်ပေါ် လာခြင်း ဖြစ်၏။ "သက်မွေးဆင်" ကို အချို့ အရပ်၌ သားထိန်းဆင် ဟုလည်း ခေါ်ကြသည်။ သားထိန်းဆင်များသည် များသောအားဖြင့် ဆင်ပျိုပေါက်မများ ဖြစ်ကြသည်။

ထိုသက်မွေးကပ်ပြီး ပဋိသန္ဓေ ရင့်လာသော ဆင်မသည် ဆင်ကလေး မမွေးဖွားမီ နို့သုံးကြိမ်တွဲကျလေ့ ရှိသည်။ နို့ကျပြီး ဆင်နို့သီး ရောင်လာချိန်တွင် ဆင်ဦးစီးများ ညှစ်ကြည့်က နို့ရည်များပင် ထွက်သည်။ ပထမတကြိမ် နို့တွဲကျလာ၍ တရက်နှစ်ရက် ကြာသောအခါ ပြန်ပြီး ပိန်ရှုပ်သွားသည်။ နောက်ထပ် ထိုသို့ကျလာလိုက် ပြန်ပိန်သွားလိုက် သုံး



ကြိမ်ဖြစ်ပြီးနောက် ဆင်ကလေးကို မွေးဖွားသည်။ ဆင်ကလေး မွေးဖွားခါနီးသော ဆင်မသည် ကျယ်ကျယ် လောင်လောင် အော်တတ်၏။ ထိုအခါ သက်မွေး သား ထိန်း ဆင် မ သာမဟုတ် အနီးအနားရှိ ဆင်များပါ ဝိုင်းအုံလာတတ်ကြသဖြင့် လူတို့ကမောင်းထုတ်ကြရသည်။ ထို့ကြောင့် မွေးဖွားခါနီးဆင်မနှင့် သက်မွေး သားထိန်းဆင်မကို ဆင်ဝိုင်းနှင့် ဝေးလံသောနေရာသို့ ရွှေ့ပြောင်းထားရသည်။

သစ်ထုတ်လုပ်ရေးက ဆင်များကို မွေးဖွားပြီး ရက်ပိုင်းမှာပင် အလုံးအရပ်တိုင်းသည်။ ခြေသေး လက်သေး၊ ရှေ့ခွာ နောက်ခွာစစ်ဆေးသည်။ အမျိုးအစားခွဲသည်။ မွေးနှစ် သက္ကရာဇ်နှင့် အမိအဖအမည်၊ မိခင်၏ ဆင်ဦးစီးအမည် စသည်တို့ကို ရေးမှတ်၍ ထိုဆင်ချာတိတ်ကလေးပိုင် စာအုပ်တအုပ် အသစ်ဖွင့်ရသည်။ ထိုစာအုပ်တွင် သူ၏ ဘဝဖြစ်စဉ်များကို ဆင်အုပ်ကမှတ်တမ်းတင်သွားရသည်။ ဆင်စာအုပ်များ၌ မှတ်သားထားချက်အရ သစ်ထုတ်လုပ်ရေးက ဆင်ယဉ်ကလေးများသည် မွေးကင်းစတွင် ဖျမ်းမျှ သုံးပေကိုးလက်မရှိကြောင်း သိရသည်။

ဤသည်မှာ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးမှ ဆင်များ၏ သားမွေးခြင်း၊ မိတ်လိုက်ခြင်း၊ ပဋိသန္ဓေနေခြင်းတို့ဖြစ်သည်။

တောထဲရှိ ဆင်ရိုင်းများမှာမူ ပဋိသန္ဓေ ၁၅ လ၊ ၁၆ လ လွန်ပြီးကတည်းကပင် သက်မွေးကပ်သည်ဟု အဆိုရှိသည်။ ဆင်ရိုင်းများ၏ သားထိန်း သက်မွေးမှာလည်း ဆင်မများပင်ဖြစ်ကြသည်။ တောဆင်မများ မွေးဖွားရန်နေရာမှာ အထူးရွေးချယ်ထားသော နေရာဖြစ်၍ မြစ်ချောင်းတခုခုက ရုတ်တရက် ရေစီးကြောင်း ပြောင်း၍ ကျွေပတ်သွားသော မြေနိမ့်သောင်ခုံဖြစ်၏။ ထိုသောင်ခုံ သုံးဘက်တွင် ချောင်းရေစီးနှင့်

ကမ္ဘားများရှိ၏။ ရေသုံးဘက် ဝိုင်းရံထားသော ကုန်းဟုဆိုကလည်း မမှားပေ။ ထိုနေရာမှာ မိုးတွင်း၌ ရေလွှမ်း၍ နွေရာသီတွင် ခြောက်သွေ့နေတတ်၏။ အမြင့်မှာ ရှစ်ပေမှ ၁၂ ပေအထိ မြင့်ပြီး အချို့ဆင်မများ မီးနေသော သောင်ခုံမှာ ကိုင်းမြက်များသူထပ်စွာ ပေါက်ရောက်၍ အရိပ်အာဝါသရှိသော ကိုင်းတော ကျူတော ကြိမ်ပိုက်တော များလည်း ဖြစ်တတ်သည်။ နေရာ၏ဧရိယာမှာ စတုရမ်းတမိုင်ခန့်ရှိပြီး နွေအချိန်တွင် မီးနေသည့် ဆင်မနှင့်အတူ ဆင်တအုပ်လုံး၏ စားကျက်လည်း ဖြစ်တတ်သည်။ ထိုသားပေါက်နေသော ဆင်မကို ညအခါ၌ ဆင်အုပ်သည် ဝိုင်းဝန်း၍ ကာကွယ် စောင့်ရှောက် ထားတတ်ကြသည်။ ထိုသို့ ဝိုင်းဝန်းစောင့်ရှောက်နေသော ဆင်များ၏အနီးအနားတွင် ကျောက်ခဲ ကျောက်လုံးများ ကိုလည်း စုပုံထားတတ်ကြသည်။ မွေးကင်းစ ဆင်ကလေးကို အန္တရာယ် ပြုနိုင်သော ကျားရဲ တိရစ္ဆာန်တို့၏ အသံများကို ကြားလျှင်၊ အနံ့အသက်များရလျှင် အစောင့်ဆင်များက အုံးသီး ကျောက်ဖရုံသီးလောက်ရှိသော ကျောက်ခဲကြီးများနှင့် သားရဲ တိရစ္ဆာန်များ ရှိမည်ထင်သော နေရာသို့ ဝိုင်းပေါက်ကြသည်။ ထို့ကြောင့် မီးနေစဉ်အတွင်း ဆင်ကလေးများကို ကျားဆွဲခံရခြင်းမရှိတတ်ဟုသိရသည်။ ဤသည်မှာ ဆင်ဦးစီးများနှင့် တောမုဆိုးများ၏ အတွေ့အကြုံဖြစ်သည်။

တောတွင်း၌ တောဆင်ရိုင်းများ ဘာသာ ဘာဝ ဆင်ကလေး မွေးဖွားခြင်းကို အသေးစိတ်မြင်ဖူးသူဟူ၍ကား အလွန်ရှားပါး၏။ သို့သော် သီဟိုဠ်ကျွန်း သစ်တောဌာနမှ ဒဗလျူ အယ်လ်အေ အင်ဒီရွှ ဆို သူ တော အုပ် တ ဦး သည် တခါက တောတွင်းတိရစ္ဆာန်များအား ဘေးမဲ့ပေးထားသော သစ်တော



ကြိုးဝိုင်းအတွင်းရှိ ကျောက်တောင် တခုပေါ်သို့ ရောက်သွားသည်။ ကျောက်တောင်အနီးရှိ တောနက်ထဲတွင် ဆင်မကြီးတကောင် ဆင်ကလေး မွေးဖွားပုံကို မမျှော်လင့်ပဲ မျက်မြင်တွေ့ကြုံခဲ့ရသည်။ သူ၏တွေ့မြင်ပုံကို သီဟိုဠ်ကျွန်းအစိုးရ တောတွင်းတိရစ္ဆာန်များဆိုင်ရာ ဌာနသို့ အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

## မီးနေခန်းနှင့် ဝမ်းဆွဲလက်သယ်

သားဖွားမည့် ဆင်မနှင့် ၎င်းအား ပြုစုကြရမည့် "ဝမ်းဆွဲလက်သယ်" ဆင်မ ရှစ်ကောင်တို့သည် နက်ရှိုင်းလှသော သစ်တောကြီးအတွင်းရှိ ရေအိုင်ငယ်တခုနှင့် ဆက်စပ်နေသော မြေကွက်လပ်တနေရာကို "မီးနေခန်း" အဖြစ်ဖြင့် ကြိုတင်ရွေးချယ်ထားကြသည်။

ယင်း မြေကွက်လပ်တွင် သားဖွားသည့် ဆင်မက ဘေးစောင်း လဲလျောင်းနေစဉ် "ဝမ်းဆွဲလက်သယ်" များအဖြစ် ကူညီသော အခြား ဆင်မ ရှစ်ကောင်က သားဖွားမည့် ဆင်မအား မိမိတို့ နှာမောင်းဖြင့် ဝိုင်းဝန်းပွတ်သပ် နှိပ်နယ်ပေးကြသည်။ ဤသို့ ပွတ်သပ် နှိပ်နယ်ပေးနေစဉ် မွေးဖွားရန် အချိန်နီးကပ်လာဟန်ဖြင့် သားဖွားမည့် ဆင်မသည် ဂဏှာမငြိမ် ဖြစ်လာသည်။ တဖက်မှတဖက်သို့ လှည့်ပြောင်း၍ အိပ်သည်။

လဲလျောင်းရာမှထ၍ မြေကွက်လပ်အတွင်း သုံးလေးလှမ်းစီ လျှောက်ပြီး တဖန်လှဲ၍ အိပ်ပြန်သည်။ ယင်းသို့ အိပ်ချီထချီ နှစ်ကြိမ် သုံးကြိမ်ခန့် ပြုလုပ်ပြီး နောက်ဆုံးတကြိမ် ပြန်လှဲချလိုက်သည်။ ထိုအခါ "ဝမ်းဆွဲလက်သယ်" ဆင်မ ရှစ်ကောင်အနက်မှ

ခုနစ်ကောင်မှာ တောတွင်းသို့ ဝင်ရောက်သွားကြ၍ သားဖွားမည့် ဆင်မနှင့်အတူ အခြား ဆင်မတကောင်သာ ကျန်ခဲ့သည်။


## တကြိမ်လျှင် နှစ်ကောင်ကျ

ဂျင်းကျန်ရစ်ခဲ့သည့် ဆင်မကပင် သားဖွားမည့် ဆင်မအား နှာမောင်းဖြင့် ပွတ်သပ်နှိပ်နယ်ပေးနေစဉ် တောတွင်းသို့ ဝင်သွားသော ဆင်မများအနက် တကြိမ်လျှင် နှစ်ကောင်ကျ ပြန်ထွက်လာပြီး ဝိုင်းဝန်းပွတ်သပ်ပေးရင်း အခြေအနေကို ကြည့်ကြသည်။ နှစ်ကောင်ဝင်သွားလျှင် နောက် နှစ်ကောင်ထွက်၍ အလားတူ ကြည့်ရှုပွတ်သပ်ပေးကြသည်။

လဲလျောင်းနေသော ဆင်မသည် ဆင်ကလေးကို မွေးဖွားလိုက်သောအခါမှ မည်သို့မျှ နာကျင်ပုံမရ၊ အသံဗလံပင် လုံးဝမကြားလိုက်ရချေ။ ဆင်ကလေး မိမိဝမ်းမှ ကျွတ်လွတ်သည်နှင့် တပြိုင်နက် ဆင်မသည် လဲလျောင်းရာမှ ထကာ ခြေဆယ်လှမ်းခန့်အကွာသို့ လျှောက်သွားသည်။ ထိုနောက် နှာမောင်းကို ထောင်၍ ကျယ်လောင်စွာ အော်လိုက်သည်တွင် တောတွင်းမှ ဆင်မများကလည်း ပြန်လည်အော်မြည်ရင်း ထွက်လာကြ၍ သားသည် မိခင်ဖြစ်လာသော ဆင်မအား ဝိုင်းဝန်းပွတ်သပ်ယုယကြပြန်သည်။

## ဆင်ကလေးကို ပြုစုကြခြင်း

ထိုနောက် မိခင်ဆင်မသည် မြေကြီးပေါ်သို့ ပြန်၍ လဲလျောင်းကာ အနားယူနေစဉ် "ဝမ်းဆွဲလက်သယ်"ဆင်မ ရှစ်ကောင်က ဆင်ကလေးကို ဝိုင်းဝန်း ကြည့်ရှု ပြုစုကြသည်။



ပုံ-၂။ ဆားဝိုးစားနေသော ဆင်ပေါက်မကလေး နှစ်ကောင်

"ဝမ်းဆွဲလက်သယ်"ထဲမှ ဆင်မတကောင်က မွေးကင်းစ ဆင်ကလေးအား မြေပြင်မှ လေးပေခန့် မြင့်အောင် နှာမောင်းဖြင့် မ,တင်ပြီး ဆင်ကလေး၏ ခြေထောက်ကို မြေပြင်နင်းမိအောင် အသာအယာ ပြန်ချပေးသည်။ ထိုနောက် ဆင်မ ရှစ်ကောင်စလုံးသည် နှာမောင်းဖြင့် သဲများကို စုတ်ယူလာကြပြီး ဆင်ကလေးအား တလှည့်စီ ပက်ဖျန်းမှုတ်ပေးကြသည်။ ဤသို့ ပြုလုပ်ကြသဖြင့် ရှုံ့တွနေသော ဆင်ကလေး၏ ကိုယ်အရေပြားများမှာ တဖြည်းဖြည်း ပြည့်တင်း ချောမောလာသည်။ ဤနည်းအတိုင်း မိနစ် ၃၀ ကျော်ကျော် ပြုလုပ်ပေးပြီးသောအခါ ဆင်ကလေးမှာ ၎င်း၏ ခြေထောက်များပေါ်၌ ကောင်းမွန်တည်ငြိမ်စွာ ရပ်နိုင်လာသည်။

## မိခင်နို့ ရည် စို့ခြင်း

ထိုအခါ မိခင်ဆင်မသည် လဲလျောင်းရာမှ ထ၍ စူးရှ ကျယ်လောင်စွာ အော်လိုက်၏။ ပြီးနောက် ဆင်ကလေးရှိရာသို့ လျင်မြန်စွာ လျှောက်သွားသည်။ ရောက်လျှင် ဆင်ကလေးကို နှာမောင်းဖြင့် ပွေ့ချီကာ ခပ်လှမ်းလှမ်းသို့ သွား၍ ချထားလိုက်သည်။ ဤတွင် ဆင်ကလေးက မိခင်ဆင်မကြီး၏ ရှေ့ခြေထောက်ကြားထဲသို့ တိုးဝှေ့ဝင်လာကာ နှာမောင်းဖြင့် စမ်းသပ်ရင်း နို့စို့ရန် ကြိုးစားသည်။ ထိုအခါ ဆင်မကြီးသည် ဒူးထောက်၍ မိမိကိုယ်ကို နှိမ့်ပေးလိုက်သည်တွင် ဆင်ကလေးသည် မိခင်နို့ရည်ကို ပထမအကြိမ် စို့ခွင့်ရရှိသည်။

ဆင်ကလေးများ နို့စို့သည်မှာ ရေသောက်သကဲ့သို့ နှာမောင်းဖြင့်တဆင့် စုတ်ယူ၍ စို့ခြင်းမဟုတ်ပဲ ပါးစပ်ဖြင့် ဟပ်စို့ခြင်းဖြစ်သည်။



## ဆင်ကလေးကို ချီလျက်

ဆင်ငယ်ကလေး နို့စို့ပြီးသောအခါ မိခင်ဆင်မသည် နှာမောင်းကို ထောင်၍ ကျယ်လောင် ရှည်လျားစွာ အော်မြည်လိုက်ပြီးနောက် ဆင်ကလေးအား နှာမောင်းဖြင့် ပွေ့ချီကာ မိမိ ဦးခေါင်းအထက်ရောက်အောင် မြှင့်၍ မ,ချီယူလိုက်ပြီး တောတွင်းသို့ ဝင်သွားသည်။ "ဝမ်းဆွဲ လက်သယ်" ဆင်မ ရှစ်ကောင်ပါ ၎င်း၏ ဘေးနှစ်ဖက်မှ ခြံရံ၍ လိုက်ပါသွားကြသည်။

ဤဖြစ်ရပ်အားလုံးသည် ဆင်မများ၏ ကိစ္စသက်သက်ပင်ဖြစ်၍ တောတွင်းရှိ ဆင်ထီးဟူသမျှသည် ယင်း "မီးနေခန်း" ကျက်လပ်နေရာအနီးသို့ပင် မလာကြပဲ အဝေးက ကွင်းရှောင်သွားကြလေသည်။

# ၄။ မြန်မာ့ ဆင်အမျိုးအစား

## မဘိန်းမှ လဝါသို့

နေ့လယ် တနာရီကျော်လောက် အချိန်တွင် ကျွန်တော်တို့သည် မဘိန်းမှ လဝါသို့ ခရီးဆက်ထွက်လာကြသည်။

ကားလမ်းမှာ ရွှေလီမြစ်ကမ်းခြေနှင့် ဝေးသွားလိုက်၊ နီးလာလိုက်၊ ရွှေလီမြစ် ရေပြင်ကို လှမ်းမြင်လိုက်၊ သစ်တောတွေ ကြိမ်ပိုက်တောတွေ ကျယ်သွားလိုက်နှင့် အကွေ့အကောက်များဖြစ်၏။ မိုးတွင်း၌ ဤလမ်းမှာ ဘယ်လိုမှ ကားသွား၍မရဟု သိရသည်။ ဝန်တင်ဆင်များနှင့် သွားရသော လမ်းပင်ဖြစ်သည်။

လမ်းတွင် ဆင်ဦးစီးများ စခန်းချ၍ မိုးတွင်း သုံးရန် ဗန့်ဖွေးခေါက် လျှော်ထူပြားတွေ ခွာလှမ်းနေကြသည်ကို ဟိုတစု သည်တစု တွေ့ရသည်။ အင်ကြင်းတောများကို ဖြတ်လာရသဖြင့် အင်ကြင်းပွင့်ရနံ့က ကြိုင်လှိုင်လာသည်။

ညနေ လေးနာရီလောက်တွင် လဝါသို့ ရောက်လာကြသည်။ လဝါသစ်ထုတ်လုပ်ရေးတွင် လက်ထောက် မန်နေဂျာ ဦးသန်းလွင်နှင့် ဒုမန်နေဂျာ ဦးဘညိုတို့ရှိကြသည်။ ဦးသန်းလွင် အလုပ်ဝင်သည်မှာ မကြာသေးဟု သိရ၏။ အသက် နှစ်ဆယ်ကျော် ဝန်းကျင်သာရှိ၍ ကျွန်တော်နှင့် ရွယ်တူဖြစ်သည်။ ဦးဘညိုမှာ လေးဆယ်ကျော်အရွယ်ဖြစ်၏။



လဝါ သစ်ထုတ်လုပ်ရေး စခန်းမှာ ရွှေလီမြစ်နှင့် အတော်အလှမ်းဝေးသွားပြီ ဖြစ်သည်။ သူတို့စခန်း တောင်ဘက်တွင် နန့်ပေါ်ချောင်းရှိ၏။ နွေလဖြစ်သဖြင့် နန့်ပေါ်ချောင်း၏ ရေမှာ စီးရုံသာ စီးနေလေသည်။ မိုးတွင်း၌မူ ဤနန့်ပေါ်ချောင်းတွင် သစ်လုံးများကို မျှော၍ ဆင်နှင့် တိုက်ပြီး ရွှေလီမြစ်ထဲသို့ ချရသည်။ ယခုအခါ အလုပ်ရပ်နားထားသော နွေရင့်ရက်ဖြစ်သဖြင့် ထိုစခန်းမှ ဆင်များကို နွေရာသီ ဆင်ကျောင်းစခန်းသို့ ပို့ထားကြောင်း သိရသည်။

သစ်ထုတ်လုပ်ရေးစခန်း ဗိုလ်တဲ၏ တောင်ဘက်နန့်ပေါ်ချောင်း ကမ်းနဖူးတွင် သစ်တိုက်ကားစခန်းရှိသည်။ အနောက်ဖက်တွင် လဝါရွာရှိ၏။ လဝါရွာမှာ အိမ်ခြေ ခုနစ်ဆယ်ကျော်ခန့်ရှိပြီး လဝါရွာသူ ရွာသားများ၏ အဓိကလုပ်ငန်းမှာ သစ်ထုတ်လုပ်ရေး၌ သစ်မျှောခြင်း၊ ဖောင်ဖွဲ့ခြင်း၊ သစ်ခုတ်ခြင်း၊ သစ်သင်းသတ်ခြင်း၊ သစ်တိုက်ခြင်းတို့ဖြစ်သည်။ ရွာရှိလူများတွင် ဗုဒ္ဓဘာသာဝင် ရှမ်း ကဒူး အမျိုးသား အမျိုးသမီးများဖြစ်ကြသည်။ ဆင်နှင့် အလုပ်လုပ်ကြရသူများဖြစ်သဖြင့် ဘိန်းရှူတတ်သူ အချို့လည်း ရှိသည်ဟု သိရ၏။ ကျွန်တော်တို့သည် လဝါ၌ တညအိပ်ကြရသည်။

## သစ်တောကြိုးဝိုင်းသို့

နောက်တနေ့ နံနက်၌ သစ်တောကြိုးဝိုင်းအမှတ် ၂၅ နှင့် ၂၆ သို့ ထွက်လာကြသည်။

အမှတ် ၂၆ သစ်တော ကြိုးဝိုင်းသို့ ရောက်သောအခါ သစ်တင်ကားများပေါ် သို့ ရဟတ်ရစ်တိုင်တို့ဖြင့် သစ်လုံးတွေ

တင်နေကြသည်ကို တွေ့ရသည်။ သစ်တင်သော လုပ်ငန်းကို သစ်ခေါင်း တယောက်က ကြည့်ရှုကြပ်မတ်ရ၏။ သစ်လုံးရေ သုံးဆယ်ကျော်ရှိသည်။ ထိုသစ်များမှာ မိုးတွင်းက ရေမျောချ သော်လည်း မကျပဲ တင်ကျန်ခဲ့သော သစ်လုံးများဖြစ်၏။ ထို ကဲ့သို့သော သစ်များကို သစ်ထုတ်လုပ်ရေးက "ရေကျန်သစ်" ဟု ခေါ်သည်။

သစ်လုံးကြီးများကို သစ်တိုက်ကားပေါ်သို့ ရဟတ်နှင့် တင်ခြင်းမှာ သစ်တိုက်ကားကို သစ်လုံးများပုံနေသော ဘေး တွင် ရပ်ထားပြီး သစ်လုံးများကို ကားပေါ်က သံကြိုးနှင့် တလုံးစီ ချည်ထားကာ မော်တာနှင့် လှည့်ပတ်၍ တင်ခြင်းဖြစ် ၏။ သစ်လုံးကြီးများ ကားပေါ်သို့ တဖြည်းဖြည်း တက်သွား နိုင်အောင် ကားပေါ်နှင့် မြေပြင်ကို သစ်လုံးသုံးလုံးဖြင့် အစ အလယ်အဆုံး ခင်းပေးထားရ၏။

ရစ်တိုင်အရှင်ဆင်၍ ကားပေါ်သို့ တင်ရာ၌ လူအားကို အသုံးပြုရသည်။ ကားပေါ်တင်မည့် သစ်လုံးနှင့် သုံးလေးတန် ဝင်ချက်ချည်ထားသောရစ်တိုင်ကိုမတ်မတ်ထောင်ကာ အောက် မှ ပျဉ်ပြားတွင်တပ်၍ သစ်ကြိုးနှင့်ရစ်ပြီး လူသုံးယောက် မောင်း တပ်လှည့်ရသည်။ သိုင်းကြိုး ဘေးကြိုး ရစ်ကြိုးများ တဖြည်း ဖြည်း တင်းလာကာ သစ်လုံးကားပေါ်သို့ တက်သွားသော နည်းဖြစ်၏။ တော်တော်နှင့် မချီမရသော သစ်လုံးကြီးများ ကို မန်းကီးချိတ်နှင့် ထောက်တင်ပေးရလေသည်။ စက်အား လူအားသာကျွာပြီး သဘောမှာ အတူတူဖြစ်သည်။

ထိုနေရာမှာ တောနက်သဖြင့် အတော် အေးသည်။ မျောက်လွှဲကျော်တို့ အော်မြည်နေကြသံမှာ ဆူညံပြီး လူကို ပင် ဆင်းကိုက်ကြတော့မလား ထင်ရသည်။



မိုးရာသီ၌ ဤနေရာတွင် အလုပ်ဆင်ဝိုင်းတွေ ရှိကြောင်း သိရသည်။ ယခုအခါ နွေရာသီ ဖြစ်သဖြင့် ဆင် လုပ်သား ကြီးများကို ဆင်ကျောင်းစခန်းသို့ပို့၍ အနားပေးထား၏။ ထို့ကြောင့် ဤနေရာ၌ ဆင်များမရှိတော့ပေ။

ထိုနေရာက အမြင့်လမ်းတွင် သင်းသတ်ထားသော ကျွန်း သစ်ပင်ကြီးများနှင့် သစ်မာပင်များကို တွေ့ရသည်။ သစ် အကွက်များ စနစ်တကျ သတ်မှတ်ခွဲခြားထားပုံကို ကားခဏ ရပ်ပြီး ဦးအောင်ခင်က ဆင်းပြသည်။

သစ်သင်းသတ်ခြင်းမှာ သစ်ပင်ရင်းက တောင်ဆုပ်နီးပါး အမြင့်၌ ပင်မကြီး၏ အခေါက်နှင့်အကာကို ရဲတင်း ပဲခွပ် စား သည်တို့နှင့် ဝိုင်းရစ်ပြီး ခုတ်လှီးထားခြင်းဖြစ်သည်။ မျဉ်း ဖောင်းရှိသော သစ်ပင်နှင့် မတ်စောက်သော တောင်စောင်းရှိ သစ်ပင်များကို ငြမ်းဆင်၍ပင် သင်းသတ်ကြရသည်။ သစ် သင်းသတ်ခြင်းကို သစ်ထုတ်လုပ်ရေးက မလုပ်ပဲ သစ်တော ဌာနက စီမံကွပ်ကဲ၍ လုပ်သည်။

သစ်ပင်တပင်တွင် အကာအခွံမပြတ်ပဲ တလက်မလောက် ကျန်နေရုံနှင့် ထိုသစ်ပင်သည် သင်းမသေပဲ အသက်ပြန်ရှင်နေ တတ်သည်။ ထိုသို့ အသက် ပြန်ရှင်နေသော သစ်ပင်များကို ဘယ်အဖွဲ့က သင်းသတ်သွားသည်ဟု သိနိုင်ရန် သင်းသတ်အဖွဲ့ များတွင် အက္ခရာအမှတ်အသားများ ပေးထားသည်။ သစ် သင်းသတ်အဖွဲ့သည် မိမိတို့ သင်းသတ်သွားသော သစ်ကွက် အမှတ်ထဲက သစ်ပင်များကို တံဆိပ်ရိုက်သွားရလေသည်။

နံနက်စာကို လဝါ၌ပင် ပြန်စားကြရ၏။ နံနက်စာစားပြီး ခဏနားကာ ခိုတာသို့ ထွက်လာကြသည်။ လမ်းတွင် ကားက ဗွက်ထဲနစ်နေသဖြင့် နာရီဝက်လောက် အချိန်ကြာသွားသည်။

မြေဖို့ လမ်းခင်းပြီး ကားပေါ်တွင် အသင့်ပါလာသော သံကြိုးကို ကားလမ်းဘေးက သစ်ပင်တွင်ချည်၍ ရစ်ကြိုးနှင့် ဆွဲတင်ယူရ၏။ ကားဒရိုင်ဘာနှင့် ရှုံးလုလင်နှစ်ယောက် စာရေးတယောက်မှာ တကိုယ်လုံး ရွှံ့နှစ်ခံထားရသလို ပေကျံကုန်တော့သည်။

ကျွန်တော်တို့ စီးလာသော ကားသည် တခါတရံ လမ်းကောင်းကောင်းမရှိသော သစ်တောထဲက ဖြတ်မောင်းလာရသည်။ သည်လိုနှင့်ပင် ခိုတာသို့ ရောက်လာကြ၏။ ခိုတာရွာမှာ ရွှေလီမြစ် ကမ်းနဖူးနှင့်ကပ်လျက် ဖြစ်၏။

ခိုတာတွင် ကားဝပ်ရှော့ရုံရှိသည်။ ဖိုမင် ဦးဆိုင်က ကွပ်ကဲအုပ်ချုပ်သည်။ သစ်ထုတ်လုပ်ရေးမှ ကားများနှင့် ဆင်တူး သစ်ဆွဲတန်ဆာပလာကရိယာများကိုလည်း ဤဝပ်ရှော့ရုံမှာပင် ပြုပြင်ရသည်။

ခိုတာကားဝပ်ရှော့ရုံတွင် ရွှေလီရိုးတလျှောက်မှ ထွက်သော သစ်စေး၊ သနပ်ခါး၊ အင်တွဲ၊ ပွေးညက်၊ ကြိမ်၊သင်၊ မီးသွေး၊ မဖောက်ထုံး စသည်တို့အကြောင်းကို စုံစမ်း မေးမြန်းကြည့်သည်။

ကြိမ်အများဆုံးခတ်(ခုတ်)ကြသော ရွာများမှာ စီပိန်ပင်ကြိမ်နှင့်တုံကျွာတို့ ဖြစ်ကြသည်။ သစ်စေးထွက်သောအဓိက ရွာများမှာ ဘမဲ၊ မလိမ်၊မလှိုင်ကုန်း၊ ပြင်လဟာ၊ အုန်းတုတ်တို့ ဖြစ်သည်။ သနပ်ခါးထွက်သောရွာများမှာ နန့်ပန်း၊ နန့်ကဆန်ဖောင်းခါးတော၊အုန်းတုတ်တို့ဖြစ်သည်။အခြား ကုန်ပစ္စည်းများမှာမူ ရွာအနှံ့အပြားမှ ထုတ်လုပ်ကြသည်။

ရွှေလီထဲ၌ ကြိမ်ဈေးမှာ အလုံးတရာမှ ငါးကျပ်ပေးရ၏။ တပေါင်း တန်ခူးလတွင် လှည်းအစီး ကိုးဆယ် တရာထိ တပြိုင်တည်း လာ၍ ရွှေလီမြစ် ကမ်းခြေမှာ ရောင်းကြသည်။ ထိုကြိမ်



များကို ရွှေလီမြစ်ထဲသို့ ချ၍ဖောင်ဖွဲ့ကာ အောက်အရပ်သို့ စုန်ရသည်။ ရွှေလီရိုးမှ ကြိမ်လေးငါးမျိုး ထွက်၏။ ရေကြိမ်၊ ကြိမ်နီ မထာ၊ တောင်ကြိမ်၊ ကြက်ဥကြိမ်၊ ဝက်ချေးကြိမ်တို့ဖြစ်သည်။ သင်ဖျာများမှာ အကြမ်းစားများသာ ထွက်သည်။

သစ်စေးကို အပတောထဲ၌ ထိုးကြသည်။ အပတောဆိုသည်မှာ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးက ဒေသခံလူများအတွက် အိမ်သုံး သစ်ဝါးများ ခုတ်နိုင်ရန် ခွင့်ပြုထားသော သစ်တောကို ဆိုခြင်းဖြစ်သည်။ ခိုတာ ပတ်ဝန်းကျင်မှ သစ်စေးလုပ်ငန်းကို အများဆုံးလုပ်ကြသော ရွာများမှာ ဘမဲ၊ မလိမ်၊ ပြင်လဟာ၊ အုန်းတုတ်ရွာတို့ ဖြစ်ကြသည်။

သစ်စေးထိုးသော လုပ်သားများသည် မိုးနှောင်းသမယ တော်သလင်းလကပင်စ၍အလုပ်လုပ်ကြသည်။

“တော်သလင်း လက်တွင်းအိပ်” ဟူသော ဆောင်ပုဒ်နှင့်အညီ တော်သလင်းလ ခံသော သစ်စေးသည် မိုးလွတ်လျှင် အကောင်းဆုံး ဖြစ်သည်။ တော်သလင်းလ၌ရသော သစ်စေးသည် သူတို့အရပ်၌ပင် တပိဿာ ခုနစ်ကျပ် ရှစ်ကျပ်ဈေးရှိ၏။ မန္တလေးရောက်လျှင် ၁၅ ထိ ရနိုင်သည်။ သစ်စေးအတန်း အစားမှာ အနီ၊ အညို၊ အနက် သုံးမျိုးရှိသည်။ အနီက တတိယ၊ အညိုက ဒုတိယ၊ အနက်က ပထမတန်းစား မိုးလွတ်ဖြစ်သည်။

သစ်စေး မပါလျှင် မဖြစ်သော လုပ်ငန်းများမှာ ဘုရားရွှေချခြင်းနှင့် ရေခွက်၊ ကွမ်းအစ်၊ လင်ပန်းစသည့် မြန်မာ့ရိုးရာ အရိုးကိုင် ယွန်းထည်လုပ်ငန်းများထိ ဖြစ်လေသည်။

အပတောများ၌ သစ်စေးခံရာတွင် သစ်စေး ရနိုင်သည် ထင်သော သစ်ပင်များကို ဦးစွာပထမ ဆောက်ပြား၊ ဓားသည်တို့နှင့် တတောင်ကျော်လောက် အရှည် “မန်းကြိုး” လိုး

ထွင်းရသည်။ ရာဘာစေးခံသလို သစ်စေးမျောလမ်းကို အခွံပါး အတိုင်း ဘယ်ညာနှစ်ဖက် လှီးထွင်းပြီး အောက်တွင် သစ်စေး မျောလမ်းနှစ်ခုကို ဆုံစည်းပေးထားရသည်။ ဤသည်ကို "မန်း ကြိုး"ထွင်းသည်ဟု ခေါ်၏။

မန်းကြိုးနှစ်ခု၏ ဆုံစည်းရာအဆုံးတွင် ဝါးဆစ်ကို တထွာ တမိုက် တဖက်ချွန်ခုတ်ဖြတ်ပြီး ထိုးစိုက် ခံထားရသည်။ ထိုဝါး ဆစ်ကို "ဘောက်"ဟု ခေါ်၏။ ဘောက်ခွက်တခုလျှင် သစ်စေး နှစ်ကျပ်သား သုံးကျပ်သားထိ ရတတ်သည်။ သစ်စေးပင်တပင် မှာ ဘောက် ငါးခု၊ ခြောက်ခု သစ်ပင်အကြီးအသေးကိုလိုက်၍ တပ်ရသည်။

သစ်စေးကောက်သွားသူတိုင်းတွင် "ပလုပ်"ဟုခေါ်သော ခံခွက်တခုပါရသည်။ ပလုပ်ခံခွက်မှာ နှီးကိုရက်ပြီး သစ်စေးနှင့် သရိုးကိုင်ထားသော ခြင်းတခုဖြစ်သည်။ လုံးပတ်မှာ နှစ်ပေခွဲ လောက်ရှိပြီး အမြင့်က တပေလောက် ရှိသည်။ အပေါ်သေး အဝကျဉ်းကာ အောက်ကားပြီး ဗူးသီးပုံ ဖြစ်သည်။ ရသမျှ သော သစ်စေးရည် များကို ဤခံခွက်ထဲ ထည့်၍ သစ်စေး ကောက်ရ၏။ သစ်စေးကောက်သောလုပ်သားတယောက်သည် တနေ့လျှင် ဘောက်အလုံး ၆၀၀ ထိ ကောက်နိုင်သည်။ သစ် စေးလုပ်သားတယောက်လျှင် ဘောက်ခွက်ပေါင်း ၃၀၀၀ ထိ ပိုင်ဆိုင်သည်။ သစ်စေးကောက် ဘောက်လဲထားခဲ့သော သစ် ပင်များကို နောက်နှစ်ရက် သစ်စေးလာမကောက်ပဲ နားထား ရသည်။

ကျွန်တော်တို့ ရောက်သွားသော အချိန်မှာ တပေါင်းလ ဖြစ်သဖြင့် သစ်စေးပင်များ အပွင့်ပွင့်နေကြလေပြီ။ သစ်စေးပင် များ ပန်းပွင့်လျှင် သစ်စေး အထွက် နည်းသွား တတ်၏။



ထို့ကြောင့် သစ်စေး ကောက်သူများကို ကြိုးကြားကြိုးကြား သာ တွေ့ခဲ့ရသည်။ အမှန်မှာ ဤသစ်စေးထိုးသော လုပ်ငန်း သည် စနစ်တကျလုပ်ပါက ဝင်ငွေနည်းသောအလုပ်မဟုတ်ပေ။ လူတယောက် တနေ့ သစ်စေး ကောက်လျှင် ငွေလေးငါးရာ ရနိုင်သည်ဟု သိရသည်။

အင်တွဲ၊ ပွေးညက်မှာမူ သူတို့ဆိုင်ရာ အနည်းအကျဉ်းသာ လုပ်ကြသည်။ ဗန်းမော်နှင့် ကသာခရိုင်တွင် အင်တွဲ ပွေးညက် အလုပ်ကို ကဒူးကဏန်း တိုင်းရင်းသားများက တွင်တွင် ကျယ် ကျယ် လုပ်ကြသည်။ ကျွန်တော်တို့ နိုင်ငံတွင် အင်တွဲ ပွေး ညက်သည် တနှစ်လျှင် ပိဿာချိန် ငါးသိန်း ထွက်၏။ အင်တွဲ ပွေးညက် တပိဿာလျှင် တကျပ်ခွဲနှုန်းနှင့် အစိုးရက လလာသာ ဆိုင်ဖွင့်၍ ဝယ်ယူသည်။

ကျွန်တော်တို့သည် ခိုတာမှ ညနေသုံးနာရီလောက်တွင် ထွက်လာကြ၏။ ကားလမ်းမှာ ရွှေလီမြစ်ကမ်းခြေအတိုင်း ဖြစ် သည်။ မဘိန်းသို့ နာရီဝက်လောက် အကြာမှာ ရောက်သည်။ မဘိန်းမှာ ကျွန်တော်တို့ ခရီးစထွက်လာကြစဉ်က နေ့လယ်စာ စားခဲ့ကြသော လက်ထောက်မန်နေဂျာ ဦးအေးမောင်သူ တို့ ဗိုလ်တဲစခန်းပင် ဖြစ်၏။

မဘိန်းမှာ ဆင်လေ့လာရန် လာသော ကျွန်တော့်အတွက် ဗဟိုစခန်းဖြစ်သည်။ မဘိန်းမြို့၏ တဖက်ကမ်း ရွှေလီတောထဲ တွင် ဆင်ရိုင်းများကို ကြိုးကွင်းစွပ်ဖမ်းခြင်း၊ ကျုံးသွင်း ထောင် ဖမ်းခြင်းတို့ကို လက်တွေ့လုပ်ကိုင်နေကြသော ဆင်ဖမ်းလုပ်သား များ ရှိသည်။ ထို့အပြင် ထိုရွှေလီတောထဲ၌ ဆင်မိုင်းများကို မေ့ဆေးသေနတ်နှင့် ကိုယ်တိုင် လိုက်လံပစ်ခဲ့ဖူးသော တိရစ္ဆာန် ဆေးကု ဝန်ထောက် ဦးကျော်မြင့်လည်း ရှိသည့်အပြင် သစ်

ထုတ်လုပ်ရေးမှ ဆင်ဝိုင်း ဆင်နာရှံ ဆင်ကျောင်းစခန်းတို့သည် လည်း မဘိန်းပတ်ဝန်းကျင်တွင်ရှိသည်။ ထို့ကြောင့် ကျွန်တော် သည် မဘိန်းမြို့ကို အခြေစိုက်စခန်း ပြုလုပ်ပြီး ဆင်ရိုင်း ဆင် ယဉ်တို့၏ သဘာဝနှင့် ဆင်ဖမ်းနည်းများစသည်တို့ကို မေးမြန်း လေ့လာရလေသည်။

## ဆင်အုပ်ကြီးနှင့်တွေ့ခြင်း

မဘိန်း၌ ကျွန်တော့်အား မန်နေဂျာ ဦးအောင်ခင်က မိုးမိတ်ခရိုင် သစ်ထုတ်လုပ်ရေးမှ ဆင်အုပ်ကြီး ဦးအောင်လုံနှင့် မိတ်ဆက်ပေးသည်။

ဆင်အုပ်ကြီး ဦးအောင်လုံမှာ ထောင် ထောင် မောင်း မောင်းနှင့် ဗလကောင်းသူ ဖြစ်သည်။ အသက် ၁၄၊ ၁၅ နှစ် သားကပင် ဆင်ပဲ့ချိတ်၊ ပဲ့စီး၊ ဦးစီး၊ ဆင်ခေါင်း၊ဆင်အုပ်၊ ဆင် အုပ်ကြီး စသည်ဖြင့် လုပ်လာခဲ့ရာ ယခုအခါ အသက် ငါးဆယ် ကျော်ပြီဟု သိရသည်။ သူသည် ကချင်ပြည်နယ် မြစ်ကြီးနား ခရိုင်မှ အင်းတော်ကြီးနယ်သား ကဒူးကကာန်းလူမျိုး ဖြစ်သည်။ ကဒူးကကာန်းတို့သည် များသောအားဖြင့် ဆင်နှင့် ပတ်သက် သော လုပ်ငန်းများကို လုပ်လေ့လုပ်ထ ရှိကြသည်။ ဦးအောင် လုံတို့ မျိုးရိုးစဉ်ဆက်မှာလည်း ဆင်သမားများချည်းပင် ဖြစ် ၏။ ယခု သူ့သားအကြီးတယောက်လည်း ဤမိုးမိတ် သစ်ထုတ် လုပ်ရေး၌ပင် ဆင်အုပ်လုပ်နေသည်။ ဦးအောင်လုံသည် ၁၄၊ ၁၅ နှစ်သားအရွယ်ကပင် ဆင်ပဲ့စီး ပဲ့ချိတ်လုပ်၍ ယခု ဆင်အုပ် ကြီး ဖြစ်လာသည်ထိ နယ်တကာစုံ ရောက်ဖူး၏။ သူအများ ဆုံး တာဝန် ထမ်းဆောင်ခဲ့သော နယ်များမှာ မြစ်ကြီးနား၊



...မော်၊ ကသာနှင့် အင်းတော်ကြီးနယ်တို့ ဖြစ်သည်။ ဆင် ...တ်သက်၍ အလုပ်မျိုးစုံ လုပ်ဖူးပြီး နယ်တကာစုံ ရောက် ...သော ဦးအောင်လုံအား စုံစမ်းမေးမြန်း၍ အောက်ပါ ဆင် ...ကြောင်း ဗဟုသုတများရရှိခဲ့ပါသည်။

## စွယ်စုံ၊ဟိုင်း၊ဟန်နှင့်တေ

မြန်မာနိုင်ငံတွင် ဆင်ကို လေးမျိုးလေးစား ခွဲခြားထား ...သည်။ ထိုလေးမျိုးမှာ စွယ်စုံ၊ ဟိုင်း၊ ဟန်နှင့် တေ တို့ ...သည်။

၁။ ဆင်ထဲတွင် "တေ"မည်သောဆင်မှာ အရှားပါးဆုံး ...ဖြစ်၏။ တေဆင်မှာ အမေမွေးကတည်းကပင် အစွယ် တ ...ချောင်းတည်းသာပါ၏။အစွယ်မှာ အလွန်သန်မာထွားကြိုင်းပြီး ...တချောင်းတည်းသော အစွယ်ကို အလွန်အားကိုးသော ဆင် ...၏။ ထို့ကြောင့် တေဆင်များသည် များသောအားဖြင့် ...ပ်မှထွက်၍ ထီးတည်းနေတတ်ကြသည်။ ဘယ်သူ့ အုပ်ချုပ်မှု ...ကိုမှ ခံချင်စိတ်မရှိသလို အခြားဆင်များကိုလည်း ဦးစီး ...ပ်ချုပ်လိုသောစိတ် မရှိပေ။ ဘယ်ဘက်တွင် အစွယ်ရှိသော ...ဆင်ကို ဘယ်တေဟု ခေါ်ပြီး ညာဘက်တွင် အစွယ်ရှိသော ...ဆင်ကို ညာတေဟု ခေါ်ကြသည်။

၂။ "ဟန်"ဆင်မှာ စွယ်စုံဆင်ကဲ့သို့ အစွယ်နှစ်ချောင်း ...သည်။သို့သော် အစွယ်မှာ သန်မာ ထွားကြိုင်းခြင်းမရှိပဲ အ ...သေးအဖျင်းသာဖြစ်သည်။ မသမာသော အစွယ်ပင်။ အချို့ ...န်ဆင်များသည် သစ်ပင်သစ်ခေါက်များကို အစွယ်နှင့် ထိုးခွာ ...းရာ၌ မသမာသောအစွယ်တဖက် ကျိုးသွားတတ်သည်။ ထို

အစွယ်တဖက်ကျိုးသွား၍ တဖက်သာ အစွယ်ရှိသော ဆင်ကို ဘယ်ဟန် သို့မဟုတ် ညာဟန်ဟု ခေါ်ကြသည်။

ဟန်ဆင်များသည် အခြား ဆင်များလောက် အားခွန်ဗလ မသန်သည့်အပြင် အားကိုးစရာ အစွယ်မရှိသဖြင့် တောဆင်ရိုင်းဖြစ်ပါက ဟိုင်း၊ စွယ်စုံ၊ တောဆင်များကဲ့သို့ အုပ်ထဲမှ ထွက်ပြီး ထီးတည်း မနေရဲကြချေ။ ဆင်အုပ်ထဲတွင် ဟန်ဆင်ကို ဆင်နှင့် ဆင်ကလေးများကလည်း အားကိုးခြင်း၊ ကြောက်ရွံ့ခြင်းမရှိပေ။ သူတွင် သူတပါးက လေးစားလောက်သော ရုပ်သွင် ကြန်အင်လက္ခဏာများ မတွေ့ရချေ။ ထို့ကြောင့် ဟန်ဆင်ကို ဟိုင်းနှင့် စွယ်စုံတို့ အုပ်စီးသော ဆင်အုပ်ထဲတွင် နောက်လိုက်ဆင်အဖြစ် အတွေ့ရများသည်။

၃။ "စွယ်စုံ"ဆင်ဆိုသည်မှာ ဖြူဖွေးဝင်းလက်ကာ ရှေ့သို့ ရှည်လျားစွာ ကော့တက်နေသော အစွယ်ပိုင်ရှင် ဆင်ပြောင်ကြီးကို ခေါ်ခြင်းဖြစ်သည်။ ဆင်တို့၏ ကြန်အင် လက္ခဏာ အစုံပါရှိ၍ ဆင်ထဲတွင် အလှဆုံး ထိပ်ခေါင်တင် ဆင်ပင် ဖြစ်သည်။ စွယ်စုံ ဆင်ပြောင် များသည် များသောအားဖြင့် တောဆင်များထဲတွင် ဆင်ဦးစီး ဆင်ဘုရင်များ ဖြစ်ကြသည်။ သူတို့၏ အစွယ်ကို အလွန်အားကိုးတတ်ကြသည်။ အုပ်မှထွက်၍ ထီးတည်း(ထီးခိုးဟုလည်း ခေါ်သည်။) ဗိုလ်ဝင်ခံနေတတ်သည်လည်း ရှိသည်။ စိတ်နေစရိုက် ခက်ထန်ကြမ်းကြုတ်သောကြောင့် တခြားဆင်များက ကြောက်ရွံ့တတ်ကြသည်။ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးဌာနတွင် စွယ်စုံဆင်များသည် များသောအားဖြင့် ဆင်ဆိုး စာရင်းဝင် သံခလောက်ပိုင်ရှင်များ ဖြစ်ကြသည်။

၄။ "ဟိုင်း"ဆင်မှာဆင်မများကဲ့သို့အစွယ်တိုတိုတိတိသာ



ပုံ—၉။ ဆင်ဦးစီးအတော်များများကို သတ်ခဲ့သော စွယ်စုံဆင်ကြီး။ ဦးစီးနှင့် သူ့လက်ထောက် နှစ်ဦးစလုံး လက်နက်စွဲကိုင်ထားရသည်။

ရှိသည်။ သဘာဝခမ်မှက သူ့အား သစ်ခေါက်သစ်ခွံများကို ခွာစားနိုင်ရုံလောက်သော အစွယ်ကို ဖန်တီးပေးထားဟန် ရှိ၏။ အစွယ်မှာ တိုတိုတိတိဖြစ်သော်လည်း တုတ်ခိုင် သန်မာသည်။ သစ်ပင် သစ်ခေါက်များကို ထိုးခွာ စားရာ၌ အခြား ဆင်များထက် လျင်မြန်ဖျတ်လပ်သည်။ တထွာကျော်ခန့်သာ ရှိသော အစွယ်သည် သစ်ခေါက်များ ခွာစားရာ၌ အနေတော်ဖြစ်သဖြင့် စားသောအခါ စွယ်စုံဆင်များကဲ့သို့ ရှေ့တိုးနောက်ငင် မဖြစ်ပဲ သစ်ပင်၏ ပင်စည်နှင့် ပါးစပ်ကပ်ပြီး ခံပြီးသား ဖြစ်နေတတ်သည်။ နှာမောင်းမှာလည်း အလွန် တုတ်ခိုင် သန်မာ သဖြင့် သစ်ခေါက် သစ်ခက်များကို ဖြောင်းကနဲ ဖြင်းကနဲ ဆောင့်ဆွဲချိုးခွာနိုင်သော အင်အားရှိသည်။

ဟိုင်းဆင်သည် စွယ်စုံ၊ ဟန်၊ တေ စသော အခြား ဆင်များနှင့် ကွဲပြားခြားနား၍ ထူးခြားသော အသွင်သဏ္ဍာန် ရှိသည်။ အထီးဖြစ်စေ အမဖြစ်စေ နားရွက်နှင့် ခြေဆုံလက်ဆုံ ခြေသေး လက်သေး ခြေခွာ လက်ခွာများ ကြီးမား ဝိုင်းဝန်းသည်။ ဦးကင်းနှင့် နားရွက် နှာမောင်းအိုးများ ထူးထူး ခြား ခြား ကြီးမားသည်။ အသက်အရွယ်ချင်းတူသော အခြားဆင်များထက် ကြီးထွားမြင့်မားသည်။အားသန်သည်။ ဟိုင်းဆင်၏ အားကိုးအားထားရာလက်နက်မှာ နှာမောင်းပင်ဖြစ်သည်။သူ၏ နှာမောင်းသည် အခြားဆင်များ၏ နှာမောင်းထက် ကြီးမား အားသန်ပြီး စွယ်စုံဆင်များ၏ အစွယ်နှစ်ဖက်ကိုလည်း ချက်ခြင်း လှမ်းဆွဲကာ သစ်ခက် သစ်ခြောက်ကိုင်းများကို ဆွဲချိုးလိုက်သလို ဖြောင်းကနဲ ဖြောက်ကနဲ ချိုးပစ် နိုင်စွမ်း ရှိ၏။ ထို့ကြောင့် ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့မှာ အမြဲ ရန်သူ ဖြိုးဘက် ဖြစ်ကြသည်။တကောင်နှင့်တကောင် ရန်တောင်၍ သတ္တိ



ချင်း ပြိုင်ကြသောဆင်တို့မှာ များသောအားဖြင့် စွယ်စုံဆင်နှင့် ဟိုင်းဆင်တို့ ဖြစ်ကြသည်။ ဟန်နှင့် တေဆင်တို့မှာ မလွှဲမရှောင် သာသောအခါမှတပါး အခြားအခါများ၌ ဟိုင်းနှင့် စွယ်စုံဆင်တို့ကို ရင်မဆိုင်ရဲကြချေ။

စွယ်စုံအုပ်ချုပ်ရသော ဆင်အုပ်ထဲတွင် ဟိုင်းဆင်ထီးက နောက်လိုက်အဖြစ် မနေသလို ဟိုင်းဆင်ဦးစီးသော ဆင်အုပ်ထဲ တွင်လည်း စွယ်စုံဆင်များကို မတွေ့ရတတ်ကြပေ။ အရွယ် ရောက် လာ သည်နှင့် တပြိုင်နက် အုပ်မှ ခွဲ ထွက် သွားပြီး တကောင်တည်း နေတတ်၏။ သို့မဟုတ် ဆင်အချို့ကို ခွဲခေါ် သွား၍ စင်ပြိုင်အုပ် ထောင်လေ့ ရှိကြသည်။

ဥပမာ ဆင်ကောင်ရေ သုံးလေးဆယ်ရှိ၍ စွယ်စုံ ဆင် ပြောင်ကြီးတကောင်က ဦးစီးနေသော ဆင်အုပ်ထဲမှ ဆင်မ တကောင်သည် ဟိုင်းဆင်ဖြစ်လာမည့် ဆင်ကလေး တကောင် ကောင်ကို မွေးဖွားလာပါက အုပ်ချုပ်သော စွယ်စုံ ဆင်ကြီး၏ အညှိအငြင်ခံရတတ်၏။ ဆင်ပေါက်ဖြစ်လာလျှင် သူ့ကို အာခံ၍ ခြေရာချင်းတိုင်းလာမည့် ဟိုင်းဆင်ကလေးအား စွယ်စုံ ဆင် ပြောင်ကြီးသည် အမြဲ မျက်ခြည်မပြတ် စောင့်ကြည့် နေတတ် သည်။ ဟိုင်းဆင် အရွယ်ရောက်လာသောအခါ အကယ်၍ အုပ်ထဲမှ ဆင်မတကောင်နှင့် နှာမောင်းချင်း ယှက်လိမ်၍ ကျီစယ်ကလူ ပြုမူနေသည်ကို မြင်လျှင် ဦးစီးဆင်ပြောင်ကြီးသည် ထိုဟိုင်းဆင်ပေါက်အား အစွယ်နှင့် ထိုးသတ်ရန် ကြိုးစားတတ် သည်။ ထိုအခါ ဟိုင်းဆင်ပေါက်ကလည်း သူ၏ နှာမောင်းကို အားကိုးကာ စွယ်စုံဆင်ပြောင်ကြီး၏ အစွယ်ကို လိမ်ချိုးရန် ခုခံတတ်၏။ ဤသည်ကစ၍ ဆင်အုပ်ထဲတွင် ပဋိပက္ခဖြစ်ကာ ဟိုင်းဆင်ပေါက်၏ အမေနှင့် ဟိုင်းဆင်ပေါက်၏ ရည်းစားက

အုပ်မှ ထွက်ပြေး၍ တစင်ထောင်တတ်ကြသည်။ လူများကဲ့သို့ ပင် အုပ်ထဲမှ ဆင်များကလည်း ဟိုဘက် သည်ဘက် နီးစပ်ရာ လိုက်ပါကြ၍ ဆင်တအုပ်မှ နှစ်အုပ်ဖြစ်သွားတတ်၏။ ဟိုင်းဆင် အုပ်ချုပ်ရသော ဆင်အုပ်ထဲတွင် စွယ်စုံဆင်ပြောင် ဖြစ်လာမည့် ဆင်ပြောင်ကလေးများ မွေးဖွားလာလျှင်လည်း ထိုနည်းအတူ ဖြစ်တတ်၏။တခါတရံ ဦးစီးဆင်ကို တိုက်ခိုက်၍ နောက်ပေါက် ဆင်ပြောင်များက အုပ်ကို လုယူသဖြင့် ဆင်အိုကြီးမှာ ကိုယ် ထီးတည်း ထွက်ပြေးရသည်လည်း ရှိသည်။

အမှန်မှာ ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့သည် အုပ်ထဲ၌ အမြဲ ရန်မူနေတတ်ကြသည်။ ဆင်အုပ်ထဲသာမဟုတ်။ထီးတည်း သွားလာနေကြသော ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့ တွေ့ကြလျှင် လည်း ထိုနည်းနှင်နှင် ဖြစ်၏။

ဟိုင်းဆင်နှင့်စွယ်စုံဆင်တို့သည် မိတ်လိုက်ရာ၌၎င်း၊ရည်းစား သနာရှာကြရာ၌၎င်း၊ ကျစ်မြေကျင်း လုကြရာ၌၎င်း ဆုံတွေ့ကြ လျှင် တိုက်ခိုက်တတ်ကြသည်။ ကျစ်မြေကျင်း ဆိုသည်မှာဆား ခါတ်ပါသော မြေကိုခေါ် ခြင်းဖြစ်၏။ဆင်ရိုင်းများသည် တော ထဲ၌ ဆားဓာတ်ပါသော မြေကို ရှာဖွေ၍ စားလေ့ရှိကြသည်။

ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့ တွေ့ကြလျှင် ဟိုင်းဆင်က စွယ်စုံဆင်၏ အစွယ်ကို သူ၏ တုတ်ခိုင်သန်မာသော နှာမောင်း နှင့် လိမ်ချိုးပစ်ရန် အဘင်းပြေးဝင် လာတတ်သည်။ ထိုအခါ သူနှင့် အားချင်းပြိုင်၍ မနိုင်မှန်းသိသော စွယ်စုံဆင်ကလည်း မိမိအစွယ်ကို တောင်ကမ္ဘားယံ တောင်စောင်း စသည့် မြေထဲ တွင် တအားထိုးနှစ်ထားပြီး ကိုယ်လုံးနှင့်လှည့်ပတ်ကာ တကျိ ကျိအော်မြည်ပြီး ကာကွယ်တတ်သည်။

အစွယ်ကိုလုချိုး၍မရသောဟိုင်းဆင်သည် ရရာ ကျောက်



ဲ သစ်တုံးများကောက်၍ စွယ်စုံဆင်၏တကိုယ်လုံးကို တအုန်း အုန်း ထုရိုက်ခြင်း၊ အမြီးကိုလှန်ချိုးခြင်း၊ အမြီးဖျား နားရွက် များတို့ကို ကိုက်ဖြတ်ဆုတ်ဖြဲခြင်း၊ သစ်ကိုင်း သစ်ခက် များကို ချိုးယူ၍ တင်းပုတ်လုပ်ကာ ကျောကုန်း ဘေးစောင်းများကို တဖြောင်းဖြောင်း ရိုက်နှက်ခြင်းပြုတတ်၏။ သူ၏ အကြံမှာ သူ ရိုက်နှက်သောဒဏ်ကို မခံနိုင်၍၎င်း၊ ဒေါသဖြစ်၍၎င်း စွယ်စုံ ဆင်က မြေထဲတွင်ထိုးနှစ်ထားသောအစွယ်ကိုထုတ်ပြီး သူ့အား ထုတ်ခြည်းထိုးသတ်ရန်ကြံလျှင် အစွယ်ကိုဖမ်းယူပြီး လိမ်ချိုးပစ် ရန်ဖြစ်သည်။သို့သော် ပါးနပ်သောစွယ်စုံဆင်ကလည်း သူ့အား ဟိုင်းဆင်ကြီးက မည်မျှ ရိုက်နှက် ထုထောင်း သော်လည်း အောင့်၍သာ ခံမည်။ အစွယ်ကိုမူ မြေကြီးထဲက ဘယ်အခါမျှ မနုတ်ပေ။ မြေပြန့် တွင်လည်း ဖင်ဦးတောင်း ထောင်၍သာ အော်ခံတတ်သည်။ဦးခေါင်းနှင့် အစွယ်ကိုကား သူ့အနီးအနား ၌ ဟိုင်းဆင်ကြီး ရှိနေသမျှ မဖော်ရဲပေ။

ဘယ်လိုသုပ်၍မျှ အစွယ်ကို ချိုးရန် အခွင့်မသာသော အခါ ဟိုင်းဆင်သည် သူ့အား ကြောက်သွားလေပြီ အထင်နှင့် လှည့်ပြန်သွားတတ်၏။ ဟိုင်းဆင်က အမှုမဲ့အမှတ်မဲ့ လှည့်လိုက် လျှင် စွယ်စုံဆင်သည် မြေထဲသို့ ထိုးစိုက်ထားသော အ စွယ် ကို နုတ်ခြည်း ပြန်နှုတ်ကာ ဟိုင်းဆင်၏ ဘေးစောင်းကို အစွယ်နှင့် တအားထိုးသတ် တတ်သည်။ ထိုကြောင့် အချို့ တိုက်ပွဲပါးဝ နေသော ဟိုင်းဆင်များသည် စွယ်စုံဆင်နားမှ နောက်ပြန် ဆုတ်ယူ ကိုးပေဆုတ်ခွာပြီးမှ မိမိလိုရာခရီးသို့ ထွက်သွားတတ် လေသည်။

ဟိုင်းဆင်မှာ အထီးသာမဟုတ် အမလည်းရှိ၏။ သို့သော် မျိုးရိုးစဉ်ဆက် ဟိုင်းဆင်ဟူ၍ မရှိပေ။ ဟိုင်းဆင်မ များက

စွယ်စုံဆင်ကလေးများ မွေးဖွားတတ်သလို စွယ်စုံဆင်မများက
လည်း ဟိုင်းဆင်ကလေးများ မွေးဖွားတတ်သည်။
ဟိုင်းဆင်များသည် စွယ်စုံဆင်များထက် အားသန်ခြင်း
ကိုယ်လုံးကိုယ်ထည် ကြီးမားခြင်းမှာ မိခင်၏ နို့ရည်ကို သက်
တမ်းကုန်အောင် စို့ရသောကြောင့် ဖြစ်သည်။ စွယ်စုံဆင်များ
မှာမူ တနှစ်၊ နှစ်နှစ်သား အစွယ်ရောက်လာသောအခါ အစွယ်
သည် တဖြည်းဖြည်း ရှည်ထွက်လာသဖြင့် နို့တောင်း၍ စို့ရာ၌
မိခင်၏ ဗိုက်ကို အစွယ်နှင့် ထောက်မိထိုးမိသဖြင့် စွယ်စုံဆင်
များကို မိခင် ဆင်မများက နို့စောစော ဖြတ်ပစ်တတ်သည်။
ဟိုင်းဆင်မှာကား ပင်ကိုယ်ကပင် အစွယ် တိုတိုကလေးသာပါ
သဖြင့်သူ၏အစွယ်မှာမိခင်ကိုအန္တရာယ်မပြုပေ။ထို့ကြောင့်ဟိုင်း
ဆင်များသည်မိခင်၏နို့ကို သက်တမ်းကုန်သည်အထိ စို့ရသည်။
ဟိုင်းဆင်ကလေးတကောင်၏နို့စို့သက်တမ်းမှာ ငါးနှစ်မှခြောက်
နှစ်အထိ ဖြစ်ပြီး စွယ်စုံဆင်ကလေးတကောင်၏ နို့စို့ သက်တမ်း
မှာကား သုံးနှစ် လေးနှစ်သာဖြစ်သည်။ထို့ကြောင့် နို့ဝအောင်
မစို့ရသော စွယ်စုံဆင်များမှာ အားခွန်ဗလ နည်းပါးကြသည်။
ဆင်မတကောင်သည် သူ၏ တသက်တာ၌ ဆင်ကလေး
လေးကောင်မှ ငါးကောင် အထိသာ မွေးဖွား တတ်ကြသည်။
တခါတရံ အမွှာမွေးခြင်းလည်း ရှိ၏။ ဆင်ကလေးတကောင်
မကြီးပြင်းမီ နောက်ထပ်တကောင် မွေးဖွားလာသဖြင့် နို့မြက်
ကာ အငယ်ကောင်က သေဆုံးသွားသည်လည်း ရှိသည်။
နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးက နို့မဖြတ်သေးသော ဆင်
ငယ်ကလေးများကို "အမိနောက်လိုက်ဆင်"ဟု ခေါ်သည်။
အချို့ဆင်မများတွင် အမိနောက်လိုက်ဆင် နှစ်ကောင် ရှိသည်
ကို တွေ့ရတတ်သည်။

# ၅။ ဆင်၏သဘာဝစရိုက်

ဆင်ရိုင်းများသည် တောထဲ၌ အကောင် ၁၀–၂၀ မှ ၅၀
အထိ အုပ်ဖွဲ့၍ နေတတ်ကြသည်။ အစာရှာရင်း တနှစ်
ချင် မိုင်ပေါင်း မြောက်မြားစွာလှည့်လည်သွားလာကြ၏။ မိုး
ရာသီတွင် ကုန်းမြင့်ရာတောနက်ထဲ၌နေပြီး ဝါးကို စားတတ်ကြ
သည်။ မိုးကုန်သောအခါ မြေနိမ့်ပိုင်းသို့ ပြောင်းရွှေ့ဆင်းသက်
ပြီး မြက်ပင် ကျူ ပင်ကိုင်းပင်များကို စားလေ့ရှိသည်။ ဆင်စား
သော အပင်အမျိုးပေါင်းမှာ ၄၀ ကျော်ထိ ရှိသည်ဟု သိရ
သည်။ ဆင်အုပ်များသည် သူတို့၏စားကျက်ကို ကောင်းစွာ
သိ၍ တောင်ရိုးတလျှောက် သူတို့သွားလာနေကြသော လမ်း
အတိုင်းသာ သွားလာကျက်စားလေ့ရှိကြသည်။ ဆင်သည် အ
ခြားတိရစ္ဆာန်များကဲ့သို့ ကြုံသလိုသွားလာခြင်းမရှိပေ။ သူတို့
သွားနေလာနေကျ လမ်းအတိုင်းသာ သွားလာတတ်ကြသည်။
ကုန်းမြင့်တောင်ပေါ်မှ မြေနိမ့်ပိုင်းခင်တန်းများသို့ စားကျက်
ပြောင်းသောအခါ တကောင်နောက်မှ တကောင်လိုက်ပြီး
တခင်တနှစ်လောက်က ဆင်းလမ်းအတိုင်း ရိုးထဲမှဆင်းလာလေ့
ရှိကြသည်။ ထို့ကြောင့်လည်း တောဆင်ထောင်ဖမ်းသောသူ
သည် ဦးစွာပထမ ဆင်လမ်းကိုရှာပြီးမှ ကျုံးဆောက်ကြသည်။

ဆင်များသည် ရိုးထဲ၌စမ်းရေများခန်းခြောက်သွားသော
တန်ဆောင်မုန်း နတ်တော်လများတွင် လွင်ပြင်သို့ ဆင်းလာ
တတ်ကြသည်။ဆင်သည် အလွန်အေးချမ်းသော ဆောင်းလ
ပင် သူ၏ကိုယ်လုံးကို ရေမစိမ်ပဲ မနေနိုင်ချေ။တချို့ကမူ ဆောင်
တွင်း၌ ဆင်သည် တဇောခတ်လွန်ကဲ၍ ရေစိမ်သော အကြိမ်
ရေများတတ်သည်ဟု ဆိုကြသည်။ တောဆင်ရိုင်းများသည်
ဆောင်းဦးကပင် လွင်ပြင်သို့ သက်ဆင်း နေတတ်ကြပြီး
တဆောင်းတနွေလုံး သွားလာကျက်စားကာ မိုးဦးကျ နယု
ဝါဆိုလများတွင် ရိုးမတောနက်ထဲသို့ ယခင်နှစ်က ပြန်တက်ဖူး
သောလမ်းအတိုင်း ပြန်တက်သွားတတ်ကြသည်။ဆင်သွားလျှ
လမ်းဖြစ်သည်ဟူသော စကားအတိုင်း ရိုးထဲတွင် ဆင်သွားလမ်း
လာလမ်းများကို အလွယ်တကူတွေ့နိုင်သည်။ ကျူတောများ
ကြိမ်ပိုက်တောများ၌မူ စွပ်ကြောင်းကြီးများပင် ဖြစ်နေ
တတ်သည်။

ဆင်များသည် အစာစားနေစဉ် အန္တရာယ်တခုခုနှင့်ရင်
ဆိုင်တွေ့ရပါက အခြားတိရစ္ဆာန်များကဲ့သို့ ကစဉ့်ကလျား က
သောင်းကနင်း ထွက်ပြေးကြခြင်းမရှိပဲ သူတို့၏ခေါင်းဆော
ဆင်ကြီးနားသို့ စုရုံးတိုးကပ်သွားကြပြီး အမိန့်ကိုနာခံထတ်ကြ
သည်။ ဦးစီးဆင်၏အပြုအမူကို ကြည့်၍သူ၏နောက်မှစီတန်း
လိုက်ပါကာ ဆုတ်ခွာတတ်ကြသည်။ သူတို့၏ရန်သူသည် မည်
သည့်ဘက်၌ရှိနေသည်ဟုအတိအကျမသိရပါကယခင်သူတို့သွာ
လာဖူးသောလမ်းအတိုင်း သို့မဟုတ်လာလမ်းအတိုင်းသာ ဆုတ်
ခွာလေ့ရှိကြသည်။ ထိုသို့ဆုတ်ခွာရာတွင် တကောင်၏ကျော
ပေါ်တွင် တကောင်၏ နှာမောင်းကိုတင် သုံးလေးကောင်တတွဲ
စီ ရင်ဘောင်တန်းဆုတ်ခွာလေ့ရှိသည်။ရန်သူနယ်မြေတွင် ဆင်



တကောင်ကောင် သို့မဟုတ် ဆင်ကလေးများ ကျန်ရစ်ခဲ့ပါက ဆင်များအားလုံးစုရုံးကာ ပြန်လာပြီး မိုက်စီတ်တိုက် ရှာဖွေလေ့ ရှိကြသည်။ ဤဆင်ခလေ့ကို တောဆင်ရိုင်းများအား ကြိုးကွင်း စွပ်ဖမ်းသော “ဗီလာရှိကာ” ဆင်ဖမ်းသမားများ မကြာခဏ တွေ့ကြုံဖူးကြသည်။ ထို့ကြောင့် တောဆင်အုပ်ထဲမှ ဆင်လေး ဆင်ပေါက်တကောင်ကောင်ကို ဖမ်းမိပါက လမ်းကြောင်းလွှဲပြီး ဝှက်ထားကြရသည်။

## ဆင်သက်တမ်း

ဆင်၏ သက်တမ်းသည် တထောင်ရှည်သည်။ ဆင် တကောင်၏ ပဋိသန္ဓေ နေသောလသည် ၁၀လ ကြာသည် ဆိုသော ရှေးလူကြီးသူမများ၏ စကားကို မှတ်သားရဖူးသည်။ ထို့ကြောင့် လူ ၁၀ သက်နှင့် ဆင်တသက် ညီမျှသဖြင့် လူ ၁၀ ယောက်သတ်ဖူးသောဆင်ဆိုးကိုမှ သက်ဆိုင်ရာက သတ်မိန့်ပေး သည်ဟုဆိုသည်။ ဤစကားမှာ သဘာဝယုတ္တိ လုံးဝမရှိပေ။ ဒိဋ္ဌမမှ စုးစမ်းလေ့လာချက်အရဆင်၏ပဋိသန္ဓေကာလသည် ၁၈ လနှင့် ၂၂ လကြားတွင်သာဖြစ်၍ သက်တမ်းမှာလည်း လူကဲ့သို့ နှစ်ပေါင်းရှစ်ဆယ် ကိုးဆယ်ဖြစ်ကြောင်း တွေ့ရသည်။ ဆင်ဆိုး များကို သတ်ပစ်ရန် အမိန့်ပေးခြင်းမှာ လူ ၁၁ ယောက် သတ် ဖူး၍မဟုတ်ပေ။ အလွန်အခင်း ဆိုးသွမ်း၍မည်သို့မျှ ပြုပြင်မရ သောဆင်ဆိုးများကိုသာ သတ်ပစ်ကြရသည်။ဤကိစ္စကို သက် ဆိုင်ရာသစ်တောဌာနနှင့်နယ်လုံခြုံရေးရာဇဝတ်ဝန်တို့က တိုင်ပင် ၍ စီစဉ်ကြရသည်။သို့သော် ဆိုးသွမ်းလွန်း၍ သတ်ပစ်ရသော ဆင်ဟူ၍ကား ရှားပါးသည်။ အဘယ်ကြောင့်ဆိုသော် မည်မျှ

ဆိုးသွမ်းသောဆင်ဖြစ်စေကာမူ ထိုဆင်ကိုနိုင်နိုင်နင်းနင်း စီးရဲသောဆင်ဦးစီးပေါ် လာတတ်သည်။ ဆင်ဦးစီးများသည် ဆင်ဆိုးစီးရဲလျှင် နာမည်ထင်ပေါ်၍ အထင်ကြီးခံရတတ်ကြလေသည်။

ဆင်သက်တမ်းသည် လူ၏သက်တမ်းလောက်သာရှည်ကြသည်ဟူသော အဆိုကိုလည်း စဉ်းစားရန်ရှိသည်။ ဆင်၏ပဋိသန္ဓေလမှာ ၁၈ လမှ ၂၀ လအထိ ဖြစ်သည်ဆို၏။ သို့ဖြစ်ပါက နှစ်နှစ်နီးပါးပဋိသန္ဓေနေသောဆင်သည် ဆယ်လသာ ပဋိသန္ဓေနေသော လူနှင့်အဘယ်ကြောင့် သက်တန်း တူလေသနည်း။ သတ္တဝါတို့၏ အသက်အပိုင်းအခြားသည် ပဋိသန္ဓေကာလ၏ အရှည်အကြာပေါ်၌ တည်သည်ဟု ပညာရှင်များ အားလုံးလိုလိုက လက်ခံကြသည်။ ထို့ကြောင့် **စာရေးသူ၏ အယူအဆကိုတင်ပြရလျှင် ဆင်၏** အသက်သည် အနည်းဆုံး နှစ်**ပေါင်း** ခုနစ်ဆယ်ရှစ်ဆယ်မှ တရာ့ငါးဆယ် တရာ့ခြောက်**ဆယ်ရှည်နိုင်သည်ဟု** ယူဆမိသည်။

အဘယ်ကြောင့်ဆိုသော် ခုနစ်ဆယ်ရှစ်ဆယ်သာအသက်ရှည်နိုင်ပါသည်ဟု ဆိုသော ဆင်များသည် များသောအားဖြင့် **သစ်လုပ်ငန်းအဖွဲ့မှ** သစ်ဆွဲဆင်ယဉ်များသာ ဖြစ်ကြသည်။ တောထဲရှိ ဆင်ရိုင်းများ၏ အသက်ကိုမူ မည်သူကမှတိတိကျကျ မသိနိုင်ကြချေ။ ထို့ကြောင့်လည်းတောထဲမှ ဆင်ရိုင်းများမှာ အနည်းဆုံး နှစ်ပေါင်း ၁၀၀ နှင့် အများဆုံး ၁၆၀ ထိ ရှည်နိုင်သည်ဟု ယူဆသည်။

ဆင်ယဉ်များမှာ အလွန် အလုပ်ပင်ပန်း၍ အသက်တိုကြရ၏။ သစ်လုပ်ငန်းအဖွဲ့မှ ဆင်ယဉ်များ(ပုဂ္ဂလိကပိုင်)သည် အလုပ်ပင်ပန်းလွန်း၍ နွေရာသီ **ဆင်ကျောင်းစခန်းသို့** ပို့**သောအခါ** သဘာဝမှန်ပင်မကျတော့ပဲ လူများပန်းသေသလို ဖြစ်သွား



ပုံ—၄။ တနေ့တာအလုပ်လုပ်ပြီးနောက် စခန်းသို့ပြန်လာစဉ်

တတ်ကြသည်ဟု သစ်သုတ်လုပ်ရေးတွင် နှစ်ရှည်သမျှားလုပ်ကိုင်နေကြသော ဆင်သမားများက ပြောပြလေသည်။

ဆင်၏ ကျန်းမာရေးသည် မုန်ကျခြင်းပေါ်၌တည်၏။ အသက် ၁၈ နှစ် ၂၀ မှ ၅၀ အထိ ဆင်သည် သဘာဝအားဖြင့် တနှစ်လျှင် မုန်တခါနှစ်ခါမကျလျှင် အလုပ်လုပ်၍ပင် မရနိုင်လောက်အောင် အားအင်ကုန်ခန်းတတ်သည်ဟုသိရ၏။ အလုပ်လုပ်ရသော ဆင်များသည် များသောအားဖြင့် နွေရာသီ ဆင်ကျောင်းစခန်း၌အလုပ်နားချိန်ရောက်မှ မုန်ယိုလေ့ရှိ၏။အလုပ်လုပ်နေချိန်တွင် အလုပ်ပင်ပန်းလွန်း၍ မုန်ယိုလိုစိတ် မိတ်လိုက်လိုစိတ်မရှိကြချေ။ထို့ကြောင့် အလုပ်မလုပ်ရပဲ လွတ်လွတ်လပ်လပ်သွားလာနေသော ဆင်များသည် အနည်းဆုံး အသက်တရာကျော်ထိ ရှည်နိုင်သည်ဟုယူဆဖွယ်ရှိပါသည်။ကမ္ဘာဦးက မမွတ်ခေါ် ရှေးဆင်ကြီးများသည်လည်း နှစ်ပေါင်း ၁၅၀ ထိ အသက်ရှည်ကြသည်ဟူသော ပညာရှင်များ၏ အဆိုကိုလည်း သတိပြုသင့်သည်။

## ဆင်ကြောက်သော တိရစ္ဆာန်များ

တောတိရစ္ဆာန်များထဲ၌ဆင်သည် တောခွေးနှင့် ကျားတို့ကို ကြောက်ရွံ့တတ်ကြသည်။ဆင်အုပ်တအုပ် ကျက်စားသွားသော နေချိန်တွင် ရိုးကျားကြီးများသည်ဆင်အုပ်နောက်မှ အမြဲ ချောင်းမြောင်းလိုက်ပါလေ့ရှိ၏။ ဆင်အုပ်တွင် ဦးစီးဆင်က ရှေ့ကသွား၍ သားထိန်းဆင်က နောက်ကလိုက်ပါလေ့ရှိသည်။ သားထိန်းဆင်များသည် ဆင်ကလေးများ မကျော်မလွှားနိုင်သော သစ်တုံးကြီးများ ကျောက်တန်းကြီးများ ရှေ့ကကန့်လန့်



ဖြတ်ခံနေလျှင် ဆင်ကလေးများကို နှာမောင်းဖြင့် မ,ချီပေး၍ စောင့်ရှောက် လိုက်ပါလေ့ရှိ၏။ ဆင်ကလေးများကိုသာနိုင်၍ ကိုက်သတ်စားလိုသော ရိုးကျားကြီးများသည် အလစ်ကိုစောင့်၍ သားထိန်းဆင်များ၏ ကိုယ်ပေါ်သို့ ရုတ်ခြည်းခုန်တက်ကုတ်ခဲတတ်၏။ ထိုသို့ကျားက ခုန်အုပ်သဖြင့် သားထိန်းဆင်များ ထိတ်တရက် လန့်ဖြန့်ကြောက်ရွံ့ပြီး ထွက်ပြေးကြလျှင် ကျန်ရစ်ခဲ့သော ဆင်ကလေးကို ကျားက ဝင်ဆွဲကိုက်ခဲတတ်သည်။ ဤနည်းဖြင့် စစ်ကြီးမဖြစ်မီ အချိန်က ဆင်ကလေး ၂၅ ရာခိုင်နှုန်းမျှ ကျားကိုက်ခံရဖူးကြောင်း သိရသည်။ထို့ကြောင့် တောဆင်များသည် ဆင်ကလေးများကို ဆင်အုပ်၏လုံခြုံသော အလယ်တွင်ထား၍ သွားလာကျက်စားတတ်ကြသည်။

တောခွေးများမှာမူ ဆင်တီးဆင်မ ဆင်ကလေးပါ တွေ့မရှောင် ကြုံရာဆင်များကို သတ်ဖြတ်စားသောက်လေ့ရှိ၏။ တောခွေးများသည် ဆင်အုပ်သွားလာတတ်သောလမ်းက သစ်ရွက်သစ်ခက်များပေါ်တွင် သူတို့၏ကျင်ငယ်ရည်များကို ပေါက်ဖြန်းထားတတ်ကြသည်။ ထိုသို့ပြုလုပ်ထားပြီးမှ ဘယ်တောင်ပံညာတောင်ပံခွဲ၍ဆင်များအလာကို အုံနှင့်ကျင်းနှင့် အကောင်ဆယ်ကောင်မှ နှစ်ဆယ်အထိ နှစ်ဖက်ညှပ်စောင့်နေတတ်ကြ၏။ တောခွေးကဆင်များကို ကိုက်သတ်ဖမ်းစားရာ၌ တကောင်ချင်း လာရောက်တိုက်ခိုက်ခြင်း မပြုရဲခြင်းမှာ တောခွေးသည်ဆင်နှင့်စာလျှင် အလွန်သေးငယ်ပြီး ခွန်အားဗလနည်းပါးသောကြောင့်ဖြစ်၏။ အမှန်မှာတောခွေးသည် သဘာဝအားဖြင့် တီးတည်း သွားလာကျက်စားလေ့ မရှိပေ။

ရှေ့မှချီတက်လာသော ဆင်များသည် တောခွေးများ ပေါက်ဖြန်းထားသော သစ်ရွက်သစ်ခက်များပေါ်၌ တောခွေး

၏ကျင်ငယ်ရည်နှင့် မျက်လုံးကိုပွတ်ထိမိသောအခါ ချက်ချင်းကြိမ်းစပ်ပြာဝေပြီး မျက်စိမမြင်တော့ပေ။ ထိုအခါ နှစ်ဖက်ညှပ်၍စောင့်နေတတ်ကြသော တောခွေးများသည် ဆင်ကောင်ကြီးများကိုယ်ပေါ်သို့ ရုတ်ခြည်းခုန်တက်ကာ ဦးဆုံး မျက်လုံးအစုံကို သူတို့၏ထက်မြက်သော လက်သဲခြေသဲတို့ဖြင့် ကုတ်ပွံ့ကိုက်ဖောက်ပစ်တတ်သည်။ ပြီးမှသေလောက်သော နေရာများကိုရွေးကာ တအားကိုက်ခဲပြီး ဆင်ပြောင်ကြီးများကို မြေပြင်ပေါ်သို့ လဲကျစေသည်။

ဆင်တကောင်လဲကျသွားလျှင် တောခွေးများသည် ထိုဆင်သေကို ဝိုင်း၍ စားသောက်တတ်ကြသည်။ အခြားဆင်များ ကြောက်လန့်တကြား ထွက်ပြေးကြ၍ မျက်စိထဲကျင်ငယ်ရည်ဝင်ကာ မပြေးတတ်မသွားတတ် ဖြစ်နေသော်လည်း ထိုဆင်များကို ကိုက်သတ်ခြင်းမရှိကြပေ။ ရှေးဆုံးမှ ကိုက်သတ်ထားပြီးဖြစ်သော ဆင်ပြောင်ကြီးကိုသာ ဝိုင်းဝန်းစားသောက်နေတတ်ကြသည်။ ခေါင်းဆောင်ဆင်ပြောင်ကြီးကို တောခွေးများ ဝိုင်းဝန်းဖမ်းနေသကြားလျှင်နောက်မှလိုက်လာကြသောအခြားဆင်များမှာ ကစဉ့်ကလျား ထွက်ပြေးတတ်ကြသည်။ထို့ကြောင့် ဆင်ကလေးများသည် အသက် ချမ်းသာရာရကြသည်။

တောထဲ၌ တောခွေးသည် ဆင်များကိုသာ ဤကဲ့သို့အကွက်ကျကျ ဖမ်းစားတတ်သည်မဟုတ်၊ကျားနှင့်ဆင်၊ပြောင်စသည့် မည်သည့်တိရစ္ဆာန်ကိုမှ မရှောင်ပဲ ဖမ်းစားတတ်ကြ၏။ ထို့ကြောင့်တောထဲတွင်တောခွေးသည် အားလုံးသောတိရစ္ဆာန်များ ကြောက်ရွံ့ရသော တောဘုရင်ဖြစ်သည်။

ဆင်များသည် ကြွက်များခွေးများကိုလည်း ကြောက်



ရွံ့တတ်သည်ဟု အချို့ကဆိုကြ၏။ အမှန်မှာ အချို့သောမိန်းမလေးများ ပိုးဟပ်၊ တီကောင်များကို ကြောက်သလိုအကြောင်းမဲ့ ရွံရှာခြင်းသာ ဖြစ်တန်ရာ၏။ သစ်ပင်ပေါ်တွင် တွဲလွဲဆွဲနေတတ်ပြီး ဆင်လာသကြားလျှင် ဆင်ကို ခုန်ချကိုက်သတ်တတ်သော ဆင်ပစ်မြွေခေါ် မြွေတမျိုးရှိသည်မှာလည်း အမှန်ပင်ဖြစ်သည်ဟု ဆင်အုပ်ကြီးတယောက်က ပြောဖူး၏။ သူ၏တသက်တာတွင် ထိုသို့ဆင်ပစ်မြွေကိုက်၍ ဆင်ယဉ်နှစ်ကောင် သေဖူးသည်ဆို၏။ဆင်ပစ်မြွေသည် ဦးခေါင်းနှစ်ဖက်ပါသည်ဟုဆိုရာ အမှန်မှာပုံသဏ္ဍာန်အားဖြင့်ဦးခေါင်းနှစ်ဖက်နှင့်တူသော်လည်း ကိုက်သတ်နိုင်သော ပါးစပ်အစွယ်မှာ တဖက်ထဲသာပါသည်ဟု ဆင်အုပ်ကြီးကပြောလေသည်။

## ဆင်သင်းချိုင်း

ဆင်တို့၌ သင်းချိုင်းရှိသည်။ ထိုသင်းချိုင်းသည် လူသူမရောက်ပေါက်နိုင်သော တောနက်ထဲ၌ရှိသည်။ တစုံတခုသော ဒဏ်ရာဒဏ်ချက်ကြောင့် နာမကျန်းဖြစ်လာသောဆင်များနှင့် ဆင်အိုများသည် သေခါနီး၌ ဆင်အုပ်ထဲမှခွဲထွက်ကာ ဆင်သင်းချိုင်းသို့သွားပြီး သေကြသည်ဟု လူများယုံကြည်ကြ၏။ ဤယုံကြည်ချက်မှာ ဆင်အကြောင်း ဒဏ္ဍာရီတခုမျှသာဖြစ်၏။ ဤနေရာတွင် ဆင်သင်းချိုင်းကို လိုက်ရှာဘူးသော သစ်တောဝန်ထောက်တဦး၊ လမ်းပြမုဆိုးတဦးနှင့် ဆင်ဦးစီးတဦးတို့၏ အတွေ့အကြုံကို တင်ပြလိုက်ပါသည်။

ရခိုင်ရိုးမနှင့် ကပ်လျက်ရှိသော ဒါးလက်ချောင်းဖျားတွင် ယခင်က အင်္ဂလိပ်များ သစ်လုပ်ငန်းလုပ်ခဲ့ကြ၏။ "သမြေ"

ဟုခေါ်သော ထိုသစ်လုပ်ငန်းစခန်းတွင် အင်္ဂလိပ် သစ်တော ဝန်ထောက်တယောက် ရှိလေသည်။

တနေ့တွင် ထိုစခန်းကို တောဆင်ရိုင်းကြီးတကောင် ဝင်လာပြီး သစ်လုပ်လုပ်ရေးက တဲများကို ဖျက်ဆီးကာ လူများကိုလည်း ထိုးသတ်ရန် လိုက်လေသည်။ ထိုအခါ ဝန်ထောက်ကြီးက တောဆင်ရိုင်းအား သေနတ်နှင့် သုံးလေးချက်ပစ်လွှတ်လိုက်၏။ ထိုဆင်ကြီးမှာ အထိနာသွားသဖြင့် ဒါးလက်ချောင်းဖျားရှိ ဆင်သင်းချိုင်းသို့ သေရန်သွားလိမ့်မည်ဟု ယူဆကြသည်။ ထို့ကြောင့် အင်္ဂလိပ်ဝန်ထောက်ကြီးသည် လမ်းပြမုဆိုးတယောက်နှင့် ဆင်ခေါင်းတယောက်ကို ခေါ်ကာ ဆင်သင်းချိုင်းကိုရှာရန် ထိုဆင်နာ၏နောက်သို့ ခြေရာခံလိုက်သွားကြလေသည်။

ထိုချောင်းဖျားတောနက်ထဲတွင်ဆင်သင်းချိုင်းတကယ်ပင်ရှိသည်ဟု သစ်ခုတ်သမားကြီးများက ယူဆခဲ့ကြ၏။ မိုးဘွင်း၍ရေစီးသန်သောအခါချောင်းဖျားမှ ဆင်ရိုးဆင်စွယ်များမျောပါလာသည်ကိုလည်း ယခင်ကတွေ့ကြရဘူး၏။ သူတို့သစ်လုပ်ငန်းအဖွဲ့မှ သစ်ခုတ်သမားကြီး ဦးညိုဆိုသော အဖိုးကြီးတဦး၏ခေါရိုးဆင်စွယ်သည်ပင် ထိုချောင်းထဲကရသည်ဟု ဆိုသဖြင့် ဆင်သင်းချိုင်းကိုလိုက်ရှာကြသူတို့သည် တောထဲ၌တညအိပ်၍ ခက်ရာရသွားသော ဆင်နာနောက်သို့ လိုက်ကြသည်။

သူတို့အဖွဲ့တွင် မျက်နှာဖြူဝန်ထောက်ကြီး၊ ဆင်ခေါင်း၊ လမ်းပြမုဆိုးလူသုံးယောက်အပြင် ဝန်ထောက်ကြီး၏ ဗိုလ်ကျားခေါ် ခွေးတကောင်လည်း ပါသေးသည်။ ထိုခွေးဗိုလ်ကျားမှာ အလွန်လိမ္မာ၍ ဝန်ထောက်ကြီး ဘယ်ကိုသွားသွား အမြဲပါတတ်သော အင်းခွေးကြီးဖြစ်သည်။



ဝန်ထောက်ကြီး သေနတ်နှင့်ပစ်လိုက်သော တောဆင်ကြီးသည် သူတို့ထင်သလို စမ်းချောင်းဖျားသို့ တကယ်တက်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သူတို့သည် သွေးစနခံ၍ ဆင်ကြီးနောက်သို့ လိုက်ကြရာ စမ်းချောင်းဖျားရှိသောရေအိုင်သို့ရောက်သောအခါသွေးစသွေးနတွေ့ပျောက်ဆင်ခြေရာလည်း ပျောက်သွား၏။ ရေအိုင်ထဲကျ၍များသလေပလားဟု စုံစမ်းရှာဖွေကြသောအခါထိုရေအိုင်မှာ ဆင်၍ သေနိုင်လောက်အောင် နက်ရှိုင်းခြင်းမရှိသဖြင့် ထိုရေင်နားမတ်ဝန်းကျင်ကို လှည့်ပတ်၍ရှာကြသည်။

အမှန်မှာဆင်နာသည် ရေစိမ်လိုက်သဖြင့် သွေးရပ်သွားးသာဖြစ်ပြီး စမ်းချောင်းဖျားသို့ ဆင်နာကြီးက ဆက်၍က်သွားကြောင်း ဆင်ကိုယ်ပေါ်မှ သစ်ရွက်ချောက်များသို့ တစက်ချင်းကျသွားသော ရေစက်ရေပေါက်များ သက်သေခံနေသည်။ ထိုအခါ ထိုဆင်နာနောက်သို့ ကျွတက်သော တတောင်ဆစ်ကျွေစမ်းချောင်းအတိုင်း မလိုက်တော့ပဲ ခရီးမပင့်အောင် ရှေ့ကဖြတ်ဆီးကြရန် သူတို့သည်မ်းချောင်းဘေးနားမှ တောင်တလုံးကို ဖြတ်ကျော်တက်ကြသည်။

တောင် တက်သောက် တက်မိသောအခါ လူကြီးယောက်နှစ်ယောက် ဖက်လောက်ရှိသော အကိုင်းအခက်များဖြင့်ဖြန့်ဝေထိုးချထားသည့် ရေမဲ့ညောင်မဆိုးပင်ကြီးတပင်အောက်သို့ရောက်သွားကြသည်။ညောင်မဆိုးပင်ကြီး၏အကိုင်းအခက်များပေါ်မှ ရှည်လျားသော အမြစ်ငယ်အမျက်တန်းများမှာ ထွေလပျစ်တွဲကျနေကြသဖြင့် ညောင်ပင်ခြေရင်းပင်ဘယ်ဆီနှမ့်မသိရပေ။ ထိုညောင်မုဆိုးပင်အောက်သို့ ရောက်သော

အခါ ပုပ်ဟောင်သော အနံ့ဆိုးများက အဆမတန်နံစော်လာပြီး ညောင်ကိုင်းကြီးများပေါ်တွင် ငှက်တမောက်နိုကြီးများ နားနေကြသည်ကို တွေ့ရသည်။ ထိုညောင်ပင်ထက် ကောင်းကင်၌လည်း တကာစ်ကာစ်အသံများမြည်ကာ ငှင်းတများဝဲပျံနေကြသည်။ နွေလဖြစ်သဖြင့် သစ်ရွက်ကြွေများကလည်း ထိုညောင်ပင်အောက်တွင် ဒူးခေါင်းမြုပ်လောက်နီးပါး ထူထပ်နေသည်။ ထိုသစ်ရွက်တောထဲတွင် တောတိရစ္ဆာန် များ၏ အရိုးများကိုလည်း မကြာခဏနင်းမိကြသည်။ ထိုနောက် ဆင်ဦးချိုတစုံကိုလည်း ထိုညောင်ပင်အောက်၌ပင် တွေ့ရလေသည်။ လူတွေက သစ်ရွက်ခြောက်များကို နင်း၍ရှေ့သို့ တက်လာကြသောအခါ ရွက်ကြွေတောထဲမှ တိရစ္ဆာန်များ၏ အရိုးအရင်းများကို အားပါးတရ စားသောက်နေကြသော ယင်ရိုင်းမများ လန့်ဖျန့်ပြီး ဝေါကနဲ ဝေါကနဲ ထပျံကြသည်။

ဆင်နာနေရာသို့ လိုက်သွားသူတို့က စမ်းချောင်းဖျားနှင့် ဤညောင်ပင်ကြီးနားတဝိုက်သည် မုချဆင်သင်းချိုင်းဖြစ်ရမည်ဟုယုံကြည်ကြ၏။ သစ်ရွက်ကြွေတောထဲ၌ သူတို့တချောင်းစ နှစ်ချောင်းစ နင်းမိကြသောအရိုးများမှာ ဆင်ရိုးများပင်ဖြစ်ရမည်။ ဆင်နာကြီးသည် ဤညောင်ပင်၏တဖက်ရှိ ဆင်သင်းချိုင်း၌ မုချလာသေပေလိမ့်မည်။ ထို့ကြောင့် ဆင်သေကိုစားရန် ငှင်းတများစောင့်နေကြသည်။ ကောင်းကင်၌ ပျံဝဲနေကြသော ငှင်းတများအော်မြည်နေကြခြင်းမှာ ဆင်နာကြီးသည် သေရန်လာနေပါပြီဟု ညောင်ပင်ပေါ်ကစောင့်နေကြသောငှင်းတများအား အချက်ပေးခြင်း ဖြစ်သည်ဟု မုဆိုးကြီးက တွက်ဆထားသည်။

ဤနေရာသည်သူတို့ထင်သလို အမှန်ပင်ဆင်သင်းချိုင်းဖြစ်



ပါက ဆင်စွယ်များ တောင်ပုံရာပုံရှိပေလိမ့်မည်။ အနှစ်နှစ် အလလကလာသေကြသော ဆင်ရိုးတွေကလည်း ဒုနဲ့ဒေးဖြစ်နေပေလိမ့်မည်ဟုသူတို့စိတ်သန္တာန်၌ လောဘဇောတွေ ဘောင်ဘင်ခတ်လာသည်။ ထို့ကြောင့် သူတို့သည် ရှေ့သို့သာချီတက်လာကြ၏။

ဆင်သင်းချိုင်းအမှန်ဖြစ်ပါကဆင်သေကိုစားရန်စောင့်နေကြသော ရိုးကျားကြီးများနှင့် အခြားတောခွေး ခွေးအစသည့် သားစားတိရစ္ဆာန်များသည်လည်း ဤပတ်ဝန်းကျင်၌ ခြေချင်းလိမ်နေကြပေလိမ့်မည်။ ထို့ကြောင့် သေနတ်ပါသော ဝန်ထောက်ကြီးနှင့်ဆင်ခေါင်းတို့သည်သေနတ်ကိုမောင်းတင်ကာအထူးသတိပြု၍ညောင်ပင်ကြီးခြေရင်းသို့ ချဉ်းကပ်သွားကြသည်။

ဝန်ထောက်ကြီး၏အလွန်လိမ်မာသောခွေး ဗိုလ်ကျားမှာမူ ပုပ်ဟောင်သောအနံ့များကို ရကတည်းကပင် တဂိမ်ဂိမ် အသံပေး အနံ့ခံ၍လူများရှေ့သို့ပြေးကာဆင်သေကိုရှာနေလေသည်။ လူများသည် တရွေ့ရွေ့သတိနှင့် တက်သွားကြရာ ကျစ်ကျစ်ဟူသော အသံတခုကိုကြားရပြီး ညောင်ပင်ကြီး၏ ပင်စည်ရှိရာအရပ်မှ လူတယောက်ဖက်ကျော်ရှိသော ညောင်ကိုင်းရှည်ကြီးအတိုင်း အပေါ်မှလင်ပန်းကြီးတချပ်ပမာဏရှိသော မဲမဲလုံးလုံးကြီးအရာဝတ္ထုတခုသည် ဂေါ်လီလုံးလိမ့်လာသလို လျင်မြန်သောအဟုန်နှင့် ညောင်ကိုင်းအတိုင်းပြေးလိမ့်လာပြီး လူများရှေ့သို့ ရောက်နေသောခွေးဗိုလ်ကျား၏ ဂုတ်ပေါ်သို့ ဖြုတ်ကနဲ ကျလာလေသည်။ ခွေးဗိုလ်ကျားခမျာမှာ ဂိမ်ကနဲ တချက်သာ အော်နိုင်ပြီး မြေပြင်သို့ လဲကျသွားလေသည်။

ရုတ်တရက်ဖြစ်သဖြင့် လူများမှာ ကြောင်ငေးနေကြစဉ် နောက်ထပ် ကျစ်ကျစ်ကျစ်ကျစ်ဟူသော အသံများ မြည်ကာ

ညောင်ကိုင်းများပေါ်မှ လင်ပန်း၊ ဒယ်အိုး၊ ပန်းကန်ပြား၊ ပ
ကန်လုံးလောက် အရွယ်အစားရှိသော မဲမဲလုံးလုံးအရာဝ
မြောက်မြားစွာတို့သည် လူများ၏ရှေ့နားသို့ တဖြုတ်ဖြုတ်
ဆင်းလာကြသည်။ထိုအခါ လူများမှာ တယောက်ကိုတယော
ပင် ဂရုမစိုက်နိုင်ကြတော့ပဲ ညောင်ပင်ကြီးအောက်မှ ပြေ
ထွက်လာခဲ့ကြလေသည်။

ထို့ကြောင့် သူတို့သည် ဆင်သင်းချိုင်းကို မတွေ့ခဲ့ရ
ညောင်ပင်ကြီးပေါ်မှ ခုန်ဆင်းလာကြသော မဲမဲလုံး အရာဝ
များကို လမ်းပြမှုဆိုးနှင့် ဆင်ခေါင်းတို့က ညောင်ပင်စော
ရက္ခစိုးနတ်များဟု ထင်ခဲ့ကြသည်။ မျက်နှာဖြူဝန်ထောက်ကြ
ကမူ တောပင့်ကူကြီးများ အိမ်ဖွဲ့နေကြသော နေရာဖြစ်မည်
ထင်မြင်ချက်ပေးသည်။ထိုတောပင့်ကူကြီးများသည် ဤညော
ပင်အောက်သို့ ရောက်လာလျှင် ခွေးဖိုလ်ကျားလို သတ္တဝါ
မဆိုသားအိ ဆင်စသည့်ရောမတိရစ္ဆာန်ကြီးများကိုပင် ချမ်းသာ
ပေးလိမ့်မည်မဟုတ်ဟု ဆိုသည်။

ဆင်သေများကို တောတောင်ထဲ၌ မည်သူမျှမတွေ့
ကြချေ။ အမှန်မှာ ဆင်သေကိုသာမဟုတ် ကျား၊ မြောင်၊ ဆ
စသော အခြားတိရစ္ဆာန်ကြီးများ၏ အသေကောင်များ
လည်း တွေ့ရခဲလှသည်။ ဤသည်မှာ ရာသီဥတုစွတ်စိုပြင်းလှ
မြန်စွာပုပ်သိုးဆွေးမြေ့သွားခြင်း၊ တောခွေး ခွေးအ ငှ
စသော အသားစားတိရစ္ဆာန်များက စားသောက်ပစ်ခြ
ကြောင့် ဖြစ်တန်ရာသည်။ တောထဲ၌ ဆင်သေကို ဘယ်အခါ
မတွေ့ရသောကြောင့် ဆင်သင်းချိုင်းရှိသည်ဟုမယူဆသင့်။ စ
စစ် ဆင်သင်းချိုင်းဆိုသည်မှာ အခြေအမြစ်လုံးဝမရှိသော လူ
၏ ယုံကြည်ချက်မျှသာဖြစ်၏။

# ၆။ ကျမ်းလာဆင်နှင့် ဆင်ဖြူတော်

ရှေးဟောင်း ကျမ်းဂန်လာ ဆင်ဆယ်မျိုး အကြောင်းကို မုံရွေးဆရာတော်၏ ဥတိန္ဒပျို့တွင် အောက်ပါ အတိုင်း ပြဆို ထားသည်။

၁။ အာဠာဝကဆင်။ ညွှင်းညွှင်းသာသာ မြည်ဟီးတတ်သော အသံရှိသည်ကို အစွဲပြု၍အာဠာဝကဆင်ဟု ခေါ်သည်။ အာဠာဝကဆင်သည် ယောကျ်ား ၁၀ ယောက်၏ အားအစွမ်း ရှိသည်ဆို၏။

၂။ ဂင်္ဂေယျ ဆင်ဆိုသည်မှာ ဂင်္ဂါမြစ် ကမ်းနား၌ ပေါက်ဖွားလာသော ဆင်မျိုးကိုဆိုလိုသည်။ ဂင်္ဂေယျဆင်သည် သရက်ရွက်နုအဆင်း ရှိသည်။ အပေါင်းအသင်းနှင့် မွေ့လျော်တတ်သောကြောင့်၎င်း၊ ဥဒေါင်းမြီးစည်းနှင့်တူသော တင့်တယ်သော မြီးစည်းရှိခြင်းကြောင့်၎င်း “ကလာပ”ဟု ခေါ်ဆိုသေးသည်။ ၎င်းဆင်မျိုးသည် အာဠာဝကဆင် ဆယ်စီး၏အားကို ဆောင်နိုင်စွမ်းရှိသည်။

၃။ ပဏ္ဍရဆင်ဆိုသည်မှာ ဖက်ရွက်ရော်အဆင်းရှိသည်။ ဂင်္ဂေယျဆင်ဆယ်စီးအားကို ဆောင်နိုင်စွမ်းရှိသည်။

၄။ တမ္ဗဆင်ဆိုသည်မှာ ကြေးနီရောင်ကဲ့သို့ နီသော အ

ဆင်းရှိသည်။ ပဏ္ဍရဆင်ဆယ်စီးအားကို ဆောင်နိုင်စွမ်းရှိသည်။

၅။ ပိင်္ဂလဆင်ဆိုသည်မှာ အဖြူအနီစသော အရောင်မျိုးစုံ ရောပြွမ်းနေသဖြင့် ကြောင်သော အဆင်းရှိသော ဆင်မျိုးကို ဆိုသည်။ တမ္ဗဆင် ဆယ်စီးအားကို ဆောင်နိုင်စွမ်းရှိသည်။

၆။ ဂန္ဓဆင်ဆိုသည်မှာ ကောင်းသောအနံ့ရှိသော ဆင်မျိုးကိုဆိုလိုသည်။ အရောင်အဆင်းအားဖြင့် အပြာရောင်နှင့် အဖြူရောင်ရောသော နှမ်းဆွတ်ဆုပ်အဆင်းနှင့်တူသော အဆင်းရှိသည်ဟူ၍ လောကီကျမ်းများ၌ ဆိုသည်။ ပိင်္ဂလဆင်ဆယ်စီးအားကို ဆောင်နိုင်စွမ်းရှိသည်။

၇။ မင်္ဂလဆင်ဆိုသည်မှာ တင့်တယ်စွာသွားခြင်းရှိသော ဆင်မျိုးကိုဆိုလိုသည်။ အလွန်နက်ကျောသော အဆင်း ရှိ၍ ကြန်အင်လက္ခဏာနှင့် ပြည့်စုံ သည်ဟု လောကီ ကျမ်းများ၌ ဆိုသည်။ ဂန္ဓဆင် ဆယ်စီးအားကို ဆောင်နိုင်စွမ်းရှိသည်။

၈။ ဟေမဆင်ဆိုသည်မှာဝါရွှေသောအဆင်းရှိသော ဆင်မျိုးကိုဆိုလိုသည်။ မင်္ဂလဆင်ဆယ်စီးအားကို ဆောင်နိုင်စွမ်းရှိသည်။

၉။ ဥပေါသထဆင်ဆိုသည်မှာ ဥပေါသထ အမျိုး၌ဖြစ်သောကြောင့်၎င်း၊ ဆန့်ကျင်ဘက် ရန်သူတို့ကို ပယ်နိုင်စေတတ်သော လျောက်ပတ်သော အရပ်၌ ကပ်၍နေတတ်သောကြောင့် ၎င်း ဥပေါသထဟု ခေါ်ဆိုသည်။ ညိုညွတ် ရှည်သွယ်သော အစွယ် နှာမောင်း အမြီးရှိသည်။ ဟေမဆင် ဆယ်စီးအားကို ဆောင်နိုင်စွမ်းရှိသည်။

၁၀။ ဆဒ္ဒန်ဆင်ဆိုသည်မှာ အစွယ်၌ အရောင်ခြောက်မျိုးရှိသောဆင်မျိုးဖြစ်သည်။ ဥပေါသထဆင်နှင့် ဆဒ္ဒန် ဆင်တို့သည် အရောင် အဆင်း အားဖြင့် ဖွေးဖွေး ဖြူဆွတ်သည်။



ဆဒ္ဒန်ဆင်သည် ဥပေါသထဆင်ဆယ်စီးအားကို ဆောင်နိုင်စွမ်း ရှိသည်။

ဆင်ဆယ်မျိုးတို့တွင် ဥပေါသထမျိုးနှင့် ဆဒ္ဒန် မျိုးသာ ... ဘုရင်ကြီးတို့၏ အသုံးအဆောင်ဖြစ်သော ရတနာ ခုနစ်ပါးတွင် ... ပါးအပါအဝင် ဖြစ်နိုင်သည်။ ၎င်းဆင်တို့၏ လက္ခဏာကား ... ကသိစ် နေလုလင်ကဲ့သို့ နီသောအရောင်အဆင်းနှင့် ပြည့်စုံ ... သော လက်ခြေ လည်ခံတွင်း ရှိ၏။ သန့်ရှင်း စင်ကြယ်စွာ ... သောအဆင်းနှင့် ပြည့်စုံသောကိုယ်ရှိ၏။ အစွယ်နှစ်ချောင်း ... နှာမောင်း လက် ခြေတို့သည် မြေသို့ထိကုန်၏။ အလုံးစုံသော ... ကြန်အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံ၏။ တန်ခိုး အဘိညာဏ်နှင့် ... ပြည့်စုံသော ယောဂီပုဂ္ဂိုလ်ကဲ့သို့ ကောင်းကင်သို့ ပျံသွားနိုင် ... ခြင်းရှိ၏။ ဆေးဒန်းမြင်းသိလာမှုန့်ဖြင့်ရေး၍ ပိုင်းခြားအပ်သော ... တောင်နှင့်တူ၏ဟု မဟာသုဒဿနသုတ် အဋ္ဌကထာ၌ ဖွင့်ဆို သည်။

ရှေးမြန်မာမင်းများသည် ဆင်များကို အထူး သိဒ္ဓိ တင် ... ထားခဲ့ကြပေရာ ကျမ်းဂန်လာဆင်များအကြောင်း စုံစုံလင်လင် ... ရေးသား တင်ပြရပါက စာအုပ်တအုပ် ဖြစ်နိုင်ပါသည်။ ဆင် ... ကောင် မွေးဖွား လာလျှင် ရှေးပညာရှိ ပုရောဟိတ်ပုဏ္ဏား ... တို့သည် ကျမ်းဂန်များ ကိုးကား၍ အမျိုးအစား ခွဲခြား ... တတ်ကြသည်။ မွေးဖွားစတွင် အရပ် ငါးမိုက် နှစ်သစ် ရှိက ... အရပ် ခုနစ်တောင် ရှိသည့် အာဇာနည် ဆင် ဖြစ်လာလိမ့် ... မည်။ လေးမိုက်နှင့် လက်ခြောက်သစ် ရှိက အရပ် ခြောက် ... တောင် ရှိသော အလယ် အလတ်တန်းစား ဆင် ဖြစ် မည်။ ... လေးမိုက်နှင့် လက်နှစ်သစ်သာရှိက အရပ် ငါးတောင် ရှိသော

အငယ်စားဆင် ဖြစ်လိမ့်မည် စသည်ဖြင့် ဆင်တော် သန် မြ
စွာတွဲ့ မော်ကွန်း၌ အဆိုရှိသည်။

## ဆင်ဖြူတော်

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ဖူးကြသူတိုင်း ဆင်ဖြူမကလေးကို မြင်ဖူးကြပေလိမ့်မည်။ ထိုဆင်ဖြူမကလေးမှာ ခရစ်သက္ကရာဇ် ၁၉၅၈ ခု မတ်လ ၁၇ ရက်တနင်္လာနေ့ညတွင် မြစ်ကြီးနားခရိုင် ကာမိုင်း တောင်တန်းနယ် မိုင်းနောင် ရွာဟောင်း ကြိုးဝိုင်းအတွင်း ခေါင်းတချောင်းဖျား၌ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးရှိ မိစုမည်သောဆင်မကြီးက မွေးဖွားသော ဆင်ဖြူမကလေးဖြစ်သည်။

ထိုဆင်ဖြူမကလေး မွေးဖွားချိန်တွင် တော်လဲခြင်း လျှပ် အကြိမ်ကြိမ် လှုပ်ခြင်းများရှိခဲ့သည်ဟု ဆိုသည်။ ဆင်ဖြူမကလေးမွေးကင်းစတွင်ရှိသော အရပ်အမောင်းမှာ အမြင့်သုံးပေ ကိုယ်လုံးလေးပေ၊ အမြီးမှာ တံခါးပိတ် ဖြစ်ပြီး အရှည်မှာ တပေကိုးလက်မ၊ ကျော ငှက်ပျောကိုင်း၊ လည်ပင်း သုံးပေတ လက်မနှင့် ကိုယ်ရေအဖြူ၊ မျက်စိအပြာဖြူ၊ သူငယ်အိမ် ပုလဲရောင်ဖြစ်သည်။ မွေးကင်းစတွင် မျက်လုံးများ၏ထူးခြားချက်ကို ဆင်စာအုပ်တွင် ဆင်အုပ်ဦးစံညွန့်က ဆင်ဖြူမလေး၏ မွေးဖွားစ မျက်လုံးသူငယ်အိမ်သည် နံနက်ခြောက်နာရီတွင် ရွှေရေ ခန့်ကြီး၍ ညနေခြောက်နာရီတွင် ရွှေစေ့ခန့် ငယ်သွားသည်ဟု မှတ်သားထားသည်ကို တွေ့ရသည်။

ရှေးမြန်မာမင်းတို့သည် ဆင်ဖြူကို အလွန် အရေးပေးကြသည်။ ဆင်ဖြူရှင်ဘွဲ့မရရှိသောမင်းတို့ကို သာမန်မင်းမျှသာဟု



မှတ်ထင်ကြသည်။ ထို့ကြောင့် တစီးရှင် သီဟသူသည် စမုန်မြစ်မှ မျောပါလာသော ဆင်ဖြူမအသေကောင်ကိုဆယ်ယူကာ မတ်တတ်ထားစေလျက် ထိုဆင်သေပေါ် တက်စီးပြီး တစီးရှင်ဘွဲ့ခံယူကြောင်း ရာဇဝင်တွင် ဖော်ပြထားသည်။

ကြန်အင် လက္ခဏာနှင့် ပြည့်စုံသော ဆင်ဖြူသည် မင်းမြောက်တန်ဆာ ရတနာတပါး ဖြစ်၏။ ဘုရင်မှတပါး မှူးမတ်စသော အခြားပုဂ္ဂိုလ်များစီးနင်းပါက ဘေးဒုက္ခ ရောက်တတ်သည့်အပြင် ဆင်မှာလည်းဘုန်းယုတ်နိမ့်ကြောင်း ကုသမျိုး၌ မုံရွေးဆရာတော်က စပ်ဆိုခဲ့သည်။ ဆင်ဖြူရတနာ ပေါ်ပေါက်လာခြင်းသည် တရားတပါးသော ထီးဆောင်းမင်းအပေါင်းကို အောင်မြင်မည့် အတိတ်နိမိတ်ဖြစ်သည်ဟု ရှေးမြန်မာမင်းများ ယုံကြည်ကြသည်။ဆင်ဖြူတော်ပေါ် လာခါနီး၌ မြေငလျင် လှုပ်တတ်သည်ဟုလည်းလူများယူဆကြသည်။

မြန်မာရာဇဝင်တွင် သက္ကရာဇ် ၆၇၄ ခုနှစ်နန်းတက်သော ပင်းယခေတ် တစီးရှင်သီဟသူသည် ဆင်ဖြူရှင်ဘွဲ့ခံယူသည်။ အမရပူရမြို့ကို တည်သော ဘိုးတော် ပဒုံမင်းတရားသည် သက္ကရာဇ် ၁၁၁၅ ခုနှစ် မြို့သစ်တွင်ရသော ရတနာဆင်ဖြူတော်ကို ဥဘောဝ်ပြောင်မွန်–ဟု ဘွဲ့အမည်ပေးတော်မူ၍ ဆင်ဖြူရှင်ဘွဲ့ကို ခံယူခဲ့သည်။

သက္ကရာဇ် ၁၁၄၁ ခုနှစ်မှစ၍ ၃၈ နှစ်ကြာမျှ အမရပူရ၌ ထီးနန်း စိုက်ခဲ့သော ဘိုးတော်ဘုရားလက်ထက်၌ အမရပူရထီးပေါင်ကားအရပ်မှ ရရှိသော ဆင်ဖြူတော်ကလေး၊ စော်ဘွား ဆက်သသော ဆင်ဖြူတော်ကလေး၊ မင်းကွန်း အလယ်ကျွန်းပေါ်၌ စံနေတော်မူစဉ် ဟံသာဝတီ ကြေးလုလင်မြို့နယ် မင်းလှအရပ်မှ အရုံဆင်များနှင့်ရရှိသော ကိုယ်လုံးဖြူ ဥပေါသ

ထမျိုးနွယ် ဆင်ဖြူမ၊ ဟံသာဝတီမြို့တောင် နိဗ္ဗာန်ရွာ အရှေ့ကွင်းသာယာအရပ်မှ ဆွတ်ဆွတ်ဖြူသောဆင်ဖြူတော်၊ ယင်းသို့အားဖြင့် ပဒုံမင်းလက်ထက်၌ ဆင်ဖြူတော်များ ပေါ်ပေါက်ခဲ့၍ တိုင်းပြည် စည်ပင် ဝပြော သာယာသည်ဟု ယူဆကြသည်။ ထိုအခါ မြန်မာနိုင်ငံနှင့် တရုပ်နိုင်ငံ ရွှေလမ်း ငွေလမ်းဖောက်၍ တရုပ်သံအမတ်များ အမရပူရမြို့တော်သို့ ရောက်ရှိစဉ် ဆင်ဖြူတော်များကိုတွေ့မြင်၍ အံ့သြကြပုံကို စာဆိုတော်ကြီးဒုတိယနဝဒေးက တရုပ်သံရောက်မော်ကွန်းတွင် စပ်ဆိုခဲ့သည်။

ပုဂံခေတ်ကုန်ဆုံး၍ သက္ကရာဇ် ၆၀၀ ကျော် ပင်းယခေတ်မှ စစ်ကိုင်း အင်းဝကုန်းဘောင်ခေတ် နောက်ဆုံး သီပေါမင်းအထိ နှစ်ပေါင်း ၆၀၀ ကျော်အတွင်း ရှေး မြန်မာဘုရင် မင်းများသည် ဆင်ဖြူများရှင်၊ တစီးရှင်၊ ငါးစီးရှင်၊ ဆဒ္ဒန် ဆင်မင်းသခင် အစရှိသည်ဖြင့် ဆင်ဖြူပိုင်ဆိုင်ကြောင်းကိုပြသောဘွဲ့များခံယူခဲ့ကြလေသည်။

နောက်ဆုံး သီပေါမင်း လက်ထက်တွင် တောင်ငူမြို့ရန်အောင်မြင်တောတွင်းမှ ဖမ်းယူရရှိသော အရပ် သုံးတောင်နှစ်မိုက်၊ အစွယ်ပြင်တော်တမိုက်ခန့်ရှိ ဆင်ဖြူတော်ကို ရရှိခဲ့ပြီးသည့်နောက် ဆင်ဖြူများပျောက်ကွယ်သွားခဲ့ရာ ယခုတိုရွာခန် ဦးယျာဥ်၌ရှိသော 'ဆင်ဖြူမထိ နှစ်တရာကျော် ကာလကြာခဲ့ပေသည်။ ထို့ကြောင့် ဆင်ဖြူဆိုသည်မှာ အလွန်ရှားပါးသော ရတနာတပါးဟု ရှေးမင်းများယူဆခဲ့ကြဟန်တူပေသည်။

ဆင်ဖြူအကြောင်း သစ်ထုတ်လုပ်ရေးရှိ ဆင်သမားများအား စုံစမ်းမေးမြန်းကြည့်ရာ ဆင်ဖြူတော်၏ လက္ခဏာ အင်္ဂါများမှာ အမြီးကတံခါးပိတ်ရှိပြီး ရှေ့ခြေနှစ်ဖက်တွင် ခြေသေးငါးလုံးနှင့် နောက်ခြေနှစ်ဖက်တွင် ခြေသေးငါးလုံး၊ အစုံပါရ



မည်။ မျက်လုံးမှာပီပြင်ကြည်လင်သော ပုလဲ အဆင်းရှိပြီး ကြန်စုံမှသာ ဆင်ဖြူတော်အစစ်ဖြစ်သည်ဟု ဆိုကြသည်။

အမြီးတံခါးပိတ်ဆိုသည်မှာ အခြား သာမန်ဆင်များကဲ့သို့ အမြီးဖျားရှိ အမွေးများသည် ထောင်လိုက် မဟုတ်ပဲ ကန့်လန့်ပိတ်ဖြစ်နေရမည်။ ထိုသို့ကန့်လန့်ပိတ် အမွေးပါသော ဆင်မှာ တရာတွင်တကောင်မရှိ၊ တွေ့ရခဲလှသည်ဟု ဆို၏။ ဆင်ဖြူသာမဟုတ် အချို့ဆင်မဲများတွင်လည်း ထိုသို့ အမြီးတံခါးပိတ်ခေါ် အမြီးဖျားတွင် ကန့်လန့်အမွေးပေါက်သော ဆင်များရှိသည်။ ထိုတံခါးပိတ်အမြီးဖျားမှ ဆင်မွေးကို သုံးလွန်းတင်လက်စွပ်ထိုး၍ဝတ်လျှင် စုန်းနတ်တစ္ဆေရန်မှကင်းဝေးသည်ဟု ဆင်သမားများက ယူဆကြသည်။ ရှေ့ခြေငါးငါး နောက်ခြေငါးငါးဆိုသည်မှာ "ပန်းကွင်း"ခေါ် ခွါသီးကို ဆိုလိုသည်။ မျက်လုံးပုလဲ ဆိုသည်မှာ ဆင်၏ မျက်လုံးသည် ပုလဲ ကဲ့သို့ ဖြူသောအမျိုးအစားရှိရမည်။ သူတို့၏ဝေါဟာရအရ ဘုတ်မျက်လုံးကြက်တူရွေး သာလိကာနှင့် အစပ်ကပြားများမဖြစ်ရပေ။ ကြန်စုံသည်ဆိုခြင်းမှာ နားရွက်ဖျားနှစ်ဖက်နှင့် အမြီးနှာမောင်း ခြေဖျားလက်ဖျားဖြူသောဆင်ကို ခေါ်ခြင်းဖြစ်သည်။

အချို့က ဆင်ဖြူဆိုသည်မှာ လူများညှင်းစား၍ တကိုယ်လုံး ညှင်းခြုံသွားသကဲ့သို့ ဆင်မှာလည်း ပွေးစား၍ ဆင်မဲမှ တကိုယ်လုံး နီကျင်ကျင်အရောင်ဖြစ်သွားသောဆင်ဖြစ်သည် ဟု ဆိုကြ၏။ ဤသည်မှာ ဟုတ်ရယ်စကားဖြစ်ဟန်တူ၏။ ဆင်ဖြူသည် ပွေးစားပြီးမှ ဖြူသွားခြင်းမဟုတ်ပဲ မွေးကတည်းကအဖြူရောင်ပါလာခြင်းဖြစ်သည်။

ဆင်ပွေးမှာ လူကို ကူးစက်တတ်သည်။ ရွှေလီ တောထဲတွင် ဆင်ရိုင်းများဖမ်းသော ဆင်ဖမ်း လုပ်သားများထဲတွင်

ဆင်ပွေးစွဲကပ်နေသော လုပ်သားတယောက်ကို ကျွန်တော် ကိုယ်တိုင်မြင်ခဲ့ရပါသည်။ သူ၏ ကိုယ်ပေါ်တွင် ငါးပြားစေ့ ဆယ်ပြားစေ့ မတ်စေ့လောက်ရှိသော မဲမဲ အကွက်များ သည် ဆေးပြောက်များထိုးထားသကဲ့သို့ တကိုယ်လုံးပြည့်နှက် နေသည်။ ကျွန်တော်က သူ့အတွက် စိုးရိမ်မိ၍ တိရစ္ဆာန်ဆေး ကုဝန်ထောက် ဦးကျော်မြင့်ကိုပင် ဆေးကုသပေးရန် ပန်ကြား ခဲ့သည်။ သို့သော် ဦးကျော်မြင့်က ရေမှန်မှန်မချိုးသောကြောင့် ဆင်ပွေးကျခြင်းဖြစ်သည်ဆို၏။ ဆင်များ ဖမ်းဆီးပြီး၍ မိုးဦး ကျကာလသို့ရောက်လျှင် အလိုလို ပျောက်သွား တတ်သည်။ ဆင်ပွေးသာမဟုတ် ဆင်ဝဲစားခြင်း ဆင်ခူပေါက်ခြင်း သည် လည်း လူကိုကူးစက်တတ်သည်။ များသောအားဖြင့် ဆင်ဖမ်း လုပ်သားများထဲတွင် ဆင်ပွေးကျခြင်း ဆင်ဝဲစားခြင်း များကို တွေ့ရတတ်လေသည်။

ဆင်ဖြူပေါ်၍ မင်းလောင်းပေါ်မည်၊ စကြာမင်းလာမည် ဆိုသောရှေးဟောင်းအယူအဆကို ယခုခေတ်ဆင်သမားများက လက်မခံကြပေ။ "အမိမြန်မာစစ်စစ် အဖမြန်မာစစ်စစ်က မွေး ဖွားလာတဲ့ လူဖြူများကို ဆရာ ကြားဘူး မြင်ဘူးပါလိမ့်မယ်။ အဲဒါဘယ်လိုရှင်းပြမလဲ။ ဆင်များလဲ အဲဒီလိုပဲ ဆင်မဲမများ ဟာ တခါတရံ ဆင်ဖြူမွေးတတ်ပါတယ်။ ဆေးပညာ အရလဲ ဒါမျိုးတွေ ရှိတတ်ပါသတဲ့။ ကျွန်တော်တို့ ဆရာ (တိရစ္ဆာန် ဆေးကုဝန်ထောက်) ဦးကျော်မြင့်ကိုမေးပါ၊သူကပိုသိပါတယ်" ဟု ပြောကြသည်။ သူတို့ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ မြန်မာအမျိုးသမီး အမျိုးသားစစ်စစ်ဇနီးမောင်နှံမှာ တခါတရံ လူဖြူများမွေးလာတတ်ခြင်းကို လူအများ တွေ့ဘူး မြင်ဘူး ပေ လိမ့်မည်။



ဆင်ဖြူမွေးဖွားခြင်းနှင့်ပတ်သက်၍ သိပ္ပံနည်းကျကျလက် ထုံးကြည်ကြသော သစ်ထုတ်လုပ်ရေးမှ ဆင်လုပ်သား များ သည် သူတို့၏ ဆရာသမားများ ဖြစ်ကြသော မန်နေဂျာ တိရစ္ဆာန်ဆေးကုဝန်ထောက်တို့၏ အဆိုအမိန့်ကို လက်ခံထား ကြခြင်းဖြစ်ပေမည်။ပုဂ္ဂလိက ဆင်သမားများကမူ ဆင်ကလေး မွေးဖွားရာ၌ အမြီးတံခါးပိတ် သို့မဟုတ် ကြန်စုံဆင်မွေးပါက လာဘ်လာဘရှင်မည်၊ အကျိုးပေးမည်စသည်ဖြင့် ရိုးရာအယူ ရှိကြသည်။

တောဆင်ရိုင်းများထဲတွင် ဆင်ဖြူမွေးဖွားလာလျှင် အ ခြားဆင်များသည် ဆင်ဖြူကလေးအား ဘေးဥပဒ်မဖြစ်အောင် ကာကွယ်ပြီး သွားရာလာရာ၌ အလယ်မှထားကာ ဘေးမှ ဝိုင်း ရံ စောင့်ရှောက်ကြသည်။ ဆင်ဖြူ အိပ်ရာနေရာကိုပင် အခြား ဆင်များက သစ်ခက် သစ်ရွက်များရှာ၍ ခင်းကျင်း ပေးကြ သည်ဆိုသည်။ အမှန်မှာ ဆင်များသည် ဆင်ဖြူကလေးကိုသာ စောင့်ရှောက်တတ်ကြသည်မဟုတ်၊ အခြားဆင်ကလေးများကို လည်း ညအိပ်သောအခါ တောခွေး,ကျားစသည့် သားရဲတို့၏ ဘေးအန္တရာယ်မှ ဝိုင်းဝန်း၍ ကာကွယ် စောင့်ရှောက် တတ်ကြ လေသည်။

# ၇။ ဆင်မုန်ယိုခြင်း

နံနက်စောစော ကျွန်တော်တို့သည် ဆင်ကျုံးသို့ သွားရန် စီစဉ်ကြသည်။ ဆင်ကျုံးမှာ ရွှေလီမြစ်၏ အနောက်ဖက်ကမ်းတွင်ရှိသဖြင့် မဘိန်း ဦးအေးမောင်သူတို့စခန်းဗိုလ်တဲမှ ရွှေလီမြစ်ကို လှေနှင့်ကူးကြရသည်။ လှေပေါ်တွင် အားလုံး လူငါးယောက်ပါသည်။ မန်နေဂျာ ဦးအောင်ခင် လက်ထောက်မန်နေဂျာ ဦးအေးမောင်သူ ကျွန်တော်အပြင် သစ်အုပ်တောအုပ်ဦးစံဘော်နှင့် ဦးချစ်တို့ ဖြစ်ကြသည်။ ရွှေလီမြစ်ရေမှာ သောင်များထွန်းပြီး တိမ်နေသဖြင့် သွားနေလာနေကျဖြစ်သော ဦးစံဘော်နှင့် ဦးချစ်တို့က ရေကြောင်းကိုရှာ၍ လှေကို လှော်လာကြသည်။

ရွှေလီမြစ်လယ်တွင် ကျွန်းလွတ်တခုကို မြင်သဖြင့် စုံစမ်းမေးမြန်းကြည့်ရာ ညှော်သည်ကျွန်း ခေါ်ကြောင်း သိရသည်။ တပြည်တရွာကလာသူများ ဤအရပ်ဒေသတွင် ဆုံးပါးလျှင် ဤညှော်သည်ကျွန်းတွင် မြှုပ်နှံသင်္ဂြိုဟ်ရသည်။ဒေသခံလူများ၏ သင်းချိုင်းတွင် မြှုပ်နှံခြင်း မပြုရပေ။ ထိုကြောင့် မိုးတွင်း၌ တရပ်တကျေးက ညှော်သည်တယောက်ယောက် သေဆုံးလျှင် သင်္ဂြိုဟ်ရန်အတွက် ဤကျွန်းသို့လှေဖြင့် အလေးဝင်းသယ်ရသည်



မှာ အလွန်ဒုက္ခရောက်သည်။ မိုးတွင်းဆိုလျှင် ရွှေလီမြစ်မှာ ရေစီးသန်လှပေရာ အလောင်းပို့ရင်း အလောင်းထပ်မှာပင် ဝိုးရသည်ဟု ဦးအောင်ခင်က ပြောပြသည်။

များသောအားဖြင့် သစ်ထုတ်လုပ်ရေးအဖွဲ့မှ အမှုထမ်းများနှင့် ဆင်သမားများမှာ ဤအရပ်ဒေသ၌ ညှော်သည်များဖြစ်ကြ၍ ညှော်သည်နှင့် ညှော်သည်ကျွန်းတို့ ဆက်စပ်နေကြပုံမှာ ကျွန်တော့်အဖို့ စိတ်ဝင်စားစရာ ဖြစ်နေလေသည်။

ရွှေလီမြစ်၏ အနောက်ဖက်ကမ်းခြေ၌ ဝိုင်းလုံရွာရှိ၏။ ဝိုင်းလုံရွာအောက်တွင် သောင်ပြင်ကြီးက တမျှော်တခေါ် ထွန်းနေ၏။ ကျွန်တော်တို့သည် သောင်ပြင်ကိုဖြတ်၍ ဆင်ကျုံးရှိရာသို့ သွားကြ၏။ ဆင်ကျုံးလူကြီး သူတို့ဆီက အခေါ် "သောင်ဆရာ" ဦးစောမြဗိုလ်သည် တောစပ်ကလာ၍ ကြိုနေ၏။ ထိုနေရာက ကျွလှည်းနှင့် သွားလျှင် ဆင်ကျုံး တဝက်ခရီးလောက် ရောက်နိုင်သော်လည်း မကြာမီက မိုးရွာထား၍ လှည်းလမ်းမှာ အတော်ဆိုးနေသဖြင့် ဆင်ကျုံးသို့ ခြေလျင်လျှောက်ကြ၏။

ကျွန်တော်တို့သည် ဖြတ်လမ်းကိုလိုက်ကြ၍ တခါတရံ လူသွားလမ်းလုံးဝမရှိသော ကျူတော ကိုင်းတော ခြုံတောများကို တိုးဖောက်သွားကြရ၏။ ဆင်ခြေလျှောတောင်ကြောများတွင် အင်ပင် အင်ကြင်း ကျွန်း ကညင်စသည့် သစ်တောကြီးများကို ဖြတ်သန်းသွားရ၏။ လူသွားလမ်း လုံးဝမရှိသော်လည်း တောကျွမ်းသော တောခေါင်းဦးစံဘော် ဦးချစ်တို့အပြင် ဦးစောမြဗိုလ်လည်းပါသဖြင့် လမ်းမှားမည်ကို မစိုးရိမ်ရချေ။ သို့သော် တခါတရံလူချင်းအဆက်ပြတ် အလှမ်းဝေးသွားသဖြင့် ဝူး....ဝူး....ဟုခေါ် သံပေးကာ ရှေ့လူနောက်လူ အချိန်းအချက်

လုပ်ကြရသည်။ ရှေ့ကလူများ၏ အသံအတိုအရှည်ကို မှတ်၍
ဘယ်ဘက်ကိုလာပါ၊ ညာကို ရောက်နေပြီဆိုသော လမ်းညွှန်
စကားများကို နားလည်ကြရ၏။ တောထဲ တောင်ထဲတွင်
တယောက်ကိုတယောက် နားမည်ထုတ်၍ခေါ် အော်လေ့ မရှိပေ။
ကျပ်ကောင်များ လူနာမည်ကိုကြားသွား၍ လူယောင်ဆောင်
ပြီး ခေါ် လျှင် သေတတ်သည်ဟု ရှေးလူများ အယူရှိကြသည်။
သို့ဖြင့် ဝူးဝူးဝါးဝါးအသံများမှာ အရပ်ရှစ်မျက်နှာတွင် ပဲ့တင်
ထပ်နေ၍ ကျွန်တော်မှာ သူတို့နောက်သို့ မျက်ခြည်ပြတ်မခံ
ရဲပဲ လိုက်ရ၏။

ဒေါင်းတွန်သံနှင့် ဆင်ရိုင်းများ၏ ခြေရာသစ်များကို
ကြားရမြင်ရသောအခါ သူတို့နောက်က မမှိမကမ်းနှင့် ပါနေ
ရသော ကျွန်တော်မှာ သူတို့အလယ်သို့ မသိမသာတိုးလိုက်ရ
သည်။တောဆင်ရိုင်းများ တခါတရံ ဤလို အင်တောကျူတော
ကြီးများထဲ၌ ကျက်စားနေတတ်သည်ဆိုသဖြင့် နောက်ကလိုက်
ရမှာ အလိုလိုကြောက်၍လာသည်။ တောင်ကုန်းတွေ ကျော်
လိုက်၊ ကျွန်းတော အင်တောကြီးတွေ ဖြတ်လိုက်၊ တောင်ခြေ
လျှောသို့ဆင်းလိုက်နှင့် နံနက်ခြောက်နာရီက ခရီးစထွက်လာ
ကြသော ကျွန်တော်တို့မှာ ကိုးနာရီခွဲလောက်မှ ဆင်စခန်း
တခုသို့ရောက်ကြလေသည်။

ထိုစခန်းမှာ ကျုံးထောင် ဖမ်းထားသော ဆင်များကို
ရွှေလီမြစ်ကမ်းရှိရာဘက်သို့ တဖြည်းဖြည်းရွှေပြောင်း ယူလာ
ရာ၌ရွှေလီကမ်းခြေနှင့် အနီးဆုံးစခန်းဖြစ်၏။သူတို့၏ရွှေလီကမ်း
ခြေနှင့် အနီးဆုံးစခန်းသို့ ကျွန်တော်တို့သည် ရွှေလီကမ်းခြေမှ
သုံးနာရီကျော် အပြင်းအထန် လျှောက်ယူရ၏။ ဆင်ကျုံးဆို
သည်မှာကား ဘယ်ဆီနေမှန်းပင် မသိသေးပေ။



ဆင်●●ခန်း၌ ဦးဆုံးတွေ့ရသော ဆင်နှစ်ကောင်မှာ
ညာပဲ”နှင့် “မိုဆော်လီ” တို့ဖြစ်သည်။ မိုညာပဲမှာ ခုနစ်ပေ
လက်မဖြစ်၍ ၁၁-၁-၇၀ ခုနေ့က ဖမ်းမိသော ဆင်မဖြစ်
သည်။ မိုထော်လီမှာ ငါးပေကျော်သာရှိ၍ ၃၁-၁-၇၀ နေ့က
မိသည် ဆို၏။ ဆင်တကောင်၏ ကာလတန်ဖိုးမှာ တပေ
၀၀ ဈေးရှိသဖြင့် သောင်းကျော်တန် ဆင်နှစ်ကောင်ကို
ရသောအခါ ကျွန်တော့်မှာ ဆင်ဖမ်းချင်စိတ်ပင် ပေါက်သွား
သည်။

ထိုဆင်မနှစ်ကောင်၏ ရှေ့ခြေ နောက်ခြေ နှာမောင်း
ကိုယ်လုံးတွင် ကျုံးသွင်းထောင်ဖမ်းစဉ်က ကျုံးတိုင်များကို
ောင်း၍ရင်း၊ ချည်ကြိုးတုတ်ကြိုးရှ၍ရင်း အနာတွေပြည့်နေ
သည်။ ထိုအနာများကို ဆင်ဖမ်းသမားများက ဆင်တကောင်
င် လူသုံးယောက်စီ တာဝန်ယူပြီး ဖန်ရည် ဆေးပေးနေကြ
သည်။ ဖန်ရည်အိုးမှာ တိုင်ကီကို အလျားလိုက် ဘေးတိုက်
ောက်၍ နွားစာခွက်လိုလုပ်ထားသည်။ မြေကျင်းပေါ် တည်
းသော ထိုဖန်ရည်အိုးထဲသို့ ဂုံနီစအစုတ်ကိုထည့် နှိုက်ပြီး
၏ အနာရှိရာတကိုယ်လုံးကို တဖျပ်ဖျပ်ရိုက်ပေး၍ ဖန်ရည်
းနေကြ၏။အနာများမှ အနံ့အသက်မှာအတော်ပင် ဆိုးဆိုး
ါး နံစော်နေ၏။ ဆင်နှစ်ကောင်စလုံးမှာ ထူးကြိုးတန်းလန်း
ဖြစ်၏။ ဆင်အောက်တွင် ဗွက်ပေါက်မည်စိုးသဖြင့် သစ်လုံး
ား ခင်းထားသည်။ ဆင်လှုပ်လိုက်တိုင်း ဆင်ခလောက်
လည်း ဒိုးဒိုးဒေါင်ဒေါင်မြည်နေ၏။

ထိုစခန်းမှ မြောက်ဖက်သို့ ဆယ်မိနစ်လောက်လျှောက်
ကြသောအခါ နောက်ထပ်စခန်းတခုကို တွေ့ရပြန်သည်။
တို့သည် ဖမ်းမိထားသော ဆင်များကို စခန်းချ၍ ထားကြ

သည်။ ထိုစခန်း၌ ဦးဆုံးတွေ့ရသော ဆင်မမှာ "မိုယာ
ဖြစ်သည်။ အမြင့် ခုနစ်ပေ ရှိလက်မရှိပြီး အသက် ၂၅ နှ
ခန့်မှန်းထားကြောင်း သောင်ဆရာ ဦးစောမြဖိုလ်က ပြေ
သည်။

ထိုနေရာ၌ တိရစ္ဆာန်ဆေးကုဝန်ထောက် ဦးကျော်မြင့်
သူတပည့်တယောက်နှင့်အတူ တွေ့ရ၏။ သူ၏ တာဝန်
ဆင်များကို ဆေးကုသခြင်း ဆင်များကျန်းမာရေးအတ
ဆင်ဖမ်းလုပ်သားများအား ညွှန်ကြားပေးရခြင်း ဖြစ်သ

ဦးအောင်ခင်နှင့် ဦးအေးမောင်သူတို့က ဒါကျွန်တေ
တို့ဆီက တိရစ္ဆာန်ဆေးကုဝန်ထောက် ဇာတ်လိုက် ဦးကျော်
ပေါ့ဟု အသောကလေးနှင့် ကျွန်တော့်ကို မိတ်ဆက် ပေး
သူကို ဇာတ်လိုက်ဟု ခေါ်ကြခြင်းမှာ မြစ်ကြီးနား၌ တာဝန်
စဉ်က ဗိုလ်မှူးကြီး လှအောင်တို့နှင့်အတူ ဆင်ယဉ်မျာ
မေ့ဆေးသေနတ်နှင့်ပစ်ပြီး ဗဟိုရုပ်ရှင်မှ ပုဂ္ဂိုလ်များအ
ဆင်ရိုင်းတွေကို မေ့ဆေးသေနတ်နှင့်ပစ်ဖမ်းသလို တကယ်သ
ဆောင်ပစ်ပြနိုင်သည်ကို အစွဲပြု၍ ခေါ်ကြခြင်းဖြစ်သည်။

မိုယာခို ဆင်မမှာ မုန်ကျ နေသဖြင့် ဦးအောင်ခ
ဦးကျော်မြင့် စောမြဖိုလ်တို့ကကျွန်တော့်အား သေသေချာချ
အနီးကပ်ခေါ်ပြကြသည်။ မိုယာခိုက သူ့အနားကပ်လာကြ
သော ကျွန်တော်တို့အား စူးစူးဝါးဝါးတချက်အော်၍ နှုတ်ဆ
သဖြင့် ကျွန်တော့်မှာလန့်၍ပင် သွားမိသည်။

တိရစ္ဆာန်ဆေးကုဝန်ထောက် ဦးကျော်မြင့်က "မိုယာခို
အား ဆေးထိုးပေးသည်။ ကျွန်တော်က မုန်ရပ်ဆေးလားဟ
မေးသောအခါ သူက မဟုတ်ရကြောင်း ပြောသည်။ ဤသည



၍ သူတို့အား ဆင်မုန်ယိုခြင်းနှင့်ပတ်သက်၍ မေးမြန်း
သည်။

"မိုယာခို" မှာ တောထဲမှ ဖမ်းမိထားသော ဆင်မကြီး
သဖြင့် ထူးခတ်ချည်ထားသည်။ မုန်ကျနေသဖြင့် ဆင်ဖမ်း
သားများ အထူးဂရုစိုက်စောင့်ကြည့်နေကြရ၏။ အပေါ်
းအထက်ရှိ မုန်ပေါက်မှ စီးကျလာသော မုန်ရည်များ
ပ်ထဲဝင်လျှင် ပို၍ ဆိုးတတ်သည်ဟု ဆင်သမားများက
ကြသည်။ သူတို့ဝေါဟာရနှင့်ဆိုလျှင် "မုန်အာသောက်
"ဟု ခေါ်၏။ ဆင် မုန်အာသောက်နေသောအခါ ရာဂစိတ်
မုန်ထူပြီးရူးနေပြီဟု ဆိုနိုင်သည်။ သူ့အနား ကပ်လာသော
သမျှကို ရန်ရှာတတ်သည်။ ဆင်များ မုန်အာသောက်ပြီ
ျှင် မျက်စိအစုံသည်ပင် ပြာနှမ်း၍ အရူးတပိုင်း ဖြစ်နေ
သည်။ ဤသည်မှာ အပေါ်မုန်ဖြစ်၏။ အောက်မုန်
သော ဆင်ဆိုလျှင် ပိုပြီး ရန်ရင်း ကြမ်းတမ်း တတ်သည်။
ာဝအားဖြင့် ဆင်သည် အပေါ်မုန်ကျပြီး တရက်နှစ်ရက်
လျှင် အောက်မုန်ပါလိုက်လာတတ်၏။ လူတို့ကကြပ်မတ်
ျယ်ထားပါမူ အပေါ်မုန်နှင့်ပင် ရပ်သွား သည်လည်း
သည်။

ဆင်၏ကျန်းမာရေးသည် မုန်၌တည်သည်ဟု ဦးကျော်မြင့်
ပြော၏။ လုံးလုံးလျားလျားအရွယ်ရောက်လာသော ဆင်
သည် သဘာဝအားဖြင့် အသက် ၂၀ မှ ၄၀ ကျော်ထိ
လျှင်အနည်းဆုံးတကြိမ်နှစ်ကြိမ် မုန်မှန်မှန်ကျတတ်သည်။
က် ၄၀ ကျော်လာသောအခါ ဆင်များမှာ မုန်ကျခြင်း
ါးလာပြီး အသက် ၅၀ ကျော်လာသောအခါ လုံးဝရပ်စဲ
သည်။ ထိုအခါ၌ အလုပ် လုပ်ရန် မသန်စွမ်းတော့ပေ။

ထိုကြောင့် အသက်ငါးဆယ်ကျော်ဆင်များကို သစ်ထုတ်
ရေးတွင် ဝန်တင်ဆင်အဖြစ်သာ အသုံးပြုကြရသည်။

နည်းမှန် လမ်းမှန်အတိုင်းဆိုလျှင် မှန်ကျနေသော ဆ
များကို မှန်လျော့ သို့မဟုတ် မှန်ရပ်သွားစေလိုသော သဘေ
ဖြင့် ပင်ပင်ပန်းပန်းဖိပြီး မခိုင်းရပေ။ နိုင်ငံပိုင် သစ်ထုတ်
ရေး ဌာန၌ မှန်ကျနေသော ဆင်၏အမှုအရာ၊ နေပုံထိုင်ပုံ
ဆင်စာအုပ်တွင် အထူးရေးမှတ်၍ ဆင်ခေါင်း ဆင်အုပ်မျာ
သက်ဆိုင်ရာ လက်ထောက် မန်နေဂျာထိ အစီရင်ခံစာပို့
သည်။ ဤသည်မှာ မှန်မကျမီ မှန်ရိပ်မြင်ကတည်းကပင် ဆ
ဦးစီးက သိပြီး အဆင့်ဆင့် တိုင်ကြားရခြင်း ဖြစ်၏။

အထီး အမ မဟူ ဆင်တကောင် မှန်ကျတော့မည်ဆို
သုံးလေးရက်ကပင် ဆင်ဦးစီးက ကြိုတင်သိရသည်။ ဆင်သ
အဖော်ရှာလိုသော ဝမ်းခေါင်းသံများ၊ထိုင်းမှိုင်းတွေဝေခြင်းမျ
ဖြင့် မှန်ရိပ်ပြသည်။ ဆင်ထီးဆိုလျှင် ကာမကြောများ ထ
လာတတ်သည်။ ဤသို့သော လက္ခဏာများသည် မှန်ကျသေ
မည့် ဆင်၏ရုပ်လက္ခဏာများပင်တည်း။

ဆင်ဦးစီးသည် မိမိစီးနေရသော ဆင်က မှန်ရိပ်ပြသ
နှင့်တပြိုင်နက် ရိုးရိုးကြိုးနှင့် ထူးများအစား မှန်ထူး မှန်ကြိ
ကို ပြောင်းတပ်ပေးရသည်။ မှန်ထူးမှာ ရိုးရိုးသာမန်ထူး ငါ
လုံးထက်ကြီးသော ခြောက်မူးလုံး မှန်ထူးဖြစ်သည်။ မှန်
မှန်ကြိုးများ တပ်ဆင်ပြီးသော ဆင်ကို အခြား ဆင်မျာ
အနည်းဆုံး ငါးမိုင်ဝေးသော နေရာသို့ ရွှေ့ပြောင်းထားသေ
သည်။ ထိုဆင်၏ ဦးစီးပဲ့စီးများအပြင် ဖြစ်နိုင်ပါက ချေ
ခေါင်း တယောက်ကိုပင် ထိုဆင်နှင့်အတူ လိုက်သွားစေရသ
မှန်ဆင်ကို ငါးမိုင်ဝေးသောနေရာထိ ရွှေ့ပြောင်းရန် မဖြစ်နို



က အခြားတိရစ္ဆာန်များ အထူးသဖြင့် တောဆင်ရိုင်းများအနီး
သို့ရောက်လာလျှင် သိသာစေရန်နှင့် လူများအချိန်မှီ ကာကွယ်
နိုင်ရန် စခန်းအနီးတွင် ချည်နှောင်ထားရသည်။ ဆင်တကောင်
မှန်ကျပြီး မှန်နံ့ရပြီဆိုလျှင် တောဆင်ရိုင်းများ လိုက်လာပြီး
ဆင်ထီးဖြစ်ပါက ထိုးသတ်တတ်သည်။ ဆင်မ ဖြစ်လျှင်လည်း
အလိုမတူက ထိုးသတ်တတ်၏။ ထိုကြောင့် ဆင်တကောင်ကောင်
မှန်ကျသောအခါ သစ်ထုတ်လုပ်ရေးမှ ဆင်ဦးစီး ပဲ့စီး ဆင်ခေါင်း
ဆင်အုပ်တို့က အထူးဂရုစိုက်ကြရသည်။

မှန်ကျလျှင် ဆိုးသွမ်းတတ်သည်ဟု ရေးက အစီရင်ခံချက်
ရှိသော ဆင်များကို အရိပ်အာဝါသ ကောင်းကောင်းတွင် မှန်
ပျောက်သည်အထိ သို့မဟုတ် ဘေးရန်ကင်းလောက်ပြီဟု ယူဆ
သည်ထိ ချည်ထားရသည်။ ဆင်တကောင် မှန်ကျလျှင် အနည်း
ဆုံး နှစ်ဆယ် နှစ်ဆယ့်ငါးရက်မှသည် တလထိ အလုပ်ရပ်နား
ပေးထားရသည်။ ထိုကြောင့် အချို့ပုဂ္ဂလိကပိုင် ဆင်များမှာ
မှန်ကျလျှင် အလုပ်ပျက်မည်စိုးသဖြင့် မှန်ရိပ်မြင်ကတည်းကမင်
မှန်ရပ်သွားစေရန်အတွက် ပိုင်ရှင်များက အလုပ်ပင်ပင်ပန်းပန်း
ခိုင်းပစ်ကြ၏။ သို့တည်းမဟုတ် ဘိန်း၊ ဆေးခြောက်နှင့် ကျောက်
ဖရုံသီးများ ကျွေးတတ်ကြသည်။

ဘိန်း ဆေးခြောက်နှင့် ကျောက်ဖရုံသီးများ ကျွေးလျှင်
မှန်ကျနေသော ဆင်မှာ မှန်ရပ်သွား၏။ သို့သော် ကျွေးဖန်
များသောအခါ အင်အားကုန်ခမ်းပြီး သစ်မဆွဲနိုင်သော အခြေ
အနေသို့ ရောက်သွားတတ်သည်။ ထိုအခါ လူများ ပန်းသေ
သလိုဖြစ်၍ မှန်နာကျသည်ဟု ခေါ်သည်။ ထိုကြောင့် ဆင်
များ သဘာဝအလျောက် မှန်ကျခြင်းကို မပိတ်ပင် မတားဆီး
သင့်ချေ။

နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးဌာန၌ မုန်ကျနေသော ဆင်သည် အခြားဆင်များကို ရန်ရှာတတ်သည်ဟု သိရပါက နေ့အချိန်တွင် အခြားတိရစ္ဆာန်များနှင့် မတွေ့ရအောင် ဦးစီးက အမြဲလိုက်၍ စောင့်ရှောက်ရ၏။ ညအခါ၌ အစာရေစာ ဝဝ လင်လင် ကျွေးပြီး ထူးခတ် ချည်ထားရသည်။

မုန်ကျနေသော ဆင်ထီး တကောင်က ဆင်ဝိုင်းရှိ ဆင်မတကောင်ကို အမှန်တကယ် တပ်မက်နေကြောင်း အသေအချာ သိရှိရလျှင် ထိုဆင်မနှင့်အတူ လွှတ်ပေးထားနိုင်၏။ သူကြိုက်သော ဆင်မနှင့်အတူတကွ သွားလာနေရလျှင် အခြားဆင်များနှင့် လူများကို အန္တရာယ်မပြုတတ်ပေ။ မုန်ကျတိုင်း မိတ်လိုက်ခြင်းမရှိဟု ဆိုသော်လည်း များသောအားဖြင့် မုန်ဆင်များသည် မိတ်လိုက်တတ်ကြသည်။ မိတ်အစ မုန်ကပင်ဖြစ်၏။ မိတ်လိုက်ရာ၌ ဆင်မက သဘောမတူလျှင် စွယ်စုံဆင်သည် ဆင်မကို ထိုးသတ်တတ်သည်။

သစ်ထုတ်လုပ်ရေးတွင် မုန်ကျသော ဆင်ထီးများကို ဆင်ဆိုးများပမာ သံခလောက်ဆွဲပေးထားကြသည်။ ဤသည်မှာ ရွာနီးချုပ်စပ်မှ ထင်းခွေ ရေခပ်လာသော လူများအား ဤနေရာ၌ မုန်ကျနေသော ဆင်ရှိကြောင်း သတိပေးရန်ဖြစ်သည်။

ဆင်များ မုန်ကျရာ၌ တောဆင်နှင့် အိမ်ဆင်တို့ မတူကြပေ။ တောဆင်များမှာ စိတ်လွတ် ကိုယ်လွတ်ဖြစ်သဖြင့် အိမ်ဆင်များထက် မုန်ကျသော အကြိမ်များသည်။ အိမ်ဆင်များမှာမူ လူက ကြပ်မတ်ပေးထားသည့်အပြင် အလုပ်ကလည်း ပင်ပန်းသဖြင့် တနှစ်လျှင် အများဆုံး သုံးကြိမ်လောက်သာ မုန်ကျတတ်သည်။ မုန်မကျသော ဆင်ကို မုန်ကျအောင် လုပ်



သွားနည်းမှာ သစ်ချိုခေါက်ကို ကြိုပြီး အရက်နှင့် ရောတိုက်
ျှင် မုန်ကျပြီး လူကိုပါ ရန်ရှာတတ်သည်ဟု သိရသည်။

သစ်ထုတ်လုပ်ရေးမှ ဆင်များသည် များသောအားဖြင့်
နေ့ရာသီ ဆင်ကျောင်းစခန်းရောက်မှ မိတ်လိုက်တတ် မုန်ကျ
တတ်သည်။ ဆင်များ အလုပ်နားချိန် ဆင်ကျောင်းစခန်းပို့ချိန်
မှာ မတ်လဆန်းမှသည် မေလဆန်းထိဖြစ်သည်။

ဆင်၏ သုက်ဖြစ်သော မုန်ရည် မုန်ခြောက်ကို လူများ
က၍ ပီယဆေးအဖြစ် သုံးတတ်ကြသည်ဟူသော ရှေးလူကြီး
များ ပြောစကားနှင့် ပတ်သက်၍ ကျွန်တော်က ဆင်အုပ်
ဦးအောင်လုံအား မေးကြည့်မိသည်။

"ဆင်မုန်ကိုတော့ ကျွန်တော်တို့ မသုံးဖူးပါဘူး။ သုံးလဲ
မသုံးကောင်းဘူးလို့ ဘိုးစဉ်ဘောင်ဆက် ဆင်ဦးစီးလူကြီးတွေက
အမှာရှိခဲ့ဖူးပါတယ်။တကယ်လို့ သုံးမိယင် ဆင်မုန်ကို လူသုံးတဲ့
အချိန်မှာ အဲဒီဆင်ဟာ ချက်ချင်း မုန်ရူးထပြီး ဆင်ဦးစီးကို
ကိုယ်ပေါ်က ခါချပြီး ထိုးသတ် နင်းသတ်တတ်တယ်လို့ အယူ
အဆရှိတော့ ဆင်သမားတွေက ဆင်မုန်ကို ဘယ်သူ့မှ မပေးရဲ၊
ကိုယ်အတွက်လဲ မသုံးရဲကြပါဘူး။ ကျွန်တော်တို့ဟာ ဆင်နဲ့
ကပ်ပြီး နေ့စဉ် အလုပ်လုပ်ကြရတော့ တိရစ္ဆာန်နဲ့ လူပေမင့်
ကျိုးနဲ့တဦး သစ္စာရှိရမယ်ဆိုတဲ့ အစဉ်အလာ ရှိကြပါတယ်"ဟု
ဦးအောင်လုံက ပြောလေသည်။

"ယာ....ယာ...."

"ဟောင်နေ့်....ဟောင်....ဟောင်...."

မုန်ကျနေသော "မိုယာခို"ကို ကျွန်တော်တို့ လှည့်ပတ်
ကြည့်ရှုနေကြစဉ် ကျွန်တော်တို့နှင့် ကိုက် ၁၀၀ လောက်အကွာ
နောက်ထပ် ဆင်စခန်းတခုမှ ဆင်ခလောက်မြည်သံ ဆင်အော်

သံ လှအောင်သံတို့ကို ကြားရသဖြင့် ကျွန်တော်က အထိတ်တလန့် လှမ်းကြည့်မိသည်။ သို့သော် ခြုံနွယ်ပိတ်ပေါင်းတို့ ကာဆီးနေသဖြင့် ဆင်များ လူများကို မမြင်ရပေ။ အမှန်မှာ "မိုယာခို" ဆီမှ မှန်နှံရသဖြင့် တခြားဆင်တကောင်က ရှန့်ရှင်းကြမ်းတမ်းနေခြင်း ဖြစ်ပေသည်။

ကျွန်တော် အထိတ်တလန့် လှမ်းကြည့်လိုက်သည်ကို သတိပြုမိလိုက်ကြသော ဦးအောင်ခင်နှင့် ဦးစောမြဗိုလ်တို့က ထိုဆင်အနားသို့ ကျွန်တော့်ကို ခေါ်သွားကြသည်။ ထိုဆင်ကို "ဗိုလ်ရဲအောင်"ဟု အမည်ပေးထားကြောင်း ပြော၏။ စွယ်စုံဆင်ပြောင်ကြီးဖြစ်လာမည့် ဆင်ပေါက်ပင်တည်း။

"ဗိုလ်ရဲအောင်" ဆင်မှာ ဆင်ဆိုးဖြစ်လာနိုင်သော အမူအရာ အကျင့်တွေ ပါသည်ဟု လက်ထောက်မန်နေဂျာ ဦးအေးမောင်သူနှင့် ဦးစောမြဗိုလ်တို့ကပြောသဖြင့် ဆင်ဆိုးအကြောင်း ဗဟုသုတများကို ကျွန်တော် မှတ်သားရပါတော့သည်။

# ၈။ ဆင်ဆိုး

"တွေ့လား အကိုကြီး ချိုးကူနေတာ၊ ဒီကောင်ကိုတော့ အတော် ကြပ်ကြပ်မတ်မတ် ကိုင်တတ်တဲ့ ဦးစီးနဲ့မှ ဖြစ်မယ် နော်...."

ခေါင်းတဆတ်ဆတ် လှုပ်နေသော ဗိုလ်ရဲအောင်ကိုကြည့်ပြီး တိရစ္ဆာန်ဆေးကု ဝန်ထောက် ဦးကျော်မြင့်က မန်နေဂျာ ဦးအောင်ခင်ကို ပြောသည်။

ဤဆင်များအားလုံးကို နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးက ဝယ်ယူမည် ဖြစ်သဖြင့် တာဝန်ရှိသူ ဦးအောင်ခင်က ဗိုလ်ရဲအောင်၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ မှတ်ချက်ရေးသားထားရသည်။

ခေါင်း တဆတ်ဆတ် လှုပ်တတ်သော ဆင်နှင့် ရှေ့ခြေနှစ်ဖက်ကိုမြှောက်ချည်ချချည်လုပ်နေတတ်သောအလေ့အကျင့်ရှိသောဆင်ကို ဆင်ဆိုးအင် ါပါသည်ဟုဆင်သမားများက ယူဆကြသည်။သူတို့၏ ဝေါဟာရနှင့်ပြောရလျှင် ခေါင်းတဆတ်ဆတ် လှုပ်သည်ကို "ချိုးကူသည်"ဟု ခေါ်ပြီး ရှေ့လက် နှစ်ဖက်မြှောက်ချည် ချချည် လှုပ်လှုပ်နေလေ့ရှိသော ဆင်ကို "မောင်းထောင်းသည်"ဟု ခေါ်သည်။ သဘောမှာ ဦးကင်းပေါ်က

ဆင်ဦးစီးကို ခါချပြီး ခြေထောက်နှင့် နင်းသတ်ရန် ဟန်ပြင်တတ်သော အကျင့်ပင်တည်း။

ချီးကူ မောင်းထောင်းသော အကျင့်ပါ ဆင်များသည် များသောအားဖြင့် ဆင်ဦးစီးကို နင်းသတ်တတ်သည်ဟု အယူအဆရှိကြသည်။ အချို့ကလည်း ဆင်ဆိုးတို့မှာ ခေါင်းသေးနားရွက်သေးပြီး မျက်လုံးကလည်း မှုန်မှုန်ရီရီ ရှိတတ်သည်။ နှာမောင်းမှာ တိုပြီး သေးသိမ်သည်။ အစွယ်မှာ ရှည်ရှည်သေးသေးနှင့် လုံးလုံးကားကား ဖြစ်သည်။ အမြီးဖျားတွင် မညီညာသော အဖု အထစ်များ ရှိသည်ဟု ဆိုကြသည်။ သို့သော် ဤသည်မှာ ယေဘုယျအားဖြင့် မှန်ကန်ခြင်း မရှိပေ။ ကျွန်တော် ဆင်ဝိုင်း ဆင်ကျောင်းစခန်းများကို လှည့်လည်ကြည့်ရာတွင် သူတို့ သစ်ထုတ်လုပ်ရေးက အခေါ်နှင့် ခြသေ့ထိုင် အမျိုးအစား နှာမောင်း တုတ်တုတ်ခိုင်ခိုင်နှင့် အလွန်ရုပ်ဆင်းသဏ္ဌာန် လှပသော ပထမအတန်းအစား ဆင်များကိုလည်း သံခလောက်ဆွဲထားသည်ကို တွေ့ခဲ့ရလေသည်။

သစ်ထုတ်လုပ်ရေးတွင် ဆင်ဆိုးဟု အသိအမှတ် ပြုထားသော ဆင်တိုင်းကို သံခလောက် ဆွဲပေးထားတတ်သည်။ ထင်းခွေ ရေခပ်လာသော ဒေသခံ လူများ သံခလောက်သံ ကြားပါက ဆင်ဆိုးရှိသည်ဟူသော အသိဖြင့် အဝေးက ရှောင်ကွင်းသွားနိုင်ကြရန် ဖြစ်သည်။

သစ်ထုတ်လုပ်ရေးတွင် ဆင်ဆိုးကို စီးရသော ဦးစီးပဲ့စီးတို့မှာ အခြားဦးစီးပဲ့စီးများထက် ဂုဏ်ရှိသည်။ တလလျှင် လခသုံးကျပ်စီ အပို ရကြသည်။ ဆင်ဝမ်းပိုက်အောက်သို့ ဝင်၍ထုံးခတ်ရသောအခါ ဆင်ဆိုးဆိုလျှင် ပဲ့စီးနှစ်ယောက်က ဆင်၏ အစွယ်ပုံးခေါ် အစွယ်ရင်းကို လှံရှည်နှင့် ရွှေကနေပြီး



တဖက် တယောက်စီ ထောက်ထားပေးရသည်။ ခေါင်းခါ၍ ကိုယ်လက်လှုပ်လျှင် လှံစူးသဖြင့် ဆင်သည် လူက ထုံးဝင်ခတ်နေသော်လည်း ကိုယ်ကိုမလှုပ်ရဲ လူကို အန္တရာယ် မပြုရဲပေ။

ဆင်ဆိုးများ လူကို နင်းထိုးသတ်ရာတွင် လူသတ်ဖူး၍ ရဲမိုက်သော ဆင်က လူကို သေသေချာချာ ကြည့်ပြီးမှ ထိုးသတ်တတ်၏။ လူမသတ်ဖူးသော 'မရဲမိုက်သော ဆင်ကမူ မျက်လုံးမှိတ်ပြီး လူကို ထိုးသတ်၏။ မျက်လုံးမှိတ်၍ လူကို အစွယ်ဦးနှင့် ထိုးရာ၌ လူကို မထိပဲ လွဲချော် သွားသည်ကို "အမျက်လွတ်"သည်ဟု ခေါ်လေသည်။ အချို့ ဆင်များသည် လူကို ထိုးသတ်တော့မည်ဆိုလျှင် နှာမှုတ်တတ်သည်။ အလွန်ဆိုးသော ဆင်ဆိုးကို ဦးစီးများက ရှေ့ဘယ်လက်နှင့် နောက်ညာခြေကို ကြိုးခိုင်ခိုင်နှင့် ကျောကုန်းက သိုင်းတုတ်ပြီး စိတ်ရှိလက်ရှိ ရိုက်နှက်ဆုံးမတတ်၏။ ခြေနှင့် လက်ကို စလွယ်သိုင်းတုတ်နှောင်ထားသဖြင့် မပြေးနိုင်ပဲ လူများ ရိုက်နှက်သမျှကုန်းခံရသောအခါ ဆင်သည် မှတ်သားထား၍ နောင်ကြဉ်သွားတတ်၏။ ဆင်ပေါက်ကလေးများသည် လေ့ကျင့်စက ဦးမကျိုးလျှင် နောင်တွင် ဆိုးသွမ်းတတ်လေသည်။

ရှေးအင်္ဂလိပ်ခေတ်က ဘုံဘေဘားမားပိုင် "ဆိုးပေ"မည်သော ဆင်ပေါက်တကောင်သည် မျက်နှာဖြူ သစ်ထုတ်လုပ်ရေး မန်နေဂျာကို မြင်လျှင် အတင်းလိုက် ထိုးတတ်သည်ဆို၏။ ထိုအခါ ဦးစီးများ၏ အကြံပေးချက်အရ ပထမသော် သေနတ်ထိပေါက်ပေါက်ထည့်ပြီး ခြေထောက်ကိုပစ်၍ ခြောက်လှန့်ကြည့်၏။ သို့ရာတွင် ဆင်ကမဖွံ့နိပေ။ မျက်နှာဖြူမန်နေဂျာကို အတင်းချည်း လိုက်ထိုးနေသဖြင့် မန်နေဂျာခမျာမှာ တပြေးထဲပြေးနေရ၏။ ထိုနောက် ဦးစီးများ၏ အကြံပေးချက်အရ ထိုဆင်

ကို ခြံသွင်းပြီး မန်နေဂျာက ကြိမ်ဒဏ်အချက် ၂၀၊ အခြား လူများက ခြောက်ချက်စီ ရိုက်နှက် ဆုံးမ လိုက်သောအခါမှ မန်နေဂျာကို ရန်မရှာရဲ မလိုက်ရဲတော့ပေ။

တောဆင်ရိုင်းများဖြစ်စေ၊ အခြား ဆင်ဝိုင်းက ဆင်ဆိုး များဖြစ်စေ စခန်းကိုလာ၍ အနှောက်အရှက်ပေးလျှင် ဆင် ဦးစီးများက ကြိမ်ဖူးများကို ကျည်ဆံအစားဖြတ်ထည့်၍ ခြေ ထောက်ကို ခြောက်လှန့်ပစ်လေ့ရှိ၏။ သို့သော် ဆင်ယဉ်အား ထိုသို့ပြုလုပ်ခြင်းကို ဆင်အုပ်ကြီးများသိပါက ဆင်ဦးစီးများကို ဆူတတ်သည်။ အကြောင်းမူ မိမိဆင်ကို နိုင်နိုင်နင်းနင်း မစီး တတ်ပဲ သေနတ်နှင့် ပစ်ရခြင်းမှာ ဆင်ဦးစီး၏ ညံ့ဖျင်းမှုသာ ဖြစ်သည်ဟု သူတို့ ယူဆကြသည်။

အမှန်မှာ ဆင်ဆိုးဆိုသည်မှာ လူဆိုးများ ကဲ့သို့ပင် ရှား ပါး၏။ ဆင်ကောင်းများသည်ပင် တခါတရံ စိတ်အခန့်မသင့် လျှင် လူကို မဖွယ်မရာ ပြုတတ်ကြသည်။ အထူးသဖြင့် ဆင်ဆိုး များသည် လေးလံသောဝန် (သစ်လုံး) များ ဆွဲနေရသော အခါ စိတ်တိုပြီး နီးရာကျောက်ခဲ ကျောက်တုံး တုတ်တိုတုတ် ရှည်များကို နှာမောင်းနှင့် ရုတ်ခြည်း ကောက်ယူပြီး လူကို ပစ်ခြင်း၊ သူတို့၏ ဝမ်းဗိုက်ထဲက ရေပုပ်ကို ပါးစပ်ထဲ နှာမောင်း သွင်းကာ စုတ်ယူပြီးလူကိုပက်ခြင်း၊ မြေပြင်ကို ခွာနှင့်ရုပ်တိုက်၍ ဖုံသဲ စသည်များကို စုတ်ယူပြီး လူကိုမှုတ်ခြင်း စသည့်နည်းမျိုး စုံဖြင့် ရန်ရှာတတ်သည်။

စစ်ကြီး မဖြစ်မီက ဘုံဘေဘားမား သစ်တော အရာရှိ တယောက်သည် လန်ဒန်ရှိ တိရစ္ဆာန်ရုံသို့ သူ့နှမ သူ့အမေများ နှင့်အတူ သွားကြည့်ကြ၏။ ဆင်ရုံ ရောက်သောအခါ သူက ဆင်ဆိုသည်မှာ အလွန်လိမ္မာယဉ်ပါးပြီး လူများ စေခိုင်းသည်



လုပ်တတ်သည်ဟု သူ့အမေ သူ့နှမတို့ကို ပြောပြသည်။ သူသည် မြန်မာနိုင်ငံ သစ်လုပ်ငန်းတွင် အမှုထမ်းဖူးသူဖြစ်ပြီး လန်ဒန် တိရစ္ဆာန် ဥယျာဉ်ထဲရှိ ဆင်မှာလည်း မြန်မာပြည်မှဆင်ဖြစ် လေရာ သူ့အမေ သူ့နှမများကို ကြွားလိုသော အင်္ဂလိပ်အရာရှိ က ထိုဆင်နားရပ်၍ မြန်မာဆင်ဦးစီးများ ဆင်ကို အမိန့်ပေး သလို "မက်"ဟု အော်ပြီး ဆင်ကို ထိုင်ခိုင်းသည်။ ဆင်မှာ စိတ်ကောက်နေချိန်ဖြစ်သဖြင့် သူပြော၍ အမိန့် ပေးသည်ကို လုံးဝဂရုမစိုက်ပဲ အမြီးကို ခါပြကာ ပါးစပ်ကို ဝါးနေသည်။ အင်္ဂလိပ်အရာရှိက "မက်"ဟု ထပ်အော်သော်လည်း ဆင်က ဂရုမစိုက်ပဲ နေ၏။ ထိုအခါ အကြွားပိုထားသော အင်္ဂလိပ်မှာ စိတ်တိုလာပြီး မြန်မာ ဆင်ဦးစီးများ ဆင်ကို အမိန့်ပေးသလို "မက်....မက်....မက်"ဟု ထပ်ဆင့်အော်၍ အမိန့်ပေး၏။ ထိုအ ခါမှ ဆင်က သူ့ဘက်သို့လှည့်လာပြီး "အော်....မင်းလဲ ဗမာ ပြည် ရောက်ဖူးတဲ့ မျက်နှာဖြူကိုး" ဟူသော သဘောဖြင့် ခဏ တွေဝေငေးကြည့်နေသေး၏။ နောက်မှ သူ့အနားရှိ ချေးပုံထဲက ချေးတတုံးကိုဖျပ်ကနဲ နှာမောင်းနှင့် လှမ်းကောက်ပြီးမျက်နှာဖြူ ရှိရာသို့ ပစ်ထည့်လိုက်၏။ ဆင်ပစ်ထည့်လိုက်သော နောက်ချေး တုံးမှာ မျက်နှာဖြူကိုမထိပဲ သူ့အမေ၏ ဦးထုပ်ကိုထိမှန်သဖြင့် ဦးထုပ်ပြုတ်ကျသွားပြီး အလှထိုးစိုက်ထားသော ငှက်မွေးများ ပင် ကျွတ်ကျန်သည်ဟု မစ္စတာဝီလျှယမ်၏ ဆင်စာအုပ်တွင် ဖော်ပြထား၏။

ဆင်ဦးစီးများကို ဆင်ဆိုးများ နှင်းသတ်တတ်ကြသည်မှာ အများအားဖြင့် မုန်ယိုချိန်၌ ဖြစ်သည်။ မုန်ယိုချိန်၌ ဆင်သည် စိတ်ဂဏှာမငြိမ်ပဲ ပို၍ဆိုးတတ်သည်။ မုန်ယိုခြင်းသည် ဆင် များ မိတ်မလိုက်မီ သတ်ချင် ဖြတ်ချင်သောစိတ်နှင့် ယှဉ်တွဲ

ဖြစ်ပေါ်တတ်၏။ ထိုအချိန်၌ ဆင်သည် သွေးဆ၍ စိတ်ထိခိုက်လျက် ရှိသည်။ ထိုကြောင့် မုန်ယိုချိန်တွင် သူတို့ကြောက်သော ဦးစီးကိုပင် ကိုယ်ပေါ်က ခါချ၍ နင်းသတ်လေ့ ရှိ၏။ ဆင်ဆိုးတကောင်သည် လူသတ်ပြီး၍ သုံးနှစ်လောက် ကောင်းကောင်းမွန်မွန်နေပြီးခါမှ နောက်ဆင်ဦးစီးတယောက်ကို သတ်ပြန်သည်လည်း ရှိလေသည်။

ဆင် ဆိုးသည်ကောင်းသည်မှာ ဆင်ဦးစီး၏ ကွပ်ကဲမှုပေါ်တွင်တည်၏။ အချို့ ဆင်ဦးစီးများသည် သူတို့ ဆင်ကို သူတို့မှတပါး အခြား ဘယ်သူမှ မစီးရဲဟူသော ဂုဏ်ကိုလိုချင်သဖြင့် သူတို့၏ဆင်ဆိုးများအား တမင်တကာ လူကို အန္တရာယ်ပြုတတ်သော အကျင့်ဆိုးများ သင်ပေးထားတတ်သည်။ စင်စစ် ဤသို့ပြုလုပ်ခြင်းမှာ မိမိအတွက် ဘေးအန္တရာယ်ဖန်တီးနေခြင်းပင်ဖြစ်၏။ ဆင်ဆိုးဆိုသည်မှာ ဘယ်အခါမှ စိတ်ချရသည်မဟုတ်ကြောင်း ရှေးပညာရှိတို့က "စစ်ထွက်ယောကျ်ား၊ မြွေသမားနှင့်၊ ရေသွားခရီး၊ ဆင်စီးတမျှ၊ စိတ်ကဘယ်ခါ၊ မချရာ" ဟု အဆိုပြုခဲ့ကြသည် မဟုတ်ပါလော။

ဆင်ဆိုးများသည် ဆင်ကောင်းများထက် လူ၏ အရိပ်အခြည် ဦးစီး၏အရိပ်အခြည်ကို ပို၍သိတတ်ကြသည်။ ဆင်ဦးစီးအသစ်လဲလျှင် ဆင်က ဦးစီးအသစ်ကို အခွင့် အခါ ကြုံတိုင်း ပညာစမ်းတတ်သည်ဟု ဆိုသည်။ တခါက သစ်ထုတ်လုပ်ရေးတွင် စခန်းပြောင်းခါနီး၌ ဆင်ဆိုးတကောင်သည် မုန်ကျပြီးကြမ်းရမ်းနေလေရာ ဆင်ဦးစီး သုံးလေးယောက်မှာ ဝိုင်းဝန်း၍ ပုခက်တင်ရန် ကြိုးစားကြသော်လည်း ပုခက်တင်မခံပဲရှိသည်။ ထုံးနှစ်ထပ် ခတ်ထားပေးသည့် ကြားထဲကပင် သူအနားသို့ လာသမျှလူများကို လိုက်ထိုးနေသဖြင့် ယခင်သုံးနှစ်လောက်က



သူကို စီးသွားဖူးသော သူချစ်ကြောက် ရှိသေသော ဦးစီးကို သွားခေါ်ကြရသည်။

ထိုဆင်ဦးစီးသည် ပထမဦးဆုံး ထိုဆင်ဆိုးကို မိမိဘယ်သူဘယ်ဝါမှန်းသိအောင် အသံပေး၏။ ဆင်ဦးစီးများ သမားရိုးကျသံစကားများဖြစ်သော ယာ.... ယာ.... ဟောင်.... ဟောင်.... ဟောင်နော်၊ ဒီကောင်ကြီး စသည်ဖြင့် နာမည်ကိုခေါ်၍ချော့၏။ သူသခင်ဟောင်းမှန်းသိ၍ ဆင်ကလှည့်ကြည့်သောအခါ ဆင်၏မျက်လုံးသူငယ်အိမ်ကို စူးစူးစိုက်စိုက်ကြည့်၍ သို၏။ ဆင်ဆိုးကသမှန်းသိသွားသောအခါ ဆင်ဦးစီးသည် သူဆီရမ်းလာသောဆင်နှာမောင်းပေါ် တွယ်တက်ပြီး လေသံ၌ ခဏ ရီးလေးခိုနေသေးသည်။ ပြီးမှ အသံပေးကာ ရုတ်တရက် ဦးကင်းပေါ် ခုန်တက်သွားပြီး ဓားမျှောင်နှင့် အစွယ်ရင်းကိုထိုးကာ လိုသလိုခိုင်းစေလေတော့သည်။

အချို့ ဆင်ဆိုးများသည် ဦးစီးကို သေမလောက်ကြောက်ကြသည်။ သစ်ထုတ်လုပ်ရေးမှ ဦးထွန်းပ စီးရသောဆင်ဆိုးတကောင်မှာ စားကျက်၌လွှတ်ထားစဉ် လူများကိုတွေ့၍ ထိုးသတ်ရန် လိုက်ရာ၌ပင် ထိုလူက ပြေးရင်းလွှားရင်း "ဦးထွန်းပလာသယ်ဟေ့၊ ဦးထွန်းပရယ် လုပ်ပါအုံးဗျ" ဟု ဦးထွန်းပကို တ,တိုက်ရုံနှင့် ချက်ချင်း နောက်ဆုတ်သွားတတ်သည်ဆို၏။

ဦးစီးအား ဆင်က ဤမျှကြောက်ရွံ့ခြင်းမှာ အလွန်ဆိုးသော ဆင်ဆိုးများအား ဆင်ဦးစီးများက သူတို့ဒူးပေးသောနေရာ၌ သံချောင်းကလေးတချောင်း မြှုပ်ထားတတ်သည်။ ဆင်က ပေကပ်ကပ်လုပ်လာလျှင် ထိုသံချောင်းကို ဒူးနှင့်တိုက်၍ သွပ်ပေးရသည်။ ထိုအခါ အလွန် နာကျင် သဖြင့် ဦးစီးကို ကျိုးနွံလာသည်ဟု ပြောပြကြသည်။ သို့သော် နိုင်ငံပိုင် သစ်

ထုတ်လုပ်ရေးတွင် ဤသို့ပြုလုပ်ခြင်းကို လုံးဝခွင့်မပြုပေ။ ဆင်ဦးစီးများ မစီးရဲအောင် ဆိုးသွမ်းသော ဆင်ဟူ၍လည်းမရှိပေ။ ဆင်ဆိုးစီးသူမျ[illegible] ဂုဏ်ယူ ဝင့်ကြွားလိုကြသဖြင့် ဆင်ဦးစီးများသည် များသောအားဖြင့် ဆင်ဆိုးများကိုသာ သူထက်ငါ အပြိုင်စီးလိုကြသည်။

ဆင်သည် မည်မျှဆိုးဆိုး ဦးစီးက ခြေလက်အင်္ဂါတခုခု ချို့တဲ့နေလျှင် မထိုး မနင်း သတ်တတ်ပေ။ အဘယ်ကြောင့်ဆိုသော် အစွယ် သန့် မည်စိုးသောကြောင့်ဖြစ်သည်ဟု ဆင်သမားများက အယူရှိကြသည်။ ဤသို့ဖြစ်နိုင်မည်မထင်ကြောင်း ကျွန်တော်က ပြောသောအခါ ဆင်သမားများက ဖြစ်နိုင်သည်ဟုဆို၏။

"ပုချွန်ပ" မည်သော ဆင်ဆိုးတကောင်သည် ဦးစီးက သူတပါး သားမယားကို ကျူးလွန်ပြီး ပြန်လာရာ၌ မိမိကိုယ်ပေါ်သို့ လုံးဝ အတက်မခံပဲ မာန်လုပ်နေသည်။ ဦးစီးက အတင်းတက်စီးသောအခါ ကိုယ်ပေါ်က ချက်ချင်း ခါချလိုက်ပြီး နင်းသတ်ပစ်သည်။ ဤသည်မှာ တိုက်ဆိုင်၍သာ ဖြစ်ပါလိမ့်မည်ဟု ကျွန်တော်က ဆင်ခြေပေးသည်ကို ဆင်သမားများက လုံးဝလက်မခံကြပေ။ ဆင်များသည် လူများကဲ့သို့ပင် သစ္စာမရှိသော ဦးစီးကို အလွန် ရွံမုန်းကြသည်ဟု သူတို့ယုံကြည်ကြသည်။

အချို့သော ဆင်ဆိုးများ၏ ပြုမူပုံမှာ အမျက် ဒေါသဖြိုးကနဲထွက်၍ စိတ်လိုက်မာန်ပါ ပြုလုပ်တတ်သော လူတို့၏ အပြုအမူနှင့် အလွန် တူသည်။ ဆင်သည် တခါတရံ ရုတ်တရက် ဒေါသထွက်၍ စိတ်နောက်ကိုယ်ပါ ဖြစ်မှု ကျူးလွန်ပြီး နောင်တရတတ်သည်။ ဘုံဘေဘားမား သစ်ကုမ္ပဏီ၏ မှတ်



မ်းအရ တခါက လူသတ်ဆင်ဆိုးတကောင်သည် ဦးစီးကို နင်းတ်ပြီးနောက် အလောင်းကို ရက်သတ္တတပတ်လုံးစောင့်ကြပ်၏။ အနားသို့ မည်သူ့ကိုမျှ မကပ်မခံ။ အနားလာသူများ အတင်းလိုက်ထိုး၏။ အလောင်းပုပ်လာသောအခါမှ အခြားထွက်ခွါသွားသည်။ နောက် ၁၀ ရက်လောက်အကြာတွင် အား အလယ်တကျပင် ပြန်ဖမ်းမိကြသည်။ ထိုအချိန်၌ င်ဆိုးသည် စိတ်ကောင်းဝင်နေပြီ ဖြစ်သည်။ ၎င်းမှာ မုန်ယိုင်မဟုတ်ပေ။ ဘုံဘေဘားမားပိုင် အခြားဆင်ဆိုးတကောင်ကား ၁၅ နှစ်အတွင်း သူကိုးယောက်ကို သတ်ဖူးသည်ဟု သည်။

စစ်ကြီးမဖြစ်မီက သာယာဝတီခရိုင်ရှိ ဆင်ဆိုးတကောင် လူ၏အထာကို နားလည်၍ ဦးစီး၏စကားကို အလွန် အာ်သညာ ထားတတ်သည်ဟု ဆိုသည်။ ထိုဆင်ဆိုး၏အမည် "မောင်စိန်" ဖြစ်ပြီး သူ၏ဦးစီးမှာ ဖဥမည်သော ကရင်မျိုးသားဖြစ်သည်။ တနေ့သ၌ သာယာဝတီခရိုင် အရှေ့ရိုးမစ်လုပ်ငန်း စခန်းတွင် စားနပ် ရိက္ခာ ကုန်သဖြင့် ဆင်ဆိုးောင်စိန်ကိုစီးကာ ဖဥသည် စစ်ကွင်း မင်းလှသို့ ဈေးဝယ်ာသည်။ ထိုအခါ စစ်ကွင်းမင်းလှရှိသူဌေးအပျိုကြီးတဦးပိုင်သော ဆင်ပေါက်မလေး မဒွေးကို မောင်စိန်ကတွေ့၍ ကြိုက်ား၏။ ထိုကြောင့် အလုပ်လုပ်ရာ၌ ဖဥက ဟေ့ကောင်ောင်စိန်၊ မင်း အလုပ်ကောင်းကောင်း လုပ်နော်....ဒီသဘက်ိုယင် မင်းလှကို ဈေးသွားဝယ်ရမယ်။ မင်းကြိုက်တဲ့ မဒွေးဲ တွေ့အောင် ငါလုပ်ပေးမယ် ဟု ချော့၍ ခိုင်းတတ်၏။ောင်စိန်အား ဦးစီးက ထိုသို့ချော့မော့ခိုင်းလျှင် အလုပ်ကိုောင်းကောင်းမွန်မွန်လုပ်တတ်သည်။ သို့သော် သူစောင့်မျှော်

နေသော သဘက်ခါမှာ တလကြာ၍လည်း ရောက်မလာသဖြင့်
ဦးစီးဖဥကို နင်းသတ်တော့သည်။ နောက်ဦးစီးအသစ် ရောက်
လာသောအခါမှာလည်း "ဟော့ မောင်စိန် မင်း စစ်ကွင်းမင်း
က မဒွေးကို ကြိုက်နေတယ်လို့ ဖဥက ငါ့ကိုပြောခဲ့တယ်။ ဒီနေ့
မကုန်ခင် မဒွေးက ဒီစခန်းကို အလုပ်လုပ်ဖို့ ရောက်လာလိ
မယ်။ ဒီတော့ မင်းအလုပ် ကောင်းကောင်း လုပ်တယ် ဆိုဘ
ခုကတည်းက ပြထားနော်...."ဟု မဒွေးနှင့် ချော့မြှူ၍ ခိုင်း
ပြန်၏။

အမှန်မှာ ထိုဆင်မ မဒွေးမှာ သူဌေးအပျိုကြီးတယော
ပိုင်ဖြစ်သဖြင့် သစ်လုပ်ငန်း လုပ်ရသောဆင်မဟုတ်ပေ။ ကထိ
ပွဲ ဘုရားပွဲ စသည်တို့တွင် ပဒေသာပင် ကသိန်သင်္ကန်း ရွ
ပြီး မြို့ရွာကို လှည့်ခြင်း၊ သူဌေးမကြီး စီးခြင်းလောက်သာလု
ရသော ဆင်မဖြစ်သည်။ ထိုသို့အလုပ်မလုပ်ရပဲ သက်တော
သက်သာနေရသဖြင့်လည်း ဆင်မမှာ အသွန်ချော အသွန်
သည်ဆို၏။ ဆင်ဦးစီးများပြောသလို မဒွေးက နှစ်ကုန်၍လည်
စခန်းသို့ရောက်မလာသောအခါ ဒုတိယ ဦးစီးကို မောင်စိန်
နင်းသတ်ပြန်သည်။ တတိယဦးစီးမှာလည်း မောင်စိန်လို ဥ
ပင် မဒွေးနှင့် မြှူ၍ ခိုင်းသဖြင့် အသတ်ခံရ ပြန်၏။ သို့
နောက်တော့ ဆင်ဦးစီးများလည်းကတိမတည်သဖြင့် မောင်
က နင်းသတ် ထိုးသတ်လိုက်သည်မှာ ဦးစီးပဲချိပ် ကိုးယော
ကျော်သွားတော့သည်။ ထို့ကြောင့် လူသတ်သမား မောင်
ကို ပုသိမ်ခရိုင်မှ သူဌေးတဦးအား ရောင်းချရန် ချော့မော့၍
လိုက်ရသည်။

ဆင်မောင်စိန်ကို ချော့မော့နိုင်ရန် ဝယ်မိသော သူဌေ
မှာလည်း ဆင်မောင်စိန်နှိပ်စက်သဖြင့် ပစ္စည်း တဝက်လော



သုံးပါးသွားတော့သည်။ အစက သူတွင် ရှိသော ဆင်ဦးစီး
ကောင်းကောင်းနှင့် နိုင်နိုင်နင်းနင်း ခိုင်းပါက ကိုးပေကျော်ရှိ
သော ဆင်မောင်စိန်၏ လုပ်အားမှာ အဖိုး မဖြတ်နိုင်လောက်
အောင် ရှိလေမည်ဟု သူဌေးက တွက်ကိန်းချခဲ့၏။ သို့သော်
ဆင်ဆိုးမောင်စိန်ကို ဘယ်ဆင်ဦးစီးကမှ အလုပ်ကောင်းကောင်း
လုပ်အောင် မစွမ်းဆောင်နိုင်ခဲ့ကြပေ။ အလုပ် လုပ်ခိုင်းရန်ကို
မဆိုထားနှင့် သူတို့ကို နင်းမသတ်အောင်ပင် မနဲကြပ်မတ်ပြီး
ခိုင်းကြရ၏။ နောက်မတတ်နိုင်တော့သဖြင့် ထုံးခတ် ချည်ထား
ရသည်။ ထိုသို့ထုံးခတ်ချည်ထားသော ညများ၌ ထုံးကြိုးသံ
ကွင်းထဲသို့ အစွယ်ထည့်ပြီး သစ်ပင်တွင် ထိုးဆောင့် (ဆင်သ
မားအခေါ် "အောင်း")ပစ်၏။ ထိုအခါ သံကွင်း ပြတ်သွား
သဖြင့် သွားချင်ရာသွားပြီး ကြံခင်း ပြောင်းခင်း ငှက်ပျော
ခင်း စပါးခင်း စသည်တို့ကို စားသောက် ဖျက်ဆီးတတ်သည်။
သွားသွားသော နေရာများကို ဆင်ဦးစီးများ လိုက်ထိန်းနိုင်ရန်
ခလောက် ဆွဲပေးထားလျှင်လည်း ခလောက် မမြည် အောင်
ခလောက်ထဲသို့ သစ်ရွက် ဝါးရွက်များ ထိုးထည့် ထားတတ်
သည်။ သစ်ရွက် ဝါးရွက်များ ထည့်၍မရသော သံခလောက်
များ ဆွဲပေးထားလျှင်လည်း ခလောက်မမြည်အောင် နှာမောင်း
နှင့် ခလောက်ကို မ,ကိုင်ပြီးလျှောက်သွား၍လူများ၏ဥယျာဉ်
များကို ဖျက်ဆီးတတ်သည်။ ဆင်ဆိုးမောင်စိန်ပျောက်သွားပြီ
ဆိုလျှင် သူဌေးမှာ ဘယ်သူ့ ယာခင်းထဲ ဆင်မောင်စိန် ဝင်ဖျက်
သွားပြီး၊ ဘယ်လောက် ပျက်စီး၍ ငွေ ဘယ်လောက် လျော်
ကြေးပေးရမည်ဟု သူကြီး၏ ဆင့်ခေါ်စာကိုသာ ရင်တထိတ်
ထိတ်နှင့် စောင့်မျှော်နေရရှာသည်။ နောက်ဆုံး၌ သူဌေးမှာ
အလွန် စိတ်ညစ်လာရကား "ကဲ–မောင်စိန် မင်းနှိပ်စက် တာနဲ့

ငါ့လဲ စီးပွားအားလုံးပျက်ပြီ။ မနေ့က မင်းဝင်ဖျက်ခဲ့တဲ့ ကြ ခင်းရှင်ကတိုင်လို့ သူကြီးက ငါ့ကိုခေါ်နေပြီ။ ငါ့မှာလျော်စ လဲ မရှိတော့ဘူးမောင်စိန်။ အဲဒီတော့ မင်း ငါ့ကိုသာ သ လိုက်ပါတော့ကွာ။ ငါတခုဘဲ ဆုတောင်းခဲ့မယ်။ မင်းလိုဆိုး တိရစ္ဆာန်နဲ့ ဘဝအဆက်ဆက် မတွေ့ပါရစေနဲ့ ဒါဘဲ မင်း ငါ့ သတ်တော့”ဟုပြောပြီး ဆင်ရှေ့သို့ လှဲအိပ် ခင်းပေး လိုက်၏ ထိုအခါ ဆင်ဆိုးမောင်စိန်က အရှင်သူဌေးကို အစွယ်နှင့် သာတကြည် မြေပြင်မှ ပင့်ကော်၍ နွားမောင်းနှင့် ထိန်းကာ အိမ်ပေါ်သို့ တင်ပေးသည်။ ထိုနေ့ကစ၍ ဦးစီးကိုးယော တိတိ သတ်လာသော ဆင်ဆိုးမောင်စိန်သည် လုံးဝမဆိုးတော့ အလုပ်ကောင်းကောင်းလုပ်သဖြင့် ပိုင်ရှင်သူဌေးမှာ အကြီး အကျယ် စီးပွားတက်ခဲ့သည်ဟု ဆိုသည်။

ဆင်များသည် လူနှင့်နီးစပ်၍ လိင် မတူသော လူသား များကို ရာဂစိတ်နှင့် ချစ်တတ်သည်ဆိုသော အယူ အဆ အ ကြောင်း သစ်ထုတ်လုပ်ရေးတွင် မေးမြန်းကြည့်ရာ၌တိတိကျကျ မည်သူကမျှ မပြောနိုင်ကြချေ။ အရှင်သခင်ဦးစီးများကို မှန်း သောဆင်ရှိသလို ချစ်ခင်သော ဆင်များလည်း ရှိကြောင်း တွေ့အကြုံလောက်သာ ပြောပြနိုင်ကြသည်။

စာရေးသူ၏ အဆင်မှာ ဆင်များသည် ခွေး ကြော များကဲ့သို့ အရှင်သခင်မှန်းသိ၍ ခင်တွယ်ခြင်းသာ ဖြစ်ပါလိမ့် မည်။ ရာဂစိတ်နှင့်ချစ်သည်ဆိုခြင်းမှာ ဖြစ်နိုင်စရာအကြောင်း မရှိပေ။ ဆင်နှင့် နှစ်ပေါင်းများစွာ အလုပ်လုပ်၍ လက်ပွန်း တတီးနေလာခဲ့ကြသော ဆင်ဦးစီးများနှင့် သစ်ထုတ်လုပ်ရေး မန်နေဂျာများကလည်း ထိုသို့ယူဆကြလေသည်။



ဆင်ဆိုး ဖြစ်လာနိုင်သော ကြန်အင်လက္ခဏာပိုင်ရှင် ဗိုလ် အောင်ကို လှည့်ပတ် ကြည့်ရှုပြီးသောအခါ သူ့အနားတွင် သော ဖထောင်ကီးကိုကြည့်ကြပြန်သည်။ မန်နေဂျာဦးအောင် တိရစ္ဆာန် ဆေးကုဝန်ထောက် ဦးကျော်မြင့်တို့ကလည်း ကျွန်တော်ကဲ့သို့ပင် သူတို့လုပ်ငန်းနှင့် ပတ်သက်ရာ ပတ်သက် ကြောင်းများကိုဆင်ဖမ်းလုပ်သားများအား မေးမြန်းကြသည်။

# ၉။ ဆင်စွယ်

ဖိုလ်ရဲအောင်နှင့် မနီးမဝေးတွင်ရှိသော ဆင်တကောင်မှာ"ဖထော်ကီး" ဖြစ်သည်။ ဖထော်ကီးမှာ ဆင်ထီးဖြစ်၏။ ဆင်ရိုင်းများကို ကျုံးသွင်းထောင်ဖမ်းကြသော ဆင်ဖမ်း လုပ်သားများမှာ ဖာပွန်ခရိုင်မှ ကရင်တိုင်းရင်းသားများ ဖြစ်ကြသဖြင့် ဆင်နာမည်များကို သူတို့က ကရင်လို မှည့်ခေါ် ထားကြသည်။ "ဖ"ပါလျှင်အထီးဖြစ်ပြီး "မို"ပါလျှင်အမဖြစ်သည်။

ဖြူဖွေး၍ ဝင်းလက်နေသော ဖထော်ကီး၏အစွယ်မှာစွယ်တုတ်ခေါ် ကြောင်းသိရသည်။ ဆင်စွယ်ထဲတွင် အသန့်မာဆုံး အလှဆုံး ဆင်စွယ်မျိုးဖြစ်၏။

သာမန်အားဖြင့် ဆင်စွယ်ကို ၁- စွယ်တုတ်၊ ၂- စွယ်ကား၊ ၃- စွယ်စိုက်၊ ၄- ငှက်ပြောဖူး၊ ၅- ကြက်နင်းဟု ငါးမျိုးခွဲ၍ ဆင်သမားများက ခေါ်ကြသည်။

စွယ်တုတ်မှာ အစွယ်ကတုတ်ခိုင်ပြီး စွယ်ကားမှာ အစွယ်စထွက်လာကတည်းကပင် ခပ်ကားကားဖြစ်သည်။ စွယ်စိုက်မှာ အောက်သို့ စိုက်ငိုက်နေပြီး ငှက်ပြောဖူးမှာ ငှက်ပြောဖူးကဲ့သို့ အလယ်ကြီးပြီး အရင်းအဖျားရှူးနေသည်။ ကြက်နင်းဆိုသည်မှာ ဘယ်စွယ်ညာစွယ် ထွက်လာရာ၌ ညီညာခြင်း



မရှိပဲ တဖက်အောက် တဖက်အထက် ပေါက်လာသော အစွယ်ကိုခေါ်သည်။

ဝိသေသထူးခြားသော ဆင်စွယ်များမှာ ၁- ကြံ့ဆစ်၊ ၂- အနက်၊ ၃- မျက်ပြတ်တို့ဖြစ်သည်။ ဆင်စွယ် ကြံ့ဆစ်မှာ အစွယ်ရင်းမှသည် အဖျားအဆုံးထိ အရစ်ရစ်ပါသော အစွယ်ဖြစ်၏။ သစ်ထုတ်လုပ်ရေးမန်နေဂျာများအထိုအားဖြင့်အလွန်ရှားပါးသော ဆင်စွယ်တမျိုးဖြစ်၍ လက်ထောက် မန်နေဂျာဦးအေးမောင်သူသည် ပျဉ်းမနားတွင် တခါက္ခ ကြံ့ဆစ်ပါသော ဆင်တကောင်ကို တွေ့ဘူးသည်ဆို၏။ ဆင်စွယ်နက်မှာ ယခုရန်ကုန်သဘာဝသမိုင်းပြတိုက်၌ရှိ၍ ရခိုင်တိုင်းသစ်တောဌာနမှရသည်ဟု သိရသည်။ ဆင်စွယ်မျက်ပြတ် ဆိုသည်မှာ အစွယ်များ၌ အရစ်အထစ်အနာ တစုံတခုပါလာပြီး ကြီးလာသောအခါ ထိုအရစ်အနာမှ ပြတ်ထွက်သွားခြင်းကို ခေါ်သည်။သုံးမျိုးစလုံးသည် ရှားပါးသောဆင်စွယ်များပင်တည်း။

ဆင်မာန်စွယ်ဆိုသည်မှာ သီးသန့် အစွယ်တမျိုးကို ခေါ်ခြင်းမဟုတ်ပေ။ မုန်ကျ၍ဖြစ်စေ၊ စိတ်ဆိုး၍ဖြစ်စေ၊ အချင်းချင်း ဟန်ရေးပြ ထိုးကြ၍ဖြစ်စေ ကျိုးကျန်ခဲ့သော အစွယ်များကို မာန်စွယ်ဟုခေါ်သည်။

ဆင်စွယ်အကျိုးကို ၁- မာန်ကျိုး၊ ၂- ဒဏ်ကျိုး၊ ၃- ရန်ကျိုးဟူ၍ ဆင်သမားများက ခွဲခြား၍ခေါ်ကြသေးသည်။

မာန်ကျိုးမှာ မုန်ကျ၍ သစ်ပင်စသည်များကို ထိုးသဖြင့် ကျိုးကျန်ခဲ့သော အစွယ်များဖြစ်၏။

ဒဏ်ကျိုးမှာ နကိုယ်ကပင် ဆင်စွယ်၏အဖျား၌ အနာပါလာပြီး သူ့အလိုလို သစ်ခေါက်များကို ထိုးစားရာ၌ ကျိုးသောအစွယ်ကိုခေါ်သည်။

ရန်ကျိုးမှာ တကောင်နှင့် တကောင် ရန်ထောင်ကြ၍ ဟန်ရေးပြရင်း သစ်ပင် စသည်တို့ကို ထိုးမိရာမှ ကျိုးကျန်ခဲ့သောအစွယ်များဖြစ်သည်။

ဆင်မာန်စွယ်သည် ဒုတ်ခားသေနတ်ပြီးသည့်အပြင် ယင်းကို ဆောင်ထားပါက အခြားဆင်များက ရန်မပြုပဲ ရှောင်ရှားကြသည်ဟု ရှေးလူကြီးများ အယူရှိကြသည်။ ဤသည်နှင့်ပတ်သက်၍မေးမြန်းစုံစမ်းကြည့်ရာတွင် မန်နေဂျာဦးအောင်ခင်က သူ၏အတွေ့အကြုံတခုကို ပြောပြသည်။

ဦးအောင်ခင် သစ်တောဘက်တွင် အလုပ်ဝင်ရသောအခါ ဆင်များနှင့် နေ့စဉ်အလုပ်လုပ်နေရသော သားအတွက် သူ့အမေက စိတ်မချသဖြင့် ဆင်စွယ်ကို ထုလုပ်ထားသော ဥဒိန္နနတ်ရုပ်တရုပ်ကိုပေးသည်။ ထိုနတ်ရုပ်မှာ ဆင်မာန်စွယ်ကို ဥဒိန္နနတ်ရုပ်ထုလုပ်ပြီး ဆေးစီရင်ထားသော အဆောင်ဖြစ်သည် ဆို၏။ ဤနတ်ရုပ်ကိုဆောင်ထားလျှင် ဆင်အန္တရာယ်မှ ကင်းဝေးသည်ဟု ပြောသဖြင့် ဦးအောင်ခင်သည် ထိုဥဒိန္နနတ်ရုပ်ကို ငွေကြုတ်တွင်ထည့်ကာ ငွေကြိုးဖြင့် လည်ပင်းမှာ အမြဲဆွဲသွားလေ့ရှိသည်။

မြစ်ကြီးနားခရိုင် သစ်ထုတ်လုပ်ရေးတွင် တာဝန်ကျစဉ်က တောတက်ရင်းလမ်းတွင် ထီးခိုးတောဆင်ရိုင်း တကောင်နှင့်တွေ့ရာ ဦးအောင်ခင်သည် တောဆင်ရိုင်းကို ဥဒိန္နနတ်ရုပ်အားကိုးနှင့် လက်မြှောက် အော်ဟစ်၍ ခြောက်လှန့်သည်။ တောဆင်ရိုင်းကြီးမှာ ထွက်မပြေးသည့်အပြင် ဦးအောင်ခင်ကို ထိုးသတ်ရန်လိုက်သဖြင့် အသက်လုပြေးခဲ့ရသည်။ တအားစွပ်ပြေးရသဖြင့် တရက်နှစ်ရက်ပင် အပြင်း ဖျားလိုက်သေး၏။ အမေကပေးထား၍ အားကိုးတကြီးနှင့် တောတက်လျှင် အမြဲ



...င်း ဆွဲသွားခဲ့သော ဘိုးစဉ် ဘောင်ဆက်က ဆင်မာန် ...တ်ရုပ်မှာ ဘယ်ဆီ ပြတ်ပျောက် ကျကျန်ခဲ့မှန်းပင် မသိ ...င်း ဦးအောင်ခင်က ခပ်ရှမ်းရှမ်း ပြောပြသဖြင့် ကျွန် ...တို့မှာ ဝိုင်းရယ်ကြသည်။

သစ်ထုတ်လုပ်ရေး၌ ဆင်များသေလျှင် အစွယ်ကို ဖြတ် ... အရှည်အလျား လုံးပတ်စသည်တို့ကို တိုင်းထွာမှတ်သား ... ရန်ကုန်မြို့ရှိ သစ်ထုတ်လုပ်ရေးရုံးသို့ ပို့ရသည်။ သစ်ထုတ် ...ရေးရုံးက သစ်လုံးရောင်းဝယ်ရေးဌာနသို့ပို့ပြီး နိုင်ငံခြားသို့ ...၏။ ပြည်တွင်း၌လည်း လေလံတင်ရောင်းချသည်။ ဆင် ...လေလံဆွဲသူများမှာ ပန်းပုဆရာများဖြစ်ကြ၍ လေလံဆွဲ ...ဆင်စွယ်ဈေးမှာ ကျပ် နှစ်ရာ့ငါးဆယ်မှ ကျပ် သုံးရာ ...အထိဖြစ်သည်။ ဈေးမှာ အမှန်မရှိပဲ အတက် အကျ ...။

# ၁၀။ ဆင်ရိုင်းများထောင်ဖမ်းခြင်း

တောဆင်ရိုင်းများကို စနစ်တကျ ကျုံးသွင်း၍ ထော
ဖမ်းသောနည်းမှာ အိန္ဒိယတိုင်းသားများထံမှ ဆင်းသက်လ
၍ ဆင်ကျုံးကို ကေဒါ[1] ဟုခေါ်သည်။ကျုံးအတွင်းသို့မော
သွင်းပြီး ဆင်ရိုင်းများ ဖမ်းဆီးသည်ကို ကေဒါဖမ်းနည်း
ခေါ်သည်။

ပထမကမ္ဘာစစ်ကြီးမဖြစ်မီ နှစ်အတန်ကြာက မြန်မာနိ
ငံတွင် ကျုံးသွင်းစနစ်ဖြင့် တောဆင်ရိုင်းများ ဖမ်းဆီးသေ
အစိုးရဌာနရှိခဲ့ဘူးသည်။ ၎င်းဌာနမှာ အထက် မြန်မာပြ
ကသာမြို့တွင် ရုံးစိုက်ပြီး တောဆင်ရိုင်းများအား ကျုံးသွ
စနစ်ဖြင့် ဖမ်းဆီးခြင်း လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာလုပ်ငန်းအော
မြင်သင့်သလောက် မအောင်မြင်သောကြောင့် ၁၉၁၀–၁၂
နှစ်တွင် ဖျက်သိမ်းပစ်ခဲ့သည်။ သို့ရာတွင် ၎င်းဌာနမှ ဖမ်း
ရမိထားသည့်ဆင်များကို မစ္စတာ လင်ချန်ထွန်း ဆိုသူပုဂ္ဂိ
တဦးအား ရောင်းချပြီးလျှင် ထိုပုဂ္ဂိုလ်ကပင် သစ်တော ဌာ
ခွဲတွင် လိုင်စင်ခံယူလျက် ကျုံးသွင်းစနစ်ဖြင့် တောဆင်ရိုင်းမျ
အား ဖမ်းဆီးခြင်းလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခဲ့လေသည

[1] Khedda



၁၉၁၀–၁၁ ခုနှစ် မှ ၁၉၂၆–၂၇နှစ်ထိ တောဆင်ဖမ်း
င်စင်ရရှိသူများသည်ကျုံးသွင်းစနစ်ဖြင့် တောဆင်အကောင်
ပေါင်း ၇၀၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ကြကြောင်း၊ ၁၉၆၉ ခု
သုတေသနဆွေးနွေးပွဲတွင် တင်သွင်းဖတ်ကြားခဲ့သော မိုး
တ်ခရိုင် မန်နေဂျာ ဦးအောင်ခင်၏ စာတန်းတွင်ဖော်ပြထား
သည်။

မြန်မာနိုင်ငံ၌ ယခင်က နိုင်ငံခြားဝင်ငွေအတွက် ကျွန်း
စ် ရေနံနှင့် ဆန်စပါးသည် အဓိကဖြစ်ခဲ့၏။ သို့သော် ယခု
က်ရှိ အခြေအနေအရ အနာဂတ်ကာလတွင် ဆန်စပါးမှာ
ားကိုးလောက်စရာ အကြောင်းမရှိတော့ပေ။ ရေနံ ဆိုသည်
ာသည်း ထင်သလောက် အောင်မြင်မှုမရှိသေး။ ထိုကြောင့်
ျွန်းသစ်သည် နိုင်ငံခြားဝင်ငွေရရှိရန်အတွက် အဓိက အား
ားရာဖြစ်လာပေမည်။ အကောင်းဆုံး မြန်မာ့ကျွန်းသစ် တ
န်လျှင် နိုင်ငံခြားဝင်ငွေနှင့် ကျပ်သုံးထောင်ထိ ဈေးရှိသည်။
ကြောင့် ကျွန်းသစ်များကို ဆထက်တပိုး တိုးထုတ်၍ နိုင်ငံ
ားသို့ ရောင်းချရမည်ဖြစ်သည်။

ကျွန်းသစ်များ ပိုမိုထုတ်လုပ်နိုင်ရန် စက်ယန္တရား သည်
ရေးပါသော်လည်း မြန်မာနိုင်ငံ၏ တောတောင် ရေမြေ အ
ခြအနေအရ ယင်းတို့ကို နေရာတကာ၌ အသုံးချ၍ မရသေး
။ တောင်စောင်း တောင်စောက်များပေါ်ရှိ ကျွန်းသစ်
ားကို စက်ယန္တရားများဖြင့် သွားရောက်ထုတ်ယူနိုင်ခြင်းမရှိ
သေး။ စက်ယန္တရားဖြင့် သွားရောက်ထုတ်ယူနိုင်သော မြေ
ရှိ ကျွန်းသစ်များမှာ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်စိုးစဉ်
ပင်ထုတ်လုပ်ယူသွားခဲ့ကြပြီးဖြစ်သဖြင့် ပြုန်းတီးလုနီးပါးရှိနေ
ာပြီ။ ထိုကြောင့် တောင်စောင်း တောင်စောက်များ ပေါ်

ရှိ ကျွန်းသစ်များကို ရာသီအလိုက် ထုတ်လုပ်ဆွဲချယူနိုင်သော လုပ်သားကြီးများမှာ ဆင်များပင်ဖြစ်သည်။ ယခု မြန်မာနိုင် တွင် သစ်ထုတ်လုပ်ပေးနေသောဆင်များမှာ အောက်ပါ တိုင်းဖြစ်သည်။


| ပိုင် ရှင် | အလုပ် ဆင်ကြီး | ဝန်တင်ဆင် | အမိနောက် လိုက်ဆင် | စု ပေါ |
|---|---|---|---|---|
| အစိုးရပိုင် | ၉၆၅ | ၅၉၀ | ၂၄၁ | ၁၇[illegible] |
| ပုဂ္ဂလိကပိုင် | ၂၄၅၆ | | | ၂၄[illegible] |
| စုစုပေါင်း | ၃၄၂၁ | ၅၉၀ | ၂၄၁ | ၄၂[illegible] |

စစ်မဖြစ်မီ အင်္ဂလိပ်ခေတ်က သစ်လုပ်ငန်းတွင် ဆ ၆၅၅၇ ကောင်ရှိခဲ့သည်နှင့်စာသော် ယခုသစ်ထုတ်လုပ်နေသော ဆင်ဦးရေမှာ နည်းပါးနေလေသည်။ ဆင်ဦးရေ နည်း သည်နှင့်အမျှ သစ်ထုတ်လုပ်ရေး စံချိန်မှာ စစ်မဖြစ်မီ အခြေအနေသို့ မရောက်ရှိသေးပေ။ ကျွန်းသစ်များ ထုတ် ရန်အတွက် အိမ်မွေးခြံပေါက်ဆင်များကို မွေးမြူအစားထိုး ကလည်း ဆင်တကောင်သည် အနည်းဆုံး အသက်တဆယ် နှစ်ရှိမှ သစ်ထုတ်လုပ်ရေးတွင် အသုံးချ၍ရသည်။

ထို့ကြောင့် ကျွန်းသစ်များထုတ်လုပ်ရာ၌ လောလော ဆယ် အသုံးချရန် တောဆင်ရိုင်းများကို ဖမ်းဆီး၍ သင်ကြား လေ့ကျင့်ပေးဖို့ လိုရကား နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးဌာန တောဆင်ရိုင်းများရှာဖွေဖမ်းဆီးရေးအဖွဲ့များဖွဲ့စည်း၍ တန တခရိုင်တွင် တောဆင်ရိုင်းများ ဖမ်းဆီးခွင့် လိုင်စင်ထုတ်



၏။ ထိုခရိုင်များမှာ ၁-ဗန်းမော်၊ ၂-ကသာ၊ ၃-မြစ်ကြီးနား၊ ၄-ကင်းတပ်၊ ၅-မြစ်သား၊ ၆-တောင်ကြီး၊ ၇-တောင်ငူ၊ ၈-ပဲခူး၊ ၉-ထားဝယ်၊ ၁၀-ရခိုင်နှင့် ၁၁-ပြည်ခရိုင်များ ဖြစ်လေသည်။



ပုံ-၅။ ကချင်ပြည်နယ် အင်းတော်ကြီး ပတ်ဝန်းကျင် တောတောင်များထဲ၌ ဆင်ရိုင်းအုပ်များ လှည့်လည် ကျက်စားနေတတ်သည်။

သစ်တောဝန်များ၏ အစီရင်ခံစာအရ ၁၉၅၆ ခုနှစ်မှ ၁၉၆၀–၁၉၆၁ ခုနှစ်အထိ တောဆင်ရိုင်းများမှာ ကောင်ရေ ၉၀၅၇ ကောင်ရှိသည်ဟု ခန့်မှန်းရသည်။ ၁၉၇၀ ခုနှစ်စာရင်းအရ ၆၀၀၀။ ထိုနှစ်များအတွင်း နှစ်စဉ် ဆင်ကောင်ရေ

ကိုးပွားနှုန်းကို ငါးရာခိုင်နှုန်း ထားရှိတွက်ချက်၍ ၄၃၃ ကောင်တွင် နှစ်စဉ် ၂၁၇ ကောင် ဖမ်းဆီးနိုင်ခဲ့သည်။ သို့ရာတွင် တောဆင်ရိုင်းများကို မတရားခိုးယူ သတ်ဖြတ်ခြင်းများလည်း ရှိနေသေးသည်ဖြစ်ရာ လက်ရှိ ဆင်ကောင်ရေကို ၂၅ ရာခိုင်နှုန်းလျှော့ချလျက် ၆၅၀၀ သာ ထားရှိပြီး နှစ်စဉ် ဆင် ၃၂၅ ကောင်ခန့်ကိုသာ ဖမ်းဆီးရန် သစ်တောဌာနခွဲက ခွင့်ပြုခဲ့သည်။

၁၉၆၂–၆၃ ခုနှစ်မှ ၁၉၆၉–၇၀ ခုနှစ်အထိ တောဆင်ရိုင်းများဖမ်းဆီးရန် ကောင်ရေကို အောက်ပါအတိုင်း အကြမ်းဖြင်း ခန့်မှန်းထားသည်။

| ခုနှစ် | ဖမ်းရန်ဆင်ကောင်ရေ |
|---|---|
| ၁၉၆၂–၆၃။ | ၆၀၀ |
| ၁၉၆၃–၆၄။ | ၆၀၀ |
| ၁၉၆၄–၆၅။ | ၆၀၀ |
| ၁၉၆၅–၆၆။ | ၆၀၀ |
| ၁၉၆၆–၆၇။ | ၄၀၀ |
| ၁၉၆၇–၆၈။ | ၄၀၀ |
| ၁၉၆၈–၆၉။ | ၃၀၀ |
| ၁၉၆၉–၇၀။ | ၃၀၀ |

၁၉၆၆–၆၇ မှ ၁၉၆၈–၆၉ ထိဆင်ဖမ်းခွင့်ပြုခဲ့သော တောဆင်ရိုင်းများဦးရေမှာ ဗန်းမော်၌ ၈၅ ကောင်၊ အရှေ့ကသာ၌ ၄၂ ကောင်၊ မိုးမိတ်၌ ၅၂ ကောင်၊ အနောက်ကသာ၌ ၈၀၊ တောင်ငူ ၆၆၊ ပဲခူး တောင်ပိုင်း၌ ၁၁၂၊ ထားဝယ် ၆၀၊ ရခိုင် ၅၀ ဖြစ်လေသည်။



နောက်ထပ် ၁၉၆၉ ခုမှ ၇၀ ထိ ဖမ်းခွင့်ပြုထားသော တောဆင်ရိုင်းဦးရေလက်ကျန်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

| မြို့၊ ခရိုင် | သစ်ကွက်အမှတ် | ဆင်ကောင်ရေ |
|---|---|---|
| မြစ်ကြီးနား | ၂ | ၁၅၈ |
| | ၃ | ၁၀၆ |
| ဗန်းမော် | ၅ | ၁၀၆ |
| | ၆ | ၁၃၃ |
| အရှေ့ကသာ | ၁၃ | ၆၅ |
| | ၁၄ | ၃၁ |
| မိုးမိတ် | ၅၅ | ၇၉ |
| | ၅၆ | ၅ |
| ကသင်းတပ်၊ မြစ်သား | ၂၀/၂၁ | ၃၈ |
| ရှမ်းပြည်တောင်ပိုင်း | ၃၂ | ၄၂ |
| ခုမည်းသင်း၊ ပန်းလောင် | | ၁၉၄ |
| ဇော်ကျိ | ၅၁/၅၂ | |
| ထားဝယ် | ၄၃ | ၂၈ |
| ရခိုင် | ၄၄ | ၇၈ |

အထက်ဖော်ပြပါ ခွင့်ပြုချက်ကို ကြည့်ခြင်းအားဖြင့်တောဆင်ရိုင်းများ ဖမ်းဆီးခြင်း အခြေအနေမှာ တနှစ်ထက်တနှစ်ပိုမိုများပြားလာကြောင်း သိနိုင်သည်။ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးက တောဆင်ရိုင်းများအား ဤသို့ တိုးချဲ့ ဖမ်းခွင့်ပြုခဲ့ခြင်းမှာ သစ်ထုတ်ရေးတွင် သစ်ဆွဲဆင်များ အများအပြား လိုနေသောကြောင့် ဖြစ်လေသည်။

ဆင်ဖမ်း လုပ်သားများကလည်း အသက် အန္တရာယ်ကို ပမာဏမထားပဲ တောကြီးမျက်မဲထဲတွင် ဆင်ရိုင်းများကို စွန့်စွန့် စားစား အပင်ပန်းအဆင်းရဲခံ၍ အားကြိုးမာန်တက် ဖမ်းဆီးပေး ကြခြင်းမှာ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးမှ ဆင်ဈေးနှုန်းကို မြှင့် တင်ပေးနေသောကြောင့် ဖြစ်လေသည်။

ယခင်က ဆင်တကောင်ကို အမြင့်တပေလျှင် ကျပ် ၆၀၀ မှ ၇၀၀ သာ ပေးဝယ်ခဲ့သော်လည်း ယခုအခါ တပေလျှင် ၁၂၀၀ အထိ ဈေးမြှင့်ပေးနေသည်ဟုသိရသည်။

## ဆင်ကျုံး

ကျွန်တော်တို့သည် ရွှေလီရိုးမတောနက်ထဲရှိ ဦးစောမြ ဖိုလ်တို့ "ရေပြာကျုံး"သို့ ရောက်သွား၍ ဆင်ကျုံးကို လှည့်ပတ် ကြည့်ရှုကြသည်။

နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးမှ စနစ်တကျ ဖွဲ့စည်းပေး သော ဆင်ကျုံး တကျုံးလျှင် ဆင်ဖမ်းလုပ်သား သုံးဆယ် တယောက်ရှိရသည်။ ထိုသုံးဆယ်တယောက်မှာ သောင်ဆရာ ခေါ် ကျုံးလူကြီးတယောက်၊ တံခါးမှူးတယောက်၊ စခန်းမှူး တယောက်၊ ဆင်ဖမ်းအုပ်စုမှူး လေးယောက်၊ ဆင်ဖမ်းအလုပ် သား နှစ်ဆယ်နှင့် စခန်းအထွေထွေအလုပ်သမား သုံးယောက် တို့ဖြစ်သည်။ သို့သော် ဆင်ရိုင်းများမောင်းသွင်း ဖမ်းဆီးနေ ကြချိန်တွင် စခန်း၌ ထိုလုပ်သားအားလုံး ရှိချင်မှရှိတတ်သည်။ အထွေထွေထိန်းသိမ်းရေး လုပ်သားများမှာ ဆင်ဖမ်းလုပ်သား များ စားသုံးရန်အတွက် ဟိုရွာသည်ရွာသွား၍ စားနပ်ရိက္ခာ ဝယ်ယူနေလေ့ရှိကြသည်။ အချို့ဆင်ဖမ်းအဖွဲ့များသည် လူနှစ်



ဆယ်လောက်နှင့်လည်း ဆင်ရိုင်းများကို ထောင်ဖမ်းတတ်ကြ လေသည်။

မိုးမိတ်ခရိုင်၌ နှစ်စဉ်လိုလို ဆင်ရိုင်းများဖမ်းဆီးကြသော ဆင်ဖမ်းလုပ်သားများမှာ ဖားပွန်၊ တောင်ငူ၊ ကော့ကရိတ်ဘက် မှ ကရင်နှင့် မွန်အမျိုးသားများသာဖြစ်ကြသည်။

ဦးစောမြဖိုလ်တို့ ဆင်ဖမ်းကျုံးမှာ ရွှေလီမြစ်အနောက် ဖက်ကမ်းရှိ ရွှေလီရိုးထဲတွင် ဖြစ်သည်။ ရွှေလီရိုးနှင့် တကောင်း တောသည် တဆက်တည်း ဖြစ်၏။

သူတို့သည် ဤတော၌ ဆင်ရိုင်းများကို ကျုံးသွင်း ထောင်ဖမ်းရန်အတွက် သက်ဆိုင်ရာသစ်တောဌာန၊ လုံခြုံရေး နှင့် အုပ်ချုပ်မှုကော်မီတီစသည့် ပုဂ္ဂိုလ်များထံတွင် ဆင်ဖမ်း လိုင်စင်ခံယူကြရသည်။လိုင်စင်ထဲတွင် ဆင်ရိုင်း ဘယ်နှစ်ကောင် ထိ ဖမ်းမျှဖမ်းမည်။ သစ်ကွက်အမှတ် ဘယ်လောက်မှ ဘယ် လောက်အထိ အကျယ်အဝန်း မြေဧရိယာ ဘယ်လောက်ရှိမည်။ ဖမ်းမိသော ဆင်အားလုံးကို နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးသို့ သတ်မှတ်ထားသော ပေါက်ဈေးနှုန်းအတိုင်း အားလုံးရောင်း ချပါမည်ဟု ဝန်ခံချက်ပေးကြရသည်။ ထိုသို့လျှောက်ထားချက် ကို စစ်ဆေးပြီးလျှင် ဆင်ဖမ်းလုပ်သားများအား အမတော်ချေး ငွေကို သက်ဆိုင်ရာကထုတ်ပေးသည်။ ဆင်ကျုံးတကျုံးအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ် ၆၀၀၀ ဖြစ်သည်။

ဆင်ဖမ်းလုပ်သားများသည် မိမိတို့ဆင်ကျုံးတည်ဆောက် ရမည့် တောထဲသို့ အောက်တိုဘာလဆန်းလောက်ကပင် ဝင် ရောက်ကြရသည်။

တောဆင်ရိုင်းများဖမ်းဆီးရန် ခွင့်ပြုထားသော သစ်ကွက် အမှတ် တောနက်ထဲတွင် တောဆင်ရိုင်းများ၏ သွားလာလှုပ်

ရှားမှုအခြေအနေကို အကဲခတ်၍ ဆင်ကျုံးတည်ဆောက်ရန်နေရာကို ရှာဖွေကြရသည်။

ဆင်ကျုံးတည်ဆောက်ရန်အတွက် သင့်တော်သောနေရာများမှာ ဆင်ရိုင်းများ မကြာခဏဖြတ်သန်းသွားလာတတ်သောလမ်း၊ ခြေရာစသည်တို့ကို တွေ့ရှိရသောနေရာများ၊ ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်လျှင် ဆင်များစိုအောင်းနိုင်လောက်အောင် အရိပ်အာဝါသ ကောင်းစွာရှိသော နေရာများ၊ စမ်းချောင်းရေအိုင်ကြီးများနှင့် နီးသောနေရာများ၊ ဆင်ကျုံးဆောက်လုပ်လျှင် သယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲမရှိမည့် နေရာများ၊ တောင်ကုန်းမကျ မြေပြန့်သက်သက်လည်းမဟုတ်သော ဆင်ခြေလျှော တောင်စောင်းများ၊ ဘေးပတ်ဝန်းကျင်တွင် ဆင်ရိုင်းများဖမ်းမိသောအခါ လေ့ကျင့်မှုပေးရန်အတွက် ကျယ်ပြန့်သော နေရာများ၊ ကျုံးဆောက်လုပ်ရန်အတွက် အနီးအနားတွင် သစ်ဝါးများအလွယ်တကူ ရရှိနိုင်မည့်နေရာများနှင့်၊ မိထားသော ဆင်ရိုင်းများအတွက် အစာရေစာအလွယ်တကူရရှိနိုင်မည့် နေရာများ ဖြစ်လေသည်။

ဆင်ကျုံးနေရာကို ရွေးချယ် သတ်မှတ်ပြီးသောအခါ ဆင်ဖမ်းလုပ်သားများသည် ဆင်ကျုံး တည်ဆောက်ရန်အတွက် ပတ်ဝန်းကျင်ရှိ တောတောင်ထဲမှ သစ်ဝါးစသည်တို့ကို ရွေးချယ်၍ခုတ်ကြရသည်။ဆင်ရိုင်းများထောင်ဖမ်းရန် ကျုံးမှာ တဖက်ကျဉ်းတဖက်ကျယ်ဖြစ်ပြီး တောက်ပုံသဏ္ဍာန်ရှိသည်။သာမန်အားဖြင့် ကျုံးအကြီးအသေးကိုလိုက်၍ အလျားပေ ၆၀ မှ ၁၀၀ ထိ ရှိတတ်သည်။ အလျားပေ ၆၀ ရှိသည့် ဆင်ကျုံးတခုတည်ဆောက်ရန်အတွက် လိုအပ်သော ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။



ဖြောင့်တန်းနေသောကျုံးတံခါးတိုင် လေးလုံး၊ တိုင်တလုံး၏အရှည်မှာ ၃၅ ပေဖြစ်ပြီး လုံးပတ်မှာ သုံးပေ ခြောက်လက်မ၊ အရှည် ၁၆ ပေ၊ လုံးပတ် သုံးပေ ခြောက်လက်မရှိပြီး ကျုံးတိုင်အလုံး ၃၀၊ အရှည် ၁၆ ပေအထက်နှင့် လုံးပတ် ရှစ် လက်မ ၁၀ လက်မ အတွင်းရှိသော မျောတိုင်တန်း အလုံး ၃၀၀ ဖြစ်သည်။

ကျုံးတိုင်နှင့် မျောတန်းများမှာ အများအားဖြင့် ဖြောင့်ဖြူးရပေမည်။ အကိုင်း အခက် များကို ချောမွတ်အောင် ရဲဒင်း ဓား စသည်တို့ဖြင့် ရွှေချောထားရသည်။ ဤသို့ပြုလုပ်ထားခြင်းမှာ ဆင်ရိုင်းများကျုံး၌မိသောအခါ ကျုံးတိုင်များ မျောတန်းများကို နှာမောင်းနှင့် အောင်းခြင်း၊ ခေါင်းနှင့်တွေ့ခြင်း၊ ကိုယ်လုံးနှင့်တိုက်ခြင်း ပြုလုပ်သော်လည်း သစ်ခက်အစအနအချွန်အဖုများ မစူးရှစေရန် ဖြစ်သည်။

ကျုံးဆောက်ရာတွင် တိုင်နှင့် မျောတန်းများကို ခြံခတ်သကဲ့သို့ အခိုင်အခံ့ချည်နှောင်ကြရလေရာ သာမန်အားဖြင့် အန်းဆံကြိုးအပင်ငယ်များ ပိဿာ ၂၀၀ ခန့် သို့မဟုတ် ကြိမ်ဖြင့်တုတ်နှောင်မည်ဆိုလျှင် ကြိမ်နီအပင်ပေါင်း ၅၀၀၀ ထိ ကုန်ကျသည်ဟု သိရသည်။

"ဦးစောမြပိုလ်၊ ဒီကျုံးတိုင်နဲ့ ကျုံးတန်းတွေကို အန်းဆံကြိုးကြိမ်နီတွေနဲ့ မချည်ဘဲ သံနဲ့ရိုက်လုပ်လို့ကော မဖြစ်ဘူးလားဗျ။"

"ဆရာမြင်တဲ့အတိုင်းပါဘဲ၊ ဒီလောက်ကြီးတဲ့ သစ်လုံးတွေကို ဖောက်ရိုက်ထားနိုင်တဲ့သံဟာ ရဖို့မလွယ်ပါဘူး။ ပြီးတော့ ဒီနေရာမှာ တဒိုးဒိုးရိုက်နှက်သံတွေ နေ့စဉ်ကြားနေရယင် တောဆင်ရိုင်းတွေ ဒီအနားဘယ်လာရဲပါဦးမလဲ။ ပြီးတော့ ဆင်မိတဲ့အခါ ဆင်ကကိုယ်လုံးနဲ့တိုက်အောင်းတတ်တော့ သံတွေကျွ

တက်သလို ဆင်တွေကိုသံတုံးပြီး သံဆိပ်တက်မှာလဲ စိုးရသေးတာကိုဗျ။”

ဦးစောမြဗိုလ်က ရှင်းပြမှ ကျုံးတိုင်နှင့် မျောတန်းများကို သံနှင့်မရိုက်ပဲ ကြိမ်နီအုန်းဆံကြိုးတို့ဖြင့် ချည်နှောင်ခြင်းအကြောင်းကို နားလည်ပါတော့သည်။

ဆင်ဖမ်းလုပ်သားအချို့က ကျုံးတည်ဆောက်ရန်အတွက် တိုင်တန်းများခုတ်နေကြချိန်တွင် ကျန်သော ဆင်ဖမ်းလုပ်သားများမှာ ဆင်ဖမ်းကြိုးများကို အရွယ်အစားအလိုက် အမျိုးမျိုး ကျစ်နေကြရသည်။

ဆင်ကျုံးနားတဝိုက်တွင် လျှော်ပင်များ လုံလုံလောက်လောက်မရှိပါက လျှော်ပင်များရှိသော တခြားနေရာများသို့ သွားလာရှာဖွေ၍ ကြိုးကျစ်ကြရသည်။ ထိုကြိုးများကို ကျစ်ပြီးသည်နှင့်တပြိုင်နက် ဆင်ကျုံးဆောက်လုပ်နေကြသော နေရာသို့ ချက်ချင်းပို့ထားရသည်။

ဆင်ဖမ်းကြိုးများတွင် မနီလာကြိုးကိုမူ တောဆင်ရိုင်းများဖမ်းဆီးရန် လုပ်ငန်းရှိသည့် သစ်ထုတ်လုပ်ရေး ခရိုင်သို့ ရန်ကုန်မှ ပို့ပေးရသည်။ ကျန်လျှော်ကြိုးများ အားလုံးကိုမူ ဆင်ဖမ်းလုပ်သားများကိုယ်တိုင် ကျစ်ကြရသည်။

ဆင်ဖမ်းကျုံး၏ ပုံသဏ္ဍာန်မှာ တဖက်ကျဉ်းတဖက်ကျယ်ပြီးစတုဂံ (ယက်သဲဘောင်) ကဲ့သို့ရှိသည်။ ကျုံးတိုင်တလုံးနှင့်တလုံး၏ အကွာအဝေးမှာ တပေလောက်စီရှိပြီး သုံးပေအထိ မြေကြီးထဲ၌ စိုက်ထူရသည်။ ထိုကျုံးတိုင်များ၏ အပြင်ဘက်တွင် မျောတန်းများကို ခြံစည်းရိုးကာသကဲ့သို့ တတန်းနှင့်တတန်း နှစ်ပေနီးပါးစီထား၍ အုန်းဆံကြိုး ကြိမ်နီတို့ဖြင့် အခိုင်အခံ့ (ဗူးလည်စည်း) တုတ်နှောင်ပြီး ချည်ရသည်။ ကျုံး၏



ရှမျက်နှာစာ ဖြစ်သော အကျယ်ဘက်တွင် ကျုံးတံခါး
ကိုထားရှိပြီး ကျုံးနောက်ဖက်ကိုမူ ကျုံးတိုင်များဖြင့် အလုံ
ထားရသည်။ ၎င်းကို ကျုံးနောက်ပိတ်ဟု ခေါ်ပြီး အတော်
င့်ကြီး၍ အမြစ်ဆုံကောင်းကာ ခိုင်ခံ့သော သစ်ပင်ကြီး
င်ကို နောက်ကအမာခံအဖြစ်ထားရသည်။

ကျုံးတံခါးဝရှေ့ဖက်တွင် ကျုံးတံခါးတိုင် လေးလုံးကို
စ်လုံးနောက်နှစ်လုံး စိုက်ထူပြီး အလယ်တွင် ကျုံးတံခါးကို
းရသည်။ ကျုံးတံခါးမှာ လူကြီးခြေသလုံးလောက်ရှိသော
တိုင်များကို တလုံးချင်းစီကျပ်၍ နံရံသဖွယ် ခိုင်ခံ့စွာ
ပ်ထားရသည်။ မတ်တတ်ထောင်ထားသော ကျုံးတံခါး၏
ာက်တိုင်ထိပ်ဖျားများကို မြနေအောင် ချွန်ထား၏။ ဤသို့
ထားခြင်းမှာ ကျုံးထဲသို့ ဆင်များဝင်မိသောအခါ အပေါ်က
ါးကို ဖြုတ်ချလိုက်ပါက တံခါးရင်းသည် မြေပြင်သို့ စူးဝင်
းစေရန် ဖြစ်သည်။

ကျုံးတံခါးမှာ အရှင်ဖြစ်ပြီး ရှေ့နှစ်လုံး နောက်နှစ်လုံးစီ
ထူထားသော တံခါးတိုင် လေးလုံးကြားမှ အထက်သို့
သုံးဆယ်ခန့် အမြင့် ဆွဲတင်ထားရသည်။ ကျုံးတံခါးကို
တင်ထားသော လုံးပတ်ခြောက်လက်မ လျှော်ကြိုးကို ကျုံး
နှင့် ကန့်လန့်ဖြတ် ချည်နှောင်ထားသော မောင်းခလုတ်
င်းတွင် သုံးပတ်မျှ ငါးပတ်အထိရစ်ပတ်ပြီး ကျုံးအပေါ်မှ
ျွားလိုက် ဖြတ်သွယ်ယူကာ ကျုံးနောက်ပိတ်ရှိ အမာခံ
ပင်ကြီးတွင် ချည်နှောင်ထားရသည်။

အမြင့်ပေ ၃၀ ကျော်ရှိ ကျုံးတံခါးထိပ်တွင် တံခါးမှူး
င့်ရန်အတွက် လင့်စင်ငယ်တခု ထိုးထား ပေးရသည်။ ထို
င်သို့ တံခါးမှူးတက်သွားနိုင်ရန် ကြက်တက် လှေကားငယ်

တခုကို ကျုံးဘေးလက်တံမှ အပေါ်သို့ ၄၅-ဒီဂရီ ဆင် ထားရသည်။ တံခါးမှုး၏ လင့်စင်အောက်တွင် အရှည်ပေ ၃ ခန့်ရှိသော ဆင်စမ်းဝါးတလုံးနှင့် အပေါ်တွင် အချက်ပေး ဝါးကုလားတက်သို့မဟုတ် မောင်းတလုံး ထားရှိသည်။

ကျုံးတံခါးဝ နှစ်ဖက်နှင့် ဆက်လျက် တဖက်လျှင် အရှ ပေ ၁၂၀၀-မှ ၁၈၀၀ ထိ မျောတန်း မျောတိုင်များန ရဲလောင်းလက်တံနှစ်ဖက် သွယ်ပေးထားရသည်။ ထိုရဲလော လက်တံများမှာ ဒီဂရီ ၆၀ အပြင်သို့ ကတော့ပုံကားသွားေ သည်။ ဤသို့ ကတော့ပုံရဲလောင်းလုပ်၍ သွယ်တန်းထားသေ မျောတန်းမျောတိုင်များမှာ ကျုံးကဲ့သို့ ခိုင်ခံ့ရန် မလိုပဲ အ အတားမျှသာဖြစ်ပြီး ရဲလောင်းနှင့်တကွ ဆင်ကျုံးကိုဆင်ရိုင်း များမသိမရိပ်မိအောင် သစ်ခက်သစ်ပင်စိမ်းများဖြင့် ဖုံးကွယ် မှောင်ချထားသည်။

ဘယ်လက်တံ ညာလက်တံခေါ် ကတော့ပုံ ရဲလောင်း ခြံစည်းရိုး တလျှောက်ရှိ သစ်ပင်များပေါ်တွင် တဖက်လျှ လင့်စင်ကလေးများ နှစ်ခုသုံးခုစီ လုပ်ထားရ၏။ လင့်စင်တခုနှ တခု၏အကွာအဝေးမှာ ပေ ၃၀၀ ကျော်ခန့်ရှိသည်။ လင့်စ အောက် တဖက် လက်တံမှသည် နောက် တဖက် လက် အောက်ထိ ရဲလောင်းအတွင်းကို ကန့်လန့်ဖြတ်လျက် သစ်ရွ သစ်ခက်ခြောက်များကို သုံးလေးလံ အကွာတွင် တပုံကျ စုပုံထားရသည်။ ထိုသစ်ရွက်ပုံနားလင့်စင်အောက်တွင် ရေနံဆ အပြည့်ထည့်ထားသော ဝါးကျည်တောက်တလုံးကျစီကို သစ်ပ ဘေးခွမျောင်၍ အသင့်ထောင်ထားရသည်။ ဝါးကျည်တောက ထိပ်ဝကို ကောက်ရိုးကြိုးလုံးကြီးကျစ်၍ရင်း၊ သစ်ခေါက်အနှစ များကိုလုံး၍ရင်း ပိတ်ထားရသည်။



ဆင်ရိုင်းများကို ကျုံးရှိရာသို့ မောင်းသွင်းလာကြရာတွင် ကျုံးနှင့်တဆက်တည်း သွယ်ထားသော ရဲလောင်းထဲသို့ တောဆင်ရိုင်းများ ဝင်လာသည်နှင့် တပြိုင်နက် အပေါ်လင့်မှ လင့်စောင့်လုပ်သားများသည် လင့်ပေါ်မှ ချက်ချင်းဆင်း၍ အသင့်စုပုံထားသော အမှိုက်ပုံများကို ရေနံလောင်းမီးရှို့ကာ တောဆင်ရိုင်းများပြန်ထွက်ပြေးမသွားအောင် မီးပုံဖြင့် ပိတ်ရသည်။ ဤသည်ကို မီးပိတ်ဟု ခေါ်၏။ ဆင်ကျုံး တခုလျှင် ဤကဲ့သို့ ပထမ မီးပိတ် ဒုတိယ မီးပိတ်ဟု နှစ်ခုစီရှိတတ်သည်။ ပထမ မီးပိတ်တခုတွင် အမှိုက်ပုံကလေးများတဆယ်ကျော်ရှိပြီး ဒုတိယ မီးပိတ်မှာ ကျဉ်းလာသဖြင့် အမှိုက်ပုံခုနစ်ပုံရှစ်ပုံသာရှိသည်။ ဤသည်မှာ အမှန်က ပုံသေမရှိပေ။ ရဲလောင်း၏ အကျဉ်းအကျယ်ကိုခန့်မှန်း၍ သင့်တော်သလို ထားပေးရသည်။

ဆင်ဖမ်းကျုံး၏ အလျားမှာ သာမန်အားဖြင့် ပေ ၄ မှ ၆၀ အထိရှိပြီး ကျုံးရှေ့အဝမှာ ၁၂-ပေ အကျယ်ရှိသည်။ ကျုံးနောက်ပိတ်မှာ ခြောက်ပေသာရှိပြီး ကျုံး၏ ကိုယ်ထည်အမြင့်မှာ ၁၂-ပေ ရှိသည်။

ကျုံး၏ နံရံတဖက်တွင် တောဆင်ရိုင်းများမိက ထုတ်ယူရန် ဆင်တကောင်ထုတ်သာရုံ ဘေးတံခါး တပေါက်ရှိသည်။ တံခါးပေါက်ဟု ဆိုသော်လည်း ကျုံးနံရံနှင့်အတူ သေသေချာချာ ခိုင်ခိုင်ခံ့ခံ့ တုတ်နှောင်ချည်ထားရသည်။ ဆင်များမိ၍ အပြင်ထုတ်ခါနီးမှ ဆင်တကောင်ထုတ်သာရုံထိုတံခါးပေါက်ကို ဖျက်ပြီး ထုတ်ယူရသည်။

ထိုတံခါးပေါက်ရှိသည့်ဘက်တွင် ကျုံးနှင့် မနီးမဝေး၌ ပုခက်ဟု ခေါ်သော သုံးတိုင်စင် ငါးခုမှသည် ဆယ်ခုအထိ အဆင်သင့်လုပ်ထားရသည်။ ပုခက်မှာ တရိဂံ ပုံသဏ္ဌာန်ရှိပြီး

တရိုက်၏ထောင့်စွန်းနေရာများတွင် တိုင်များကို စိုက်ထူထားရသည်။ သစ်ပင်များရနိုင်ပါက ပိုပြီးစိတ်ချရ၏။ ထိုတရိုက်ပုံသဏ္ဌာန်ရှိ ပခက်တန်းနှင့် မြေပြင်၏အနိမ့်အမြင့်မှာ ဆင်များအရပ်လွတ်ရုံဖြစ်သည်။ သို့မှသာကျုံး၌မိပြီး ကျုံးထုတ်လာသော ဆင်များကို အကြီးအသေးအလိုက် ဤပုခက်များ၌ ထည့်ပြီး ဦးဆုံးလေ့ကျင့်ပေးရပေမည်။

တောဆင်ရိုင်းများ ထောင်ဖမ်းရန် ကျုံးဆောက်လုပ်ရာ၌ ဆင်ကျုံး၏ မျက်နှာမူထားရာအရပ်သည် အဓိကအရေးကြီးသောအချက်တခုဖြစ်သည်။ ကျုံးဆောက်လုပ်ပြီး ဆင်ရိုင်းများ မောင်းသွင်းကြသောအခါ တောဆင်များ ဝင်လာရာလမ်းကတခြား၊ ကျုံးတံခါးဝရှိရာဘက်က တခြား ဖြစ်နေလျှင် ဥပမာ တောင်နှင့်မြောက်ကို ကျုံးအလျားရှိနေပြီး တောဆင်ရိုင်းများ လာရာလမ်းက အရှေ့အနောက်ကန့်လန့် ဖြစ်နေလျှင် ကျုံးဝင်ခါနီးမှ ဆင်များပြန်ထွက်လာသည့်အပြင် လုပ်သားများကိုပါ အန္တရာယ်ပြုသွားနိုင်လေသည်။

ဆင်ကျုံးဆောက်လုပ်နေကြချိန်တွင် တောဆင်ရိုင်းများကို ကျုံးထဲသို့ အတင်းခြောက်လှန့်မောင်းသွင်းရာ၌ အသုံးချရမည့်ပေထုပ်များကို ဆင်ဖမ်းလုပ်သားများကိုယ်တိုင်ထုတ်လုပ်ကြရသည်။ ပေထုပ်မှာ ဆေးဒန်းနှင့်ပိုတက်မှုန့်ကို အတူညီမျှစွာ သမပြီးလျှင် ကျောက်စရစ်ခဲငယ်များအနည်းငယ်ရောစပ်လျက် စက္ကူထူထူနှင့် ကျစ်လစ်သိပ်သည်းစွာ အထုပ်ငယ်ကလေးများ ထုပ်ရသည်။ ပေထုပ်များရေမစိုစွတ်စေရန် ပလပ်စတစ် အပါးစားဖြင့် အပေါ်မှ ထုပ်ထားရသေးသည်။ အချို့ဒေသများတွင် ပေထုပ်များအစား ဗျောက်အိုးကို အသုံးချတတ် ကြသည်။ ဤသည်မှာ တောဆင်ရိုင်းများမောင်းလာရာ၌ ဆင်များကျုံးရှိ



ာ်သို့ ပြေးသွားအောင် ခြောက်လှန့် အသံပေးပြီး ာက်ရခြင်း ဖြစ်သည်။ ဗျောက်အိုးမှာ မီးရှို့ဖောက်ရပြီး ပ်မှာ မာကြောသော သစ်ပင် သို့မဟုတ် ကျောက်တုံး ပေါ် သို့ တအားပစ်ပေါက်လိုက်လျှင် ဒိုင်းကနဲ ပေါက်မြည် သည်။

ဦးစောမြဗိုလ်တို့ ဆင်ဖမ်းလုပ်သားများမှာ ပေထုပ်များ ာ အသုံးပြုကြသည်။

တောဆင်ရိုင်းများမောင်းရန် ထွက်ကြသည့် လုပ်သား သား သောင်ဆရာလူကြီးက တယောက်လျှင် ပေထုပ် ပ်မှ ငါးထုပ်အထိ ခွဲတန်းချ၍ ပေးထားသည်။ ၎င်းပေထုပ် န် ဆေးဒန်းနှင့် ပိုတက်ကို မြန်မာနိုင်ငံသစ်ထုတ်လုပ်ရေး ဆင်ကျုံးတကျုံးလျှင် ငါးပိဿာကျစီ ထုတ်ပေးခွင့် သည်။

ဆင်ဖမ်း လုပ်သားများမှာ တောကြီး မျက်မဲ ထဲ၌ သလို တဲထိုး၍ နေကြရလေရာ သူတို့၏တဲမှာ လုံလုံခြုံခြုံ ာ။ ထို့ကြောင့် ကျွန်တော်တို့ လဝါဘက်ထွက်နေကြစဉ် တရက်နှစ်ရက်လောက်က မိုးရွာသွားသဖြင့် ပေထုပ်များ သွား၍ နောက်ထပ်ဆင်ဖမ်းခြင်းကို ခဏရပ်ထားရသည် စောမြဗိုလ်က ပြောလေသည်။

ပေထုပ်လေးထုပ်ကို ကျွန်တော်တို့ ရှေ့တွင်ပစ် ဖောက် ပေထုပ်သုံးထုပ်မှာ တထုပ်သာပေါက်လေသည်။ ကျန် ပ်များ လုံးဝမပေါက်တော့။ အကယ်၍ ဆင်မောင်းနေ ာ် ဆင်ရိုင်းက လူကိုအန္တရာယ်ပြုရန် လိုက်လျှင် ဤသို့ ပ်ကလည်း ပစ်ခွဲ၍မပေါက်က အန္တရာယ် ဖြစ်နိုင်သည်။ ဒန်းနှင့် ပိုတက်များဝယ်ရာတွင် အကြောင်း အမျိုးမျိုး

ကြောင့် သက်ဆိုင်ရာတို့က လိုသလောက်ထုတ်ပေးခြင်း
သိရလေသည်။

ကျွန်တော်တို့ နိုင်ငံတွင် သစ်ထုတ်လုပ်ရေး အ
ဆင်များမှာ အရေးတကြီး လိုအပ်လျက်ရှိရာ ဤပိုတ
ဆေးဒန်းများကို ဆင်ဖမ်းလုပ်သားများအား လိုသ
သက်ဆိုင်ရာတို့က ထုတ်ပေးသင့်ပေသည်။

ဆင်ဖမ်း လုပ်သား များသည် ဆင်တောင်က
ဆင်ဖမ်းရန် ပစ္စည်းကိရိယာများကို အောက်တိုဘာလ
သို့မဟုတ် နိုဝင်ဘာလလယ်လောက်တွင် အပြီးအစီး
လုပ်ပြုပြင်ကြရသည်။ ကျုံးပြီးသည်နှင့်တပြိုင်နက် သူ
ဆင်မောင်းထွက်ပြီး တောဆင်ရိုင်းများ ဖမ်းရန် စိုင်းပြ
တော့သည်။

## ကျုံးသွင်းခြင်း

ကျုံးတည်ဆောက် ပြီးသောအခါ ဆင်ဖမ်းထွက်
တွက် နေ့ကောင်းရက်သာ ရွေးကြရသည်။ ထိုနေ့၌ပင်
ဆရာလူကြီးမှစ၍ ဆင်ဖမ်းလုပ်သားများ အားလုံးသည်
ချီး ကိုယ်လက်သန့်စင်ကြပြီး ကျုံးရှိရာအရပ်၌စုရုံးကြရ
မိမိတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာအလိုက် ဘုရားရှိခိုး
တောပိုင် တောင်ပိုင်များအား ပသ တင်မြှောက်ခြင်း
လည်း ပြုလုပ်ကြ၏။

ကျုံးနားတွင် သတ်မှတ် ထားသည့် အတိုင်း အ
နေရာ ယူထား ကြသော လုပ်သား များအား သော
လူကြီးက မိမိတို့၏ လုပ်ငန်းနှင့် အကာယ်၍ ဆင်ဖမ်းပြီး



ပြီးသောအခါ ခံစားကြရမည့် ခံစားခွင့်များကို သူတို့ နား
သဘောပေါက်အောင် စေ့စေ့သေချာစွာ ရှင်းပြသည်။
ရှင်းပြပြီးနောက် ဆင်ဖမ်း နေကြစဉ် ကာလအတွင်း
သားအားလုံး လိုက်နာကျင့်သုံးကြရမည့် အလုပ်ခွင်စည်း
ခွင့်လူမှုရေးကျင့်ဝတ်များကို ပြောပြသည်။ ဆင်ဖမ်းနေစဉ်
င်း ဤစည်းကမ်းချက်များကို ချိုးဖောက်သော လုပ်
သား သောင်ဆရာလူကြီးက ဆင်ဖမ်းအဖွဲ့မှ ချက်ချင်း
ယ်ပစ်နိုင်သည်။

ဆင်ဖမ်းနေစဉ်အတွင်း လုပ်သားများအားလုံး လိုက်နာ
သုံးကြရမည့် စည်းကမ်း များမှာ အောက်ပါအတိုင်း ဖြစ်

၁။ သူတပါးပစ္စည်းဥစ္စာကို ပိုင်ရှင်မသိပဲ ကိုင်တွယ်ခြင်း
ခြင်း လုံးဝမပြုရ။

၂။ သူတပါး သားမယား သမီးပျိုစသည်တို့ကို ပြစ်မှား
သွန်ခြင်း အလျှင်းမပြုရ။

၃။ သောင်ဆရာ၏ ခွင့်ပြုချက်မရပဲ သားကြီးငါးကြီး
ကို သတ်ဖြတ်ခြင်း စားသောက်ခြင်း လုံးဝမပြုလုပ်ရ။

၄။ လင့်စောင့်ရာ၌ တာဝန်ကျလုပ်သားများသည် မိမိတို့
န်ကျရာ လင့်စင်များပေါ်သို့ မွန်းလွဲတနာရီမှသည် ည
ကောင် တဆယ့်နှစ်နာရီထိ သွားရောက် စောင့်ကြရမည်။
ပေါ် ရောက်နေသော မွန်းလွဲ တနာရီမှသည် ညသန်းကောင်
ယ်နှစ်နာရီထိ ဆေးလိပ်သောက်ခြင်း၊ တံတွေးထွေးခြင်း
မပြုလုပ်ရ။ ကျင်ကြီးကျင်ငယ် စွန့်မချရ။ အကယ်၍
ကြီးကျင်ငယ်နှင့် တံတွေး ထွေးချင်လျှင် လင့်ပေါ်တွင် အ
သားရှိသောဝါးကျည်တောက်ကို အသုံးပြုကြရမည်ဖြစ်၏။

အထက်ပါအတိုင်း သောင်ဆရာက ဆင်ကျုံးပိုင်း
ငန်းပိုင်း စည်းကမ်းချက် များကို ရှင်းလင်း ပြောပြပြီး
အခါ သောင်ဆရာမှစ၍ လုပ်သား အားလုံးသည် မိုး
မွေးသည့်နေ့မှစ၍ ယနေ့အထိ ပြုလုပ် ကျူးလွန် ခဲ့ဖူး
မကောင်းမှုများရှိခဲ့လျှင် မိမိတို့ကိုးကွယ်သည့် ဘာသာအ
ဘုရားသခင်ထံတွင် မကွယ်မဝှက် ဖွင့်ဟ ဝန်ခံလျက် ထ
ဘုရားရှိခိုးကြသည်။ ဘုရားရှိခိုး ပြီးသောအခါ ကျွေးမွေ
အသင့် စီမံချက်ပြုတ်ထားသော စားသောက်ဖွယ်ရာမျ
အားလုံး ဝိုင်းဖွဲ့လျက် လက်ရေတပြင်စီး တစုတရုံးတည်း
သောက်ကြသည်။

စားသောက်ကြပြီးသည်နှင့်တပြိုင်နက် ဆင်ဖမ်းအုပ်
များသည် ဆင်မောင်းရန် အဖွဲ့ငယ်များကို ဖွဲ့စည်းလျက်
ဆင်ရိုင်းများမောင်းရန် ခရီးစတင်ထွက်ကြရသည်။

ဆင်ဖမ်းအုပ်စုမှူးများ၏ တာဝန်မှာ တောဆင်ရိုင်း
အစုလိုက် အုပ်လိုက် နေတတ်ကြသည့် တောတောင် လျှိုမြေ
များသို့ မိမိ၏ ဆင်ဖမ်းအဖွဲ့သားများအား ဦးဆောင်ကာ
သွားပြီးလျှင် တွေ့ရှိရသည့် တောဆင်ရိုင်းများအား ကျ
အရပ်သို့ တဖြည်းဖြည်း လူရောင်ပြပြီး မောင်းလာရန်ဖြစ်သ

ဆင်ကျုံးတကျုံးလျှင် ဤဆင်မောင်း အဖွဲ့ငယ်များ
လေးဖွဲ့မှငါးဖွဲ့အထိရှိပြီး တဖွဲ့လျှင် လုပ်သား လေးယောက်
ယောက်ထိ ရှိတတ်သည်။ ဆင်မောင်းထွက်ရာတွင် တင်
ရက်သတ္တတပတ်ကျော်ပင် ကြာတတ်၏။ ဤသို့ ကြာနေ
ဆင်မောင်းနေစဉ်အတွင်း အချို့က စခန်းသို့ပြန်၍ ထမင်း
နှင့် ငါးပိ ဆား စသည်တို့ကို လာယူကြရသည်။ ကြိုရာ
ထဲတွင် ဆန်ထမင်းကို ဆားဟင်းနှင့် စား၍ ဆင်းရဲဒုက္ခ ခံ



မိမိတို့တွေ့ထားသော ဆင်အုပ်ကို အလွတ်မခံပဲ အစဉ်တစိုက်
လိုက်မောင်းကြရသည်။ စခန်းနှင့် နီးလာသောအခါ စခန်းသို့
ပြန်၍ စားကြ၏။ စခန်းတွင် တာဝန်ကျသူများသည် ဆင်
မောင်းလုပ်သားများ အမောတကောရောက်ရှိလာလျှင် ထမင်း
ချက်ချင်း စားသွားနိုင်ရန် ထမင်းဟင်းများကို နေ့စဉ် အသင့်
စီမံထားကြရသည်။

ဆင်ကျုံးရှိရာသို့ တောဆင်ရိုင်းများကို မောင်းလာကြ
သည်ဆိုရာ၌ ဆင်အုပ်ကို ခြောက်လှန့်ကာ အဘောင်းဖသကြမ်း
မောင်းနှင်လာခြင်းမဟုတ်ပဲ ဆင်ကျုံးရှိရာဘက်သို့ လူရိပ် လူ
ခြည်ပြ၍ တဖြည်းဖြည်း မ,လာရခြင်း ဖြစ်သည်။ ဤသို့ ဆင်
ဖမ်းကျုံးနှင့် နှစ်မိုင်အနီးထိ ရောက်အောင် မောင်းလာကြရ
သည်။

ဤကိစ္စအတွက် ဆင်ဖမ်းအဖွဲ့အုပ်စုမှူးများ၏ ကျွမ်းကျင်
မှုနှင့် ဆင်ကျုံးရှိရာ အရပ်မျက်နှာကို မှန်ကန်တိကျစွာ ခန့်မှန်း
တတ်မှုမှာ အထူးအရေးကြီး၏။ ထို့အပြင် အပင်ပန်း ခံနိုင်ပြီး
ဇွဲနှင့် ဝီရိယရှိရန်လည်း အထူးပင် လိုအပ်လှပေသည်။

ဆင်မောင်းလုပ်သားများက တောဆင်ရိုင်းများကို ကျုံး
ရှိရာ အရပ်သို့ မောင်းလာနေကြပြီး ကျုံးနှင့် နှစ်မိုင်သုံးမိုင်ခရီး
ထိ နီးလာသောအခါ လင့်စောင့်ကြရသော လုပ်သားများမှာ
ဆင်မောင်းသမားများ အချင်းချင်း "ဂျိ" ခေါ်ဝါးကျည်တောက်
ဗုံးများမှတ်၍ အချက်ပေးသံ၊ ဗျောက်အိုးပေါက်သံများ ဖောက်
သံ စသည်တို့ကို အထူးဂရုစိုက် နားစွင့်၍ သတိဝီရိယကြီးစွာရှိ
နေကြရသည်။

ဆင်မောင်းသမား လိမ်မာပါးနပ်စွာ မောင်းနှင်လာကြ
သော ဆင်ရိုင်းများသည် ဆင်ကျုံး၏ ရဲမောင်းလက်တံအတွင်း

သို့ ဝင်လာကြပြီး မိမိတို့စောင့်နေသော လင့်အောက်ကဖြတ်၍ ဆင်ကျုံးရှိရာဘက်သို့ လွန်သွားကြသည်နှင့်တပြိုင်နက် လင့်စောင့်လုပ်သားများသည် ချက်ချင်း လင့်စင်ပေါ်မှ ဆင်းကာ လင့်စင်အောက်တွင် အသင့် စုပုံထားသော အမှိုက်ပုံများကို တပုံပြီးတပုံ ရေနံလောင်းကာ အလျင်အမြန် မီးရှို့ကြရသည်။ ဤသည်ကို ပထမမီးပိတ်ဟု ခေါ်သည်။ အမှိုက်ပုံများကို မီးရှို့ပြီးသောအခါ လင့်စောင့်သူသည် ဆင်မောင်းသမားများနှင့် ရောပြီး ဆင်ကျုံးရှိရာဘက်သို့ လိုက်မောင်းသွားကြရသည်။

ဤသို့ ပထမမီးပိတ်ကို ပိတ်ထားပြီးသည်နှင့် တပြိုင်နက် ဆင်မောင်းသမားနှင့် ပထမ မီးပိတ်မှ လင့်သမားမှာ တောဆင်ရိုင်း များကို ကျုံးရှိရာဘက်သို့ အတင်း ဒလကြမ်း မောင်းသွင်းကြရသည်။ တောဆင်ရိုင်းများအား အမှန် တကယ် ကြမ်းကြမ်းတမ်းတမ်း မောင်းခြင်းကို ဤအချိန်က စသည်ဟု ဆိုနိုင်လေသည်။

များသောအားဖြင့် တောဆင်ရိုင်းများမှာ မီးကို အလွန်ကြောက်ရွံ့ကြလေရာ မီးကိုမြင်သောအခါ ဆင်ကျုံးရှိရာဘက်သို့ စုပ်ပြေးကြသည်။ အကယ်၍ ပထမမီးပိတ်မှ ဒုတိယ မီးပိတ်သို့ မရောက်မီ ဆင်ရိုင်းများ ပြန်လှည့် ထွက်ပြေးသွားကြလျှင် ပထမမီးပိတ်မှ လင့်စောင့်သူ၏ ပေါ့ဆမှု အလုပ် မကျွမ်းကျင်မှုကြောင့် ဖြစ်သည်ဟု သောင်ဆရာလူကြီးက ယူဆသည်။

ကျုံးရှိရာအရပ်သို့ရှေ့ရှုပြေးနေကြသောတောဆင်ရိုင်းများ၏ နောက်ကို ပထမလင့်စောင့်သူနှင့် ဆင်မောင်းလုပ်သားများသည် ဗျောက်အိုး ပေထုပ်များဖောက်၍ ပြေးလိုက်ကြရသည်။ တကောင်တလေ ပေကပ်ကျန်နေလျှင် သို့မဟုတ် ဆင်အုပ်နှင့်ရောပြီး ထီးခိုးများ တကောင်တလေ ကပ်ပါလာလျှင် မီးကွင်း



၍ မောင်းကြရသည်။ အုပ်မှ ဆင်များသည် များသော ားဖြင့် ခေါင်းဆောင်ဆင်၏သွားရာနောက်ကိုသာ လိုက်တတ် ၍ ကပ်ကျန်ခဲ့လှသည်။

ဒုတိယမီးပိတ်မှ လင့်စောင့်သူသည်လည်း ပထမမီးပိတ်မှ စောင့်သူကဲ့သို့ပင် ဒုတိယမီးပိတ်မှ ဆင်များ ကျုံးရှိရာဘက် လွန်သွားကြသည်နှင့် တပြိုင်နက် ချက်ချင်း လင့်စင်ပေါ်မှ ပြီးအမှိုက်ပုံများကို ရေနံလောင်းကာ မီးရှို့ရသည်။

ဒုတိယမီးပိတ်မှာ ပထမမီးပိတ်ထက် ပို၍ စိပ်ပြီး ပို၍ သည်း အရေးကြီးသောမီးပိတ်ဖြစ်လေရာ ညဥ့်သန်ကောင် အ ဝေးသို့လျှင် တဝေါဝေါ တောက်လောင်နေသော မီးပုံများအား ကွင်းလိုက် အဝိုင်းလိုက် မြင်နေရသည်ကိုအစွဲပြု၍ ဒုတိယ မီးပိတ် မီးဝိုင်းဟုလည်း ခေါ်လေသည်။

ဤနေရာမှာ ကျုံးတံခါးနှင့်နီးနေပြီး ဆင်ဝင်ရန် အချိန် ကပ်နေပြီ ဖြစ်သဖြင့် ဆင်နှင့် လူများမှာ ဝရုန်းသုံးကား သက်စွန့်ဆံဖျား အင်အားပြိုင်ကြရသည်။

အချို့ကျုံးများတွင် ဤနေရာ၌ ဆင်များက လူများ ပြန်၍ လိုက်လျှင် အလွယ်တကူနှင့် သစ်ပင်များပေါ်သို့ တက်ပြေးနိုင်ရန် ကြက်တက် လှေကားရှင်များနှင့် အထုံးအဖွဲ့ ချည်နှောင်ထားသောကြိုးကြီးများကို သစ်ပင်များပေါ်မှ တွဲလွဲ ချထားတတ်ကြသည်။ ဆင်က အတင်းလိုက်လျှင် ကြိုးထုံးများကိုဆွဲပြီး သစ်ပင်များပေါ်သို့ တက်ပြေးနိုင်၏။ သို့သော် ကျွန်တော် လေ့လာရန် ရောက်သွားသော မိုးမိတ်ခရိုင်က ဖြစ်သောမြဗိုလ်တို့ကျုံးတွင်မူ ဤကြိုးများ မရှိပေ။

ကျုံးပေါ်ရှိ လင့်စင်မှ တံခါးစောင့်နေသော တံခါးမှူးသည် ဆင်နှင့် လူများ ဤကဲ့သို့ ဝရုန်းသုံးကား အင်အား

အစွမ်းပြိုင်နေကြချိန်တွင် အခြေအနေကို သုံးသပ်ကာ ဝိ
ကို အတတ်နိုင်ဆုံး ငြိမ်သက်စွာ ထားရသည်။ ကျုံးထဲ
ဆင်များ ဝင်လာကြသည်နှင့်တပြိုင်နက် တံခါးမှူးသည် တံခါ
ကြိုးကို ဖြတ်ချရမည့် ဓားကို မြဲမြဲ ဆုပ်ကိုင် ထားရသည်
ထိုနောက် ကျုံးကို ကန့်လန့်ဖြတ်ထိုးထားသော ပထမ ဒု
ယ၊ တတိယစသည့် ဝါးလုံးများအား ဆင်တို့၍ ကျုံးသံ
နားစွင့်ရသည်။

ညကြီးသန်ကောင်ဖြစ်သည့်အပြင် ဆင်ကျုံးကိုလည်း သ
ပင် သစ်ခက်များနှင့် မှောင်ချထားလေရာ တံခါးမှူးမှာ ဆ
များတို့၏ ဖျောင်းကနဲ ဖျောင်းကနဲ ဝါးလုံးကျိုးသံနှင့် ဆ
ကျုံး နောက်ပိတ်ကို ဆင်အောင်းသံ တိုးသံကြားရမှ ဆ
ရိုင်းများ ကျုံးထဲရောက်နေပြီဖြစ်ကြောင်း အတပ်သိရသည်
ထိုအခါ လင့်အောက်မှ တံခါးပေါက်ဆီသို့ တွဲလောင်းချထာ
‘သော ဆင်စမ်းဝါးလုံးနှင့် တံခါးလမ်းပေါက်ဝတွင် ဆင်ရှိမ
ဝှေ့ရမ်း၍ စမ်းကြည့်ရသည်။

အကယ်၍ တံခါးမှူးသည် ဆင်ရိုင်းများ ကျုံးထဲ ဝ
လာသည်ကို သိသည်နှင့်တပြိုင်နက် စိတ်လှုပ်ရှားမှု များလွန်း
သော်၎င်း၊ ကြောက်ရွံ့၍သော်၎င်း၊ လောဘဇောကြီးလွန်း
သော်၎င်း ဆင်စမ်း ဝါးလုံးနှင့် တံခါးလမ်းကို မစမ်းကြည့်
တံခါးကြိုးကို ဖြတ်ချမိပါက တံခါးလမ်းတွင် ဆင် မရှိပါလ
ဘာမျှ မဖြစ်ပေ။ အကယ်၍ ဆင်ကောင်ရေ များ၍ ဆ
အားလုံး အတွင်းထဲမရောက်ခင် တံခါးကြိုးကို ဖြတ်ချလို
ပါက ဆင်ကိုယ်ပေါ်သို့ကျပြီး တံခါးမပိတ်မိပဲ ကျုံးထဲ ဝ
နေသော ဆင်များမှာ ပြန်ထွက်ပြေးသွားနိုင်သည်။ ကိုယ်ပေ
သို့ တံခါးပြုတ်ကျခြင်းခံရသော ဆင်မှာလည်း ချက်ချင်းသေ



သွားမည် ဖြစ်သည်။ ထို့ကြောင့် တံခါး ဖြတ်မချခင် ဆင်
စမ်းဝါးလုံးနှင့် တံခါးလမ်း တလျှောက်ကို အထူး ဂရုစိုက်၍
စမ်းသောက် ကြည့်ရသည်။

ဆင်စမ်း ဝါးလုံးနှင့် တံခါးလမ်းကို ဘယ်ညာ ဝှေ့ရမ်း
စမ်းကြည့်ပြီး တံခါးလမ်းတွင် ဆင်မရှိမှန်း သိသောအခါ
တံခါးကြိုးကို တံခါးမှူးက ဓားနှင့် ခုတ်ဖြတ် ချလိုက်ရသည်။
ကျုံးတံခါးကြိုး ဖြတ်ချရာတွင် တံခါးကြိုး မပြတ်ပဲ မတော်
တဆ ဓားလွတ်ကျသွားလျှင် ချက်ချင်း ထပ်ပြီးခုတ်ဖြတ်နိုင်ရန်
နောက်ထပ် ဓားတလက် အပိုဆောင်ထားရသည်။

ကျုံးပေါ်ရှိ တံခါးမှူးသည် တံခါး ဖြတ်ချလိုက်ပြီးသည်
နှင့် တပြိုင်နက် လင့်ပေါ်တွင် အသင့်ဆွဲထားသော ကုလား
တက်၊ သို့မဟုတ် မောင်း စသည်တို့ကို တဒေါင်ဒေါင် ထုပြီး
အချက်ပေးရသည်။ ဤသို့ အချက်ပေးရခြင်းမှာ တံခါးဖြတ်
ချပြီး ဖြစ်သဖြင့် အကယ်၍ တကောင်တလေ ကျန်နေသော
ဆင်များ ကျုံးဘက်မှ ပြန်လှည့်ပြေးလာလျှင် အောက်၌ ရှိ
နေကြသော ဆင်ဖမ်းလုပ်သားများ သတိထားပြီး ရှောင်နိုင်
တိမ်းနိုင်စေရန် ဖြစ်သည်။

ထိုသို့ အချက်ပေးပြီးသည်နှင့် တပြိုင်နက် တံခါးမှူးသည်
လင့်စင်ပေါ်မှ ချက်ချင်း ပြေးဆင်းကာ တံခါးရွက်နှင့် ကျုံး
တိုင်များကို ခိုင်ခံ့အောင် ချည်နှောင်ရသည်။ သို့မဟုတ်ပါ
က ကျုံးထဲ၌ ဖမ်းမိထားသော ဆင်များသည် တံခါးဘက်သို့
ပြန်လှည့်လာပြီး တံခါးကို တအားအောင်း ဖွင့်တတ်ကြလေ
သည်။

တံခါးမှူးက တံခါးကို ဂရုတစိုက် မြဲမြံအောင် ချည်
နှောင်နေချိန်တွင် ကျန်သော လုပ်သားများသည် ကျုံးပတ်

ဝန်းကျင်၌ အသင့်ထားရှိသည့် ရေနံဆီမီးခွက်များကို ချက်ချင်း ထွန်းညှိကြရသည်။ တောထဲတောင်ထဲတွင် တန်ဆောင်တိုင် ဆီမီးပွဲကဲ့သို့ ကျုံးကို ဝိုင်း၍ **စီတန်း** ထွန်းညှိကြသည်။

ဤသည်မှာ ဆင်ကျုံးနား **ပတ်ဝန်းကျင်တဝိုက်** လင်း လင်းထင်းထင်းရှိပြီး အလုပ်လုပ်ရန်နှင့် **မီးကိုအလွန်ကြောက်** တတ်သော ဆင်ရိုင်းများအား **လူသားများက** ကျုံး၌ ဖမ်း သွင်းထားပြီးဖြစ်သည့်အပြင် မီးဖြင့်လည်း ဝိုင်းထားလေပြီဟု ဆင်များ စိတ်ဓာတ်ကျသွားအောင် စိတ်ဓာတ် စစ်ဆင်ခြင်း တမျိုးဖြစ်သည်။

ကျုံးထဲတွင် မိနေသော ဆင်များသည် ကျုံးတိုင်များ ကို အောင်းခြင်း၊ ထိုးခြင်း၊ ကိုယ်လုံးနှင့် တအားတိုက်ခြင်း တို့ကြောင့် ကျုံးမှာ တသိမ့်သိမ့်တုန်ခါနေလေသည်။ ဤသည် ကို ဆင်ဖမ်းလုပ်သားများက ထိန်းကွပ်ပေးကြရ၏။ ဤသို့ ကျုံး၌ မိနေသော ဆင်ရိုင်းများကို ထိန်းကွပ်ရင်း ဆင်ဖမ်း လုပ်သားများမှာ ခဏနားကြသည်။ ထမင်းမစားကြရသေး သောသူများမှာ စခန်းသို့ ပြေး၍ ဗိုက်ဖြည့်ကြရသည်။

"ဦးစောမြဗိုလ်၊ ဒါတွေက ဘယ်လို ဖြစ်တာပါလဲ"

ဆင်ဖမ်းကျုံးကို လှည့်ပတ် ကြည့်ရှုနေကြရင်း ကျုံးတိုင် များ ကွဲအက်နေသည်ကို မြင်သဖြင့် ကျွန်တော်က သောင် ဆရာကိုမေး၏။

"အဲဒါ ဆရာတို့စခန်းမှာ တွေ့ခဲ့ရတဲ့ ဗိုလ်ရဲအောင်တို့ အစွမ်းပြတဲ့ လက်စလက်နတွေပေါ့"

ကျွန်တော့်မှာ အံ့သြသွားမိသည်။ ကျုံး၌ ဆင်များမိစဉ် က ကျုံးတိုင်များကို အစွယ်နှင့် တအားအောင်းထိုးထားသဖြင့်



ကျုံးတိုင် အချို့မှာ ကွဲအက်၍ ဖွာလန် ကြဲနေကြသည်ကို တွေ့ရသည်။

"ဟိုကျုံးတံခါးက သစ်လုံးတွေက အခွံခွါထားတာလား"

အပေါ်သို့ ဆွဲတင်ထားသော ကျုံးတံခါးကို မော့ကြည့် ၍ ကျွန်တော်က ထပ်မေး၏။

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်တို့ ဆင်ဖမ်းတယ်ဆိုတာ က လေးငါးခြောက်လ ကြာတတ်တော့ ကျုံးတံခါး ဆင်တဲ့ သစ်လုံးတွေကို အခွံခွါပြီးမှ ဆင်ရပါတယ်။ ဒီလိုလုပ်ရတာက လကြာလို့ သစ်လုံးခွံတွေ ခြောက်သွားယင် တံခါးကွပ်ထားတဲ့ ကြိုးတွေကချောင်ပြီး မခိုင်မခံ့ ဖြစ်မှာစိုးလို့ပါ"

"အော်....ဟုတ်ကဲ့။ ဆင်ကျုံးနဲ့ပတ်သက်လို့ ရိုးရာ အယူ အဆတွေကော ရှိပါသေးသလား"

"ရှိပါတယ်။ ကျုံးတံခါးတိုင် ခုတ်တဲ့အခါ ကျုံးတံခါး တိုင်ကို လူက တက်မထိုင်ရပါဘူး။ ကျုံးထဲကို ဖိနပ် စီးပြီး မဝင်ရပါဘူး။ ခေါင်းပေါင်းလဲ မပေါင်းရပါဘူး။ နောက် ဆင်ဝင်ခါနီးယင် မိုးအုံ့တတ်တယ်၊ လေတိုက်တတ်တယ်၊အဲသလို မှ မဟုတ်ယင်လဲ တောတွေဟာ တခြား နေ့တွေထက် တိတ် ဆိတ်ပြီး နိမိတ်ပြတတ်တယ်လို့ အယူရှိကြပါတယ်။ နတ်ဆရာ ရှိတဲ့ ကျုံးဆိုယင် ကျုံးဝမှာ ဆင်ဘယ်နှစ်ကောင် မြင်တယ်၊ ဘယ်နှစ်ကောင်မိတယ်၊ ကျုံးနဲ့အကွာအဝေး ဘယ်လောက်မှာ ဆင်အုပ် ဘယ်နှစ်အုပ်ရှိတယ်ဆိုတာ ဟောတတ်ပါတယ်။ နတ် ဆရာကို မေးပြီးမှ ဆင်လိုက် ထွက်တတ်ကြတာတွေလဲ ရှိပါ သေးတယ်။ ဒါပေမင့် ကျွန်တော်တို့ကတော့ သိပ်လဲ အယုံ အကြည်မရှိတာနဲ့ နတ်ဆရာ မပင့်ပါဘူး။ လုပ်ရိုးလုပ်စဉ် အယူ အဆလောက်လုပ်ပြီး ဖမ်းတာပါဘဲ။ ဟိုဘက် နန့်လှိုင်ကျုံး

ဆိုတာ နောက်တော့ ဆရာ ရောက်ပါလိမ့်မယ်။ အဲဒီကျုံးမှာ နတ်ဆရာရှိပါတယ်။ဒါပေမင့် ဒီနေ့ထိ သူတို့ကျုံးက ကျွန်တော်တို့ကျုံးလောက် ဆင်မိ မများသေးပါဘူး"

ဦးစောမြဖိုးလ်က ဆင်ကျုံးကို လှည့်ပြ၍ ရိုးရာအယူအဆများကို ပြောပြသည်။

"အဲ ဟိုဘက်က ဆရာတို့မြင်တာကတော့ ကျုံးထုတ်ပြီး ဦးဆုံး ပခက်တင်ကျင့်တဲ့နေရာပါဘဲ"

ကျွန်တော်တို့သည် ပခက်စင်ရှိရာသို့ ထွက်လာကြပြန်သည်။

## ကျုံးမှထုတ်ခြင်း

ကျုံး၌ဖမ်းမိထားသော တောဆင်ရိုင်းများသည် ကျုံးထဲတွင်ကြာရှည်လှောင်ထားခံရပါက ကျုံးတိုင်ကိုအောင်းခြင်း၊ ကိုယ်လုံးနှင့်တိုက်ခြင်း၊ အစွယ်နှင့်ထိုးခြင်းတို့ကြောင့် အနာဒဏ်ရာများ ရရှိတတ်သည်။

စစ်ကြီးမဖြစ်မီက ကျုံး၌မိနေသောဆင်ရိုင်းများကို ကျုံးမှထုတ်ယူရာ၌ ဆင်ရိုင်းသည် လူအားနှာမောင်းနှင့် လှမ်းဆွဲပြီး ရန်ရှာတတ်သဖြင့် သံတောင့်သံချောင်းများကိုမီးဖုတ်၍ညှပ်နှင့် ညှပ်ကာ ရန်ရှာရန်ရမ်းလာသော နှာမောင်းပေါ်သို့ သံဘောင့် သံချောင်းများကို ထိုးပေးကြသည်။ သံတောင့်သံချောင်းများကို နှာမောင်းနှင့် လှမ်းဆွဲမိ၍ မီးပူလျှင် ဆင်သည် ချက်ချင်း လွှတ်ချပစ်တတ်သည်။ဤသို့ ကြိမ်ဖန်များစွာ လုပ်ပါက နောက်ဆုံး၌ ဆင်သည် လူက လက်ကမ်းပေးသည်ကိုပင် ဖမ်းမဆွဲရဲတော့ပဲ ကြောက်ရွံ့သွားတတ်သည်။ သို့သော် ဤနည်းမှာ ဆင်နှာမောင်းများမီးပခလောင်၍ အနာဒဏ်ရာများ ဖြစ်တတ်သဖြင့် ယခုအခါ ဆင်ဖမ်းလုပ်သားများက မသုံးကြတော့ပေ။



ကျုံးထဲ၌ ဆင်ရိုင်းများ ပိတ်မိနေသောအခါ မိခင်နှင့် သားထိန်းဆင်များကိုသာ အားကိုးအားထားပြုတတ်ကြသော ဆင်ငယ်များမှာ ဆင်ကြီးများ၏ ဝမ်းဗိုက်နှာမောင်းအောက်သို့ အတင်းတိုးဝင်ကြသဖြင့် ညှပ်သေတတ်သည်။ ထို့ထက် ပို၍ ဆိုးသည်မှာ စွယ်စုံဆင်များသည် အားမာန်ရှိသလောက် ရုန်းကန်နေချိန်၌ သူတို့၏ နှာမောင်းအောက် ဗိုက်အောက်သို့ အတင်း တိုးဝင်လာကြသော ဆင်ငယ်များကို မျက်စိနောက်လာပြီး ဒေါသဖြစ်ကာ အစွယ်နှင့် ထိုးသတ်ပစ်တတ်ကြသည်။ ထိုအခါ မိခင် ဆင်မကြီးများကလည်း မခံမရပ်နိုင်ဖြစ်ကာ စွယ်စုံဆင်ကြီးကို ကျုံးထဲ၌ပင် အစွယ်ချိုး၍သတ်ကြပြန်သည်။

အခွင့်အရေးရလျှင် ခေါင်းဆောင်ဆင်ကြီးများကို အုပ်မှခွဲထုတ်၍ အုပ်၌ဗိုလ်လုပ်ရန် အမြဲကြံစည်အကွက်စောင့်နေသော ဆင်ပေါက်များကလည်း ဆင်မကြီးများဘက်က ကူပြီး စွယ်စုံ ဆင်ပြောင်ကြီးများကို ဝိုင်းဝန်း တိုက်ခိုက်တတ်ကြသည်။ ထိုသို့ ကျုံးအတွင်း၌ အုပ်စုတိုက်ပွဲဖြစ်လျှင် ဆင်များမှာ ဒဏ်ရာအနာတရဖြစ်ပြီး အတွင်းကြေ ကြေကာ တကောင်မှ သုံးမရတော့ပဲ ကျုံးမှထုတ်သောအခါ အားလုံးတုံးဘုံးလဲ၍ သေဆုံးသွားတတ်ကြသည်။ ထို့ကြောင့် ယခုအခါ ဆင်ဖမ်းလုပ်သားများသည် ကျုံး၌မိထားသော ဆင်ရိုင်းများကို ကျုံးအပြင်ဘက်သို့ အမြန်ဆုံးထုတ်ယူနိုင်ရန် အစီအစဉ် လုပ်ကြသည်။

ဆင်ဖမ်းလုပ်သားများသည် ကျုံးဘေးနှစ်ဖက်ရှိ မျှောစင်မျှော်တိုင်များအကြိုအကြားမှ ချိတ်ပါသော ဒုတ်ချောင်းရှည်တချုဖြင့် ကျုံးထဲရှိ ဆင်များ၏ နောက်ခြေထောက်များကို မနီလာကြိုးနှင့် ခက်ခက်ခဲခဲချည်မိတုတ်မိအောင် ကြိုးစား

ကြရသည်။ ဤသို့ဖြင့် အကြီးဆုံးဆင်မှစ၍ အငယ်ဆုံးဆင်အထိ စနစ်တကျ တကောင်ပြီးတကောင်ချည်ကြရလေသည်။

ဆင်ရိုင်းများ၏နောက်ခြေထောက်ကို ချည်မိသောအခါ ထိုကြိုးစကို ဆင်ထုတ်ယူရမည့် ပုခက်တံခါးတို့ရှိရာဘက်၌ ခိုင်ခံ့သောသစ်ပင် သို့မဟုတ် ငုတ်စသည်တို့၌ အလျော့အတင်းရအောင် ရစ်ပတ်၍ ချည်နှောင်ကြရသည်။ ပုခက်ကို (အချို့ အရပ်များ၌ ညှပ်ဟုလည်းခေါ်သည်။)

ဤသို့ချည်နှောင်ပြီးနောက် ဆင်ကျုံးပေါ်တက်ပြီး ကျုံးကို ကန့်လန့်ဖြတ်သွယ်တန်းထားသော မျောတန်း မျောတိုင်များပေါ်မှ သစ်ခက်သစ်ကိုင်းများကို ဖယ်ရှားပစ်ကြရသည်။ ယခင်က ကျုံးအတွင်း မှောင်ချထားရန် တမင်ပုံပြင်ထားသော သစ်ခက်သစ်ကိုင်းများမှာ ယခုအခါမလိုတော့ပေ။ ဆင်ဖမ်းလုပ်သားများသည် ဆင်ကျုံးပေါ်သို့ တက်ပြီး ကျုံးကို ကန့်လန့်ဖြတ်သွယ်တန်းထားသော မျောတန်းများပေါ်မှ ဟိုဘက် သည်ဘက်ပြေးလွှားလျှောက်သွားကာ ကျုံးထဲရှိ ဆင်များ၏ လည်ပင်းကို ကြိုးကွင်းစွပ်တုတ်နှောင်မိအောင် ပြုလုပ်ကြရသည်။ မတော်တဆ ချော်ချော် လက်ချော် ကျုံးထဲသို့ ကျသွားပါက ဆင်ဖမ်းလုပ်သား၏အသက်ကို မည်သူကမှ ကယ်ဆယ်နိုင်မည်မဟုတ်ချေ။ ဆင်များဝိုင်းနင်း၍ စိစိညက်ညက် ဖြစ်သွားမည်အမှန်ဖြစ်သည်။

မိထားသော ဆင်အားလုံးကို ခြေထောက်နှင့် လည်ပင်းများကြိုးချည်နှောင်ပြီးသောအခါ ကျုံးစတည်ဆောက်စဉ်က အသင့်ပြုလုပ်ထားသော ကျုံးတံခါးကို ဖျက်ပြီး အငယ်ဆုံးဆင်မှသည် အကြီးဆုံးဆင်အထိ တကောင်ပြီးတကောင် ကျုံးမှထုတ်ယူကြရသည်။ ထိုသို့ထုတ်ယူရာတွင် ၊ လည်ပင်းကြိုးနှင့်



နောက်ခြေကြိုးကို အလျော့အတင်းလုပ်ကာ တရွေ့ရွေ့တလှမ်း ခြင်းသာ ထုတ်ယူကြရ၏။ ဆင်တကောင်ပုခက်စင်အောက် ရောက်ရန်အတွက် တနာရီနှစ်နာရီ ကြိုးစားကြရသည်။ ညက မိသော ဆင်များကို နံနက်မိုးလင်းသည်နှင့်တပြိုင်နက် ကျုံးမှ ထုတ်ကြရသည်။

ကျုံးထဲမှ ထုတ်လာသော ဆင်သည် ကျုံးအပြင်သို့ ရောက်သည်နှင့် တပြိုင်နက် အလွန်အမင်း ဒေါသထွက်ကာ ပြင်းအထန်ရုန်းကန်လေတော့သည်။ ထိုကြောင့် မနီလာကြိုး ကြီးများနှင့် ခြေထောက် လည်ပင်းတို့ကို မည်မျှတင်းကြပ်စွာ ချည်တုတ်ထားစေကာမူ ဆင်ဖမ်းလုပ်သားများမှာ တချက်မှ သတိအလစ်မခံရဲကြချေ။ မတော်တဆ ကြိုးများပြတ်သွားပါက လိုက်ကြိုးဆက်ကြိုးများကို မိနစ်စက္ကန့်ပိုင်းအတွင်း ပြန်ဆက်နိုင်ရန် လျင်မြန်ဖျတ်လပ်မှုရှိရန်လည်း အထူး လိုအပ်လှပေသည်။ ဤသို့ကျုံးထုတ်ရာတွင် ခြေကြိုး လည်ပင်းကြိုးများ ပြတ်၍ တခါတရံ လူကိုပင်သတ်သွားသော ဆင်ရိုင်းများ ရှေးကရှိခဲ့ဘူးသည်။

ဤသို့ လည်ပင်းကြိုး ခြေကြိုးများကို လျော့သူကလျော့ ဆွဲသူကဆွဲနှင့် တဖြည်းဖြည်း ကျုံးမှ ထုတ်ယူလာသော ဆင်သား ကနဦးကပင် အသင့်ဆောက်လုပ်ထားသော ပုခက်နေရာသို့ ရွှေ့ယူကြရသည်။

ဆင်ရိုင်းများအား ပုခက်သွင်းရာ၌ ဆင်ဖမ်းလုပ်သားများမှာ လျင်မြန်ဖျတ်လပ်၍ စနစ်တကျ ဆောင်ရွက်တတ်ဖို့ လည်းလိုသည်။ ပုခက်သွင်းရာတွင် စနစ်မကျပါက ကြိုးများကို အလျော့အတင်းပြုလုပ်ရာတွင် ဆင်များက အားရှိသလောက် ရုန်းကန်နေကြသဖြင့် ကြိုးရိုက်မိ၍ဖြစ်စေ၊ ရှပ်ချက်ခတ်နေသော

ကြိုးများညှပ်၍ဖြစ်စေ လူရောဆင်ပါ ခြေလက်အင်္ဂါကျိုးပဲ့ကြေညက်သွားသည်မှ သေသည်အထိ အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် ပုခက်သွင်းရာ၌လည်း ဆင်ဖမ်းလုပ်သားများမှာ အထူးကျွမ်းကျင် ဖျတ်လပ်ကြရမည်ဖြစ်၏။

ကျုံးအတွင်းဖမ်းမိထားသော ဆင်ရိုင်းများထဲတွင် လူကိုသော်၎င်း၊ ဖမ်းမိထားသောဆင်များကိုသော်၎င်း၊ အသက်အန္တရာယ်ဖြစ်စေသည်အထိ ရန့်ရင်းကြမ်းတမ်းပြီး ရန်မူလာတတ်သောဆင်ဆိုးများကို တောဆင်ဖမ်းဆီးရေး လိုင်စင်စည်းကမ်းချက်အရ တနည်းနည်းနှင့် ချက်ချင်း သတ်ပစ်နိုင်ခွင့်ရှိသည်။ဖမ်းမိသောဆင်ရိုင်းများတွင်ထိုသို့သတ်ပစ်နိုင်ခွင့်ရှိသောဆင်ဆိုးများပါလာတတ်သလို လိုင်စင်စည်းကမ်းချက်အရ ပြန်လွှတ်ပစ်ရမည့်ဆင်များလည်း ပါလာတတ်သည်။

ပြန်လွှတ်ပစ်ရမည့်ဆင်များမှာ အသက်အရွယ်ကြီးရင့်၍ သင်ကြားမရနိုင်တော့ဟု ယူဆရသည့်ဆင်အိုများနှင့် ဗိုက်ရင့်နေသော ဆင်မများဖြစ်သည်။

ကျုံးမှတဖြည်းဖြည်း ထုတ်လာသော ဆင်ရိုင်းသည် ပုခက်သုံးတိုင်စင်အောက်သို့ ရောက်သောအခါ မူလကချည်နှောင်ထားသော နောက်ခြေနှင့် လည်ပင်းကြိုးအပြင် ပုခက်ကြိုးနှစ်ပင်နှင့်လည်း တောဆင်ရိုင်းအား မတ်တတ်ရပ်အနေအထားဖြင့် ဝမ်းဗိုက်မှ လျှိုပတ်ကာ အပေါ်ရှိ ခိုင်ခံ့သည့် ပုခက်တန်းနှင့် ချည်နှောင်ဆွဲမ,ထားရသည်။ ထိုသို့ပုခက်သွင်းပြီးသောဆင်အား ပုခက်ကြိုးနှစ်ပင်နှင့် မတ်တတ်ဆွဲမ, ထားသည့်အပြင် ကျောပြင်ကိုလည်း နှဲ့နှောင်း ကြိုးဖြင့် အကွက်ကျကျ ချည်နှောင်ခက်ခတ်ထားရသည်။



ပုခက်ကြိုးနှစ်ပင်နှင့် ဝမ်းဗိုက်မှဆွဲမ,ချည်နှောင်ထားခြင်းရသော ဆင်ရိုင်းမှာ နှာမောင်းနှင့် ခြေလက်လောက်သာရှားနိုင်ပြီး ကိုယ်လုံးမှာမူ လုံးဝလှုပ်ရှား၍မရနိုင်တော့ပေ။ သို့ပုခက်သွင်းချည်နှောင်ပြီးသောဆင်ကို လုံးဝအစာရေစာကျွေးမအိပ်စေပဲ ၂၄ နာရီထားရသည်။

# ၁၁။ သင်ကြားလေ့ကျင့်ပေးခြင်း

ကျုံးထောင်ဖမ်းဆီး၍ရရှိသော တောဆင်ရိုင်းကို
ခေတ်ချိုးနှိမ်၍ လေ့ကျင့်သင်ကြားပေးရာ၌ ရက်စက်မှုမျ
တတ်၏။ ဆင်ရိုင်းဖမ်းရာ၌ အကောင်းဆုံးအသက်အရွယ်
၁၅ နှစ်နှင့် အနှစ် ၂၀ အကြားဖြစ်သည်။ သို့မှသာ ဆင်
သည် ဖမ်းပြီးနောက် နှစ်အနည်းငယ်အတွင်း အလုပ်လုပ်
၍ရသဖြင့် အကုန်အကျသက်သာကာ သူ၏လုပ်အားမှ အမြ
အစွမ်းရရှိနိုင်သည်။

ပုခက်တခုလျှင် ဆင်တကောင်ကျစီ ချည်နှော
ထားပြီး ဖမ်းမိထားသော ဆင်ရိုင်းအားလုံးကို တပြိုင်တည်း
ကျင့်သင်ကြားပေးကြရသည်။

ဆင်များကို လေ့ကျင့် သင်ကြားပေးရာတွင် အ
မဖက်ပဲ စနစ်တကျဖြစ်နိုင်လျှင် ညင်သာစွာသင်ကြားပေး
သည်။ သို့မှသာ အနာဒဏ်ရာကင်းရှင်းမည်ဖြစ်၏။ ပုခက်
ချည်နှောင်ထားသည့် ဆင်၏အရွယ်အစား အကျင့်စာရိတ္တ
ရင်းကြမ်းတမ်းမှု အခြေအနေကို ကြည့်ရှုအကဲခတ်ကာ
တကောင်လျှင် လူနှစ်ယောက်သုံးယောက်မှသည် လေးယော
အထိ အကြီးအသေးကိုလိုက်၍ တာဝန်ယူစောင့်ရှောက်



ားပေးကြရသည်။ သူတို့သည် ၂၄ နာရီလုံးလုံး ညမအိပ်ပဲ
သည့်ကျစောင့်ကြရ၏။ ထိုအချိန်ကာလအတွင်းတွင် ဆင်ကို
းဝအိပ်ခွင့်မပေးပေ။ ဆင်ငိုက်မြည်းလာသည်နှင့်တပြိုင်နက်
ကအော်ဟစ်၍ သတိပေးခြောက်လှန့်ပစ်ရသည်။ ဆင်ကိုလုံး
ိပ်ခွင့်မပေးခြင်းမှာ ဆင်သည် အိပ်ရေးဝလာပါက အင်အား
သို့လာပြီး လူ၏ သွန်သင်လေ့ကျင့်ပေးမှုကို မြန်မြန်နာခံ
ာ်ခြင်းမရှိသည့်အပြင် လူကို ရန်မူလွယ်တတ်သောကြောင့်
ိသည်။

ပုခက်သွင်းထားစဉ်အတွင်း ဆင်အားလုံးကို ရေတိုက်ပေး
င်း၊ အစာခုတ်ကျွေးခြင်း၊ ရောင်ရမ်းလာသည့် အနာဒဏ်ရာ
းကို ရေနွေးပတ်ရိုက်ပေးခြင်း စသည်တို့ကို ထိုလုပ်သားများ
ပင် တာဝန်ယူလုပ်ကြရသည်။ ထို့အပြင် ယဉ်ပါးလွယ်စေ
န်အတွက် ဆင်၏ကျောပြင်၊ တင်ပါး၊ ဝမ်းဗိုက်စသည့်နေရာ
ားကို လက်ဖြင့် ထိပေးခြင်း ပုတ်ပေးခြင်း ပွတ်သပ်ဆုပ်နယ်
ပေးခြင်းစသည်တို့ကို တဖြည်းဖြည်းလုပ်ကြရသည်။

ဆင်ချည်နှောင်ထားသည့်ပုခက်နေရာတွင်ဆင်၏ ကျင်ကြီး
ကျင်ငယ်ရေများနှင့် ရေတိုက်ခြင်း အနာဒဏ်ရာများကို ဆေး
ကြောပေးခြင်းတို့ကြောင့် မကြာခင် ဗွက်ပေါက်လာပါက နှစ်
ရက်တခါ သုံးရက်တခါ ပုခက်တနေရာမှတနေရာသို့ ရွှေ့ပြောင်း
ထားပေးရသည်။ ရွှေ့ပြောင်းရာ၌ ကျုံးမှထုတ်စဉ်ကကဲ့သို့ပင်
နောက်ခြေထောက်နှင့် လည်ပင်းကြိုးများကို အလျော့အတင်း
လုပ်ပေးပြီး တဖြည်းဖြည်း ရွှေ့ပြောင်းကြရသည်။ ပုခက်
တခုမှတခုသို့ မကြာခဏရွှေ့ပြောင်းပေးခြင်းအားဖြင့် တော
ဆင်ရိုင်းများ ယှဉ်ပါးလွယ်သည်ဟု သိရသည်။

ဆင်ရိုင်းများကို ပခက်သွင်းထားစဉ်ကာလအတွင်း ဆ
ဖမ်းလုပ်သားများက ဆင်များကိုရေတိုက်ပေးခြင်း၊ အစာကျွေ
ခြင်း၊ချော့မော့ပြောဆိုခြင်း၊ခြောက်လှန့်ကြိမ်းမောင်းခြင်း၊ဗိ
တင်ပါး စသည့်နေရာများအား ကိုင်တွယ်ပွတ်သပ်ပေးခြ
အပြင် ပခက်တန်းပေါ်မှ ဆင်ကျောကုန်းပေါ်တက်၍ နင်းပေ
ခြင်း၊ လက်နှင့်ပွတ်ရိုက်၍ ဖုံခါပေးခြင်း၊ သီချင်းဆိုပြ၍ ချေ
မော့ခြင်းများကိုလည်း နေ့စဉ်ဆက်တိုက်ပြုလုပ်ပေးရသည်။ ဤ



ပုံ—၆။ ဖမ်းမိထားသော ဆင်ရိုင်းငယ်တကောင်ကို ဆင်ယဉ်တကောင်က
အခြားဆင်ယဉ်တကောင်က ဘေးမှတွဲ၍ ဆင်စခန်းသို့ ခေါ်လာသည်



ကဲ့သို့ ဖမ်းမိထားသော ဆင်ရိုင်းများအား လက်ပွန်းတတီးသင်
ကြားပေးခြင်းဖြင့် တောဆင်ရိုင်းများသည် ကျုံးမှထုတ်ပြီး
၁၅ ရက် တလအတွင်း အတော်အသင့် ယဉ်ပါးလာကြသည်။ ထို
အခါ ၎င်းတို့ကို ကြိမ်ကွင်းဖြင့်ပြုလုပ်ထားသော ထူးဖြင့်ခတ်၍
ထုတ်ထားနိုင်သည်။

ဆင်ရိုင်းများအား ယဉ်ပါးလာအောင် သင်ကြားပေးရ
သောအချိန်ကာလ အတိုင်းအတာမှာ သင်ကြားလေ့ကျင့်ပေး
သူ၏ ကျွမ်းကျင်လိမ်မာမှုနှင့် ဆင်များ၏ အသက်အရွယ် ခွန်
အားဗလအပေါ်တွင် များစွာတည်သည်။

စတီးဘရားသားကုမ္ပဏီမှ မစ္စတာဖဲရီယား၏ အတွေ့အကြုံ
မှတ်တမ်းအရ ဆင်မများသည် ၎င်းတို့နှင့် သက်တူရွယ်တူဆင်
ဖိုးများထက် သင်ကြားရာ၌ ယဉ်ပါးလွယ်သည်ဟု ဆိုသည်။
အသက်လေးနှစ်မှ ခြောက်နှစ်အတွင်းရှိဆင်များမှာ ၁၀ ရက်
အတွင်းလေ့ကျင့်သင်ကြားလျှင် ယဉ်ပါးလာနိုင်သည်။ အသက်
၂၀ အရွယ်ရှိဆင်များမှာမူတလခန့်သင်ကြားပေးပြီးမှလူ၏အမိန့်
ကို နာခံတတ်သည်။ အချုပ်အားဖြင့် အသက်အရွယ်ကြီးသော
ဆင်များအား အသက်အရွယ် ငယ်သည့်ဆင်များထက် ပို၍ကြာ
ရှည်သင်ကြားပေးရသည်။အရပ်ခုနစ်ပေရှိဆင်တကောင်ကိုသစ်
လုပ်ငန်း၌ ခိုင်းစေနိုင်သည့်အထိ သင်ကြားပေးရမည်ဆိုလျှင်
တနှစ်ခွဲလောက် အချိန်ကြာသည်ဟု ဆိုသည်။

ဖမ်းမိထားသော ဆင်များတွင် ကျုံးအတွင်း၌ အောင်း
ထား၍ ဦးခေါင်းတွင်ရရှိသည့် ဒဏ်ရာများနှင့် လည်ပင်းနှင့်
ခြေထောက်များတွင် ကြိုးစားသော ဒဏ်ရာများကို ဆေးကု
သပေးရန်အတွက် ယခုအခါ ဆေးဝါး အလုံအလောက်နှင့်

တိရစ္ဆာန်ဆေးကုဆရာတယောက် ထားရှိသည်။ ရောင်ရမ်းနေသော ခြေထောက်များနှင့် အတွင်းကြေပြည်တည်နေသော အနာများကို ခွဲစိတ်ကုသပေးသည်။ ခေတ်မှီ ဆေးဝါးများ အပြင် ဆင်ဖမ်းသမားတို့၏အစဉ်အလာသုံး ဝံအူမြစ် ဆင်သန နွယ်ခေါက်တို့နှင့်ကျိုထားသော ဖန်ရည်ရှစ်ပုံးခန့်ကို တနေ့လျှင် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ထိ အဝတ်စုတ် ဂုန်အိတ်စုတ် တို့နှင့် အသာတကြည် ရိုက်၍ ဖန်ရည်ဆေးပေးရသည်။ဝမ်းဗိုက် အောက်တွင် အုန်းသီးခန့် ပမာဏ ရောင်ရမ်းလာတတ်သော ဆင်ရောဂါတမျိုးကို သူတို့ဝေါဟာရဖြင့်"သွတ်"ဟုခေါ် သည်။ ထိုသွတ်လုံးသည် အများဆုံးဗိုက်၌ကျတတ်ပြီး ဗိုက်တပြင်လုံး သို့မဟုတ် နံဘေးဝမ်းပျဉ်းတို့သို့ ရက်ခြားရွေ့လျားနေတတ် သည်။ ကြီးသော သွတ်လုံးကို ခွဲစိတ်ကုသရ၍ သေးလျှင် ဆေး ထိုးဆေးလိမ်းပေးရုံနှင့် ပျောက်သွားတတ်သည်။

ဤသို့တဖြည်းဖြည်းပြုစုကုသပေး၍အနာရောဂါကင်းရှင်းပြီး ယဉ်ပါးစပြုလာသော ဆင်များအား အမိန့်နာခံစေခြင်း၊ လက် မြှောက်စေခြင်း၊ ဦးခေါင်းပေါ် အထက် လူတက်စီး၍မောင်းနှင် ခြင်း၊ စတင်ခရီးသွားခြင်းတို့ကို ဆက်လက် သင်ကြားသွားရ သည်။ဤသို့ သင်ကြားပေးပြီး လေးလလောက်ကြာမှ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးက တောဆင်ရိုင်းများကို ကာလတန်ဈေးနှင့် ဝယ်ယူသည်။ ဆင်ဈေးမှာ ၁၉၆၈–၆၉ ခုနှစ်ကငါးပေ ခြောက် လက်မရှိ ဆင်တကောင်ကို တပေလျှင် ၈၀၀၀၊ ၁၉၇၀ ခုနှစ် ပြင် ဆင်သတ်မှတ်နှုန်းအရ တပေလျှင် အထီးအမ မခွဲပဲ ၉၅၀ မှ ၁၂၀၀ အထိရှိသည်။ လေးပေ ငါးလက်မအောက် အမိခေနာက် လိုက် ဆင်ငယ်တကောင်လျှင် ၁၅၀၀ ဈေးရှိသည်။



## လေ့ကျင့်သင်ကြားစဉ်သေဆုံးခြင်း

တောဆင်ရိုင်းများအား နည်းအမျိုးမျိုးဖြင့် ဖမ်းဆီးသင် ကြားပေးရာတွင် ကျုံးသွင်းစနစ်ဖြင့် ဖမ်းဆီးသည့် နည်းမှာ သင်အသေအပျောက် အနည်းဆုံးဖြစ်သဖြင့် သစ်တောဌာနက ကျုံးသွင်းစနစ်ကိုမြန်မာနိုင်ငံအနှံ့ အပြားတွင်ခွင့်ပြုထားသည်။

ဆင်များ သေဆုံးရသည်မှာ ကျုံးအတွင်း ဖမ်းမိစဉ်က ...နှန်းကန်ရင်း မိမိဖာသာသေဘ်ရင်း၊ အခြား ဆင်များကြောင့် သေဘ်ရင်း၊ အထူးသဖြင့် စုယ်စုံဆင်များထိုး၍သေဘ်ရင်း အနာ ဒဏ်ရာရရှိခဲ့သောကြောင့် ဖြစ်၏။ ထိုအပြင် ကျုံးမှ ထုတ်ပြီး လေ့ကျင့် သင်ကြားရာ၌ ချည်နှောင်ထားသည့် ကြိုးများ၏ ဒဏ်ကြောင့် သေဆုံးတတ်ကြသေးသည်။

ထိုအနာဒဏ်ရာများမှာ ဆေးဝါး အပြည့်အစုံ လုံလုံ လောက်လောက်ထားပေး၍ ကုသပါက အသေအပျောက်များ မည်မဟုတ်ချေ။ သို့သော် ထိုအနာ ဒဏ်ရာများကြောင့် ထိတ် လန့်တုန်လှုပ်ပြီး လေ့ကျင့်သင်ကြားသည့် ကာလအတွင်း လုံးဝ အိပ်ခွင့်မရသည့်အတွက် အားနည်းပြီး ဆီးချုပ် ဝမ်းချုပ် ဖြစ် ကာ ရုတ်တရက်လဲကျသေဆုံးခြင်းများလည်း ရှိသည်။ ဆင်နာ ဘကောင်လဲပြီဆိုလျှင် ပြန်ထနိုင်ဖို့မလွယ်တော့ပေ။


အချို့ အသက်ကြီးသောဆင်များသည် ကျုံးမှထုတ်သည့် အချိန်ကစပြီး လုံးဝအစာရေစာမစားတော့ပဲ အသေခံ တတ် ကြ၏။ အချို့ဆင်ပေါက်များမှာလည်း မိမိ၏နှာမောင်းဖျားကို ခြေလက်နှင့်နင်းကာ အသက်အောင့်ပြီး သေကြောင်းကြံစည် တတ်ကြသည်ဆို၏။ သို့သော် ဤသည်မှာ တရာလျှင်တကောင် လောက်ပင်ရှိမည်မဟုတ်ချေ။

ထို့အပြင် ဖမ်းဆင်တို့၏ကျန်းမာရေးမှာ ဆင်ဖမ်း သော ရာသီဥတုပေါ်၌လည်း တည်သည်။ အေးချမ်းသော ဆောင်းရာသီတွင်ဖမ်းမိသောဆင်များ၏ အနာဒဏ်ရာများမှာ ဆေးဝါးကုသလျှင် ပျောက်လွယ်သော်လည်း ပူပြင်းခြောက်သွေ့သော ရာသီ၌ ဖမ်းဆီးရမိသောဆင်များမှာ အနာဒဏ်ရာ ရရှိလျှင် အသေအပျောက်များတတ်သည်။ သို့ဖြစ်၍ ဆင်ရိုင်းများဖမ်းဆီးရန်အချိန်ကာလမှာမိုးနှောင်း နိုဝင်ဘာလမှ မတ်လအတွင်း အကောင်းဆုံးအချိန်ဖြစ်သည်။ သို့သော် ယခုအခါ မေလ ၁၅ ရက်နေ့ထိ ခွင့်ပြုထားသည်။

ဆင်အသေအပျောက်များခြင်းမှာ ဆင်ဖမ်းဆီးရန်အသုံးပြုသော ပစ္စည်း ကိရိယာ များကြောင့်လည်း ဖြစ်တတ်သည်။ ကျုံးဆောက်လုပ်သောအခါ မျောတန်း မျောတိုင်များတွင် အကိုင်းအခက်အချွန်များ အစွန်း အဖုအထစ်များကို မဖယ်ရှားပဲဆင်များကိုဖမ်းထောင်ဖမ်းမိပါကကျုံး၌ လှောင်မိနေစဉ် ကျုံးတိုင် ကျုံးတန်းများ၏ အကိုင်းအခက်အချွန်အဘက်များကို အောင်းမိ တိုက်မိခိုက်မိ၍ အနာဒဏ်ရာ များတတ်သည်။ ဆင်၏လည်ပင်းနှင့် နောက်ခြေတို့ကို ချည်နှောင်ရာတွင် သတ်မှတ်ထားသောကြိုးထက် သေးငယ်နေပါက ဆင်များ အပြင်းအထန်ရုန်းကန်သောအခါခြေလက်လည်ပင်းတို့တွင် အနာ ဒဏ်ရာများ ဖြစ်တတ်သည်။ သေးငယ်သောကြိုးများနှင့် ဆင်ရိုင်းများကို ချည်မိလျှင် ဆင်ရုန်းသောအခါ ကြိုးသေးများသည် အသားထဲသို့ မြုပ်ဝင်တတ်သည်။ ထို့ကြောင့် ဆင်ဖမ်းသောအခါ ကြိုး တိုင်တန်းစသည့် ပစ္စည်းကိရိယာများ စနစ်တကျရှိစေရန် အထူးဂရုစိုက်ရပေသည်။



ဆင်ရိုင်းများ ဖမ်းဆီးရာတွင် ကျုံးနှင့် ကြိုးကို ဂရုစိုက်ရသကဲ့သို့ ပုခက်(ညှပ်)သွင်းရာကျင့်ရာ၌လည်း မြေပြင်တွင် သစ်ငုတ်ဆူးများကို အထူးဂရုပြု၍ ဖယ်ရှားထားရသည်။ အကယ်၍ ကျုံးထဲ၌၎င်း၊ ဆင်ကျင့်ရာပုခက်တွင်း မြေပြင်တို့၌၎င်း သစ်ငုတ်များ မညီညာသောကျောက်ခဲ ကျောက်လုံးများ ရှိပါက ဆင်ရိုင်းများ တအားရုန်းကန်သောအခါ အဆင်မသင့်လျှင် ခွါပန်းကုန်း (လက်သည်းခြေသည်း) ပွဲထွက်သွားသည်အထိ အနာဒဏ်ရာများ ရရှိတတ်သည်။



—၇။ ဖမ်းမိသော ဆင်ကလေးကို စခန်းတွင် သစ်ပင်တပင်ကိုအမှီပြု၍ ကြိုးများနှင့် ချည်နှောင်ကာ အစာကျွေးလိုက် ပွတ်သပ် ချော့မော့လိုက် အသံပေးလိုက် စသည်ဖြင့် လူနှင့်ယဉ်ပါးအောင် သင်ကြားပေးရသည်။

၁၉၁၀–ခု ၁၁ ခုနှစ်မှ ၁၉၂၆–၂၇ ခုနှစ်များအတွင်း ကျုံးသွင်းစနစ်ဖြင့် တောဆင်ရိုင်းများ ကောင်ရေ ၇၀၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ရာ နှစ်စဉ်ဖမ်းဆီးရမိသည့် ဆင်များမှာ ကျုံးသုတ်ပြီး ခြောက်လအတွင်း ငါးဆယ်ရာခိုင်နှုန်းထက် မနည်း သေဆုံးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၅–၄၆–ခုနှစ်မှ ၁၉၅၆–၅၈–ခုနှစ်များအထိ ကျုံးသွင်းစနစ်ဖြင့် ဖမ်းဆီးရမိသော ဆင်စာရင်းနှင့် သေဆုံးသော စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

| ခုနှစ် | ဖမ်းဆီးရမိသော ဆင်ကောင်ရေ | သေဆုံး သို့မဟုတ် ပြန်လွှတ်သော ဆင်ကောင်ရေ |
|---|---|---|
| ၁၉၄၅–၄၆ | ၆၃ | ၆ |
| ၁၉၄၆–၄၇ | ၁၄၄ | ၁၀ |
| ၁၉၄၇–၄၈ | ၁၉၁ | ၂၆ |
| ၁၉၄၈–၄၉ | ၁၃၁ | ၂၄ |
| ၁၉၄၉–၅၀ | ၁၀၅ | ၃၄ |
| ၁၉၅၀–၅၁ | ၁၅၆ | ၂၀ |
| ၁၉၅၁–၅၂ | ၃၆ | ၁၁ |
| ၁၉၅၂–၅၃ | ၁၀၇ | ၂၇ |
| ၁၉၅၃–၅၄ | ၈၅ | ၁၁ |
| ၁၉၅၄–၅၅ | ၆၀ | ၉ |
| ၁၉၅၅–၅၆ | ၁၀၀ | ၂၃ |
| ၁၉၅၆–၅၇ | ၁၇၀ | ၂၀ |
| စုစုပေါင်း | ၁၄၃၁ | ၂၃၀ |



အထက်ပါ ဇယားကိုကြည့်ခြင်းအားဖြင့် ထိုနှစ်များအတွင်း ဖမ်းဆီးရမိသည့်ဆင်များ သေဆုံးပုံ သို့မဟုတ် ပြန်လွှတ်သွားသော ဆင်များ၏ ရာခိုင်နှုန်းမှာ ၁၅.၆ သာရှိ၍ ၁၉၁၀–၁၁ ခုနှစ်မှ ၁၉၂၆–၂၇ ခုနှစ်အတွင်း အသေအပျောက် ရာနှုန်းနှင့်စာသော် များစွာလျော့နည်းသွားသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့က တောဆင်ရိုင်းများအား ၁၉၆၄-၆၅ ခုနှစ်မှစ၍ ဆင်ဖမ်းလိုင်စင် ရယူပြီး ဖမ်းဆီးခဲ့သည်။ ၁၉၆၄-၆၅ ခုနှစ်မှ ၁၉၆၆-၆၇ ခုနှစ်အထိ သုံးနှစ်အတွင်း မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့က ဖမ်းဆီးရမိသော ဆင်ကောင်ရေနှင့် သေဆုံး သို့မဟုတ် ပြန်လွှတ်သွားသော ဆင်ကောင်ရေတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

| ခုနှစ် | ဖမ်းဆီးရမိသော ဆင်ကောင်ရေ | သေဆုံး သို့မဟုတ် ပျောက်ဆုံးသည့် ဆင်ကောင်ရေ |
|---|---|---|
| ၁၉၆၄–၆၅ | ၁၅ | ၁ |
| ၁၉၆၅–၆၆ | ၅၄ | ၁၀ |
| ၁၉၆၆–၆၇ | ၁၀၈ | ၂၅ |
| စုစုပေါင်း | ၁၇၇ | ၅၄ |

အထက်ဖော်ပြပါ ဇယားအရ ဖမ်းဆီးရမိသည့် တောဆင်ရိုင်း အသေအပျောက် ရာခိုင်နှုန်းမှာ ၁၉၆၄-၆၅ ခုနှစ်တွင် ၆.၆ ရာခိုင်နှုန်း၊ ၁၉၆၅-၆၆ ခုနှစ်တွင် ၃၃.၃ ရာခိုင်နှုန်းနှင့် ၁၉၆၆-၆၇ ခုနှစ်တွင် ၂၃.၁ ရာခိုင်နှုန်းသာရှိသည်။

တောဆင်ရိုင်းများကို ကျုံးသွင်း ဖမ်းဆီးနည်းအပြင် မီလာရှိကာခေါ် ကြိုးကွင်းစွပ်ဖမ်းဆီးသောနည်းနှင့် မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းသော နည်းလည်း ရှိသေးသည်။ မီလာရှိကာနည်းမှာလည်း အိန္ဒိယသားများဆီမှ ဆင်းသက်လာသည်ဟု သိရသည်။ "မီလာရှိကာ"မှာ ကုလားစကားဖြစ်၍ ကြိုးကွင်းစွပ် ဖမ်းခြင်းကို ဆိုလိုသည်။

# ၁၂။ ကြိုးကွင်းစွပ် ဆင်ဖမ်းနည်း

တောဆင်ရိုင်းများကို ကြိုးကွင်းစွပ်ဖမ်းရာ၌ သာမန်အားဖြင့် "ဖန်တီ"ဟု ခေါ်သော ဦးစီးတယောက်၊ အငှားလခနှင့်ဆိုလျှင် တလ ၁၅၀ ကျပ်၊ လက်ထောက်ဦးစီးတယောက် လခ ၁၂၀။ "မာအုတ်"ဟု ခေါ်သော အမြဲတန်း ပဲ့စီးသုံးယောက် လခ ၁၀၀။"ဖန်တီကြီး"ဟု ခေါ်သော စခန်းစောင့်တယောက် လခ ၁၅၀။ အစာတင် ဆင်ဦးစီးတယောက် လခ ၁၀၀။ ဖမ်းဆီးရမိသော ဆင်များကို အမြဲတန်း လေ့ကျင့်ပေးရန် လုပ်သားနှစ်ယောက် လခ ၁၀၀ စီ။ အထွေထွေ လုပ်သားလခ ၉၀၊ ပေါင်း လုပ်သားတဆယ့်တယောက်နှင့် တလလျှင် အလုပ်သမားများအတွက် ကုန်ကျငွေ ၁၂၃၀ ကျပ်ဖြစ်သည်။

ဆင်ဖမ်းအဖွဲ့တွင် ပါဝင်သော ဆင်အင်အားမှာ"ကွန်ရီ"ခေါ် ဖမ်းဆင်လိမ်မာကြီး သုံးကောင်၊ အကူဆင်ကြီးတကောင်နှင့် စခန်းစောင့် ရိက္ခာတင်ရန် ဆင်တကောင်၊ပေါင်းငါးကောင်လိုသည်။ ဤသည်မှာ သစ်ထုတ်လုပ်ရေး၏ ညွှန်ကြားချက်ပုံအရ ဖွဲ့စည်းထားသော မီလာရှိကာ ဆင်ဖမ်းအဖွဲ့၏ အပြည့်အစုံ ဖွဲ့စည်းပုံဖြစ်သည်။

အချို့သော ဆင်ရိုင်းဖမ်း အဖွဲ့များသည် အကူ ဆင်မပ ပဲ ကွန့်ဂျီခေါ် ဖမ်းဆင်ကြီး နှစ်ကောင်နှင့်လည်း ဆင်ရိုင်းဖမ်း ထွက်တတ်ကြသည်။ သို့သော် အထက်ပါ ဖွဲ့စည်းပုံအတိုင်း ဆင် ငါးကောင် လူတဆယ့်တယောက်နှင့် စနစ်တကျ ဖမ်းခြင်းက ပို၍ အောင်မြင်သည်ဟု သိရသည်။

ကွန့်ဂျီခေါ် ဖမ်းဆင်မှာ တောဆင်ရိုင်းများကို ဖမ်းဆီး ရန်အတွက် အထူးသင်ကြားပေးထားသော ဆင်လိမ္မာဖြစ်ပေ သည်။ ဖမ်းဆင်မှာ တောဆင်ရိုင်းများကို မကြောက်ရွံ့ပဲ ရဲရင့် ရန် လိုသည်။ တောဆင်ရိုင်းများက လူကို အန္တရာယ် ပြုလာ လျှင်လည်း ကာကွယ်တတ်ရန်နှင့် ဦးစီးသခင်များကို ခင်တွယ် ရန် အထူးလိုအပ်လှ၏။ များသောအားဖြင့် ဖမ်းဆင်များမှာ ဆင်မများ ဖြစ်ကြသည်။ ဆင်ထီးများနှင့် ဖမ်းလျှင် ပို၍ အန္တရာယ်များသည်ဟု ဆို၏။

တောဆင်ရိုင်းများကို ကြိုးကွင်းစွပ်ဖမ်းရာတွင် ဆင်ဖမ်း ကြိုးသည် စနစ်တကျရှိရန် လိုအပ်၏။ ၎င်းဆင်ဖမ်းကြိုးများ ကို ပီလောလျှော်ပင်တမျိုးမှ လျှော်ဖြင့် ကျစ်ရသည်။ ကြိုး များ၏ အရွယ်အစားမှာ ကြိုးဆင်ရသော ဖမ်းဆင်၏ အရွယ် အစားအလိုက်ဖြစ်သည်။

"ထုံ"ဟု ခေါ်သော ဆင်ထူးမှာမူ အများအားဖြင့် သ ထူးကိုသာ အသုံးပြုကြသော်လည်း ပေါပါးသော ကြိမ်ထူးက လည်း အသုံးပြုတတ်ကြသေးသည်။ ကြိမ်ထူးမှာ မရသာကြိမ ကို သုံးပတ်ရွေ့ထိုးပြီး ခြောက်လွှန်းတင်ကာ အရွယ်တမတ်ခေ ရှိ ထူးနှင့် တပ်ဆင်အသုံးပြုတတ်ကြသည်။ ထို့အပြင် "ဆိုင် ခလောက်"ခေါ် အရွယ်လုံးပတ် တလက်မခန့်ရှိ အရှည်ခုနစ်ပေ



ခြောက်လွှန်းတင် ကြိုးတပင်နှင့်လည်း ရစ်ပတ်၍ ထိန်းပေး ထားရသည်။

ဆင်ဖမ်းလုပ်သားများအတွက် လိုအပ်သော ပစ္စည်းများ မှာ ဖန်တီတယောက်လျှင် ကာကီဘောင်းဘီသုံးထည်၊ အင်္ကျီ သုံးထည်တို့ကိုတခါတည်းထပ်၍ ဝတ်ထားရသည်။ မာအွတ်ခေါ် ပုဆိုးများမှာလည်း ထိုနည်းအတူ ဝတ်ဆင်ပြီး ဦးစွပ်ခေါင်းချုပ် ဦးထုပ်တလုံးစီ ဆောင်းထားကြသည်။ ဤသို့ အဝတ်ထူထူ ထဲထဲ ဝတ်ထားကြခြင်းမှာ တောဆင်ရိုင်းများကို ဆင်လိမ္မာ ကွန့်ဂျီနှင့် အတင်းပြေးလိုက်ရာ၌ ကြိမ် တောများကို ဖြတ်ပြေး ရသဖြင့် ကြိမ်ဆူးများ မစူးမရှစေရန်ဖြစ်သည်။ အရှည်နှစ်ပေ ဗျက်သုံးလက်မခန့်ရှိ "ဖားခစ်ဆန်"ခေါ် ခန္တီရှမ်းဓားရှည်ကို လည်း တယောက်တလက်စီ ဆောင်ထားကြသည်။ ဓားမှာ ပြေးရင်း လွှားရင်း သစ်ကိုင်း ဝါးကိုင်းများကို လူနှင့် ဆင်နှင့် မလွတ်လျှင် ခုတ်ဖြတ်ရန်ဖြစ်သည်။

ယခင်ခေတ်ကမူ ဖမ်းဆင်များအား တောဆင်ရိုင်းများ က ပြန်လိုက် ထိုးသတ်ရန် ကြိုးစားလာလျှင် ခြောက်လုံးပစ် ရန်အတွက် နှစ်လုံးပြူး ဗထက်ချိုင့် သေနတ်တလက်စီ ကိုင် ဆောင်ခွင့်ရှိသည်။ ယခုအခါ သေနတ်လိုင်စင် သိမ်းဆည်းထား သဖြင့် သေနတ်မကိုင်ကြရပေ။ ထို့ကြောင့် တနှစ်က ခြောက်ပေ ကျော် ဖမ်းဆင်မတကောင်ကို တောဆင်ရိုင်း ထိုးသတ်၍ ပွဲ ချင်းပြီး သေဆုံးသွားသည်ဟု သိရသည်။ ဦးစီးခန္တီကြီးမှာ လည်း ပေါင်ကျိုးသွား၏။ ထို့ကြောင့် မိလာရှိကာ ဆင်ဖမ်း သမားများမှာ ယခုအခါ သေနတ်မကိုင်ရသဖြင့် စိတ်ခတ်ကျ ပြီး ယခင်ကလို ဆင်ရိုင်းများကို ရဲရဲတင်းတင်း မဖမ်းရဲကြပဲ အခက်အခဲရှိနေကြသည်ဆို၏။

မိလာရှိကာနည်းဖြင့် ဆင်ဖမ်းထွက်ကြမည့် ဆင်ဦးစီးပဲ့စီးများတွင် တောထဲ၌အိပ်ရန် မိုးကာ သို့မဟုတ် ပလပ်စတစ်စတချပ်စီအပြင် ရိက္ခာ စားအိုး စားခွက် ရေဗူး ဖယောင်းတိုင် လက်နှိပ်ဓာတ်မီး မီးခြစ် စသည့် ပစ္စည်းကိရိယာများကို ဖမ်းဆင်လိမ်မာပေါ်၌ပင် ပြည့်ပြည့်စုံစုံ တင်ယူကြရသည်။

ဆင်ဖမ်းရာသီမှာ တန်ဆောင်မုန်းလမှ ကဆုန်လ တဆယ့်ငါးရက်နေ့အထိဖြစ်သည်။ ဆင်ဖမ်းအဖွဲ့သားများ စောင့်စည်းထိန်းသိမ်းကြရမည့် စည်းကမ်းချက်၊ ယုံကြည်ချက်များရှိ၍ ရှိုးရာနတ် ပသခြင်းများ၊ဘုရားရှိခိုးခြင်းများကို ဆင်ဖမ်းမထွက်မီ ပြုလုပ်ကြရသည်။

ဖန်တီခေါ် ဦးစီးများသည် ဇနီးသယ် ကိုယ်ဝန်ရှိနေလျှင် ဆင်ဖမ်းမလိုက်ရ။ လက်ဖက်ထုပ် မင်္ဂလာဖိတ်စာများ လက်မခံရ။ ဆင်ဖမ်းလုပ်သားများအားလုံးသည် သင့်တော်သောနေရာ၌ မင်းညီနောင် နတ်နှစ်ပါးအား ပူဇော်ပသပွဲကိုလည်း ဆင်ဖမ်းမထွက်မီ လုပ်ကြရလေသည်။

မင်းညီနောင် ပသပုံမှာ နတ်ကွန်းစင်(ခတ်ပုံ)တွင် ပိတ်နီသို့မဟုတ် စက္ကူအနီကို ခင်း၍ မုန့်ဖြူ မုန့်နီ နှစ်ခွက် ကြံသကာ ထန်းလျက် စသည်တို့အပြင် ကြက်နီတကောင်ကို သတ်ဖြတ်ပြီး နတ်ကွန်းကို ဆန်ပန်းပေါက်ပေါက်များကြဲကာ ပူဇော်ရသည်။ နတ်ကွန်းရှေ့တွင် ဆင်ဖမ်းကိရိယာများကို စုပုံ ပြသထားရ၏။

ထိုနောက် နတ်တင်သော စားဖွယ် သောက်ဖွယ်များကို အညီအမျှ ခွဲဝေစားကြပြီး (ခတ်ပုံ) နတ်ကွန်းကို ဝိုင်း၍ ကြည့်ရှုကြရသည်။ နတ်ကွန်းဘေးမှ ဆန်စေ့များကို ဦးစီးဖန်တီများက အဆောင်အဖြစ် သိမ်းဆည်းထားကြရသည်။ ဆင်ဖမ်းစဉ်အတွင်း တစုံတခုသော အကြောင်းကြောင့် ထိခိုက်



...ရလျှင် ထိုဆန်စေ့များကို ဝါး၍ ဆေးအဖြစ် လိမ်းကျံ...ပွကြသည်။

...ဤသို့ ရိုးရာ ပသခြင်း ကိစ္စပြီးစီးသောအခါ ဆင်ဖမ်း...သားများသည် တောဆင်ရိုင်းများ ဖမ်းဆီးရန် စတင်၍...က်ကြရသည်။ သစ်တောဌာနက ခွင့်ပြုထားသော ဆင်...ဒေသ တောထဲရောက်သောအခါ အရိပ်အာဝါသကောင်း...န်ဂျီဖမ်းဆင်များအတွက် အစာရေစာ ပေါများရာဒေသ...ဖွေပြီး တောထဲတွင် စခန်းတဲဆောက်လုပ်ကြရသည်။ ...ကောင်းရက်သာရွေးပြီး ခရီးတထောက် နားကြသည်။

...တောကြီး မျက်မဲထဲတွင် စခန်းချနေကြသော ဆင်...အဖွဲ့သားများသည် ဆင်ဖမ်းထွက်ကြတော့မည့်နေ့၌ နံနက်...စောသုံးနာရီလောက်တွင်အိပ်ရာမှ ထကြရသည်။ ထိုနံနက်...စခန်း၌ ချက်ပြုတ် စားသောက်ကြပြီး နောက်နေ့များ...ကုံရာအရပ်ဒေသ တောတောင်ထဲ၌ ချက်ပြုတ်စားသောက်...စားအိုးစားခွက်များနှင့် ပစ္စည်းကိရိယာများကို အပြည့်...မ်းဆင်ပေါ်တင်၍ ယူသွားကြရသည်။ ဖမ်းဆင်ပေါ်တွင်...း စားခွက်နှင့် ဆင်ဖမ်းကိရိယာများအပြင် ဆင်မဖမ်းမီ...ပုံ" ယူရန် ကြက်ဖိုကြက်မတစုံကိုလည်း တင်ယူသွားကြ...။ နေ့လယ် ဆယ့်နှစ်နာရီကျော် အချိန်ထိ ဆင်အုပ်...ခြရာသစ်၊ ဆင်ချေးသစ်နှင့် ဆင်စားဖတ် သောက်ဖတ်...ကို အစအနပင် မတွေ့ရပါက ကြုံရာ သစ်ပင်အောက်တွင်...ားပြီး ချက်ပြုတ် စားသောက်ကြသည်။

ဆင်ဖမ်းထွက်နေချိန်၌ အစားအသောက် အလွန်ဆင်းရဲ...ည်။ ရေနွေးပွက်ပွက်ဆူထဲသို့ တောထဲမှ သစ်ရွက်များ...၍ ရေလုံပြုတ်စားကြရသည်။ အကြော်အလှော်များကို

တောဆင်ရိုင်းများ အနံ့ရမှာစိုးသည့်အပြင်ကရိုကထလည်း
သဖြင့် လုံးဝမစားကြရပေ။ သားငါးဆိုလျှင်လည်း နီး
စမ်းချောင်းမှ ရှာဖွေ၍ ရေနွေးပူအိုးထဲ အကောင်လိုက်
ကာ အညီအဟောက် အနည်းငယ် ပျောက်အောင်
စိမ်းတက်ကို ထုထည့်ပြီး ခူးခတ်စားသောက်ကြရသည်။
ဖြစ်သလို စားသောက်ပြီးလျှင် ညနေသုံးနာရီလောက်မှာ
၍ ဆင်ရှာထွက်ကြပြန်၏။ ဆင်အုပ်ကိုမတွေ့လျှင် တောထ
အိပ်ကြရသည်။ သူတို့သည် ညဥ့်တချက်တီးကျော်မှ
ခြင်း အလုပ်ကို ရပ်နားကြသည်။ ရိုးတွင်းချဉ်ဆီ ခိုက်
အေးလှသော နတ်တော် ပြာသိုလများဆိုလျှင် မီးဖို၍
တွင် ဝိုင်းအိပ်ကြရသည်။ တောဆင်ရိုင်းများကိုတွေ့လ
မအိပ်ပဲ လက်နှိပ်ဓာတ်မီးထိုး၍ လိုက်ဖမ်းကြ၏။

ဆင်ဖမ်း လုပ်သားများက ဤသို့ တောတောင်
အနှံ့ ဆင်ဖမ်းထွက်နေကြစဉ် တောထဲစခန်းတဲတွင်
တကောင် ဦးစီးတယောက် ပဲ့စီးတယောက် စခန်းစောင့်
ကြီးတယောက်တို့သည် သတ်မှတ်ထားသော စည်းကမ်း
အတိုင်း နေထိုင်ကြရသည်။ ဆင်ဖမ်းလုပ်သားများဆင်ဖ
သွားနေကြစဉ် စခန်းရှိ လူများသည် တခြား အရပ်ဒေ
ညအိပ် ညဥ့်နေ မသွားရပေ။ အကယ်၍ ထိုသို့ သွားနေ
"ခြေရာထပ်"သည်ဟု ခေါ်ပြီး တောဆင်ရိုင်းများကို ရှာ
ပဲ ရှိတတ်သည်ဟု အယူရှိကြသည်။

နံနက်အရုဏ်တက်မှပင် တောဆင်အုပ်ကို တွေ့ရ
မဟုတ် ဆင်ရိုင်းများ အော်သံကို ကြားရပြီး စား
စားကျန်နှင့် ဆင်ချေး အသစ်များ ခြေရာများကို တွေ့
မကြာခင် နာရီပိုင်းအတွင်း တောဆင်အုပ်ကို မုချ တွေ့



သိရလျှင် ဖမ်းဆင်ပေါ် တင်ယူလာသော ကြက်ဖို
မတစ်ကို အမိဋ္ဌာန်ပြု၍ လွှတ်ပစ်လိုက်ရသည်။ လွှတ်လိုက်
င် ထိုကြက်များမှာ ရှင်ရှင်လန်းလန်းရှိပြီး တွန်သံပေး
အောင်မြင်မည့် နိမိတ်ဖြစ်ပြီး ဆင်ရိုင်းများကို စိတ်
ဖမ်းဆီးကြရမည်ဟု အယူရှိကြသည်။ ကြက်များ
ာင်နှင့်တကောင် ထိုးကြ ဆိတ်ကြ ခွပ်ကြ၍ အမွေး
ာင်ကျွတ်ကာ အနာတရဖြစ်လျှင် ဆင်ဖမ်းရာ၌ လူသော်
ဆင်သော်၎င်း အန္တရာယ်တခုခုဖြစ်မည့် နိမိတ်ပြသည်ဟု
ကြသည်။
အတိတ်နိမိတ်ကောင်း၍ တောဆင်အုပ် ရှိရာကိုလည်း
က် အတွေ့အကြုံအရ သိပြီးကြသောအခါ ဖမ်းဆင်ပေါ်
တင်ယူလာသော အိပ်ရာလိပ်နှင့် စားအိုး စားခွက်များ
းစပ်ရာ သစ်ပင်တပင်၏ အကိုင်းတွင် ထုပ်ချည်ထားခဲ့ရ
ဆင်လိုက်ရာသို့ စားအိုး စားခွက်များကို ယူမသွား

တောဆင်ရိုင်းများကို တကယ်နင်လားငါလား လိုက်ဖမ်း
မည်ဆိုလျှင် ပထမဦးဆုံး "ဆိုက်ဖလား"ခေါ် ဝမ်းပတ်
ကွင်းထဲတွင် "ဆိုင်ဖန်"ခေါ် ဖမ်းကြိုးအစတစကို ထည့်
ပြီးမှ ဆင်ဖမ်းကြိုးကိုခွေ၍ ဆင်၏ကျောကုန်းပေါ်သို့
ာ ဆိုက်သရီးခေါ် ထိန်းကြိုးဖြင့် ထိန်းထားရသည်။
စီစဉ်ပြီးသောအခါ တောဆင်၏အခြေအနေကို လေ့လာ
ရှုရသည်။ ဆင်အုပ်နှင့် အတော်ဝေးဝေး လေအောက်မှ
၍ မိမိစိတ်ကြိုက် ဖမ်းဆီးရန် ဆင်ကို ရွေးရ၏။ ဖမ်းဆင်
းသောအခါ ဆင်အုပ်နားသို့ လေအောက်မှပါးနပ်လိမ်မာ
ချဉ်းကပ်ရသည်။ ဖမ်းရာတွင် အများအားဖြင့် မိမိဆင်ထက်

ငယ်သော ဆင်များကိုသာ ရွေးပြီး ဖမ်းဆီးရသည်။
ဆိုလျှင် ခနစ်ပေဆင်ထိ ဖမ်းရဲကြသော်လည်း အရွယ်ရှိ
ဆင်ထီးဆိုလျှင်ကား ခြောက်ပေဆင်ကိုဖမ်းရာ၌ပင် အထူး
ဝိရိယထား၍ ဖမ်းကြရသည်။ တခါတရံ စွယ်စုံ ဆင်ရိုင်း
သည် ဖမ်းဆင်များကို ထိုးသတ်တတ်ကြသည်။

ဆင်ရိုင်းကို ဖမ်းဆီးမည့် ဖမ်းဆင်ပေါ်တွင် ဦးစီး
ရွှေပိုင်းပခုံးထက်၌ ကားယားခွထိုင်ပြီး နင်းလုံးကြိုးအတွ
ခြေနှစ်ဖက်ကို ထိုးသွင်းထားရသည်။ ဆင်ဖမ်းကြိုးအစ
ကို ကွင်းရှော့ပြုလုပ်ထားပြီး တဖက်ကို ဝမ်းပတ်ကြိုးတွင်
ကာ ဆင်ကျောကုန်းပေါ်ရှိ ဖမ်းကွင်းကိုလည်း ထိန်းပေး
ရ၏။ ပဲ့ချိပ်မှာမူ ဆင်မြီးကုန်းပေါ်တွင် ဆောင့်ကြောင့်
ကာ မြီးဆိုင်းကြိုးကို ထိန်းပြီး လိုက်ပါရ၏။

ထိုသို့ ပြေးလိုက်ရာတွင် ဆင်လိမ်မာက တောဆင်
များကို မမှီနိုင်ပဲ အပြေးနှေးနေလျှင် စူးနှင့် ထိုးဆွ
သည်။ အကယ်၍ တောဆင်က ကြိမ်ပိုက်တော ဝါး
ဆူးတောထဲသို့ ကြောက်အားလန့်အားနှင့် ဝင်ပြေးလျှင်
ဆင်ကလည်းဝင်လိုက်ရသည်။ထိုအခါဆင်ပေါ်တွင်ပါလာ
လူတွေမှာ ဆူးမစူးစေရန်နှင့် သစ်ခက် သစ်ကိုင်းများမ
မထိခိုက် မိစေရန် ဆင်ကျောပေါ်တွင် ပြားပြားဝပ်၍
ဦးစီးက ဆင်နားရွက်နှင့် လည်ပင်းအောက်သို့ ရွှေ့ပြော
လိုက်ရသလို ပဲ့စီးမှာလည်း ဝမ်းပတ်ကြိုး မြီးသိုင်းကြိုးမျ
မြဲမြဲဆွဲကာ ဆင်၏ ဝမ်းဗိုက်ဘေးစောင်းအထိ မျှောင်က
စီးလိုက်ကြရသည်။ ဆင်လိမ်မာမဟုတ်ပဲ ရိုးရိုးဆင်သာဆို
တောဆင်ကို ပြေးလိုက်ရာ၌ ဆင်ပေါ်က လူများ လိမ့်ကျ
ခဲ့မည် အမှန်ဖြစ်၏။ ဤသို့ ငါးမိုင် ခြောက်မိုင်ထိ လိုက်ပြ



သောအခါ တောဆင်ရိုင်းကို ဖမ်းဆင်က မှီတော့သည်။ ထို
အခါ ဦးစီးဖန်တီသည် ပြေးနေသော ဆင်ရိုင်း၏ဦးခေါင်းပေါ်
သို့ ကြိုးကွင်းကို ပစ်တင်ပေးလိုက်ရ၏။ တောဆင်မှာ ကြောက်
အားလန့်အားနှင့် ပြေးရာတွင် နှာမောင်းကို ခွေလိပ်ထား
တတ်လေရာ မိမိဦးခေါင်းပေါ်သို့ စွပ်ကျလာသော ကြိုးကွင်းကို
နှာမောင်းနှင့် ဖယ်ရှားပစ်လိုက်သည်နှင့်တပြိုင်နက် သူ၏ လည်
ပင်းကို ကြိုးကွင်းက စွပ်ပြီးသား ဖြစ်သွားလေသည်။ ဤသို့
ကြိုးကွင်းစွပ် ပစ်ဖမ်းရာတွင် ဆင်ဖမ်းဖန်တီတို့၏ ကျွမ်းကျင်မှု
ကြောင့်များသောအားဖြင့် လွတ်ထွက်သွားခြင်း မရှိပေ။

တောဆင်ရိုင်း၏ လည်ပင်းကို ကြိုးကွင်း စွပ်မိသောအခါ
တောဆင်မှာ အင်အားရှိသလောက် ရုန်းကန်ပြီး ထွက်ပြေး
ရန် ကြိုးစားသည်။ ထိုအခါတွင် ဆင်လိမ်မာနှင့် တောဆင်
အင်အားချင်း ပြိုင်ကြ၍ ဖမ်းကြိုးကို လူက လျှော့ချည် တင်း
ချည် လုပ်ပေးရသည်။ တောဆင် မောပန်းသွားအောင် နည်း
အမျိုးမျိုးဖြင့် လုပ်ပေးရသည်။ လူက ဤကဲ့သို့ ပြုလုပ်ပေး
သောအခါ တောဆင်ရိုင်းမှာ မကြာခင်ပင် ခြေကုန် လက်ပန်း
ကျပြီး ဆင်လိမ်မာ ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်နှင့် ပါ
သွားရလေသည်။

စင်စစ် ဤသို့ အလွယ်တကူ ဖမ်းမိမှုများ နည်းပါးပြီး
ဖမ်းမိထားသော တောဆင်ရိုင်းအား သူ့အုပ်ထဲမှ အခြားသော
ဆင်ရိုင်းများက ပြန်လှည့်လာပြီး အကူအညီပေးခြင်း၊ အတင်း
ဝင်လုဆွဲခေါ်ခြင်း၊ ဆင်လိမ်မာရော လူကိုပါ အစွယ်နှင့် လိုက်
ထိုးခြင်း၊ ဆင်လိမ်မာက အားသန်နေ၍ မပြိုင်ရဲလျှင် အပေါ်က
လူကို နှာမောင်းနှင့် ဆွဲချခြင်း စသည်တို့ကို တွေ့ကြုံရတတ်
သည်။ထိုသို့သောအခါမျိုးတွင်ကွန်ဂျီခေါ် ဖမ်းဆင်လိမ်မာသည်

အလွန်အရေးကြီး၏။ လျှင်မြန်ဖျတ်လပ်မှု ရဲရင့်မှုအပြင် လူကို အကာအကွယ် ပေးတတ်မှုရှိရန် အထူးလိုအပ်လှပေသည်။ ထို အခါများတွင် ဆင်ဖမ်းလုပ်သားများမှာ တောဆင်ရိုင်းအုပ် နှင့် သက်စွန့်ဆံဖျား အစွမ်းပြိုင်ကြရလေသည်။ ယခင်က ဤသို့ အခက်အခဲ တွေ့လာလျှင် ကျည်ဆံအစား ကြိမ်ပေ ဖျားကိုတပ်၍ တောဆင်ရိုင်းများ၏ ခြေထောက်ကို လှမ်းပစ်၍ ခြောက်လှန့်ကြရသည်။ ယခုအခါ သေနတ်များကို သိမ်းဆည်း ထားသဖြင့် ဆင်ဖမ်းလုပ်သားများမှာ အခက်ကြုံ၍ ဆင်နှင့် နီးနီးကပ်ကပ် ရင်မဆိုင်ရဲ ဖြစ်နေကြသည်။

အစစအရာရာ အဆင်ပြေပြီး မိမိတို့ စိတ်ကြိုက် တော ဆင်ရိုင်းကို ကြိုးကွင်းစွပ် ဖမ်းဆီးပြီးသောအခါ အမြစ်ဆုံ ကောင်း၍ ခိုင်ခန့်သော သစ်ပင်တပင်ကို အနီးအနား၌ ချက် ချင်း ရှာဖွေကြရသည်။ ဆင်ရိုင်းချည်ရန် သစ်ပင်မှာ အောက် ခြေ ရှင်းနေပြီး အကိုင်းအခက် အဖုအထစ်များ လုံးဝမရှိရ ပေ။ ဆင်ချည်ရန် သစ်ပင်၌ အကိုင်းအခက် အဖုအထစ်များ ရှိနေပါက ဆင်ရုန်းသောအခါ သစ်ကိုင်း သစ်ခက် အချွန် အတက်တွေနှင့် ထိခိုက်မိ၍ ဒဏ်ရာအနာတရ ရရှိတတ်သည်။ ဖမ်းမိထားသော တောဆင်ရိုင်းကို ချောမွတ်သော သစ်ပင်၌ ဆင်လိမ်မာ၏အကူအညီနှင့် ကပ်ချည်ထားရသည်။ ထိုနောက် မကြာမီ တောဆင်ကို ဆင်လိမ်မာနှင့် ပူးညှပ်ကာ ဆင်ကျောင်း စခန်းသို့ ဆွဲခေါ် လာရသည်။

စခန်းသို့ ရောက်သောအခါ တောဆင်၏နားကိုဖောက်၍ ကြိုးတပင်နှင့် တပ်ထားပေးရသည်။ ဆင်၏တကိုယ်လုံး၌ နာ ကျင်တတ်သောနေရာမှာ နားရွက်သည် အဓိကနေရာဖြစ်သဖြင့်



ားကို ဖောက်ချည်ထားခြင်းဖြစ်သည်။ ဆင်ဦးစီးများ ဆင် ဆုံးမလျှင်လည်း နားရွက်ကို ရိုက်၍ ဆုံးမတတ်ကြ၏။

ဖမ်းမိထားသော တောဆင်၏ ခြေလက် လည်ပင်းတို့ကို ခန့်သော သစ်ပင်များတွင် ချည်ထားပြီး နှစ်ရက် သုံးရက် အစာရေစာ လုံးဝမကျွေးပဲ ဒဏ်ခတ်ထားရသည်။ ထိုသို့ ဏ်ခတ်ထားခြင်းဖြင့် တောဆင်ရိုင်းမှာ စိတ်ဓာတ်ကျသွား ည်။ ထိုအခါ ငှက်ပျောပတ်ထဲတွင် ဆန်ဆား အနည်းငယ် ထွေးပြီး ကျွေးရသည်။ ထိုနောက် ကျင့်ဆင်များဖြင့် ပ်မတ် ညှပ်သွင်းကာ တောဆင်ရိုင်းကို လေ့ကျင့်သင်ကြား းရသည်။

ညှပ်သွင်းထားသော ဆင်ရိုင်းများ ယဉ်ပါးလာရန် တွက် ညှပ်ပေါ်တွင် ကြိုးဖြင့် ကြက်ခြေခတ် ပခက်ပြုလုပ်ပြီး င် ဆင်ဖမ်းလုပ်သားများက ရှေးဦးစွာ ဆင်ကျောကုန်းပေါ် နင်းစမ်း၍ လျှောက်ပေးရသည်။ ပြီးမှတဆင့် လူလွှတ် က်စီး၏။ ထိုနောက် ဆင်တကိုယ်လုံးကို နေရာလွတ်မကျန် အောင် ပွတ်သပ်၍ လူသုံးလေးယောက်က သီချင်းသံပြိုင် ကာ ဆင်ကို ယဉ်ပါးလာအောင် လုပ်ကြရသည်။ ထိုသို့ င်ကြား လေ့ကျင့်နေစဉ်အတွင်း ဝံအူ၊ ပေါက်၊ ဆင်သမနွယ် သည့် အမြစ်အခေါက်များကို ကြိုပြီး ဒဏ်ရာများကို ဖန်ရည် ဆေးပေးရသည်။ ယခုအခါ တိရစ္ဆာန်ဆေးကုဆရာများ ထား းသဖြင့် ခေတ်မှီ ထိုးဆေး စားဆေးများကျွေး၍ ကုသကြ သည်။ ထိုသို့ လေ့ကျင့်ပြီးသောအခါ ညှပ်မှထုတ်၍ တွဲဆင် င့် တွဲပြီး ထိန်းကျောင်းပေးရသည်။ စခန်း၌ လေ့ကျင့်နေစဉ် တွင်း အညှော်အနံ့အသက်များ မပြုလုပ်ရ။ စားဖတ် ကြိုး

များဖြင့် ဆင်ကိုမရိုက်ရ။ ကြက်တယ်သူများမလာရ။ လှည်းမောင်း၍ စခန်းထဲသို့မဝင်ရ။ ပုလွေ နှဲမမှုတ်ရချေ။ တောဆင်ရိုင်းတကောင် အတော်အသင့် ယဉ်ပါးလာရန်အတွက် အနည်းဆုံး တလလောက် ကျင့်ယူရသည်ဟု သိရသည်။

# ၁၃။ မေ့ဆေးသေနတ်နှင့်ပစ်ဖမ်းခြင်း

တောဆင်ရိုင်းများကို ကျုံးသွင်းထောင်ဖမ်းခြင်း၊ ကြိုးကွင်းစွပ်ပစ်ဖမ်းခြင်းအပြင် မေ့ဆေးသေနတ်နှင့်ပစ်၍ ဖမ်းသေး၏။ ကမ္ဘာပေါ်တွင် တောဆင်ရိုင်းများအား မေ့ဆေးသေနတ်နှင့် ပစ်ဖမ်းခြင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ တခုထဲ၌သာ ရှိသည်ဟု ဆိုရပေမည်။ အနောက် နိုင်ငံများတွင် မေ့ဆေးသေနတ်ကို ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ခြသေ့၊ ဆင် စသည်တို့ပါဝင်သော ဆပ်ကပ်ပွဲများ၌သာ အသုံးပြုသည်။ ဆပ်ကပ်ပွဲပြရာတွင် ပွဲခင်းထဲ၌ လူကိုရုတ်တရက် ရန်သတ္တဝါရူးပြုလာလျှင် မေ့ဆေး သေနတ်နှင့်ပစ်၍ ကာကွယ် ရသည်။ မေ့နေသော သတ္တဝါကို ကုလားကာတင်းတိမ်ချ၍ ဖြေဆေးထိုးပေးရသည်။ ထို့ကြောင့်လည်း နိုင်ငံတကာ ယစ်မျိုးဥပဒေအရ မေ့ဆေးများကို နိုင်ငံခြားမှ တင်သွင်းရာ၌ အခက်အခဲများရှိသည်ဟု သိရသည်။

တောရိုင်းများကို မေ့ဆေးသေနတ်နှင့် ပစ်ဖမ်းရာတွင် ကွန်ဂျီခေါ် ဆင်လိမ်မာ သုံးကောင် လိုပေသည်။ ပထမ ဆင်ပေါ်တွင် ဖန်တီခေါ် ဦးစီးတယောက်၊ ဂန်နာမေ့ဆေးသေနတ် ပစ်သမားတယောက်၊ ဒုတိယ ဆင်ပေါ်တွင် ဖန်တီခေါ် ဦးစီး

တယောက်၊ တိရစ္ဆာန်ဆေးကုတယောက်၊ တတိယ ဆင်ပေါ်တွင် ဖန်တီခေါ် ဦးစီးတယောက်၊ မာအွတ်ခေါ် ပဲ့စီးနောက်လိုက်တယောက်၊ အားလုံး ဆင်သုံးကောင်နှင့် လူခြောက်ယောက်လိုသည်။ သို့သော် ဆင်တကောင်ပေါ်တွင် ဦးစီးတယောက်၊ မေ့ဆေးပစ်သမားတယောက်၊ ပဲ့စီးတယောက်နှင့်လည်း ဆင်တကောင် လူသုံးယောက် ဆင်ပစ်ထွက်လေ့ရှိကြသည်။ ဆင်နှစ်ကောင် လူလေးယောက်နှင့် ထွက်ကြသည်လည်း ရှိသည်။ အချုပ်မှာ တောတောင်ရေမြေ နေရာဒေသ အခြေအနေအရ သင့်တော်သလို အုပ်ဖွဲ့၍ ဆင်ဖမ်းထွက်တတ်ကြသည်။ ရှေးက မေ့ဆေးသေနတ်ပစ် အဖွဲ့များမှာ မြစ်ကြီးနား၊ မော်လိုက်နှစ်ခရိုင်၌သာရှိ၍ ယခုအခါ မိုးမိတ်ကသာ စသည့် တောဆင်ရိုင်းများပေါများရာဒေသတို့၌လည်း ရှိသည်ဟု သိရ၏။

မေ့ဆေးသေနတ်နှင့် ဆင်များကိုပစ်ဖမ်းခြင်းမှာ တောဆင်ရိုင်းသက်သက်ကိုသာ မဟုတ်။ သစ်ထုတ်လုပ်ရေး အဖွဲ့မှ လွတ်ပြေးသော ဆင်ဆိုးများကိုလည်း မေ့ဆေးသေနတ်ဖြင့် ပစ်၍ပြန်ဖမ်းယူရလေသည်။

ကွန်ဂိုဆင်လိမ်မာများမှာ ပုဂ္ဂလိက ကန်ထရိုက်တာများထံမှ ငှါးရမ်းရသော ဆင်များဖြစ်သဖြင့် ပုတ်ပြတ်နှင့် ငှါးရလျှင် တနှစ်လုံးအတွက် ကွန်ဂိုတကောင်ကို ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ အထိ ဈေးရှိသည်။ ဦးစီးတယောက်လျှင် ကျပ် ၁၅၀ နှင့် ကျပ် ၁၂၀ ကြားတွင်ရှိပြီး ပဲ့စီးမှာ ၁၀၀ နှင့် ၈၀ ကြားတွင် ရှိလေသည်။ မေ့ဆေးသေနတ်ပစ်သမားမှာ အစိုးရလခစား တိရစ္ဆာန်ဆေးကုစသည်တို့ ဖြစ်သည်။ ဆင်ဖမ်းရာသီမှာ ကျုံးသွင်းဖမ်းခြင်း၊ ကြိုးကွင်းစွပ် ဖမ်းခြင်းများနည်းတူ အောက်တိုဘာလဆန်းမှ မေလအထိ ဖြစ်သည်။ ကွန်ဂိုဖမ်းဆင်အဖွဲ့ဆင်များ



၏ ဦးစီးမှာ ခန္တီရှမ်း၊ ကဒူးကကျန်းကချင်အမျိုးသားများဖြစ်ကြသဖြင့် ရိုးရာနတ်ပသမှု အစွဲအလမ်း အယူအဆများရှိသည်။

တောဆင်ရိုင်းများကို မေ့ဆေးသေနတ်နှင့် ပစ်ဖမ်းရာတွင် မေ့ဆေးများကို လိုသည်ထက်ပို၍သုံးလျှင်၎င်း၊ လိုသလောက် မသုံးမိလျှင်၎င်း ဆင်ဖမ်း လုပ်သားများနှင့် ဆင်လိမ်မာများ အတွက် အန္တရာယ်များလှသဖြင့် သက်ဆိုင်ရာမှ ညွှန်ကြားချက်များကို အတိအကျလိုက်နာရန် အရေးကြီးသည်။

အရပ်ခြောက်ပေမှခုနစ်ပေအမြင့်ရှိသော ဆင်ကြီးများကို ပစ်ခတ်ဖမ်းဆီးရာတွင် တကောင်ကို တကြိမ်လျှင် အများဆုံး မေ့ဆေးအချိန်ငါးမီလီဂရမ်သာလျှင်အသုံးပြု၍ ပစ်ခတ် ဖမ်းဆီးရမည်။

ခြောက်ပေအောက်ဆင်ငယ်များကိုပစ်ခတ်ဖမ်းဆီးရာတွင် ဆင်တကောင်ကိုတကြိမ်လျှင် အများဆုံးမေ့ဆေးလေးမီလီဂရမ်သာလျှင် အသုံးပြု၍ ပစ်ခတ်ဖမ်းဆီးရမည်ဖြစ်သည်။ အကယ်၍ အထက်ပါ မေ့ဆေး အချိန်အတွယ်ဖြင့် ပစ်ခတ် ဖမ်းဆီးရာ၌ ပစ်ခတ်ပြီးသည့်အချိန်မှ အနည်းဆုံး မိနစ်သုံးဆယ်ကြာအထိ စောင့်ဆိုင်းနေ၍မှ တောဆင်ရိုင်းသည် လဲကျ မေ့သွားခြင်း မရှိပဲ မှိုင်တွေရုံသာရှိနေလျှင်သော်၎င်း၊ အကယ်၍ ဆင်သည် မိမိကိုယ်ကို မထိန်းနိုင်ပဲ လဲကျသွားပြီး ဖြစ်သော်လည်း ရုန်းကန်နေ၍ ကြိုးဖြင့်တုတ်နှောင်ရာတွင် လူအား အန္တရာယ်ပြုနိုင်သည့်အခြေအနေမျိုးတွင် ရှိနေခဲ့လျှင်သော်၎င်း၊ ဆင်ရိုင်းလုံးဝမေ့သွားစေရန်အတွက် မေ့ဆေးထိုးနှံပေးရန်လိုအပ်ခဲ့လျှင် မေ့ဆေးတစ်မီလီဂရမ် သို့မဟုတ် နှစ်မီလီဂရမ်အထိသာလျှင် ထိုးပေးနိုင်သည်။

မေ့ဆေးများအသုံးပြုရာတွင် သေချာစွာချိန်ဆ၍ အသုံး



ပုံ-ဂ။ မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းသည့်အခါ အရပ် ငါးပေ ခြောက်ပေ အရွယ် ဆင်ငယ်ကလေးများကိုသာ ရွေးချယ်ဖမ်းသည်။ ဤအရွယ်မှာ သင်ကြားရန်လွယ်သည့်အပြင် နှစ်ရှည်ခိုင်းစေအသုံးပြုနိုင်သည်။

ပြုရန်အထူးလိုအပ်ပေသည်။ မလိုအပ်ပဲ နောက်ထပ် ဆေးထိုး ပေးခြင်း မပြုလုပ်မိစေရန် အထူးသတိပြုရမည်ဖြစ်သည်။



ဖြေဆေးအသုံးပြုရာတွင် ပထမ ၃၀ မီလီဂရမ်ထိုးရမည်။ ၃၀ မီလီဂရမ်ဖြင့် မေ့ဆေးမပြေသေးလျှင် နောက်ထပ်ဖြေ ား ၁၀ မီလီဂရမ်အသုံးပြု၍ ထပ်မံ ထိုးပေးရမည်ဖြစ်သည်။ သို့ ဖြေဆေးထပ်ထိုးရာတွင် တကြိမ်နှင့်တကြိမ် ၁၅ မိနစ်စီ ၍ မေ့ဆေးပြေသည်အထိ ထိုးပေးနိုင်သည်။အထူးသတိပြု မှာ ဆင်ရိုင်းအားမေ့ဆေးမပြေသေးမီ ကြိုးဖြင့် ချည်နှောင်၍ ဘင်းဆွဲယူခြင်း၊ ကွန်ဂျီဆင်ယဉ်ဖြင့် အတင်းအောင်းခြင်း း လုံးဝမပြုမိရန် ဖြစ်သည်။

ဆင်ရိုင်းများကို တောထဲ၌ ရှာဖွေရာတွင် မီလာရှိကာ းကဲ့သို့ ဆင်မြူးသံများ၊ ဆင်အော်သံများ၊ လောလော ်လယ်ယိုချပစ်ခဲ့သော ဆင်ချေးပုံများ၊ ခြေရာသစ်များ၊ းဖတ်စားကြွင်းများ စသည်တို့ကို ရှာဖွေ၍ ဆင်အုပ်ရှိမည် ်သောနေရာများသို့ ဖြတ်လမ်းမှ လိုက်ကြရသည်။ မတ် ာက်သော တောင်များကို ကျော်တက်ရာ၌ ဦးစီးပဲ့စီးဂန်နာ မှာ ဝမ်းပတ်ကြိုး မြီးသိုင်းကြိုး လည်သိုင်းကြိုးများကို မြဲမြဲဆွဲ ဆင်ပေါ်ကပက်လက်လန်မကျအောင် စွန့်စွန့်စားစား ခက် ်ခဲခဲလိုက်ကြရသည်။ ဖမ်းဆင်ပေါ်တွင် ပုခက်က, မပါသော ကြောင့် ဆင်ကျောကုန်းပေါ်၌ ဖြစ်သလိုစီးပြီး လိုက်ကြရ၏။ ်ရိုင်းများပစ်ဖမ်းရာတွင် ပုခက်က, ပါ၍လည်း မဖြစ်ပေ။ ်ရိုင်းများကို အပြေးလိုက်ကြရသဖြင့် ပုခက်များ က, းတင်သွားပါက ယင်းတို့နှင့် သစ်ပင်ခွံနွယ်များငြိကာ ခရီး ်လျက် တောဆင်ရိုင်းများကို လိုက်၍ မှီမည်မဟုတ်ချေ။ းအိုးစားခွက်နှင့် မေ့ဆေးသေတ္တာ သေနတ်ဝန်စည်စလယ် သည်တို့ပါသဖြင့် ဆင်ရိုင်းများကို ပြေးလိုက်ရာတွင် ရှေက

ကာဆီးကန့်လန့်ခံနေသော သစ်ကိုင်းသစ်ခက်များကို ဓားနှ ခုတ်ဖြတ်၍ လမ်းရှင်းလိုက်ကြရသည်။


အကယ်၍ တောဆင်အုပ်ကို တွေ့ရှိပါက ဖမ်းလိုသော ဆင်၏တင်ပါးကိုသာ ပစ်ရသည်။ အခြားနေရာများကို လုံး မပစ်ရပေ။ မတ်စောက်သော တောင်စောင်း တောင်ကမ္ဘား များပေါ်တွင်လည်း မေ့ဆေးနှင့်ပစ်၍ မဖြစ်နိုင်ချေ။ အဘ ကြောင့်ဆိုသော် ဆင်ရိုင်းကို ထိုနေရာဒေသများတွင် ပစ်မိပါ ဆင်မေ့လဲကျ သွားသောအခါ တောင်ပေါ်မှ ဒလိမ့်ကော ကျွေးကျ၍ သေနိုင်၏။ ထိုအပြင် မေ့ဆေးသေနတ်ကျည်အပ် မှာ တင်ပါးတွင် တန်းလန်းပါသွားသဖြင့် ဆင်သည် မေ့မျော တောင်ပေါ်က လိမ့်ကျလာပါက အပ်ကျိုးသွား၍ သို့မဟု ပြုတ်ကျ၍ အရာမထင် ဖြစ်တတ်လေသည်။ ထိုကြော တောင်စောင်းတောင်ကမ္ဘားယံ၌ မိမိဖမ်းလိုသော တောဆ ရိုင်းတကောင်ကိုတွေ့ရှိပါက တောင်ခြေမြေပြန့်သို့ ရောက်လာ အောင် ခြောက်လှန့်မောင်းချရသည်။ မြေပြန့်သို့ ရောက်လာ ကိုက် ၂၀–၁၅ မှသုံးကိုက်ထိ အနီးကပ်၍ပစ်ရသည်။ နေ အခြေအနေအခက်အခဲကြုံလျှင် ကိုက် ၆၀ အကွာမှလည်း ပ နိုင်၏။ ဤသို့အနီးအဝေးပစ်နိုင်ရန်မှာကွန်ဂို ဆင်လိမ်မာများ ရဲရင့်မှု ဖျတ်လတ်အကင်းပါးမှု ဦးစီးသခင်၏ အသာကိုသိမှုန အတွေ့အကြုံရှိမှုပေါ်တွင် တည်သည်။

တောဆင်ရိုင်းများကို ပစ်ဖမ်းရန် လိုက်ရာ၌ ဦးစီးသ ဆင်လိမ်မာများကို မည်သည့်အခါမှ အော်ဟစ်အမိန့်ပေးခြ မပြုပေ။ ဒူးပေးလိုက်ရုံ (ဒူးခြေဖျားတို့ဖြင့် ဆင်နားရွက်ေ ပခုံး စသည်တို့ကို ကျောက်ကန်ထိပေးရုံ) နှင့် ဆင်လိမ်မာသ မည်သို့ ဥပါယ်တမည်ဖြင့် ဆင်ရိုင်းအနီးကို မည်သည့်ဘက်



ချဉ်းကပ်ရမည်၊ မည်သို့ ရှောင်ရှားရမည်၊ မည်မျှအထိ ပြေး ဝင်သွားရမည်ဆိုသည်ကို အထူးသင်ကြားထားမှု သို့မဟုတ် အလေ့အကျင့် အတွေ့အကြုံအားဖြင့် နားလည်သိရှိပြီး ဖြစ်နေ ရပေမည်။

တောဆင်ရိုင်းများကို မေ့ဆေးသေနတ်နှင့် ပစ်ဖမ်းရာ၌ ခြောက်ပေအောက် ဆင်ငယ်များကိုသာ အများဆုံး ပစ်ဖမ်း



ပုံ–၉။ မေ့ဆေးသေနတ်နှင့်ပစ်ပြီးနောက် မေ့လဲနေသော ဆင်ငယ်ကို ဆေးထိုး၍မေ့ဆေးပြေပေးသည်။ မေ့ဆေးမပြေမီ ဆင်ငယ်ကို ကြိုးနှင့်တုတ်နှောင်ရသည်။

ကြသည်။ အဘယ်ကြောင့်ဆိုသော် ဆင်ငယ်များသည် သင်ကြားလေ့ကျင့်ပေးရာ၌ သိလွယ် တတ်လွယ် ယဉ်ပါးလွယ်သလို တွဲဆင်နှင့် စခန်းသို့ ချိတ်တွဲလာရန်လည်း လွယ်ကူပေသည်။ ခြောက်ပေအထက် ဆင်ကြီးများကို ပစ်ဖမ်းပြီး တွဲဆင်များနှင့် စခန်းသို့ တွဲခေါ်ရာတွင် ရုန်းကန်ထွက်ပြေးမှု ရန်မူမှုတို့ကြောင့် အခက်အခဲရှိ၍ တွဲဆင်လိမ္မာများမှာ အနာတရ ဖြစ်တတ်၏။ များသောအားဖြင့်တွဲဆင်လိမ္မာများမှာ ပုဂ္ဂလိကပိုင်ဆင်များ ဖြစ်သဖြင့် ဆင်ကြီးများကိုပစ်ဖမ်း၍ တွဲရသည်ကိုကံထရိုက်တာများက မလိုလားကြပေ။ သူတို့ပိုင် ဆင်လိမ္မာများ အနာတရ ဖြစ်မည်ကိုအလွန်စိုးရိမ်ကြသည်။ ဆင်လိမ္မာတကောင်ဖြစ်လာရေးအတွက် သင်ကြားလေ့ကျင့်ရသည်မှာ ငါးနှစ် ခြောက်နှစ် ခန့်ကြာသည်။ ဆင်ရိုင်းများကို လိုက်ပစ်ဖမ်းဘူးသော အတွေ့အကြုံ ရင့်ကျက်ရန်လည်းလိုသည်။ ဆင်တိုင်းကို ကွန်ဂျီဆင် လိမ္မာဖြစ်အောင် သင်ကြား၍မရနိုင်ပေ။ ဆင်လိမ္မာဖြစ်လာရန်လူနှင့်နီးစပ်၍ အခြေခံဗီဇရှိဖို့ လိုသည်။ ကွန်ဂျီ ဆင်သည် အခြားဆင်များနှင့် အလုံးအရပ်ချင်းတူလျှင် ပို၍ တန်ဖိုးရှိသည်။ ခြောက်ပေရှိသော ကွန်ဂျီဆင်တကောင်ကို ခြောက်ပေရှိသော အခြားဆင်သုံးလေးကောင်နှင့် မလဲလိုကြချေ။ ထို့ကြောင့် ယခုအခါ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးအဖွဲ့ပိုင် ဆင်များကို ကွန်ဂျီ ဆင်လိမ္မာများ ဖြစ်လာအောင် အစမ်းလေ့ကျင့်သင်ကြားနေကြောင်း သိရသည်။

ကိုက် ၆၀–မှ အနီးဆုံး သုံးကိုက်အတွင်း ပစ်လိုက်သော ဆင်ရိုင်းသည် မေ့ဆေးကျည်အပ်ထိပြီး သုံးဖာလုံ လေးဖာလုံထိ အပ်တန်းလန်းနှင့် ပြေးသွားသေး၏။ သုံးဖာလုံ လေးဖာလုံ အဝေးသို့ ရောက်သောအခါ မေ့၍ လဲတော့သည်။ မေ့၍



လဲနေသော ဆင်ကို ဖြေဆေးထိုးပြီး တွဲဆင် ကွန်ဂျီများနှင့် ညှပ်တွဲချည်နှောင်ကာ စခန်းသို့ တွဲခေါ် လာရသည်။ စခန်းသို့ ရောက်သောအခါ မိလာရှိကာနည်းကဲ့သို့ အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးရသည်။

တောရိုင်းတိရစ္ဆာန်များ ကာကွယ်ခြင်း ဥပဒေများမရှိမီ ရှေးခေတ်က ဆင်ရိုင်းများကို သတ်၍ အစွယ်ဖြတ်ရောင်းစား တတ်သော မုဆိုးများ၏ ဆင်ဖမ်းနည်းများမှာ ဆင်များကို သေနတ်လေးမြားနှင့် အသေသတ်ဖမ်းခြင်း၊ ဆင်များသွား လာတတ်သော ဆင်လမ်းတလျှောက်တွင် တွင်းနက်ကြီးများ တူး၍ စူးထောင်ကာ အပေါ်မှ သစ်ရွက်သစ်ခက်တို့နှင့် ဖုံးပြီး ဆင်ရိုင်းများကို မြေကျင်းထဲ မောင်းချထောင်ဖမ်းခြင်းဖြစ်၏။ ဆင်ရိုင်းများသွားရာလာရာ လမ်းပေါ်ရှိ သစ်ပင်များပေါ်တွင် အရှည်တလံကျော် လုံးပတ်သုံးလေးပေရှိ သစ်လုံးကြီးများကို ဆူးတပ်ဆွဲတင်ပြီး မောင်းဆင် ထားသည်။ ဆင်ရိုင်းများ ထိုသစ်ပင်အောက်သို့ ရောက်လာသောအခါ မောင်းကိုဖြုတ်ချလိုက်၏။ ဆူးတပ်ထားသော သစ်တုန်းကြီးကျလာသောအခါ ဆင်ရိုင်းတွေမှာ ထိုနေရာ၌ပင် သေသွားကြသည်။ နောက် တနည်းမှာတောင်ကျရေများအစီးသန်နေချိန်တွင် တောင်ကမူ၊ အင်း၊ အိုင် စသည့် နေရာများ၌ ပိတ်မိနေသော ဆင်ရိုင်း များကို ရဲတင်းပုဆိန်တို့ဖြင့် လှမ်းပစ်သတ်ဖြတ်ခြင်း ဖြစ်၏။ ယခင်ခေတ်က ရခိုင်ရိုးမ မဏိပူရ အာသန် ဟိမဝန္တာ တောင် ကြောတလျှောက်တွင် အိန္ဒိယ ချင်းမုဆိုး များနှင့် မိုးမိတ် မြစ်ကြီးနား ကသာရှိ ကချင် ကဒူးကဏန်း ခန္တီးရှမ်းမုဆိုးများ ထိုနည်းဖြင့် ဖမ်းခဲ့ကြသည်ဆို၏။ သို့သော် ထိုဖမ်းနည်းများမှာ အစွယ်ရှိသော ဆင်များကိုသာ ဖမ်းခြင်းဖြစ်သည်။

# ၁၄။ ဆင်၏ ကျန်းမာရေး

ဆင်ကျုံးနှင့်ပုခက်သင်ရာ ညှပ်သွင်းရာများကို လျှောက်ကြည့်ပြီး ကျွန်တော်တို့သည် ဆင်စခန်းသို့ ပြန်လာကြသည်။ အချိန်မှာ နေ့လယ် ၁၂-နာရီကျော်နေပြီဖြစ်သဖြင့် ဆင်ဖမ်းလုပ်သားများက ချက်ပြုတ်ကျွေးမွေးသော နံနက်စာကို ထိုစခန်း၌ပင် ဝိုင်းဖွဲ့စားကြသည်။

ထမင်းစားပြီးကြသောအခါ တိရစ္ဆာန်ဆေးကုဝန်ထောက် ဦးကျော်မြင့်အား မန်နေဂျာ ဦးအောင်ခင်က ဆင်နာရုံနှင့် ပင်လုံရှိ နန့်လိုင်ကျုံးတို့တွင် ဆင်နာများရှိနေသဖြင့် ကျွန်တော်တို့နှင့်အတူ လိုက်ကြည့်ပေးရန် ခေါ်၏။ နန့်လိုင်ကျုံး၊ ဆင်နာရုံ၊ ဆင်ဝိုင်း၊ ဆင်ကျောင်းစခန်းများကို လိုက်ရလျှင် နှစ်ရက်သုံးရက်ကြာမည်ဖြစ်သဖြင့် ရေပြာကျုံးစခန်းရှိ ဆင်အချို့ကို ဦးကျော်မြင့်က ဆေးထိုး၏။ ဆင်ဆေးထိုးသည်ကို မမြင်ဖူးသော ကျွန်တော်က ဦးကျော်မြင့်နှင့် လိုက်၍ ကြည့်ရ၏။

ဦးကျော်မြင့်မှာ ဆင်ဆရာဝန်ပီပီ ဆင်များနှင့် အတော်ယဉ်ပါးနေပုံရ၏။ ဆင်နားလည်လွယ်သော ဆင်ဦးစီးများ၏ သမားရိုးကျစကားများကို အော်ဟစ်အမိန့်ပေးကာ ဆင်အနားကပ်သွားပုံမှာ မြန်ဆန်လှသည်။ ယာ....ယာ ဟု အော်ပြီး



ဆင်ပါးကို လက်သီးဆုပ်နှင့် တချက်နှစ်ချက်ရိုက်လိုက်ရုံနှင့် ဆင်တင်ပါးတွင် ဆေးထိုးအပ်ကို စိုက်ထားနှင့်ပြီးဖြစ်၍ သူ့တပည့်တယောက်ကို ဆေးစပ်ခိုင်းကာ ဆင်တင်ပါးတွင် စိုက်ထားသော အပ်ခေါင်းနှင့် ဆေးထိုးပိုက်ကို ဆက်ပြီး ဆေးထိုးပေးလေသည်။

ဆေးရည်များထိုးသွင်းသောအခါ ဆင်က နာကျင်၍ အော်ဟစ်ရုန်းကန်သော်လည်း ဦးကျော်မြင့်မှာ ဆင်တင်ပါးလှည့်ရာဘက်သို့ လှည့်ပတ်လိုက်ပါပြီး ဆင်များကို ကျွမ်းကျွမ်းကျင်ကျင် ဆေးထိုးပေး၏။ သူ့ကိုကြည့်ရသည်မှာ ဆင်နှင့် အတော်လက်ပွန်းတတီး ရှိပုံရသည်။ ဆင်လှေ့လာနေသော ကျွန်တော်ကသာ ဆင်အော်လိုက်တိုင်း ကြက်သီးတဖြန်းဖြန်း ထနေမိသည်။ ရှန့်ရင်းကြမ်းတန်း ဖြစ်နေသော ဆင်နားသို့ သည်း မကပ်ရဲပေ။

ဦးကျော်မြင့်မှာ မြစ်ကြီးနားခရိုင်၌ တာဝန်ကျစဉ်က တောဆင်ရိုင်းများကို မေ့ဆေးသေနတ်နှင့် ပစ်ဖမ်းဖူးသူဖြစ်၏။ တောဆင်ရိုင်းများအား မေ့ဆေးသေနတ်နှင့် လိုက်ပစ်ဖမ်းရာတွင် တောဆင်ရိုင်းများမေ့ဆေးပြေချိန်၌ ဆင်နှင့်လူ ဘတပြန် ကျွားတပြန် အင်အားပြိုင်ကြရပုံ၊ တောဆင်ရိုင်းအုပ်ကို ခြေရာဖျောက်ရပုံ၊ တောကျွမ်းကျင်ပုံ၊ ပညာပြကြရပုံတို့ကို သူပြောပြသည်မှာ သဲထိပ်ရင်ဖိုဖြစ်စရာပင်။ ဦးကျော်မြင့်မှာ ဆင်နှင့် ပတ်သက်လာလျှင် အဖက်ဖက်မှ ကျွမ်းကျင်ပြီးသော ပုဂ္ဂိုလ် ဖြစ်လေသည်။

အမှန်က သူသည် ဆင်နှင့်သာယဉ်ပါးနေသည်မဟုတ်၊ ဆင်ဖမ်းလုပ်သားများနှင့်လည်း ရင်းရင်းနှီးနှီး လက်ပွန်းတတီး နေသူဖြစ်သည်။ ဤရေပြာကျုံးသို့ ကျွန်တော်တို့မရောက်လာမီ

ယခင်နှစ်ရက်လောက်က ဤကျုံးနားတဝိုက်သို့ တောဆင်ရိုင်းများ ရောက်လာသဖြင့် ဆင်ဖမ်းလုပ်သားများမှာ ထိုတောဆင်ရိုင်းများကို ကျုံးသွင်း ထောင်ဖမ်းရန် အပူတပြင်း စီစဉ်ကြရာ၌ ပထမ မီးပိတ် လင့်စောင့်သူ လုပ်သား တယောက် ခရီးလွန်နေသဖြင့် ဦးကျော်မြင့်ကိုယ်တိုင် လင့်ပေါ် တက်စောင့်ပေးသည် ဆို၏။

သောင်ဆရာ ဦးစောမြဖိုလ်ကအစ ဤသို့ လက်ပွန်းတတီး နေတတ်သော ဦးကျော်မြင့်ကို အတော်ခင်မင်ဟန်တူ၏။ သူတို့ဆရာက ကျွန်တော်တို့နှင့် တရက်နှစ်ရက်လိုက်ပြီး ဆင်နား ဆင်ဝိုင်းစခန်း ပင်လုံကျုံးမှ ဆင်များကို လိုက်သွားကြည့်ဦးမည်ဟု ဆိုသောအခါ သူမရှိလျှင် ဘယ်ဆင်ကို ဘာဆေး ကျွေးရမည် ဘယ်ဆင်က ဘယ်လိုအခြေအနေရှိသည် စသည်ဖြင့် သူတို့ဆရာအား မေးမြန်းကြရသည်မှာလည်း အမောပင်။

ရှေးအခါက အင်္ဂလိပ်ဆေးကို ဆင်ဖမ်းလုပ်သားများက သိပ်အယုံအကြည်မရှိကြချေ။ ယခု ဦးကျော်မြင့်ရောက်လာမှ ဆင်ကို ဆေးထိုးပေးသလို ဆင်လုပ်သားများကိုလည်း ခေတ်မီ ဆေးဝါးများကို ယုံကြည်လာအောင် ဟောပြောခြင်း၊ လက်တွေ့ကုသပြခြင်းကြောင့် ဆင်ဖမ်းလုပ်သားများမှာ အင်္ဂလိပ် ဆေးကို ယုံကြည်လာကြပြီ ဖြစ်သည်။

“ဆင်တွေ မကျန်းမာယင် ဘာဆေးတွေများ ထိုးရပါသလဲ”

“လူကို ထိုးတဲ့ ဆေးတွေ အားလုံးလိုလို ထိုးတာပါဘဲ။ အဲ တခုတော့ရှိတယ်၊ ဆင်က အကောင်ကြီးတော့ လူထက်ပိုပြီး များများကျွေး၊ များများထိုးရတာပေါ့လေ။ ဘားဘာလက်စီ



ဆိုယင် တနေ့ အလုံးအစိတ်တောင် ကျွေးရပါတယ်။ ဟောဟိုက ဆင်ဟာ အနာကိုက်ခဲ့လို့ အေ-ဘီ-စီ ကျွေးခိုင်းထားတာပါဘဲ”

ဆင်ဖမ်းလုပ်သားတယောက်က သီချင်းဆိုချော့မော့ပြီး ဆင်တကောင်ကို အေ-ဘီ-စီ ကျွေးနေသည်။ နောက်တယောက်ကလည်း ဆင်၏ အနာဒဏ်ရာများကို ဆေးဝါရည်ပက်လိမ်းပေးနေသည်။ ဆင်ကို ဆေးလုံးကျွေးရသည်မှာ ဆင်စာဖြစ်သော ကျူရိုးဖျားနုနုကို နှစ်ခြမ်းခွဲကာ အေ-ဘီ-စီ ဆေးလုံးကို ထိုကျူဖျားအကွဲထဲသွင်း၍ ကျူရွက်နှင့် ရစ်ပတ်ဖုံးကွယ်ကာ ဆင်မသိအောင် ကျွေးရ၏။ အနံ့ရလျှင် လုံးဝမစားဘဲ လွှင့်ပစ်တတ်သည်ဟု သိရသည်။ ဤသို့ ဖုံးဝှက်၍ ခက်ခက်ခဲခဲ ကျွေးသည်ကိုပင် ကျွန်တော့ရှေ့၌ ကျူရိုးအရင်းကို နှာမောင်းနှင့်ကိုင်ကာ ဆေးထည့်မြှုပ်ထားသော ကျူရိုးဖျား နုနုကို သူ့လက်တွင် တဖျောင်းဖျောင်းရိုက်၍ ခါချပစ်သည်ကို လှမ်းမြင်နေရသည်။

ရေပြာကျုံးမှ ကျွန်တော်တို့အပြန်တွင် တိရစ္ဆာန်ဆေးကုဝန်ထောက် ဦးကျော်မြင့်လည်း လိုက်ပါလာ၏။ ထိုရေပြာကျုံးရှိ ဆင်များကို ဆေးဝါးကုသစောင့်ရှောက်ရန် သူ့တပည့်တယောက်အား အသေအချာ မှာ၍ ထားခဲ့လေသည်။ ထိုနေ့က ကျွန်တော်တို့သည် ညနေငါးနာရီကျော်မှ မဘိန်းသို့ ပြန်ရောက်ကြသည်။

မဘိန်းမှာ ကျွန်တော့်အတွက် အခြေစိုက်စခန်းဖြစ်သည်။ မဘိန်းဗိုလ်တဲတွင် မိုးမိတ်သစ်ထုတ်လုပ်ရေးမှ လက်ထောက်မန်နေဂျာ ဦးသာဒွန်းအောင်မြင့်ကို တွေ့ရသည်။ သူသည် ညနေသုံးနာရီလောက်ကပင် မဘိန်းသို့ ရောက်နေကြောင်း ပြော၏။ မန်နေဂျာ ဦးအောင်ခင်က သူနှင့်ကျွန်တော့်ကို

မိတ်ဆက်ပေးသည်။ ကျွန်တော်သည် နန့်လှိုင်ဆင်ဖမ်းကျုံးနှင့် ဆင်ဝိုင်းဆင်ကျောင်းစခန်းများကို လှည့်လည်လေ့လာဦးမည် ဖြစ်သဖြင့် ဦးသာဒွန်းအောင်မြင့်က ဦးအောင်ခင်၏အကြောင်း ကြားချက်အရ ကျွန်တော့်ကိုခေါ်ရန် လာခြင်းဖြစ်သည်။

ရွှေလီမြစ်ထဲ ရေဆင်းကူးပြီး ညနေစာကို မဘိန်းဗိုလ်တဲ၌ပင် စုစားကြသည်။ ထမင်းစားပြီး၍ ညခုနစ်နာရီကျော်လောက်အချိန်တွင် ဦးအောင်ခင်၏ကားနှင့် ဘဟဲရှင်ပင်တွဲလွှဲဘုရားပွဲသို့ ထွက်လာကြသည်။ ဘုရားပွဲမှာ ရွာနီးချုပ်စပ်မှ ရပ်သူရွာသား ကလေးသူငယ်များအပြင် သစ်ထုတ်လုပ်ရေးမှ လုပ်သားများနှင့် စည်ကားလျက်ရှိသည်။ ဤအရပ် ဤဒေသတဝိုက်တွင် ပွဲတော်ဆို၍လည်း ဤဘုရားပွဲသာရှိလေရာ အိမ်လုံးကျွတ် ရွာလုံးကျွတ် လာကြသည်ကို တွေ့ရသည်။ အဝေးလံသော ရွာများမှပင် သစ်ထုတ်လုပ်ရေးက ပုဂ္ဂလိကပိုင် သစ်တိုက်ကားများကို စင်းလုံးငှါး၍ ပွဲလာကြသည်။ အမိုးအကာမရှိသော ကားပေါ်တွင် လူတွေက ပြည့်ကြပ်လိုက်ပါလာကြသည်။ နေလုံးမကွယ်မီကပင် ပွဲတော်သည် စည်ကားနေပြီဟု သိရသည်။ ပွဲထဲတွင် နလကဥက္ကဋ္ဌ ပါတီယူနစ်မှ ပုဂ္ဂိုလ်များနှင့် သိကျွမ်းရသည်။

လက်ထောက်မန်နေဂျာ ဆင်ဆရာဝန်နှင့် ကျွန်တော်တို့မှာ လူငယ်များဖြစ်ကြသဖြင့် ပွဲဈေးတန်းလျှောက်လည်ကြ၏။ ဦးအောင်ခင်မှာ လူကြီးဖြစ်သဖြင့် သူ့အဖေအသိ ဘုရားလူကြီးတွေနှင့် အလွှာပသလွှာပ ပြောကျန်ရစ်သည်။

သူတို့အရပ်ဒေသ၌ ပွဲဈေးတန်းရှိ ဗူးသီးကြော်ဆိုင်များတွင် အရက်ရောင်းခွင့် ရကြဟန်တူ၏။ "ဒီထက် ခါးတဲ့ ရေနွေးကြမ်းမရှိဘူးလား၊ ဒီထက်ပူတဲ့ ရေနွေးကြမ်း မရဘူးလား" ဟု မေးလိုက်လျှင် အရက်များ ထုတ်ပေးသည်ကို တွေ့ရသည်။

ကျွန်တော်တို့ ပြည်မဒေသတွင် မသိုးသက်န်းကပ်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညရက်လုပ်ပြီး လပြည့်နေ့ အရုဏ်မတက်မီ ဘုရားကပ်လှူလေ့ရှိကြရာ သူတို့ဆီ၌မူ တပေါင်းလကျမှ မသိုးသက်န်းကပ်ကြသည်။ ဤသည်ကို စိတ်ထဲ၌ ချင်း၍ မေးမြန်းကြည့်သောအခါ သူတို့အရပ်ဒေသ၌ တပေါင်းလကျမှ ပွဲလမ်းသဘင်ရှိသောကြောင့် မသိုးသက်န်းကပ်ရသည် ဟုဆို၏။ သူတို့မှာကုသိုလ်ဒါနရေး၌ အချိန်အခါလွန်သွားသော်လည်း စတိဖြစ်ဖြစ် လုပ်လိုက်ရမှ စိတ်ကျေနပ်ကြဟန်ရှိ၏။

## ဆင်နာရုံ

နံနက်စောစောကပင် ဆင်နာရုံနှင့် ဆင်မှိန်းသင်ရာများကို သွားရောက်လေ့လာကြမည်ဟု စီစဉ် ထားကြသော်လည်း ကားပန်ကာကြိုးပြတ်နေသဖြင့် ရှစ်နာရီကျော်မှ ကားစထွက်သည်။ ကားလမ်းမှာ ရွှေလီမြစ်ကမ်းခြေအတိုင်းဖြစ်သည်။ ကားလမ်းဟု ဆိုသော်လည်း မြေလမ်းပင်ပီပီပြင်ပြင် မရှိပေ။ တခါတရံ မြက်ခင်းကိုင်းခင်းများထဲကပင် ဖြတ်မောင်း သွားရသည်။ ကားလမ်းဘေးနှစ်ဖက်နှင့် ရွှေလီမြစ် သဲသောင်ခုံပေါ်တွင် ကျွန်းသစ်လုံးများကို တောင်ပုံရာပုံမြင်နေရသည်။

၄၅ မိနစ်လောက် အကြာတွင် ဆင်နာရုံသို့ ရောက်ကြသည်။ ကျွန်တော်တို့ဆင်နာရုံရှိ တဲပေါ်သို့ ရောက်ကြသောအခါ ဆင်ခေါင်းက ဆင်နာရုံရှိ မကျန်းမာသော ဆင်များကို တလုံးလာပြကြရန် ဆင်ဦးစီးပဲ့စီးများကို ဆော်သြလိုက်၏။

မကြာခင်ပင် ဆင်ဦးစီးကြီးငယ်များသည် မိမိတို့၏ ဆင်ကြီး ဆင်ငယ်များကို ကျွန်တော်တို့ရှိရာသို့ စီး၍ပြကြသည်။ ကျွန် တော်တို့မှာ စာအုပ်ကိုယ်စီဖွင့်ပြီး မေးမြန်းကြ ရေးမှတ်ကြ သည်။ သစ်ထုတ်လုပ်ရေးကမန်နေဂျာ တိရစ္ဆာန်ဝန် ဆေးက သို့မဟုတ် ဆင်အုပ်ကြီးတို့သည် ဆင်နာချံ ဆင်ဝိုင်းဆင်ကျောင်း စခန်းများကို ဤသို့ပင် တလတခါ သို့မဟုတ် နှစ်ခါ ကိစ္စထူး လျှင်ရှိသလို သွားရောက်ကြည့်ကြရသည်။

ကျွန်တော်တို့အား လာပြသော ဆင်နာချံရှိ ဆင်များမှာ အကြီးအသေး အထီးအမ ဆင်မျိုးစုံ ဖြစ်ပေရာ ဝန်တင်ဆင် ခေါ် ကိုး နှစ် ၁၀ နှစ်ရွယ် ဆင်ပေါက်ငယ်များကို စီးရသော ဆင်ဦးစီးလေးများမှာ ကျွန်တော့် စိတ်အထင်အသက် ၁၆ နှစ် ၁၇ နှစ်အရွယ် လူပျိုပေါက်ကလေးများ ဖြစ်၏။ သူတို့သည် ဝန်တင်ဆင်မှဆင်ကြီး လုပ်သားဆင်ဖြစ်လာသည်အထိ ဤဆင် များကိုစီးကြမည့် အလုပ်သင် ဆင်ဦးစီးများပင် ဖြစ်၏။

ဆင်နာချံတွင်ထားသော ဆင်များမှာ မကျန်းမာသော ဆင်များ ဆင်အိုများနှင့် ကလေးမွေးသောဆင်မများ ဖြစ် သည်။ ဆင်နာချံမှာ မကျန်းမာသော ဆင်များကိုထားရန် တဲ ကြီးတလုံးနှင့် ထိုတဲနှင့်ကပ်လျက် ဆင်ဦးစီး ပဲ့စီးမိသားစုများ နေရန် တဲတလုံး နှစ်လုံး ရှိလေသည်။

ဆင်များ ရောဂါဘယမဖြစ်အောင် တိရစ္ဆာန် ဆေးက များသည် သစ်ထုတ်လုပ်ရေးရှိ ဆင်များကို ဒေါင့်သန်းရောဂါ ကာကွယ်ဆေးများ ကြိုတင် ထိုးပေးထားကြရသည်။ ဒေါင့် သန်းရောဂါမှာ ဆင်တိုင်းကို ထိုးပေးသည်မဟုတ်။ ဒေါင့်သန်း ရောဂါကာကွယ်ဆေး မထိုးပေးရသော မထိုးပေးသင့်သောဆင် များလည်းရှိသေးသည်။ ထိုဆင်များမှာ သွားဖွားချိန် နီးနေ



ပြီဖြစ်၍ ကိုယ်ဝန် အရင့်အမာနှင့် ဇီးရှိသောဆင်မများ၊ မမာ ကျန်းဖြစ်၍ အပူရှိသောဆင်များ၊ မကြာမီကာလက အနာ ကျက်ရာရရှိခဲ့ဖူးသောဆင်များ၊ ခရီးဝေးမှ စခန်းရွှေ့ပြောင်းလာ ၍ ရက်ပိုင်းမျှပင် အနားမရသေးသောဆင်များ၊ နို့မဖြတ် ရသေးသော အမိနောက်လိုက် ဆင်ကလေးများနှင့် အင်အား နည်းပါးနေသည်ဟု ယူဆရသောဆင်များဖြစ်သည်။

ပုဂ္ဂလိကပိုင် ကံထရိုက်တာများ၏ ဆင်များကိုမူ ပိုင်ရှင် က ဆေးလာထိုးပေးပါရန် လျှောက်လွှာတင်ရသည်။ ဆေးထိုး ၍ တစုံတခုဖြစ်သွားပါက ဆင်ဆရာဝန်၏တာဝန် လုံးဝမဟုတ် ပါဟု လျှောက်လွှာတွင် လက်မှတ်ရေးထိုးပြီး ကတိဝန်ခံချက် ပြုပါမှ ဆေးထိုးပေးသည်။

ဒေါင့်သန်းရောဂါ အများဆုံး ဖြစ်တတ်သောကာလမှာ ဧပြီလဖြစ်၍ ဆင်များကို မတ်လဆန်းတွင် ကာကွယ်ဆေး ထိုး ပေးရသည်။ ဆေးမထိုးမီ ဆင်များကို အနည်းဆုံး ၁၀ ရက် ခန့် လုံးဝအလုပ်မလုပ်စေပဲ အနားပေးထားရသည်။ အသက် ၂ နှစ်အောက်ဆင်များနှင့် လွန်ခဲ့သည့် နှစ်နှစ် အတွင်းက ဆေးမထိုးခဲ့ဘူးသော ဆင်များကို မြင်းများမှတဆင့် ထုတ်ယူ ရသော ဆေးရည်နှင့် ကျန်ဆင်များကို နွားမှတဆင့် ထုတ်ယူ ရသော ဆေးရည်များကို ထိုးပေးရသည်။

မတ်လတွင် သစ်ဆွဲဆင်များမှာ ဆင်ကျောင်း စခန်းသို့ ရောက်နေကြပြီဖြစ်ရာ ဆေးထိုးပေးရန် ဗဟိုစခန်းကို ဆင်ဝိုင်း များနှင့် လေးမိုင်အတွင်းထားရှိရသည်။ သို့မှသာ ဆေးထိုးပြီး ဆင်များသည်နေမပူမီ ဗဟိုစခန်းမှမိမိတို့၏ အခြေစိုက်စခန်းသို့ ပြန်နိုင်ကြမည်ဖြစ်သည်။ ဆေးထိုးပြီးဆင်များကိုနေပူမခံစေရ။ ဆင်ကျောင်းစခန်း၌ ၁၄ ရက်လုံးလုံးအနားပေးထားရသည်။

ဆေးထိုးပြီး၍ ဆေးမကြွသောဆင်များကို ရေနှင့် အစာ ရေစာ ကောင်းမွန်သောနေရာ၌ လွတ်လွတ်လပ်လပ် အစာစား နိုင်ရန် လွှတ်ပေးထားရသည်။ တနေ့နှစ်ခါ ရေမှန်မှန်ချပေးရ သည်။ ဆေးကြွသောဆင်များကို မန်ကျည်းမှည့်ထဲ သားခါး တပေါင်ထည့်ပြီး တနေ့တကြိမ် နှစ်ရက်ကျွေးရသည်။ တတိယ နေ့တွင် နှစ်ဆတိုးကျွေးပြီး အစာကိုလည်း ခုတ်ပြီးကျွေးရ သည်။ ဖျားနာခြင်း အရောင်အရမ်းပျောက်သည်ထိ အလုပ် မလုပ်စေပဲ အနားထားပေးရသည်။ ဆေးကြွသော ရောင်ရမ်း သော အနာဒဏ်ရာများကို ရေနွေးပတ်နှင့် လုံးဝမရိုက်ရပေ။

## ဆင်သေများ

ရောဂါတခုခုကြောင့် ဆင်တကောင်သေဆုံးပါက ၎င်း ဆင်သေကို ဖြစ်နိုင်သည့်အခါတိုင်း မီးသင်္ဂြိုဟ်ပစ်ရသည်။ မဖြစ် နိုင်လျှင် အသေကောင်ဘေးတွင် အနည်းဆုံးခြောက်ပေ အနက် တွင်းတူးပြီး မြှုပ်ရသည်။ ဆင်သေကောင်ကို မြေမြှုပ်ရန် ဆွဲယူသွားရလျှင် ဒွါရ ပေါက်များမှ စီးကျ ထွက်လာသော အရည်များ မြေကြီးစွပ်ကြောင်းတလျှောက် ညစ်ပေ မကျန်ခဲ့ ရအောင်ထိုဒွါရပေါက်များကို ပိုးသတ်ဆေးရည်(ဖန်ဆေးရည် စသည်တို့တွင် နှစ်ထားသောအဝတ် သို့မဟုတ် ဂုံလျှော်ဖြင့် ပိတ်ဆို့ထားရသည်။ မဖောက်ထုံးမှုံ့ကို ပတ်ဝန်းကျင်တွင်ဖြူးပြီး သင်းချိုင်းပေါ်၌ တိရစ္ဆာန်များအစာမစားနိုင်ရန် ၎င်းဆင်သေ မြေပုံပေါ်တွင် သစ်ပင်များကို ကန့်လန့်ဖြတ်လှဲထားခဲ့ရသည်။

အစိုးရဆင်များအတွက် ဆင်စွယ်များ သို့မဟုတ် ဆင် မစွယ်များကိုထုတ်၍ ဆေးကြောပြီး အနံ့အသက်ပျောက်



အောင်လုပ်၍ သစ်တောဝန်ရုံးသို့ ပို့ရသည်။ ဆင်တကောင် သေဆုံးကြောင်း အစီရင်ခံစာတွင် ဆင်သေကို မည်သို့ပြုလုပ် ကြောင်း ဖော်ပြရသည်။

## ဆင်များကိုသီးသန့်ခွဲခြားထားခြင်း

ဆင်ဝိုင်းစခန်း၌ ဆင်တကောင်သေဆုံး၍ ကူးစက်တတ် သောရောဂါကြောင့် ဖြစ်သည်ဟု ယူဆရလျှင် သို့မဟုတ် စခန်း အနီးရှိ ကျွဲနွားတိရစ္ဆာန်တို့၌၎င်း၊ ဆင်များထဲ၌၎င်း ကူးစက် တတ်သောရောဂါ ဖြစ်ပေါ်လာလျှင် ထိုအလုပ်ကွက် (သို့ မဟုတ် ဆင်ဝိုင်း၏) အလုပ်ဟူသမျှကို ရပ်ဆိုင်းထားလိုက်ရ သည်။

သွေးမှန် နမူနာများနှင့်တကွ အစီရင်ခံစာ တစောင်ကို သစ်တောဝန်ထံသို့ ပို့လိုက်ရသည်။ သစ်ထုတ်လုပ်ရေး လက် ထောက်နှင့် တိရစ္ဆာန်လက်ထောက်ဆရာများအားအကြောင်း ကြား၍ အနည်းဆုံးချောင်းအုပ်ကို စခန်းသို့ ခေါ်ယူရသည်။ ကူးစက်တတ်သော ရောဂါရှိကောင်း ရှိမည်ဟု ထင်ရသော ဆင်များနှင့် ရောဂါအန္တရာယ်ရှိသော နယ်ပယ်ထဲသို့ ခရီးကျူး သွားနိုင်စရာရှိသည်ဟု ယူဆရသောဆင်များကို ပိုင်ဆိုင်သည့် အနီးဘဝိုက်ရှိ အစိုးရကံထရိုက်တာများ၊ အခြားကံထရိုက်တာ များအားလုံးနှင့် ထိုဒေသတွင်ရှိသော ရွာသူကြီး အားလုံးတို့ အား အကြောင်းကြားထားရန်အတွက် ချောင်းအုပ်၌ တာ ဝန်ရှိသည်။ ထိုနောက် ဆင်များကို ပုန်း (ခွဲခြား) ထားပြီး နောက်ထပ် အမိန့်တစုံတရာ မရမချင်း ထိုဆင်များနှင့် အတူ နေရသည်။

ယခင်က တင်ကူး ရွေးချယ်ထားသော ဆင်ပုန်းစခန်းသို့ ဆင်များကို ရွှေ့ပြောင်း ထားရသည်။ ဆင်သေသည့် စခန်းမှ တိရစ္ဆာန်များ သို့မဟုတ် ရောဂါ ကူးစက်နေပြီဟု ထင်ရသော တိရစ္ဆာန်များကို တကောင်စီသီးသန့်ထား၍ အစာရှာဖွေစား ရန် စားကျက်တခုစီ ထားပေးရသည်။ သာ၍ ကောင်းသော နည်းမှာ ဆင်တိုင်းကိုချည်ထား၍ တကောင်စီကို အစာခုတ် ကျွေးပြီး နေ့စဉ်ချည်တိုင်တခုမှ တခုသို့ ပြောင်းရွှေ့ထားခြင်း ဖြစ်သည်။ ချောင်းအုပ်နှင့် ဆင်အုပ်တို့သည် ဆင်ထိန်းများက ဆင်များကို အစာကျကျနန ကျွေးမကျွေး ဆင်များ၏အမ အရာ ပြောင်းလဲမှု ရှိမရှိ ကြည့်ရှုရသည်။ ၎င်းတို့၏ အပုရိန်ကို နံနက်နှင့် ညနေတိုင်း မြဒါးချိန်ကြည့်ပြီး ရောဂါ ရှိဟန်တူသည့် တိရစ္ဆာန်များအကြောင်းကို ချက်ချင်း အစီရင်ခံနိုင်ရန် အမြ တစေ လှည့်လည်၍ ကြည့်ရှုနေရသည်။ ရောဂါမကူးနိုင်ဟု ယူဆရသောဆင်များအား ၎င်းတို့၏ဆင်ပုန်းစခန်း၌ပင် အစာ ရှာစားခွင့်ပြုနိုင်သည်။ သို့သော် နံနက်နှင့် ညနေတိုင်းတွင် သေချာစွာ စစ်ဆေးကြည့်ရှုရသည်။ ဆင်ပုန်းစခန်းတွင် ဂုဏ် ထားသော ဆင်များကို ပြန်လည်၍ အလုပ်ဝင်ကြရန်မှာ သေသ ကျန်းမာရေး အခြေအနေကိုကြည့်၍ သစ်တောဝန်က အမိန့် ထုတ်ရသည်။

ဆင်နာရုံရှိ ဆင်များအား ကျွန်တော်တို့ရွှေ၌ပင် ဆင်ဦး စီး ဆင်ခေါင်းတို့က ဆား စပါးနှင့် မန်ကျည်းမှည့်များ ကျွေး ကြသည်။ ပိန်သောဆင်နှင့် မကျန်းမာသော ဆင်ကို တနေ့ စပါးသုံးပြည် ကျွေးပေးရသည်ဆိုသည်။ အားနည်းနေသည်ဟု ယူဆရသောဆင်များကို တိရစ္ဆာန်ဆေးကုဆရာက အားဆေး



ကျွေးပေး ထိုးပေးသည့်အပြင် ကြက်ဥသုံးလုံး အရက် သုံးပက် နှင့် ဆန်များ နေ့စဉ် သုံးလေးပတ်ထိ ကျွေးပေးရ၏။

ဆင်များ ကျန်းမာရေး အတွက် ဆင်သမား များသည် ယနေ့ထိ အင်္ဂလိပ်ဆေးထက် မြန်မာဆေးမီးတိုများကိုသာ ပို၍ အားကိုးနေကြသည်။ ဤသည်မှာ ယခုမှမဟုတ်၊ ရှေးအင်္ဂလိပ် အစိုးရ လက်ထက်က ရှိခဲ့သော အစဉ်အလာဖြစ်သည်။ ဆင် များအတွက် မြန်မာ ဆေးမီးတို စာအုပ် တအုပ်ကို အင်္ဂလိပ် ခေတ်က သရက်မြို့ စာပုံနှိပ်တိုက်တခုမှ ထုတ်ဝေခဲ့သည်။ ထို စာအုပ်၏ နိဒါန်းတွင် "ဒဘာလယူ၊ အိတ်ချ၊ မက္ကရားသခင်ကြီး အမိန့်ဖြင့် သရက်မြို့ ဘုံဘေဘားမား သူဌေး စာရေးကြီး ဦးဘိုးဝင်းသည် အင်္ဂလိပ်မှ မြန်မာဘာသာ ပြန်ဆို ရေးသား သော အလွန်တရာအသုံးဝင်သည့် ဆင်ရောဂါ ဆေးစာအုပ်" ဟု စာအုပ် အဖွင့်တွင် ရေးထားသည်။ အင်္ဂလိပ်မှ မြန်မာ ဘာသာပြန်ဆိုရေးသားသော စာအုပ်ဆိုသော်လည်း အများ အားဖြင့် တွေ့ရသည်မှာ မြန်မာ ဆေးမီးတိုများ ဖြစ်သည်။

ဆင်သည် မကျန်းမာသောအခါ သစ်ပင်၌၎င်း၊ ကမ္ဘား များ၌၎င်း မှီ၍ မှိုင်ငေးနေတတ်သည်ကို ဆင်ကောက်သွား သော ဆင်ဦးစီးက ဦးဆုံးတွေ့ရတတ်သည်။ ဆင်သည် ကျန်း မာနေလျှင် နားရွက် တဖျပ်ဖျပ် လှုပ်ခတ်ခြင်း၊ နှာမောင်း ရမ်းရမ်း လှုပ်နေတတ်ခြင်း၊ ခြေလက် အငြိမ်မနေပဲ တကိုယ် လုံး ယိမ်းထိုးခါရမ်းနေတတ်ခြင်းစသော အလေ့အကျင့်များ ရှိသော်လည်း ရောဂါတခုခု ဝင်တော့မည်ဆိုလျှင် လှုပ်ရှားမှု အားလုံး နှေးကွေး လေးထိုင်းသွားတတ်သည်။ နှာမောင်း အမြဲတွေ့ကျလာပြီး သွားရာလာရာ၌ ရှေ့ခြေကို နောက်ခြေ လှမ်းက မကျော်တော့ပေ။ ထိုနောက် အသားအရေ ခြောက်

ကပ်ခြင်း၊ ခြေသည်း လက်သည်း များ၏ခြေဆိုလက်ဆိုများ ခြောက်ကပ်ခြင်း၊ ဆီးဝါခြင်း၊ မျက်ရည်ပူများကျခြင်း၊ ချေးလုံး မကျွဲခြင်း စသည်တို့ဖြစ်လာသည်။ ချေးလုံးမကျွဲပဲ ချေးထဲတွင် အစေးအထန်းများ ပါလျှင် အနံ့အသက်များပါ ဆိုးဝါးလာ၏၊ ဆင်သမားများက "ဝမ်းခေါင်းရေမပါ"ဟု ခေါ်လေသည်။ ထိုသို့ ဖြစ်လာလျှင် ဆင်များကိုဆေးကျွေးရသည်။ ဆင်ဆေးမှာ အမျိုးမျိုးအစားစားရှိသည်။

ဆင်များမှာ ဆား စပါးနှင့် မန်ကျည်းမှည့်များကို အလွန်ကြိုက်၍ တကောင်နှင့်တကောင် လုယက်၍ပင် စားကြ၏၊ ထို့ကြောင့် ဆင်ကို ဝမ်းနုတ်ဆေးကျွေးရာတွင် မန်ကျည်းမှည့်ထဲ ဆားခါး ဌာပနာ၍ ကျွေးရသည်။ ဆင်နာရုံရှိ ဆင်များကို စပါးကျွေးရာတွင် အကြီးအသေးလိုက်၍ ဝေပုံကျ ကျွေးရာ၌ တကောင်နှင့်တကောင် လုစားကြ သည်ကို ဆင်ဦးစီး များက ထိန်းပေးကြရ၏။ ဆားကြိုက်သော အချို့ဆင်ကလေးများနှင့် တောဆင်ရိုင်းများ စခန်းကိုဝင်ဖျက်လျှင် ဆင်တဲရှိ ဆားအိုးများကို စားသွားတတ်သည်။ အချို့ဆင်များသည် စား၍ကုန်သွားသော အိုးခွံကိုပင် တောထဲသို့ နှာမောင်းနှင့် ပိုက်ယူသွားလေ့ရှိကြသည်ဆိုသည်။

ဆင်နာရုံရှိ ဆင်များကိုသာမဟုတ် ကျန်းမာပြီး အလုပ်လုပ်နေသော လုပ်သားဆင်ကြီးများကိုလည်း သူ့အချိန်အခါနှင့်သူ ဆား မန်ကျည်းမှည့်များ ကျွေးပေးရသည်။ ဆင်ဝိုင်းစခန်းရှိ ဆင်များကို စားကျက်၌ လွှတ်ထားစဉ် ဆားဓာတ်ပါသော မြေကို စားနေသည်ကိုတွေ့ပါက ဤဆင် ဝမ်းချုပ်နေပြီဟု ဆင်ဦးစီးက သိရသည်။ တောဆင်ရိုင်းများသည် ဝမ်းချုပ်လျှင် သူတို့၏ဗီဇအသိစိတ်နှင့် ကျစ်မြေခေါ် ဆားဓာတ်ပါသော မြေ



ကို တူးစားတတ်ကြသည်။ ကျစ်မြေကျင်းကို လုကြရင်း တကောင်နှင့်တကောင် ရန်ဖြစ်၍ အသေအကြေပင် ထိုးသတ်တတ်ကြသည်။ တောဆင်ရိုင်းများသည် ရောဂါဘယ တစုံတခု ဖြစ်လာပါက ယာကန်ရှိုင်း၊ ဆူးပေါက်၊ ခပ်ချိုဥ၊ စရစ်၊ သစ်ခေါက်ကြီး၊ ကျုံးပင်လက်ပံ၊ ဆင်ကြံပင်၊ ပေါက်မယ်၊ ဝံအူ၊ သစ်ချို စသည့်ဆေးခေါက်ဆေးပင်များကို သူတို့ဘာသာဘာဝ ရှာဖွေစားသောက်တတ်ကြသည်။ ဆင်ဝိုင်း စခန်းရှိ အိမ်ဆင်ယဉ်များသည်လည်း စားကျက်တွင် ဝမ်းချုပ်လာပါက ကျစ်မြေကို ရှာစားသလို ဆင်ဆေးပင်များ ကိုလည်း သူတို့ဖာသာ ရှာစားတတ်သည်။ ထိုသို့ ရှာဖွေ စားနေသည်ကို တွေ့ရှိလျှင် ဆင်ဦးစီးများက ဆင်ဝမ်းချုပ်နေကြောင်း သန်ထနေကြောင်း သိရှိ၍ ဆိုင်ရာဆေးများ ကျွေးရသည်။

အလုပ်နှစ် တနှစ်အတွင်းတွင် လုပ်သားဆင် သို့မဟုတ် ကျင့်ဆင်တကောင်အတွက် ဆား ၁၅ ပိဿာစီ သစ်ထုတ်လုပ်ရေးက ထုတ်ပေးသည်။ ဆင်များကို ဆားနှင့် မန်ကျည်းမှည့် ကျွေးပေးနိုင်မှ ဆီးမှန် ဝမ်းမှန်ပြီး ရောဂါကင်းသည်။ တနေ့တာအတွက် အလုပ်ပြီး၍ စခန်းသို့ပြန်လာသော ဆင်များကို ဆင်ခေါင်းနှင့် ဆင်ဦးစီးတို့က နေ့စဉ် သို့မဟုတ် တရက်ခြား နှစ်ရက်ခြား ဆား မန်ကျည်းမှည့် ကျွေးပေးရသည်။

အသားအရေခြောက်၍ ပိန်သော ဆီးနည်းသော အစားနည်း၍ အစာမကြေသော ဆင်များကိုမူ ဆားအချိန် နှစ်ဆ မန်ကျည်းမှည့်နှင့်အတူ ကျွေးရသည်။ ဆားကို ရန်ကုန်မှဝယ်ယူ၍ ခရိုင်များသို့ တင်ပို့ရာ၌ သယ်ယူပို့ဆောင်ခွင့် အမိန့်များ အခက်အခဲရှိနေလျှင် ခရိုင်မြို့များတွင်ဝယ်ယူရသည်။ မကျည်းမှည့်နှင့် ဆားများကို ဆင်ဝိုင်းများသို့ ဆင်ဦးရေ အချိုးကျနှင့်

နှစ်စဉ် ဇွန်လ အောက်တိုဘာလ နှင့် ဖေဖော်ဝါရီလ အသ လုပ်ချိန်တွင် ထုတ်ပေးရသည်။

"ဟေ့ ဒီဆင်ကြည့်ရတာ တမျိုးပါလားကွ။ နေကောင်း ရဲ့လား။ အစာကော စားရဲ့လား"

တိရစ္ဆာန်ဆေးကု ဦးကျော်မြင့်က သူ့ရှေ့တွင် စပါး နေသော ဆင်တကောင်ကို သေသေချာချာစိုက်ကြည့်ပြီး ဆ ဦးစီးလူငယ်တယောက်ကို မေး၏။

"အစာတော့ စားပါတယ်ဆရာ။ ဒါပေမဲ့ ဆီးကသိပ် နေတယ်။ နောက်ကျိကျိနဲ့ အနံ့လဲထွက်တယ်"

"ဝမ်းခေါင်းရေကော ပါရဲ့လား"

"ဝမ်းခေါင်းရေလဲ သိပ်မပါဘူးဆရာ"

ဆင်များမကျန်းမာလျှင် ဆီးဝါပြီး အနံ့အသက်ဆိုး သည်။ ယိုချလိုက်သော ချေးတုံးများသည်လည်း အလုံးကျ သွားပဲ အစေးအထန်း ကပ်ချဲ နေတတ်သည်။ ဤသည် သူတို့ဝေါဟာရနှင့် ဝမ်းခေါင်းရေ မပါဘူးဟုဆို၏။ ဝမ်းခေါ ရေပါမှ ကျန်းမာသည်။

ထိုသို့သော ဆီးချုပ် ဝမ်းမကောင်းသော ဆင်များ ကန့် ကျောက်ချဉ် ယမ်းစိမ်း မန်ကျည်းမှည့် ကျွေးရသည် ဆေးကျွေးလိုက်လျှင် သုံးလေးရက်အတွင်း ဝမ်းမှန် ဆီးမှန် နေကောင်းသွားတတ်သည်။

"ဒီဆင်က အပူလဲရှိတယ်ထင်တယ်၊ သွတ်တော့မမြင်ဘူး ငါကြည့်ဦးမယ်"ဟု ပြောပြီး ဦးကျော်မြင့်သည် ဆင်လည်ပ အောက်နားထိဝင်၍ စစ်ဆေးကြည့်သည်။

"သွတ်" ဆိုသည်မှာ ဆင်ဝမ်းပိုက် အောက်နှင့် ဆင် ကိုယ်တွင် အုန်းသီးလုံးပမာဏ အကျစ် ပေါ်ပြီး ရောင်ရမ်



လာခြင်းမျိုးကို ခေါ်သည်။ ဆင်များတွင် အများဆုံး ဖြစ်တတ်သော ရောဂါပင်။ ထိုသွတ်နာ များကို ၁-သွတ်ပြေး။ ၂-သွတ်ကျောက်ပြင်။ ၃-ရေသွတ် ဟူ၍ သုံးမျိုး ခွဲခြား၍ ဆင်သမားများက ခေါ်ကြသည်။ သွတ်ပြေးရောဂါ ဖြစ်ရခြင်းမှာ အပူလွန်ခြင်း၊ သွေးလေမမျှတခြင်း၊ လင့်လမ်းကြောင်းများ ပိတ်ဆို့ခြင်းနှင့် နှလုံးရောဂါတို့ကြောင့် ဖြစ်တတ်သည်။ ဖြစ်တတ်သော အရပ်ဌာနများမှာ မေးအောက်၊ လည်ချောင်းတလျှောက်၊ ရင်ပုံနှင့် ဂွမ်းပုံမှသည် ဒူးဆစ်အောက် ခြေထောက်တလျှောက်ဖြစ်သည်။ ဂွမ်းပုံ ဆိုသည်မှာ ခြေသည်း လက်သည်းနားတွင် အိကျနေသော ခြေခုံ လက်ခုံ တဝိုက်ကို ခေါ်သည်။ သွတ်ပြေး၏ ထူးခြားချက်မှာ အုန်းသီး ပမာဏရှိသော ဖုရောင်လာသည့် အနာလုံးသည် ဆင်တကိုယ်လုံးတွင် ရွှေ့လျားပြေးသွားနေလေ့ရှိသည်။ယနေ့မနက်၌ လက်ပြင်ရင်ပုံတွင် တွေ့ရသော သွတ်လုံးသည် နောက်တနေ့နံနက်၌ ချက်အောက်ရောက်ချင်က ရောက်သွားတတ်သည်။

သွတ်ကျောက်ပြင် ဖြစ်ရခြင်းမှာ ကူးစက် တတ်သော ရောဂါကြောင့် အများဆုံးဖြစ်သည်။ အုန်းသီးလုံး ပမာဏရှိသော သွတ်လုံးသည် ကျောက်ပြင်ကဲ့သို့ မာကြောနေတတ်သည်။ မေးအောက်နှင့် လည်ချောင်းတလျှောက်တွင် အဖြစ်များသည်။

ရေသွတ်ဖြစ်ရခြင်းမှာ သွေးကြောငယ်များပျက်စီးခြင်း၊ အသဲရောင်ခြင်း၊ သွေးအားနည်းခြင်း၊ ခွန်အား ဆုတ်ယုတ်ခြင်းတို့ကြောင့် ဖြစ်သည်။ အသားဆိုင်များ တွဲကျနေသော မီးပုံး၊ လည်ပင်း၊ ဝမ်းပိုက် စသည်တို့၌ အဖြစ်များသည်။ ရေသွတ်မှာ သွတ်ပြေး သွတ်ကျောက်ပြင်တို့ကဲ့သို့ မာမနေပဲ

ပျော့ညံ့၍ ရေလိုင်းပမာ တုန်ခါ နေတတ်သည်။ လူက ကိုင်တွယ်စမ်းသပ်ကြည့်သော်လည်း ဆင်သည် နာကျင်ခြင်းမရှိပေ။ အပူလည်းမရှိပေ။

ဆင်အုပ်ကြီး ဦးအောင်လုံ၏ ပြောပြချက်အရ ယခု လက်ရှိ လိမ်းနေသော လွယ်လွယ်ကူကူလည်း ရနိုင်သော ဆင်သွတ်ရောဂါဆေးမှာ ရေနံကြီး ငါးဆယ်သား၊ မုံညင်းဆီ တစ လယ်၊ ကြက်သွေး နို့ဆီတလုံး၊ မဖောက်ထုံး သုံးကျပ်သား စသည်တို့ကို ရောကျိုပြီး ခပ်နွေးနွေး အအေး ခံထားသော ဆေးဖြစ်သည်။ ဆေးကိုလိမ်းပေးလျှင် တလခွဲလောက် အကြာမှာ ပျောက်သွားတတ်သလို သုံးလလောက် ကြာမှ ပျောက်သွားတတ်သည်လည်း ရှိသည်။ ဤဆေးမှာ သူတို့ ဘိုးစဉ်ဘောင်ဆက်က ဆင်သမားတိုင်း သုံးခဲ့ကြသော ဆေးဟု ဆိုသည်။

ဆေးလိမ်း၍ မပျောက်သော သွတ်နာကို တိရစ္ဆာန် ဆေးကုဆရာက ခွဲစိတ်ကုသပေးရသည်။ သွတ်နာကို ဓားနှင့်ခွဲကု လျှင် ဆင်တုံးမနွယ်၊ ဝံအူ၊ ပေါက်၊ ဆူးပေါက်၊ ဖန်ခါးခေါက်၊ ရေပဒေါက်ခေါက်၊ ဇင်ပွန်းခေါက် စသည်တို့ကိုကျို၍ ဖန်ရည် ဆေးပေးရသည်။ ယခုအခါ တိရစ္ဆာန် ဆေးကုများ ထားပေးသဖြင့် ခေတ်မီ အင်္ဂလိပ်ဆေးများကိုလည်း အသုံးပြုကြသည်။ ဆင်၏ ဝမ်းနုတ်ဆေးမှာ ဆား ၇ သား၊ မန်ကျည်းမှည့် ၁၀ သားနှင့် အလွယ်ဆုံး နုတ်နိုင်၏။ ဆီးမကောင်းလျှင် ကျောက်ချဉ်၊ ဒုတ္တာတို့ကို ကျွေးပေးနိုင်သည်။ အချို့ဆင်များ မုန်က လျှင် သန်ကျဆေးလည်း ကျွေးပေးကြသည်။ ဝမ်းနုတ်ဆေး ကျွေး၍ ဝမ်းမသွားပါက ဆင်ဒွါရထဲလက်နှင့်နှိုက်၍ ချေးတုံးများကို ဆွဲထုတ်ပစ်ရသည်။



စစ်ကြီးမဖြစ်မီ ယခင်ခေတ်က တောကြို အုံကြားတွင် ခေတ်မှီဆေးဝါးများနှင့် တိရစ္ဆာန်ဆေးကုများမရှိသဖြင့် ဆင်သမားများမှာ မြန်မာ ဆေးမီးတိုများကိုသာ အသုံး ပြုခဲ့ကြရသည်။ ဆင်တကောင်နှင့်တကောင် ထိုးကြ၍ဖြစ်စေ၊ အခြား တစုံတရာထိခိုက်မှုကြောင့်ဖြစ်စေ ဒဏ်ရာအနာတရ ဖြစ်ခဲ့ပါက ကြက်သားကင်ကို အမှုန့်ကြိတ်၍၎င်း၊ အဖို့ အတုံးကလေးများ လုပ်၍၎င်း အနာစိမ်းများကို ထည့်ပေးရသည်။ ကြိုးရှရာ ပွန်းပဲ့ရာများကို မဲနယ်ရည် အုန်းဆီတို့နှင့်လိမ်းပေးရသည်။ စားကျက်၌ လွှတ်ထားစဉ် အမိနှင့် သို့မဟုတ် သားထိန်းဆင်များနှင့် ဝေးကျန်ရစ်ခဲ့၍ ကျားကိုက်ခံရသော အနာဒဏ်ရာများကို အသားနုတက်လွယ်အောင် ဖန်ခါးသီးနှင့် ဒန့်ဒလွန့်ခေါက်ကို ဆတူ ထုပြီး အဆီချကာ လိမ်းပေးရသည်။

ကျန်းမာသောဆင်များကို ပြဒါးတိုင်နှင့် တိုင်းကြည့်ရာ ဆင်တကောင်၏ အပူဒီဂရီမှာ ၉၇·၄ ဒသမ ရှိသည်ကို တွေ့ရသည်။ မကျန်းမာသောဆင်များကို လိုက်တိုင်းကြည့်ရာ ၁၀၀ ကျော်ရှိသော ဆင်ကများသည်။ ဆင်ကို အပူတိုင်းရာ၌ ပြဒါးတိုင်ကို အထူးပြုလုပ်ထားသော သတ္တုအိမ်ထဲ ထည့်၍ ဆင်၏ ဒွါရပေါက်ထဲမှ ထိုးထည့်ရသည်။ ဆင်ဝမ်းထဲ ပြဒါးတိုင် ဝင်သွားလျှင် ဆွဲထုတ်၍ရအောင် သတ္တုအိမ်၏နောက်တွင် ကြိုး တပင် တပ်ထားရသည်။ လောလောဆယ် ယိုချလိုက်သော ချေးပုံထဲ ထိုးထည့်၍လည်း အပူတိုင်းကြည့်နိုင်သည်။ သို့မဟုတ်လျှင် နှာဖျား၊ ခွါဖျားကို ကြည့်ရှုစစ်ဆေးရသည်။ အပူရှိသော ဆင်များသည် နှာဖျား၊ ခွါဖျား၌ ဆီများ ခြောက်ကပ်နေတတ်သည်။

ဆင်ဝိုင်းရှိ သို့မဟုတ် ဆင်နာခံရှိ ဆင်တကောင်ကောင်

ဖျားနာ၍ သေခါနီးသောအခါ အခြားဆင်များသည် အနားသို့ သိပ်မကပ်ကြတော့ချေ။ လူများ ကပ်လာကြသည်ကို မနှစ်သက်ဟန်ဖြင့် အတော်ဝေးဝေးက လှမ်းကြည့်နေတတ်ကြသည်။ ဆင်ကလေးများသည် မိခင်ဆင်မကြီး သေတော့မည်ကိုသိလျှင် ခွဲခွါ၍ အခြားဆင်များနောက်သို့ လိုက်သွား တတ်ကြသည်။ ဆင်နာတကောင်လဲပြီဆိုလျှင် ပြန်မထနိုင်တော့ပေ။ထိုကြောင့် တိရစ္ဆာန်ဆေးကုများက ဆင်နာများကို လုံးဝ မအိပ်မဝပ်စေပဲ သစ်ပင်တို့၌မတ်တတ် မှီထားချည်ထားစေသည်။အိပ်လျှင် ပြန်မထနိုင်တော့ဟုသိရသည်။ဆင်နာများ အိပ်သွား ဝပ်သွားလျှင် ဆေးကု၍ မရနိုင်တော့ပေ။ ဆင်များသည် မိမိတို့ အလိုအလျောက် အိပ်ခဲ ဝပ်ခဲလှသည်။ ဘယ်လိုမှ မိမိကိုယ်ကို မထိန်းနိုင်မှ ဝပ်အိပ်လိုက်ကြသည်။

ဆင်များသည် မကျန်းမာသောအခါ သို့မဟုတ် အသက်ဘေးရန်အတွက် စိတ်မချသောအခါ သစ်ပင် တောင်ကမ္ဘားယံ စသည်တို့၌ မှီပြီး အိပ်တတ်ကြ၏။ အင်္ဂလိပ်ခေတ်က သစ်တောဌာနတွင် နှစ်ရှည်လများ အလုပ်ဝင်လုပ်ပြီး ဆင်အကြောင်း စာအုပ်များ ရေးသားခဲ့ဘူးသော မစ္စတာဝီလယန်သည် ဆင်များအိပ်ခြင်းကို လေ့လာရန် တောထဲ၌ ညလုံးပေါက် ထိုင်စောင့်ကြည့်ဘူး၏။ သူ၏ အဆိုအားဖြင့် ဆင်သည် မြင်းများကဲ့သို့ အိပ်သောအခါ၌ မတ်တတ်ရပ်၍ အိပ်သည်က များသည်။ ဆင်တကောင် အိပ်တော့မည် ဆိုလျှင် အစာ စားမှု၊ နှာမောင်း၊ ခြေလက်၊ နားရွက် စသည် လှုပ်ရှားမှုအားလုံးကို ရပ်ဆိုင်းပစ်လိုက်ပြီး မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ မတ်တတ်ရပ်နေလိုက်သည်။ သူအိပ်မောကျနေချိန်၌ သူ့အား ရန်မူမည့် ကျား၊ တောခွေးစသည့် တောတိရစ္ဆာန်များအသံကို ရှေးဦးစွာ နားစွင့်၍



တ်ဝန်းကျင်ကို အကဲခတ်သည်။ဤသို့မလှုပ်မရှက်ပဲ အကဲခတ်
နချိန်သည် တနာရီနီးပါး ကြာတတ်သည်။သူ့အား ရန်ပြုမည့်
တာရိုင်း တိရစ္ဆာန်များ မရှိဟု ယုံကြည် စိတ်ချရသောအခါ
ျမှ တဖြည်းဖြည်း အသာတကြည်ထိုင်ချလိုက်သည်။ အချိန်
ာ ကမ္ဘာကြီးတခုလုံး အိပ်မောကျ၍ တောထဲ တောင်ထဲတွင်
သဦးယံ၌ အော်မြည် တတ်သော ပိုးနသံကောင်များ မြည်သံ
င် တိတ်ဆိတ်နေချိန် ဖြစ်၏။ ဆင်သည်ထိုင်ပြီး နာရီဝက်မျှ
စ်နှစ်ခြိုက်ခြိုက် အိပ်၏။ သို့သော် ထိုသို့ အိပ်မောကျပုံမှာ
ညနှင့်တည မတူပေဟု မစ္စတာ ဝီလယန်က ဆိုလေသည်။

ဆင်အိပ်ခြင်းနှင့်ပတ်သက်၍ ဆင်သမားများကို မေးမြန်း
စမ်းကြည့်ရာ ဆင်သည် တည၌ နှစ်ခါအိပ်သည်ဟု ဆိုသည်။
အချိန်ကာလကိုမူ သူတို့က အတိအကျ မပြောနိုင်ကြပေ။ ည
သန်းကောင်ဟုသာ ဆိုကြသည်။ တခါတရံ မတ်တတ်မေး၍
သစ်ပင်ကမ္ဘားယံများ၌ မှီအိပ်နေသည်ကို တွေ့ရသည် ဆို၏။
အများအားဖြင့် ဆင်အိပ်ချိန် သို့မဟုတ် မတ်တတ်ရပ် ငြိမ်
နေချိန်မှာ တညလျှင် လေးနာရီ ရှိသည်ဟု သိရသည်။

ဆင်တို့သည် သူတို့၏ ကြီးမားသော ကိုယ်ခန္ဓာနှင့် ဝမ်း
ဗိုက်ကို ဖြည့်ရန်အတွက် အိပ်ချိန် သိပ်မရကြပေ။ ဆင်ကြီး
တကောင်သည် အစာ တန်ချိန် သုံးလေးတန် စား၏။
ထို့ကြောင့် ညသန်းကောင် နီးပါးထိ အစာ စားပြီး နံနက်၌
နှစ်နာရီ သုံးနာရီလောက်ကပင် အစာထစားနေပြီ ဖြစ်သည်။
ဤသို့စားမှုလည်း ဆင်၏ဗိုက်က ပြည့်လေမည်။

ဆင်သည် စားမြုံ့ပြန်သော သတ္တဝါမဟုတ်ချေ။ သူ့မှာ အစာအိမ်တခုသာ ရှိ၏။ အစာအိမ်ကိုဖြည့်ရန် နေ့စဉ် ပေါင် ၆၀၀ အချိန်ရှိသော သစ်ရွက်စိမ်းများကို စားရသည်။ သို့ဖြစ်

၍ သူ၏ဝမ်းမှာ ပျက်လွယ်သည်။ သူ၏ ကျန်းမာရေးအတွက် အစာမျိုးစုံ စားတတ်သည်။ ဆင်စားသော သစ်ပင်များမှာ အမျိုးပေါင်း ၄၀ ကျော် ရှိသည်ဟု မစ္စတာ ဝီလယန်က ဆိုသည်။

ကျန်းမာသောဆင်များသည် ခွါဆီများ ပြန်နေတတ်၏။ သွားရာလာရာ၌လည်း နောက်ခြေလှမ်းသည် ရှေ့ခြေလှမ်းကို ကျော်၍ ကျတတ်၏။ထို့ကြောင့် ဆင်ခြေရာများသည် နောက်ခြေက ရှေ့သို့ ရောက်နေသည်ကို တွေ့နိုင်သည်။ ကျန်းမာသော ဆင်၏ တကိုယ်လုံးရှိ အရေပြားများသည် အဖုအထင် အဝိုင်းကလေးများဖြင့် အကွက်အဆင်ပေါ်ကာ စိမ်းစိုနေတတ်သည်။ ဆင်အရေပြား၏ အနေအထားကို ဆင်သမားများ၏ ဝေါဟာရနှင့် ၁ - ညြဇာကွက်၊ ၂ -ခြောက်ကွက်၊ ၃-သံပုရာကွက် ၄ - ရာဇမတ်ကွက်ဟု လေးမျိုးလေးစား ခွဲခေါ်ကြသည်။ အရေ ထူသော ဆင်များသည် ကျန်းမာနေသောအခါ ညြဇာသီး အသုံး၏ ကိုယ်ထည်မှ အဝိုင်းအကွက်လေးတွေ ပေါ်လာသလို ရှိသည်။ ခြောက်ကွက်၊ သံပုရာကွက်၊ ရာဇမတ်ကွက် ဆိုသည်မှာလည်း ထိုနည်းအတူ ဖြစ်၏။ ကျန်းမာသောဆင်များသည် အသားတန်းများ တက်နေတတ်သည်။

ဆင်သားရေကို ပြာချပြီး ထိုပြာနှင့် လူများ၌ ပေါက်တတ်သော နှင်းခူကိုလိမ်းလျှင်ပျောက်သည်။ မီးမဖွားနိုင်သော အမျိုးသမီးများကို ဆင်အချင်းသွေးတိုက်က ကလေး မီးဖွားသည်။ မျက်စိတိမ်ရှိသူများသည် ဆင်စွယ်နှစ်ကိုသွေး၍ မျက်စဉ်းခတ်လျှင် ပျောက်သည်။ ဆီးရောဂါဖြစ်၍ သွေးပါသူများသည် ဆင်၏ လိင်အင်္ဂါကို သွေးသောက်က ပျောက်သည်။ဆင် အမြီးဖျားမှ တံခါးပိတ်ခေါ်သော အမွေးကို လက်စွပ်ထိုးဝတ်



လျှင် စုန်းနတ် အမှောင့်ပယောဂရန်မှ ကင်းဝေးသည်။ အစားမှား၊ ဆေးမှား၊ အစာတောက်သူများသည် ဆင်ဦးကင်းရိုးကို သွေးသောက်လျှင် ပျောက်သည်ဟု ဆင်သမားများက အယူရှိကြသည်။

အသက် ကြီးရင့်လာသော ဆင်များ၏ အင်္ဂါရပ်မှာ ဦးခေါင်း ငိုက်ကျလာခြင်း၊ နားရွက် အဖျားများ လိမ်ခေါက် လိပ်ပါလာခြင်း၊ခြေသည်းလက်သည်းများ ပွန်းပဲ့လာခြင်း၊မျက်စိမှုန်လာခြင်း၊ ဆင်ဝိုင်းများကို မကပ်ပဲ တကောင်တည်း သွားလာတတ်ခြင်း၊ ဆင်ဘယက်ကျလာခြင်းတို့ ဖြစ်သည်။ ဆင်ဘယက်ဆိုသည်မှာ လည်ပင်းမှ အရေပြားများ အရစ်အရစ် တွဲကျလာခြင်းကို ခေါ်သည်။

"ဒီဆင်က မနှစ်ကမှ မှိန်းသင်တဲ့ ဆင်လား။ ဘာတွေ ရပြီလဲ"

ဦးအောင်ခင်က ဆင်ဦးစီးတယောက်ကိုမေးသည်။

"ထူးဝင် ထူးထွက် မက်လွှတ်ရပါပြီ ဝန်မင်း"ဟု ပြောပြီး ဆင်ဦးစီးက သူ့ဆင်ကို ထိုင်ခိုင်း ထခိုင်း လုပ်ပြသည်။ထိုဆင်မှာ အသက် ငါးနှစ်ကျော် ဝန်တင်ဆင် ကျင့်ဆင်ဖြစ်သည်။

ဆင်နာရုံနှင့် မှိန်းသင်သော နေရာမှာ နီးနေသဖြင့် ကျွန်တော်တို့သည် ဆင်ငယ်များ မှိန်းသင် လေ့ကျင့်ပေးသော နေရာသို့ ထွက်လာကြသည်။

# ၁၅။ ဆင်ငယ်များကို မှိန်းသင်ခြင်း

အိမ်မွေးခြံပေါက် ဆင်ငယ်ကလေးများကို မှိန်းသင်သော နေရာမှာ သစ်ရိုင်းပင်များနှင့် အုပ်ဆိုင်းလျက်ရှိသည်။ အရိပ်အာဝါသကောင်း၍ ရွှေလီကမ်းနဖူးတွင် ဖြစ်သည်။ ထိုသစ်ပင်ကြီးများအောက် အရိပ်အာဝါသကောင်းသော နေရာ၌ပင် မှိန်းစင်ဆောက်လုပ်၍ လေးနှစ်ကျော် ငါးနှစ်အတွင်း ဆင်ငယ်များကို ဦးဆုံးသင်ကြားလေ့ကျင့်ပေးကြရသည်။

ဆင်ကလေးများ မှိန်းသင်ခြင်းကို အရပ်ဒေသလိုက်၍ မှိန်းသင်သည်၊ ကျုံးသွင်းသည်၊ ပခက်သွင်းသည်၊ ပခက်တင်သည်၊ ညှပ်သွင်းသည်၊ ဆင်ကျင့်သည်၊ ကျင့်စင်ပေးသည် စသည်ဖြင့် အမျိုးမျိုးခေါ်ကြသည်။ မည်သို့ခေါ်စေ အမှန်မှာ ဆင်ငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းပင် ဖြစ်၏။

ဆင်သမားများသည် လေးနှစ်ကျော် ငါးနှစ်အောက် နို့မဖြတ်သေးသော ဆင်ငယ်များကို အမိနောက်လိုက်ဆင်ဟု ခေါ်ကြသည်။ အသက်ငါးနှစ်နှင့် ၁၆ နှစ်အကြားရှိ ဆင်ကို ကျင့်ဆင်ဝန်တင်ဆင်ဟု ခေါ်၏။ ၁၆ နှစ်အထက် ၁၈ နှစ်အတွင်းကို အလုပ်သင်ဆင်ဟု ခေါ်၏။ ၁၈ နှစ်အထက်ကိုမူ လုပ်သားဆင်၊ ဆင်ကြီးဟု ခေါ်သည်။ အသက်ကြီးရင့်လာ၍



လုပ်မလုပ်နိုင်သော ဆင်အိုများသည် ဝန်တင်ဆင်အဖြစ်သို့ ဆင့်နိမ့်ကျလာတတ်သည်။

ဆင်ကလေးများကို မှိန်းသင်ရာ၌ ဌာနက တာဝန်ယူ၍ င်ခြင်း ပုတ်ပြတ်ငှါး၍ သင်ခြင်းဟူ၍ နှစ်မျိုးရှိသည်။

ဌာနက တာဝန်ယူ၍ သင်ခြင်းဆိုသည်မှာ ခရိုင်မှူးများ ိယ်တိုင် ကြည့်ရှုကြပ်မတ်၍ ကျွမ်းကျင်သော ဆင်ဦးစီး ိး လခစား အလုပ်သမားကို ခန့်ထားပြီး အဖွဲ့မှ တိုက်ရိုက် င်ပေးခြင်း ဖြစ်သည်။

ဆင်ကလေးကို ကျုံးသွင်းမှိန်းသင်သည့်နေ့မှစ၍ ကျင့် င်ဟု ခေါ်ရသည်။ ထိုနေ့ကစ၍ ကျင့်ဆင်ကလေးများကို ာမည်ပေးပြီးလျှင် မွေးနေ့ မွေးရက် မှတ်ပုံတင်အမှတ်စဉ်များ ကို ကျင့်ဆင်မှတ်ပုံတင်စာအုပ်၌ ရေးမှတ်ထားရသည်။

ဆင်များကို နာမည်ပေးရာ၌ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေး ဖွဲ့က တနှစ်အတွက် ရွေးဆုံးမှ အက္ခရာတလုံးကို မူသေထား သည်။ ပုံစံအားဖြင့် ၁၉၆၉ ခုနှစ်က ဆင်များကို ရွှေမျိုး, ွှေကျော်, ရွှေရ, ရွှေခဲ, ရွှေပို စသည်ဖြင့် "ရွှေ" ကို ရွှေကထား၍ ာမည်ပေးသည်။ ပုဂ္ဂလိကပိုင်ဆင်များမှာမူ ဆင်၏စိတ်ဓာတ် ှုန်အင်လက္ခဏာ စရိုက် ဘဝဖြစ်စဉ် စသည်တို့ကို အခြေခံ၍ ာမည်ပေးထားလေ့ ရှိကြ၏။ ငယ်စဉ်က ကျားကိုက်ခံရသော် သည်း ကံကောင်းထောက်မ၍ ကျားရန်မှ လွတ်လာသော င်ဆိုလျှင် ကျားမနိုင်၊ ငယ်စဉ်က မိခင်သေဆုံးသွားသော င်ငယ်ကို မိဆိုးပုံ စသည်ဖြင့် သင့်တော်သလို အမည်ပေးတတ် ြသည်။ သစ်ထုတ်လုပ်ရေးအဖွဲ့၌ ဆင်အကောင် သုံးလေးရာ ေသော်လည်း နာမည်တူနှစ်ကောင်ကို မတွေ့ရချေ။ ဆင်များ ား အမည်ပေးထားခြင်းမှာ ဆင်သမားများက သူတို့

အကြောင်းကို အချင်းချင်း ပြောနိုင်ရန်အတွက် ဖြစ်သည်။ အမည်များသည် ရာသက်ပန်အမည်များ ဖြစ်သော်လည်း ဆင်သည် ခွေးကဲ့သို့ မိမိအမည်ကို မသိချေ။ ဆင်ဆရာတို့သည် ဆင်ကို အမည်ဖြင့် ခေါ် လေ့မရှိကြဟုသော မစ္စတာဝီလယန်၏ အဆိုမှာကား အချို့နေရာဒေသများ၌ မမှန်ကန်ပေ။

ဆင်ကလေးများကို ပုတ်ပြတ်ငါးသင်ခြင်း ဆိုသည်မှာ အဖွဲ့က တိုက်ရိုက်အုပ်ချုပ် စည်းကြပ်ခြင်းမပြုပဲ ပုတ်ပြတ်ကံထရိုက်စနစ်ဖြင့် မှိန်းဆရာများအား လုံးဝလွှဲအပ်၍ သင်ကြားစေခြင်းဖြစ်သည်။ ဤကဲ့သို့ အငှါးသင်သောဆင်ကလေးများကိုလည်း အဖွဲ့မှသင်သော ဆင်ကလေးများနည်းတူ ကျုံးသွင်း မှိန်းသင်သည့်နေ့မှစ၍ ကျင့်ဆင်စာရင်းတွင် ထည့်သွင်းရသည်။

ဆင်များကို လေ့ကျင့်သင်ကြားသော မှိန်းစင်၊ ကျုံး၊ ညှပ်စသည်တို့မှာ ယေဘုယျအားဖြင့် ကျင့်ဆင်၏ အကြီးအငယ် အရွယ်အစားကို လိုက်၍ ဆောက်လုပ်ရသည်။ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးကမူ အသက်အကန့်အသတ်နှင့် သင်ကြားခြင်းဖြစ်သဖြင့် မှိန်းစင်မှာ တပုံစံတည်းလုပ်၍ ရသည်။ သို့သော် ဆင်နှာများကို ခွဲစိပ်ကုသရန် ဆောက်လုပ်ရသော ညှပ်ကြီးတမျိုးကို မှိန်းသင်သော ပတ်ဝန်းကျင်တွင် တွေ့ခဲ့ရသည်။

အများအားဖြင့် မှိန်းခြံသည် တြိဂံပုံဆင်ဆေးကုညှပ်ခြံနှင့်တူသည်။ ထူးခြားချက်မှာ ၎င်းညှပ်ပုံစံ၏ အလယ်ဘေးနှစ်ဖက်တွင် တိုင်တဖက်နှစ်လုံးစီကို ညှပ်ကိုယ်ထည်ထက် အမြင့်စိုက်ထူရသည်။ ထိုတိုင်လေးလုံးထိပ်ကို သံကြိုးနှင့် ကြက်ခြေခတ်မလျှောမတင်း ချည်ထားရ၏။ ဆင်ကလေးများကျင့်သောအခါ ထိုသံကြိုးကို ဆင်ဆရာက တွဲလွဲခိုဆွဲပြီး ဆင်၏ ကျောပေါ်



ဘက်စီးလိုက် သံကြိုးကို ခိုစီးပြီး တွဲလွဲခိုနေလိုက်နှင့် ကြိမ်ဖန်များစွာ ပြုလုပ်ရသည်။

မှိန်းစင်ခြံမှာ အကြီးအသေးသာကွာပြီး တောဆင်ရိုင်းများ ထောင်ဖမ်းသော ဆင်ကျုံးနှင့်တူသဖြင့် "ကျုံးသွင်း" သည်ဟု အချို့အရပ်များ၌ ခေါ်ခြင်းမှာ လျော်ကန်လှပေသည်။ အများအားဖြင့် ဆင်ငယ်များကို သင်ကြားလေ့ကျင့်ပေးရသော မှိန်းစင်မှာ တြိဂံ (ယက်သဲ့ဘောင်)ခြံဖြစ်သည်။ အချို့အရပ်၌ ခြံသုံးဘက်မဆောက်လုပ်ပဲ တဖက်ရပ်ခြံ၊ နှစ်ဖက်ရပ်ခြံတို့နှင့် ပြီးစလွယ် သင်ကြားတတ်ကြသည်။

မှိန်းစင်ကို ဆောက်လုပ်ရာ၌ ဆင်ဆရာ ခိုတွဲရန် အပေါ် သံကြိုးကလွဲလျှင် ကိုယ်ထည်ကို သံကြိုး သံချောင်းတို့ဖြင့် မဆောက်လုပ်ရချေ။ မှိန်းစင်တွင် အသုံးပြုသော တိုင်တန်း သစ်လုံးများကို အခွံခွါပြီး ချောမွတ်အောင် ပွတ်တိုက်ကာ ကြိမ်ကြိုးများဖြင့် ချည်ထားရသည်။ မှိန်းတိုင်မှိန်းတန်းများကို အမဲဆီလူးထားနိုင်က ပို၍ ကောင်း၏။ အမဲဆီလူးထားရခြင်းမှာ ဆင်ကလေးများအား သင်ကြားရာ၌ ရုန်းကန်တတ်သဖြင့် တိုင်တန်းများနှင့် ပွတ်ထိ၍ အနာဒဏ်ရာမရရှိစေရန် ဖြစ်သည်။ မှိန်းခြံအတွင်းတွင် ကြိုးကွင်းများလည်း ချထားရသည်။ ထိုကြိုးများမှာ လျှော်အနုစားကို ကျစ်ပြီး ဝက်ဆီဖြင့်လူးကာ ပျော့ပျောင်းအောင် လုပ်ထားရသည်။

မှိန်းသင်သောစခန်းတခုတွင် တကြိမ်လျှင် ဆင်ကလေးငါးကောင်မှ ခြောက်ကောင်အထိ သင်ကြားပေးနိုင်သည်။ မှိန်းသင်သောကာလမှာ ဒီဇင်ဘာမှ ဖေဖော်ဝါရီလထိဖြစ်သည်။ မှိန်းဆရာငှား၍ သင်ရလျှင် ဆင်ငယ်တကောင်ကို ထိုင်တတ် ထတတ် ("မကီ"လွတ်)ထူးဝင်ထူးထွက် တတ်ရုံလောက် သင်

ကြားပေးရန်အတွက် ကျပ်ငွေတရာပေးရသည်။ မှိန်းဆရာမငှားပဲ အဖွဲ့ကသင်လျှင် အထူးရွေးချယ်ထားသော ဆင်သမားများက တာဝန်ယူ၍ အကူဆင်သမား သုံးလေးယောက်နှင့် သင်ကြားပေးကြသည်။ သင်တန်းစခန်းမှာ မြစ်ချောင်းအနီး မြေပြန့်၌ ဖြစ်သည်။ မြေပြန့်ဧရိယာ ကိုက် ၁၀၀ လောက် အကျယ်အဝန်းရှိက မှိန်းသင်စခန်းပြုလုပ်၍ ရသည်။

မှိန်းစင်ဆောက်လုပ်ပြီး နေ့ကောင်းရက်သာရွေးကာ ဆင်ငယ်များကို မှိန်းသင်တော့မည်ဆိုလျှင် မှိန်းသင်ခံရမည့်ဆင်ငယ်မှာ ထိုအချိန်၌ နို့မဖြတ်သေးသဖြင့် မိခင်နှင့်တွဲလျက် အမိနောက်လိုက်ဘဝသာ ရှိသေးသည်။ ထိုကြောင့် မိခင်ဆင်ရော ကလေးငယ်ကိုပါမှိန်းမသင်မီ သုံးလေးရက်လောက်ကပင် မှိန်းစင်ရှိသော နေရာပတ်ဝန်းကျင်နှင့် ယဉ်ပါးကျွမ်းဝင်အောင် သွားသွားလာလာ လုပ်ထားရသည်။ ထိုပတ်ဝန်းကျင်တွင် ကွန်ဂျီခေါ် ဆင်လိမ္မာတကောင်နှစ်ကောင်ကိုလည်း အဆင်သင့်ထားပေးရသည်။ ထိုဆင်များမှာ အသက် ၄၂ နှစ်နှင့် ၅၀ ကြား အစွယ်မရှိသော ဟိုင်းဆင်များဖြစ်က ပိုကောင်းသည်။ ကွန်ဂျီဟိုင်းဆင်များမှာ လိမ္မာယဉ်ပါးမှု စိတ်ရှည်မှု လူ၏အထာနှင့် ဆင်ကလေးတို့၏ သဘောစရိုက်ကို သိမှုတို့ကြောင့် ဆင်ကလေး၏ အထိန်းဆရာအဖြစ် ရွေးချယ်ထားခြင်း ဖြစ်သည်။ အကယ်၍ မှိန်းသင်သော ဆင်ကလေး၏အထိန်းဆရာမှာ ဟိုင်းဆင်မဟုတ်ပဲ စွယ်စုံဆင်ဖြစ်နေပါက ဆင်ငယ်လေးများမှာ ကြောက်ရွံ့၍ မှိန်းစင်နားသို့ ကပ်ရဲမည်မဟုတ်ချေ။ ကွန်ဂျီဆင်မှာ သူတို့ဆင်ဝိုင်းထဲက နေ့စဉ်တွေ့နေမြင်နေကျဆင်မဟုတ်သဖြင့် ဆင်ကလေးများနှင့် စိမ်းနေသည်။ လူကမောင်းလာ၍ မှိန်းစင်နား ရောက်သောအခါ ဆင်ငယ်လေးက မှိန်းခြံနားမကပ်ပဲ ပေ



ကပ်ကပ်လုပ်နေလျှင် ကွန်ဂျီဆင်ကြီးက နှာမောင်းဦးကင်းတို့နှင့် တွန်းအောင်း၍ သွင်းရလေရာ စွယ်စုံဆင်ဆိုလျှင် စိတ်တို၍ အစွယ်နှင့် ထိုးပစ်တတ်သည်။ သို့မဟုတ် အတင်းအောင်းသွင်းရာ၌ ထိုးမိထိခိုက်မိ ဖြစ်တတ်သည်။ ထိုကြောင့် ဟိုင်းဆင် ကွန်ဂျီများအား ဆင်ကလေးများကို ထိန်းရန် တာဝန်ပေးထားခြင်းဖြစ်သည်။

မှိန်းသင်မည့်ဆင်ကလေးကို မှိန်းစင်ထဲမသွင်းမီ မှိန်းခြံရှေ့၌ လေးတိုင်စင်တခုကို စိုက်ထူ၍ ဥဒ္ဒိန္နနတ်စင်ဆောက်ရသည်။ ထိုနတ်စင်ပေါ်တွင် ငှက်ပျောပွဲ အုန်းပွဲ ကြက်ဥ အရက် ကြံသကာ စသည်တို့အပြင် ဆားနယ်ထားသော မန်ကျည်းမှည့်နှစ်လုံးကိုလည်း တင်ထားရသည်။ ပြီးမှ ဖယောင်းတိုင်ထွန်းညှိ၍ ဆင်ကိုနိုင်သော ဥဒ္ဒိန္နနတ်ပသရသည်။ ဥဒ္ဒိန္နနတ်ပသပြီးလျှင် တောစောင့်နတ် တောင်စောင့်နတ် နယ်ရှင်ပယ်ရှင်များကို မုံ့ဖြူမုံ့နီများဖြင့် ပူဇော်ရသည်။ အချို့ အရပ်ဒေသများ၌ကား ပုဂ္ဂလိကပိုင် ဆင်သမားများသည် ဆင်ငယ်များကို မှိန်းသင်ရန် နေ့ကောင်းရက်သာရွေး၍ ရဟန်းသံဃာများအား ဆွမ်းကျွေးကြသည်။

ဥဒ္ဒိန္နနတ်နှင့် နယ်ရှင်ပယ်ရှင် တောရှင်တောင်ရှင်များကို ပသပြီးလျှင်မှိန်းသင်ရတော့မည့်ဆင်ငယ်၏မိခင်ကို မှိန်းစင်ရှိရာ ခြံနားသို့ စီးချလာသည်။ ထိုအခါ ဆင်ငယ်မှာ မိခင်နှင့်အတူ ပါလာသည်။ မှိန်းဆရာက နတ်စင်ပေါ် တင်ထားသော မန်ကျည်းမှည့်နှစ်လုံးကိုယူပြီး သားတလုံးအမေတလုံးကျွေးသည်။ ဤသည်ကို သူတို့ဝေါဟာရဖြင့် လိပ်ပြာ ခွဲသည်ဟု ခေါ်၏။ သဘောမှာ မိခင်ဆင်မကြီးအား ဤဆင်ကလေးသည် သင်နှင့် လုံးဝမဆိုင်တော့။ နယ်ရှင် ပယ်ရှင်တို့၏ အလိုဆန္ဒ အတိုင်း

သင်သည် သင့်သားအား ထားပစ်ခဲ့လော့ ဟူ၍ သံယောဇဉ် ဖြတ်ခိုင်းခြင်းဖြစ်သည်။

မှိုန်းသင်ခံရမည့်ဆင်ကလေးကို မှိုန်းခြံနားတွင်ထားခဲ့ပြီး မိခင်ကြီးကိုဦးစီးက အခြားဆင်ဝိုင်းရှိရာသို့ စီးသွားသည်။ မိခင်ဆင်မနှင့် ဆင်ငယ်မှာ နို့ပင်မဖြတ်သေးသဖြင့် ဆင်ငယ်က အော်ဟစ်လျှင် ဆင်မကြီးသည် အခြားတပါးသို့ ထွက်မသွားလိုပဲ သို့မဟုတ် ခရီးအတော်ရောက်မှ ပြန်ပြေးလာ၍ ပေကပ်နေတတ်သည်။ ထိုအခါ ဦးစီးနှင့် မှိုန်းအဖွဲ့လူများက အတင်းမောင်းလွှတ်ရသည်။ သို့တည်းမဟုတ် ကွန်ဂျီဆင်များနှင့် အတင်းထိုးသတ်ရန်လိုက်သလို ခြောက်လှန့်ပစ်ရလေသည်။ အချို့သံယောဇဉ်ကြီးတတ်သော ဆင်မများမှာမူ ဆင်ငယ်များရှိရာ မှိုန်းခြံပတ်ဝန်းကျင်သို့လာ၍ အော်ဟစ်နေတတ်ကြသည်ဆို၏။ မည်သို့ဆိုစေ ဆင်ငယ်နှင့် ဆင်မကြီးကို လုံးဝ ခွဲမရလောက်အောင်ခက်ခဲသည်ကားမဟုတ်ချေ။အကြောင်းမူကား လေးနှစ်ကျော် ငါးနှစ်ရွယ် ဆင်ကလေးများသည် များသောအားဖြင့် နို့စို့ချိန် ညအိပ်ချိန်ကလွဲလျှင် မိခင်ဆင်မကြီးကို သိပ်ဂရုမစိုက်ကြတော့ချေ။ သူတို့သည် ငယ်စဉ်ကပင် သားထိန်း ဆင်ကြီးများသွားရာနောက်သို့ လိုက်တတ်သောအကျင့်ကလည်း ရှိနေကြပြီဖြစ်သည်။

မှိုန်းစင်ခြံရှေ့ရောက်နေသော ဆင်ငယ်ကို မှိုန်းဆရာက ငှက်ပျောသီး စပါးများကျွေးပြီး မိခင်ကို သတိမရအောင် အစားအစာနှင့် ချော့မော့နှစ်သိမ့်ရသည်။ မှိုန်းစင်၏ ပတ်ဝန်းကျင်နှင့်ယှဉ်ပါးအောင် ငှက်ပျောသီးတလုံးစီကို အခါခါကျွေး၍ ပြေးတမ်းလိုက်တမ်း စိမ်ကစားပေးရသည်။ သို့ဖြင့် မိခင်ကို မေ့နေစဉ် ဆင်ငယ်ကို ငှက်ပျောသီး မန်ကျည်းမှည့်များ ပြပြီး



မှိုန်းခြံထဲသွင်းသွားရသည်။ ဤသို့ မြူသွင်း၍ မရသော ဆင်ငယ်ကို မှိုန်းအဖွဲ့ကလူများသည် ကြိုးကွင်းထောင် ဆွဲသွင်း၍ င်း၊ ကွန်ဂျီဆင်လိမ်မာများ၏ အကူအညီဖြင့် အတင်းခိုင်း ငင်း သွင်းကြရသည်။ အချို့ဆင်ကလေးများကိုမူလုံ့ထောက် ၍ အတင်းဆွဲသွင်းကြရသဖြင့် သေးတွေချေးတွေ ပါသည်အထိ ရက်ရက်စက်စက်ပြုလုပ်ကြရသည်။

မှိုန်းခြံထဲရောက်လာသောဆင်ငယ်ကို အရမ်း ကာရော လှုပ်မရှားနိုင်အောင် ခြေလက်များကို တုတ်၍ ဝမ်းဗိုက်အောက်မှ သစ်သားတန်းများခံထား ပေးရသည်။ အစာရေစာလုံးဝမကျွေးပဲ ဆင်ငယ်ကို စိတ်ဓာတ် ကျသွားအောင် ၂၄ နာရီ ဒဏ်ခတ်ထား၏။ ဆင်၏ တကိုယ်လုံးကို လူများက နေရာလွတ်မကျန်အောင် ပွတ်သပ် ဆုပ်နယ် ကိုင်တွယ်ပေးရသည်။ ယား၍ အကိုင်မခံသောနေရာများကို အကျင့်ပါသွားအောင် နာနာကိုင်တွယ်ပေးရသည်။ ယားတတ်၍ အကိုင်မခံသောနေရာများကို နာနာကိုင်မပေးလျှင် ဆင်ကြီးဖြစ်သွား၍ အလုပ်လုပ်ရသောအခါ ယားတတ်သောနေရာများကို တစုံတခုနှင့် ထိမိပါက တကိုယ်လုံး တွန့်ခါလှုပ်ရမ်းပစ်တတ်သည်။ ထိုအခါ အပေါ်တွင် စီးနေရသောဦးစီးမှာ မြေပြင်သို့ လွင့်ကျသွားပေသည်။ ထို့ကြောင့်မှိုန်းသင်စဉ်ကပင် ယားတတ်သောအကျင့်၊ ကိုယ်လက် ခါရမ်းတတ်သော အကျင့် ပျောက်သွားအောင် တမင်တကာ နာနာကိုင်ပေးရခြင်းဖြစ်သည်။

၂၄ နာရီကြာအောင် ခြံထဲသွင်းထားသော ဆင်ငယ်ကို ဝမ်းဗိုက်အောက်မှ တန်းများနှင့် ခြေလက် တုတ်ထားသော ကြိုးများကို လျှော့ဖြုတ်ပြီး ငှက်ပျောသီး မန်ကျည်းမှည့် ကျွေး၍ မှိုန်းဆရာက ချော့ရသည်။ ပထမသော် ဆင်ငယ်က

စိတ်ကောက်၍ မှိန်းဆရာကျွေးသော အစားအစာကို မစားပဲ ပေကပ်နေသေး၏။ နောက်မှမှတ်သိပ်ခြင်းဒဏ်ကို မခံနိုင်တော့သဖြင့် စားရတော့သည်။ ထိုအခါမှစ၍ အပေါ်သံကြိုးတန်းကို မှိန်းဆရာကခိုတွဲပြီး ဆင်ကလေးကိုယ်ပေါ်တက်စီးကာ အမိန့်ကိုနာခံ၍ဝပ်ခြင်း၊ ထိုင်ခြင်း၊ ထခြင်းများကို စတင်သင်ကြားပေးရသည်။ အချို့အရပ်တွင် ကျွန်ဂျီဆင်လိမ်မာနှင့် ဆင်ငယ်ကို ယှဉ်ထားပြီး ကျွန်ဂျီဆင်ပေါ်မှ ဦးစီးက "မက်မက်"ဟု အမိန့်ပေးလျှင် ဆင်ငယ်လေး၏ဦးကင်းပေါ်ရှိ မှိန်းဆရာကလည်း "မက်မက်"ဟု အော်ပြီး အမိန့်ပေးသည်။ ထိုအခါ ကျွန်ဂျီဆင်လိမ်မာက ထိုင်သွား၏။ ကျွန်ဂျီဆင်ထိုင်သည်ကိုမြင်၍ ဆင်ငယ်ကလည်း လိုက်၍ထိုင်သည်။ ဤသို့ဖြင့်ပင် ကျွန်ဂျီဆင်ကြီး ပြုလုပ်သည့်အတိုင်း တဖြည်းဖြည်းလိုက်လုပ်၍ တတ်သိ လိမ်မာလာသည်။

စစ်ကြီးမဖြစ်မီ အင်္ဂလိပ်ခေတ်က မှိန်းသင်ခြင်းနှင့်ပတ်သက်၍ မစ္စတာဝီလယန်၏အဆိုအရမူ မှိန်းသင်ရမည့် ဆင်ကလေးအား မှိန်းခြံထဲထည့်ထားပြီးသောအခါ မှိန်းခြံပေါ်တွင် မှိန်းဆရာတယောက်က စက်သီးကို စီးနေရသည်။ ခြံပြင်ဘက်မြေကြီးပေါ်တွင် ဆင်သမားနှစ်ယောက်က စက်သီးကို ထိန်းကိုင်ထားရ၏၊ မှိန်းဆရာက အချက်ပြလိုက်သောအခါ စက်သီးကို ဆင်ငယ်၏ ခေါင်းပေါ် ရောက်အောင် တဖြည်းဖြည်း နှိမ့်ချရသည်။ ဆင်ငယ်ကအော်လျှင် စက်သီးကို ပြန်တင်လိုက်ရသည်။ ဆင်ငယ်ကို ငှက်ပျောသီးတလုံးကျွေးလိုက်ပြီး အတန်ငြိမ်သွားလျှင် စက်သီးကိုပြန်ချရသည်။ ဤသို့ဖြင့်ပင်ငှက်ပျောသီးကျွေးလိုက် ဆင်ဆရာက ဆင်ပေါ်တက်လိုက်ဖြင့် အကြိမ်ကြိမ်လေ့ကျင့်ပေးရသည်။ အခြား စက်သီးတခု၌လည်း လေး



သော သစ်သားတုံးတခုကိုချိ၍ ဆင်ငယ်၏ ကျောကုန်းပေါ် တင်ရသည်။ လက်ဦးပထမ၌ ဆင်ငယ်သည် အော်၍အတင်း ကန်၏။ ခါချ၍ မရမှန်းသိသောအခါ ရှေ့ခြေ နှစ်ဖက်ကို ရှေ့သို့ဆန့်၍ ထိုင်ချလိုက်သည်။ ထိုသို့ထိုင်ချခြင်းဖြင့် ကျော ပေါ်မှ အရာဝတ္ထုသည် အောက်သို့ ကျသွားလိမ့်မည်ဟု ထင် ရှိ၏။ ထိုအခါ ဆင်သမားအားလုံးက ဝိုင်း၍ ကောင်းချီး ကြ၏။ ကောင်းချီးပေးသံသည် မကြာမီ "မက်" ဖြစ်လာ သည်။ သစ်တုံးကိုမ လိုက်လျှင် ဆင်ငယ်သည် ထ၍ ဆင်သ အားလုံးက "လွတ်" ဟု ဝိုင်းအော်ကြ၏။ သစ်တုံး ဆင် ကျောပေါ် ရောက်သွားလျှင် ဆင်ကထိုင်သွားပြန်၍ လူအား က "မက်" ဟု ဝိုင်းအော်ကြပြန်သည်။ နောက် မကြာမီ က်သီးပေါ် ကလူသည် ဆင်၏ခေါင်းပေါ်၌ သက်သက်သာသာ င်လာနိုင်သည်။ ဤသို့ စကျင့်ခြင်းမှာ နံနက်ကပင် ဖြစ်လေ ညနေတွင် ဆင်ကျောကို လက်ဖြင့်သပ်၍ "မက်" ဟု ဆို က်ရုံနှင့်ပင် ဆင်သည် ထိုင်တတ်သွား၏။

ထိုသို့ဆင်ကို ဦးကျိုးအောင် လေ့ကျင့်ခြင်းမှာ ၁၂ နာရီ သာကြာ၏။ ၎င်းကို ရက်စက်စွာပြုလုပ်ရန်မလိုချေ။ အတန် ခေါင်းမာသောဆင်ငယ်များကိုမူ တခါတရံညဥ့်နက်သန်းကောင် မီးတုတ်များဖြင့် သင်ကြားရသည်။ မည်မျှ ကြာစေကာမူ င်ဆရာတို့သည် ဆင်ငယ်အား လုံးဝ အနားမပေးပဲ ဦးကျိုး သည်အထိ လေ့ကျင့်ပေးကြ၏။ နောက်တနေ့နံနက်၌ ဆင်ကို ကြိုးများဖြင့် သစ်ပင်တွင် ၂၄ နာရီကြာမျှ ချည်ထားပြီး ထို င်ကို နောက်ကာလ၌ ထိန်းကွပ်ရမည့် ဆင်ဦးစီးက တနေ့ း ချော့မြှူနေရ၏။ ဆင်ဦးစီးသည် ဆင်ကို ထိုင်ခိုင်းပြီးလျှင် ခေါင်းပေါ် တက်စီး၍ ၁၀ မိနစ်ခန့်နေပြီး ထထိုင်ရန် အမိန့်ပေး

ပြန်၏။ ထိုနောက် ဆင်ပေါ်ကဆင်း၍ ငါး မိနစ် ဆယ်မိနစ်ခ ဆင်ကို ဆက်လက်ထိုင်ခိုင်းထားသည်။ ထိုနောက် ဆင်လိမ် ကွန်ဂျိနှင့်တွဲချီ၍ ဆင်ငယ်သည်လမ်းလျှောက်ထွက်ရ၏။ ဆ ငယ်က ထိုင်မည်ပြုလျှင် ဆင်လိမ်မာက အတင်းဆွဲခေါ် ၏။တ တရံ သူ့နှာမောင်းနှင့်ပုတ်၏။ နောက်ကာလတွင် ဆင်လိမ် သည် ဆင်ငယ်နှစ်ကောင်ကို တဖက်တချက်စီ တွဲခေါ် သွား ဤသို့ဖြင့် တဖြည်းဖြည်း ယဉ်ပါးလိမ်မာလာစေသည်။

ဤသည်မှာ အိမ်မွေးခြံပေါက် ဆင်ငယ်ကလေးများ မှိန်းသင်ခြင်းဖြစ်၏။ ဆင်ကြီးများကို သင်ကြားရသော "စီးလ တိုက်သည်" ဟူသော သင်ကြားနည်းတမျိုးလည်း ရှိသေ ကြောင်း ဆင်သမားများက ပြောပြကြသည်။ စီးလာတို သောနည်းမှာ ကျုံး၊ ကြိုးကွင်း၊ မေ့ဆေး သေနတ်တို့ဖြင့် ဖ ဆီးရမိလာသော ဆင်ကြီးများကို သင်ကြားနည်းတမျိုး ဖြ သည်။အချို့အရပ်တွင် ဆင်ငယ်များနှင့် ဆင်ဆိုးများကိုလည် ထိုသို့ စီးလာတိုက်ကြသည်။ ကျုံး၊ ကြိုးကွင်း၊ မေ့ဆေးသေ နတ်ဖြင့် ပစ်၍ဖမ်းဆီးထားသောဆင်များကို ညှပ်သွင်းပြီး ကျ သွင်းပြီး ပခက်တင်ကျင့်ပြီးပြီဟု ဆိုသော်လည်း ငါးများချိ ခေါ် သံချိတ်နှင့် နားရွက်ကို ချိတ်ဆွဲခေါ် ရသောအဆင့်၌သ ရှိသေးသည်။ ထိုင်ခြင်း၊ ထခြင်း၊ သွားခြင်း၊ ရပ်ခြင်းများကို မှတ်မှတ်ရရ မလုပ်တတ်သေးပေ။ ထိုဆင်များကို စီးလာတိုက် သင်ရ၏။

ဥပမာ ဆင်တကောင်ကို စီးလာတိုက် သင်တော့မည် ဆိုလျှင် ထိုဆင်ကို ကကြိုးခတ်၍ ရှေ့ကြိုးနှင့်ဘယ်ကြိုးညာကြိုး သုံးပင်တပ်ရသည်။ ထိုကြိုးများ၏ အရှည်အတိုမှာ ဆင်ဆရာ များ၏သဘောအတိုင်း သင့်တော်သလိုဖြစ်သည်။ သာဓ



ားဖြင့် လေးလံ ငါးလံလောက်ရှိပေမည်။ ဘေးကြိုးစနှစ်ဖက် ွင် ကွန်ဂျိ ဆင်လိမ်မာကြီးနှစ်ကောင်ကို တဖက် တကောင်စီ ည်ထားရ၏။ ထိုဆင်နှစ်ကောင်ပေါ် တွင် ဦးစီးကိုယ်စီရှိသည်။ ီးလာသင်ဆင်နောက်တွင် လှံကိုင် တယောက် သို့မဟုတ် နှစ် ယောက်ရှိသည်။ ရှေ့ကြိုးကို ဆင်ဆရာ တယောက်က ဆွဲ၍ "ီးလာမောင်ရယ်.... စီးလာ.... စီးလာ" ဟု အော်ကာ ရှေ့က ွဲခေါ် ရသည်။ ထိုသို့ဆွဲခေါ် ရသော ကြိုးနှင့်ပူးပြီး လှံရှည်တ ချောင်းကိုလည်း ကိုင်ထားရသည်။ လှံသွားမှာ စီးလာသင်ဆင် ဘက်ကို ချိန်ရွယ်ပြီး ဖြစ်နေရမည်။ မတော်တဆ ရှေ့ကလူ ို ဆင်က ထိုးသတ်ရန် လိုက်လျှင် ဘေးဆင် နှစ်ကောင်က ိန်းထားရသည်။ နောက်သို့ ဘေးသို့ လှည့်ပြေး လျှင်လည်း ိုနည်းရင်းပင်။ ဘေးဆင်နှစ်ကောင်၏ကြိုးက လျော့နေ၍ ရှေ့ကလူကို ပြေးထိုးလျှင် ကြိုးနှင့် တပူးတပေါင်းတည်းရောကိုင် ားသောလှံရှည်က ဦးကင်းကိုစူးသည်။ ထိုအခါ နောက်သို့ ှန်ဆုတ်၏။ ဤသို့ဖြင့် ဘယ်တိမ်း ညာစောင်း ရှေ့ထိုးနောက် င်ကို ဦးဆုံးကြုံတွေ့ရသည်။

ဘေးနှစ်ဖက်မှ ဆင်လိမ်မာနှစ်ကောင်ကို စီးထားသော ဦး ီးနှစ်ယောက်က ဆင်လိမ်မာနှစ်ကောင်ကို ရှေ့သို့ တလှမ်းချင်း သွားစေသည်။ စီးလာသင်ဆင်ကို ဆင်လိမ်မာနှစ်ကောင်ကဆွဲ ခေါ်ကြသည်။ ရှေ့ကသင်ဆရာလူကလည်း ဆွဲခေါ် နေသည်။ ီးလာသင်ဆင်ကရှေ့သို့မသွားလျှင် ဆင်လိမ်မာနှစ်ကောင်ကဆွဲ ခေါ်သော်လည်း အရိုင်းစိတ်နှင့် ပေကပ်နေလျှင် နောက်လူ က လှံနှင့်ထိုးဆွ၍ရှေ့သို့သွားအောင် လုပ်ရသည်။ ဤသို့သော ပြင်မြေပြန့်တွင် တဖာလုံ နှစ်ဖာလုံထိ လမ်းလျှောက်ကာသင်ရ သည်။ ကကြိုးများကို အတိုအရှည်လုပ်၍ ရပ်ခိုင်းခြင်း၊ ထိုင်

ခိုင်းခြင်း၊ သွားခြင်းစသည်တို့ကို တဖြည်းဖြည်းစီလာတိုက် သင်ရသည်။ ဆင်လိမ္မာနှစ်ကောင်၏ ထိုင်ခြင်း ထခြင်း သွား ခြင်း လာခြင်းများကို အတုမြင်အတတ်သင်လေအောင် နည် ပြရသည်။ တဖြည်းဖြည်း အကျင့်ရလာသောအခါ ဆင်လိမ္မာ နှစ်ကောင်နှင့် မတွဲတော့ပဲ ကြိုးစ နှစ်ဖက် တန်းလန်းနှင့် လွှ ပေးကြည့်ရသည်။ ပထမ သင်စကလို ဘေးနှစ်ဖက်တွင် ဆင် လိမ္မာနှစ်ကောင်နှင့် ဦးစီးနှစ်ယောက်က အကဲခတ်၍ လိုက် စောင့်ကြပ်ရသည်။ အကယ်၍ သူ့ဘေးနှစ်ဖက် ကြိုးစနေရာ တွင် ဆင်လိမ္မာနှစ်ကောင် မပါတော့မှန်းသိ၍ စီးလာသင်ဆ က ရှေ့လူကို ထိုးသတ်ရန် ရှေ့သို့ပြေးလာလျှင် ရှေ့ကြိုး တပေါင်းတည်း ကိုင်ထားသော လှံရှည်ကစူးသဖြင့် လူကို မရှာရဲပေ။ ဤသို့ဖြင့် တဖြည်းဖြည်း လမ်းလျှောက်သင်ရ ထခြင်း၊ ထိုင်ခြင်း၊ သွားခြင်း၊ လာခြင်းတို့ကို အဆင့်ဆင့်သင် ရသည်။

မှိန်းသင်သော ဆင်ငယ်များကို ဦးကျိုးသည်မှ အသက် ၁၇ နှစ် ၁၈ နှစ်အထိ ဆက်လက်၍ အဆင့်ဆင့်သင်ပေး လေ့ ကျင့်ပေးရ၏။ ဆင်ပေါက်စခန်း၌ ကျင့်ဆင်များကို နှစ်ကြာထား ၍ ထိုကာလအတွင်းတွင် အမိန့်ပေးသံနှင့် အခြားနည်းများကို နေ့စဉ်ဦးစီးက သင်ကြားပေးရ၏။ ထိုနည်းများမှာ ဆင်ဦးစီးက ကိုယ်လက်လှုပ်ရှားမှုများဖြင့် မိမိဆန္ဒကို ဆင်အား သိစေသော နည်းဖြစ်သည်။ ပုံစံကား ကိုယ်ကို တင်းတင်းထား၍ နောက် သို့လှန်ထားသော် ရပ်တန့်ရန် အမိန့်ပေးခြင်း ဖြစ်၏။ ဆင်၏ နားရွက်ရင်းတဖက်ကိုကန်လျှင် ဆင်သည် ဘယ်ဘက်သို့ လှည့် သွား၍အခြားတဖက်ကိုကန်လျှင် ညာဘက်သို့ လှည့်သွားရ၏။ ဦးစီးက ကိုယ်ကို ရှေ့သို့ညွှတ်၍ အောက်သို့ဖိလျှင် ဆင်သည်



ကုန်းပေးရ၏။ သို့မဟုတ် ဒူးတုတ်ထိုင်ရ၏။ ညာဘက်ကိုဆွဲလိုက် လျှင် ညာဘက်ခြေကို မ,ပေး၍ ဘယ်ဘက်ကို ဆွဲလိုက်သော် ဘယ်ခြေကို မ,ပေးရ၏။

အသက် ရှစ်နှစ်အရွယ်တွင် ဆင်ငယ်သည် ဝန်စည်ပစ္စည်း များကို သယ်ဆောင်နိုင်၍ သစ်တောအမှုထမ်းများ နယ်လှည့် ရာ၌ လိုက်ပါရ၏။ ထမင်းအိုးခွက် အိပ်ရာလိပ်စသော ဝန်စည် အပေါ်အပါးများကို သယ်၍ တောင်ကုန်းများကို တက်တတ် ချောင်းများကို ဖြတ်ကူးတတ်လာသည်။ သစ်ကိုင်းကို နှာ မောင်းနှင့် ကောက်ယူ၍ ထင်းဆိုက်ရန် စခန်းသို့ ယူလာခြင်း၊ ဝါးရုံထဲ၌ သံကြိုး (ထူးကြိုး)ငြိနေလျှင် ဖြေယူတတ်ခြင်းစသော အမှုများကို ပြုလုပ်၍ အမြဲတစေ အကျိုးရှိသော အလုပ်တခုခု ကို ပြုလုပ်တတ်အောင် သင်ကြား ပေးနေရ၏။ ဤကဲ့သို့ အသက် ၁၇ နှစ် ၁၈ နှစ်ထိ တောက်တိုမယ်ရ အလုပ်များ လုပ် ကိုင်ပေးရသည်။ ၁၈နှစ်သို့ ရောက်လျှင် အခြားသစ်ဆွဲဆင်များ နှင့် တွဲဖက်၍ သစ်ဆွဲရတော့သည်။ ငယ်စဉ်အခါ၌ ဆင်သည် ပညာသင်နေဆဲကာလဖြစ်၍၎င်းကို ကျွေးမွေးစရိတ်နှင့် ၎င်း၏ ဦးစီးအား ပေးရသော ကုန်ကျစရိတ်ငွေ ကျေရန် ခဲယဉ်းလှ သည်။ ၁၉ နှစ်တွင်မူ ၎င်း၏ စိတ်နေစရိုက်နှင့် ကိုယ်ကာယကြီး ထွားမှုကိုကြည့်၍ လူသုံးသတ္တဝါအနေနှင့် ၎င်းမှာ ရှေ့တွင် မည်မျှ တန်ဖိုးရှိသည်ကို ခန့်မှန်းနိုင်ပေပြီ။

စ၍မွေးဖွားသည်မှ အသက် ၁၉နှစ်မှ ၂၀ ထိ ဆင်တကောင် အား ကျွေးမွေးမှု၊ လေ့ကျင့်သင်ကြားမှုနှင့် ဦးစီးလစာကြေး ငွေအတွက် စုစုပေါင်း ငွေကျပ် ၁၃,၀၀၀ မျှ ကုန်ကျခံရ၏။ ထိုနှစ်များအတွင်း၌ ဝန်တင်ဆင်တကောင်၏ တောက်တိုမယ်ရ အလုပ် လုပ်ခြင်းဖြင့် ရရှိသော ငွေမှာ စာမဖွဲ့လောက်ချေ။

အသက် ၁၉ နှစ်မရှိမီ ၎င်းအား ဝင်ငွေပိုရအောင် လုပ်ကိုင်ခြင်းသည်လည်း မကောင်းချေ။ ဆင်ငယ်၏ ကိုယ်ကာယကြီးထွားမှုကို ဟန့်တားရာရောက်၍ ၎င်း၏အနာဂတ် အသုံးဝင်မှုအတွက် အန္တရာယ်ဖြစ်စေတတ်သည်။

ဆင်နားလည်သော ဆင်ဦးစီးများ၏ သမားရိုးကျစကားများမှာ "မက်"ဆိုလျှင် "ဝပ်ထိုင်"၊ "လွတ်"ဆိုလျှင် "ထ"၊ "သွား"ဆိုလျှင် "တက်"၊ အချို့အရပ်၌ "ထောင်ထောင်"ဟူ၍လည်း သုံးသည်။ သစ်ကို မခြင်း ဘယ်မ, ညာမ, အောင်းခြင်းတို့မှာ ဦးစီး၏ ခိုင်းစေချက်အတိုင်း ဖြစ်သည်။ "နောက်ဖျော့" "ရှေ့ဖျော့"ဟု အမိန့်ပေးခြင်းမှာ တောင်တက်တောင်ဆင်းတို့၌ သုံးသည်။ နောက်ဖျော့ဟု ဦးစီးက အမိန့်ပေးလျှင် ဆင်သည် နောက်ခြေကိုဒူးတုတ်၍ တောင်ပေါ်ကဆင်းသည်။ "ရှေ့ဖျော့" ဆိုလျှင် ရှေ့ခြေကိုတဆစ်ချိုးကွေး၍ ဒူးတုတ်ပြီး တောင်ပေါ်ကို တက်သည်။ ဤသို့ အတက်အဆင်းမလုပ်လျှင် ပုခက်ထဲ၌ ထည့်ယူလာသော ပစ္စည်းများ သွန်ကျတတ်သည်။ အဘယ်ကြောင့်ဆိုသော် ဆင်၏ တောင်တက် တောင်ဆင်းမှာ မတ်တတ်ရပ်ပြီးတက်သလို ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

မှိန်းသင်ပြီးသော ဆင်များကို အမြဲတန်း ထူးဝင် ထူးထွက်နှင့် ထူးကစားပေးရသည်။ ထူးကို ဖြုတ်လိုက် တပ်လိုက် လုပ်ခြင်းကို ထူးကစားသည်ဟု ခေါ်သည်။ ထူးဝင်ဆိုသည်မှာ ဆင်အောက်သို့ဝင်၍ထူးကြိုးကို တပ်ပေးခြင်းဖြစ်၍ ထူးထွက်ဆိုသည်မှာ ထူးဖြုတ်ပြီး ပြန်ထွက်ခြင်းကိုဆိုသည်။ ဆင်များကို ထူးဝင်တပ်ခြင်း ထူးဝင်ဖြုတ်ခြင်းလုပ်ရာ၌ ဘယ်ဝင် ညာဝင်ဟုရှိသေး၏။ ဘယ်ဘက်က ဝင်နေကျဆင်ကို ဘယ်ဘက်ကပင်ဝင်၍ ထူး



[illegible] ထူးပိတ်လုပ်ရသည်။ ညာဘက်က ဝင်နေကျ ဆင်ကိုလည်း ထိုနည်း၎င်းပင် ညာဘက်ကသာ ဝင်ရသည်။

အကယ်၍ ဘယ်ဘက်ကဝင်ပြီး ထူးဖြုတ် ထူးတပ်လုပ်လေ့ရှိသောဆင်ကို ညာဘက်ကဝင်၍ ထူးဖြုတ်ထူးတပ်လုပ်လျှင် ဆင်သည် အမှတ်တမဲ့လန့်၍ သို့မဟုတ် မသင်္ကာ၍ နားမောင်းနှင့် လှမ်းပက်ခြင်း၊ လှမ်းအောင်းခြင်း၊ ခြေနှင့် ထိဆခြင်းစသည်တို့ကို အမှတ်မထင် ပြုလုပ်တတ်သည်။ ဆင်သည် ကြီးမားသော မိမိ၏ကိုယ်ကို ယုံကြည်အားကိုးသော တိရစ္ဆာန်မဟုတ်ချေ။ လူက သူ့အား နာကျင်အောင် တစုံတရာလုပ်လေမလားဟူသော သံသယစိတ်နှင့် လူကို အမြဲအကဲခတ်နေတတ်သည်။ သူ့အနားသို့ လာရိုးလာစဉ်မဟုတ်လျှင် စိတ်မချပေ။ လူက ရှေ့နောက်လှည့်ပတ်ကြည့်လျှင် သူ့စိတ်ထဲ ပို၍သင်္ကာယနမကင်း ဖြစ်တတ်သည်။ ထို့ကြောင့် လူစိမ်းတဦးဦး သူ့နောက်သို့သွားလျှင် ဆင်သည် မိမိ၏ သေးငယ်သော မျက်စိနှင့် နောက်ကို လှမ်းမမြင်သဖြင့် ဦးခေါင်းကို နောက်သို့ လှည့်၍ ကြည့်တတ်သည်။ ဤသည်ကိုပင် အချို့က ဆင်သည်အလွန်ရက်တတ်သော တိရစ္ဆာန်ဖြစ်၍ နောက်ကိုပတ်ကြည့်လျှင် လူကိုရန်ပြုတတ်သည်ဟု ဆိုကြသည်။ အမှန်မှာ ရက်၍မဟုတ်ပေ။ လူက သူ့အား နောက်ကနေပြီး နာကျင်အောင် တစုံတခုပြုလုပ်လိုက်မည်စိုး၍ ကြောက်ရွံ့စိတ်နှင့် ကာကွယ်ခြင်းဖြစ်သည်။

ထူးဝင်ထူးထွက်ပြုလုပ်ရာ၌ ဘယ်ဘက်ကမဆို ထွက်ဝင်၍ရသောဆင်များလည်းအမြောက်အမြားရှိသည်။ ဆင်၏လိမ်မာရေးခြားယဉ်ပါးတတ်သိနားလည်ခြင်းမှာဆင်ဆရာနှင့်ဆင်ဦးစီးတို့၏ သွန်သင်ကြိုးစားမှု အပေါ် တွင်တည်သည်။ ကောင်းစွာလေ့ကျင့်ထားသော ဆင်တကောင်သည် အသက် ၂၅ နှစ်ရှိ

လျှင် ဆင်ဦးစီးက ခြေထောက်နှင့်ပြသော အမှတ်အသားများ အပြင် အမိန့်ပေးစကားလုံး ၂၄ လုံးခန့်ကို နားလည်ပြီးဖြစ်၏။ ဆင်ဦးစီးက အမိန့်ပေးလျှင် အရာဝတ္ထုများစွာကို မြေကြီးပေါ်မှ ကောက်ယူပေးနိုင်သည်။ ဓား၊ ပုဆိန်၊ သံကြိုး၊ သစ်ပင်၌ သူ့ကို ချည်ထားသော ကြိုး၊ ထူးကြိုး၊ ပုခက်ကစသည်တို့မှာ ဆင်၏ မကြာခဏကောက်ယူပေးသော ပစ္စည်းများဖြစ်သည်။ ဆင်ဦးစီးက ခိုင်းလျှင် ထင်းခွေရေခတ်အထိ ပြုလုပ်ပေးသည်။ လိမ္မာသောဆင်များသည် သံပုံးကို နှာမောင်းနှင့် ရစ်ပတ်ပြီး ရေထဲနှစ်လိုက်ကာ ပြန်မချီယူလာရာတွင်လည်း ရေတစက်မျှ အဖိတ်အစင်မရှိအောင် ရေခတ်လာတတ်သည်။ ကြံပင်များကို နှုတ်ပေးတတ်သည်။ ဦးစီးကိုယ်ပေါ်က လွတ်ကျသွားသော ဆေးတံ၊ ဆေးဗူးများကိုပင် ကောက်ပေးဖော်ရသည်။ မျက်နှာဖြူသစ်တောအရာရှိတယောက်ကမူ မီးညှိထားသော ဆေးပေါ့လိပ်ကိုပင် ဦးစီးအားယူပေးသည်ကို မြင်ဖူးသည်ဆို၏။

ဆင်သည် အခြားတိရစ္ဆာန်များကဲ့သို့ စက်ရုပ်လိုအလုပ်မလုပ်ပဲ ဉာဏ်ဖြင့် အလုပ်လုပ်၏။ ဆင်၏အသိဉာဏ်မှာ ဆင်ဒဏ္ဍာရီ ပုံပြင်များမှာလောက် အံ့ချီးဘွယ်ရာ မဟုတ်စေကာမူ အတော်ပင် အဆင့်မြင့်မား၏။ ဆင်သည် အလုပ်လုပ်ရင်း အခက်အခဲတစုံတခုနှင့် ကြုံလျှင် မည်သို့ လွတ်အောင် ရှောင်ရ ပြုလုပ်ရမည်ကို ထိုးထွင်း၍သိ၏။ သူ၏ကိုယ်တနေရာ၌ ယားယံ၍ ထိုနေရာမှာ သူ၏ နှာမောင်းနှင့်လှမ်းမမှီသော နေရာဖြစ်ပါက ကျွဲနွားများကဲ့သို့ သစ်ပင်နှင့်ပွတ်တိုက်ခြင်းမပြုဘဲ တုတ်ရှည်တချောင်းကိုကောက်ယူ၍ ကုတ်ခြစ်၏။ မမှီသေးလျှင် ပို၍ရှည်သော တုတ်ကိုရှာ၏။ မြက်ကိုနှုတ်ယူသောအခါ မြေကြီးများပါလာပါက သူ့ခြေပေါ်တွင် တင်ရိုက်ခါချပြီးမှ မြက်ကိုပါးစပ်ထဲ



ထည့်၏။ သူစားမည့် မန်ကျည်းသီးထဲ၌ အက်စပရင်ဆေး ပြားထည့်ထားပါက နှာမောင်းနှင့် ကော်ထုတ်ပစ်၏။ သစ်ပင်၌တက်နေသော နွယ်ပင်ကိုယူပစ်ရာ၌ လူကလက်နှစ်ဖက်နှင့်ယူပစ်သည်ထက် ကျွမ်းကျင်၏။ ဆင်ငယ်များသည် သူတို့၏ ခလောက်ထဲတွင် ရွံ့များသိပ်ပြီး ငှက်ပျောခြံထဲ ည[illegible]ခါတိတ်တိတ်ဝင်ပြီးလျှင် ငှက်ပျောခိုင် အရွက်အပင်အားလုံးကို စားပစ်လေ့ရှိ၏။ ခြံသမားများမှာ ခလောက်သံ မကြားသဖြင့် ဘာမျှ မသိလိုက်ကြချေ။

ဆင်နာရှုံနှင့် ဆင်ကျင့်စခန်းများကို လှည့်လည်ကြည့်ပြီးကြသောအခါ အချိန်မှာ နေ့လယ် တနာရီကျော်နေပြီဖြစ်သဖြင့် ခိုတာတွင် နံနက်စာဝင်စားကြသည်။ နံနက်စာစားပြီးသောအခါ မဘိန်းသို့ ပြန်လာကြသည်။ မဘိန်းသို့ ညနေသုံးနာရီလောက်မှ ပြန်ရောက်ကြ၏။ မဘိန်းမှတဖန် ပင်လုံသို့ ခရီးဆက်ထွက်ကြ၏။ မဘိန်းသို့ နောက်ထပ်တခေါက်လာရန် လမ်းမကြုံတော့သဖြင့် ပစ္စည်း ပစ္စယအားလုံးကို သိမ်းဆည်းယူရသည်။ မဘိန်းသစ်ထုတ်လုပ်ရေးမှ လက်ထောက်မန်နေဂျာ ဦးအေးမောင်သူသည် မဘိန်း၌ပင် ကျန်နေခဲ့သည်။

ကျွန်တော်တို့သည် လာလမ်းအတိုင်း ဘမဲကို ကားနှင့် ဖြတ်လာရသည်။ ဘမဲတွင် ရှင်ပင်တွဲလဲပွဲတော်က တညကျန်သေးသဖြင့် လူစည်ကားတုန်းပင်ရှိသေးသည်။ နာရီဝက်လောက်အကြာတွင် ပေးတူးသို့ ရောက်လာကြသည်။ ကားလမ်းမှာ အင်ပင်တောကို ဖြတ်ဖောက် ထားသော မြေလမ်းကြမ်းဖြစ်သည်။ ပေးတူး၌ ဆင်ဝိုင်းစခန်းတခု ရှိသဖြင့် ဆင်သမားများ စတဲချနေသော တဲနှစ်လုံးသုံးလုံးရှိသည်။ ရွှေလီမြစ်ကမ်းနှစ်ဖက်

စလုံးတွင် ဆင်ဝိုင်း ဆင်ကျောင်းစခန်းများကို သုံးလေးဖာလုံ အကွာ၌ တခုစီ တွေ့ရသည်။

ပွေးတူးဆင်စခန်းသို့ ရောက်သောအခါ လက်ထောက် မန်နေဂျာ ဦးသာဒန်းအောင်မြင့်၏ ကိုတင်စီစဉ်ထားချက်အရ ပင်လုံကို လှေနှင့်စုန်သွားရသည်။ ကျွန်တော်တို့စီးလာကြသော မန်နေဂျာဦးအောင်ခင်၏ လင်းရိုဘာဂျစ်ကားကို ကားဒရိုင်ဘာ နှင့်အတူ မဘိန်းသို့ ပြန်လွှတ်လိုက်ရသည်။ ရွှေခရီးတွင် ကား နှင့်သွား၍ မရတော့ပေ။ နောက်တနေ့ မွန်းလွဲလောက်တွင် ကျွန်တော်တို့အား ပွေးတူး၌ ကားနှင့် လာကြိုနေရန်ကို မှာ လိုက်ရသည်။

ရွှေလီမြစ်ရိုးအတိုင်း စုန်လာကြသော ကျွန်တော်တို့လှေ ပေါ်၌ ဦးအောင်ခင်၊ ဦးကျော်မြင့်၊ ဦးသာဒွန်းအောင်မြင့်၊ ကျွန်တော်နှင့် ရိုးလုလင်တယောက်သာ ပါတော့သည်။ ဆင်သမားနှစ်ယောက်က လိုက်ပို့ပေးပါမည်ဟု ဆိုသော်လည်း လှေငယ်က လူမဆန့်သဖြင့် သူတို့ကို ပွေးတူး၌ပင် ထားခဲ့ရသည်။ ဦးကျော်မြင့်က ပဲ့ကိုင်ပြီး ဦးသာဒွန်းအောင်မြင့်နှင့် ရိုးလုလင်တို့က တယောက်တလှည့် လှေလှော်ကြသည်။

နွေရင့်ရက်ဖြစ်သဖြင့် ရွှေလီမြစ်ရိုးမှာ အတိမ်အနက် ကွက်တိကွက်ကျား သောင်များ ထွန်းနေသည်။ သဲခုံတွေပေါ်တွင် လှေငယ်က မကြာမကြာတင်နေသဖြင့် လှေငယ်ကို ခဏခဏ ဆင်းတွန်းကြရသည်။ ရေစီးကြောင်း လွဲလာ၍ ကျွန်တော်တို့ ကဲ့သို့ သဲခုံပေါ်တင်နေသော ဝါးဖောင်များကိုလည်း မကြာမကြာတွေ့ရ၏။ နောက်သုံးလေးရက်စောင့်နေပြီးရေစီးကြောင်း အသစ်ပြောင်းလာမှ ထိုဝါးဖောင်များ အောက်သို့စုန်ဆင်းနိုင်ကြပေမည်ဟု သိရသည်။ လှေပေါ်မှလှမ်းကြည့်လျှင် မိုးမိတ်



ဘက်မှ တောင်တန်းမြင့်ကြီးများကို မှိုင်းမှိုင်းပြာပြာမြင်နေရသည်။ ရွှေလီကမ်းအနောက် သဲသောင်တောစပ်နားတွင် အကောင်အစိတ်သုံးဆယ်လောက်စီ ရှိမည်ဟု ထင်ရသော ကျွဲရိုင်း အုပ်များကိုလည်း မကြာမကြာတွေ့ရ၏။ ၎င်းတို့မှာ ကျွဲရိုင်း ဟုဆိုသော်လည်း ဒေသခံပြည်သူများ၏ ကျွဲများပင်ဖြစ်၏။ သူတို့သည် ဆောင်းလ မိုးတွင်းတို့၌ ဤကျွဲများနှင့်ပင် သစ်ဆွဲသောလုပ်ငန်းကို လုပ်ကြကြောင်းသိရသည်။ သို့သော် သစ်ဆွဲရာသီကုန်၍ နွေရင့်ရက်ရောက်သောအခါ ဤသို့ပင် လက်လွှတ်စပယ် လွှတ်ထားတတ်ကြသည်။ အလုပ်ရာသီရောက်မှ သူ့ကျွဲ ကိုယ့်ကျွဲပြန်ရှာကောက်၍အလုပ်လုပ်ကြသည်။ ထိုကြောင့် အချို့ကျွဲများမှာ တနေ့လုံး လူနှင့်မထိမတွေ့ရသဖြင့် ဖမ်းဆီး မရတော့ပဲ ကျွဲရိုင်းများဖြစ်သွားကြသည်။ ဤကျွဲများကို တစုံတယောက်က သတ်စားလျှင် ဒေသခံပုဂ္ဂိုလ်များက တရားစွဲတတ်ကြသည်။ ဤမျှများသော သစ်ဆွဲကျွဲများကို နွေလ၌ ပစ္စလက်ခတ် လွှတ်ထားတတ်ကြသော်လည်း သူတို့၏ အမှတ်သင်္ကေတနှင့် သူ့ကျွဲကိုယ့်ကျွဲခွဲခြားကောက်ယူနိုင်ကြသည်မှာ အံ့ဩစရာပင်ဖြစ်၏။

လက်ထောက် မန်နေဂျာ ဦးသာဒွန်းအောင်မြင့်၏ သစ်လုပ်ငန်းအခြေစိုက်စခန်းဖြစ်သော ပင်လုံသို့ ညနေခြောက်နာရီ ထိုးခါနီးမှ ရောက်ကြသည်။ ပင်လုံစခန်းမှာ ရွှေလီမြစ်၏ အနောက်ဖက်ကမ်းပါးနှင့် ရွှေလီ ရိုးမအရှေ့ဘက် တောစပ်တွင်ဖြစ်သည်။ သစ်ထုတ်လုပ်ရေးမှ ဗိုလ်တဲအပြင် မြောက်ဘက်တွင် သစ်တိုက်ကား လုပ်သားများ၏ တဲသုံးလေးလုံးလည်း ရှိသေးသည်။ ဆင်ဝိုင်းလည်း ထိုနေရာ၌ပင် ရှိသဖြင့် တောထဲမှ ဆင်ခလောက်သံနှင့် ဥဩဖိုးခေါင်ငှက်တို့၏ မြည်သံကို လှမ်းချင့်

စဖွယ်ကြားနေရသည်။တောစနှင့် ရွှေလီမြစ်ကမ်းနဖူးဖြစ်သဖြင့် လေကလည်း တဖြူးဖြူး တိုက်ခတ်နေသည်။ ဦးသာဒွန်းအောင်မြင့်၏ ပင်လုံစခန်းသည် နွေရာသီ အပန်းလာဖြေဘိုပင်ကောင်းနေ၏။ ရွှေလီမြစ်ရေစီးကြောင်းနှင့် သဲသောင်ခုံ တောတန်းတောင်မြင့်ကြီးများကို မြင်နေရသည်မှာ ရှုခင်းသာ၍ မျက်စိပသာဒ အေးမြစရာပင်ဖြစ်၏။

ကျွန်တော်တို့မှာ ရွှေလီမြစ်ရေကို တဝကြီးချိုးကာ ဦးသာဒွန်းအောင်မြင့်ကျွေးမွေးသော ညနေစာကို တဝကြီးစားကြသည်။ ထမင်းစားပြီးကြသောအခါ ပြောင်သားခြောက် မီးဖုတ်ဆီဆမ်းနှင့် လက်ဖက်ရည်ကြမ်းဝိုင်းကို ဆက်ကြသည်။ ထိုစခန်းတွင် ဆင်ဝိုင်းကလည်းရှိနေသဖြင့် လက်ဖက်ရည်ကြမ်းဝိုင်းတွင် သစ်ဆွဲဆင်နှင့် သစ်လုပ်ငန်းအကြောင်း ဆွေးနွေးလေ့လာရသည်။

# ၁၄။ သစ်ဆွဲဆင်နှင့် သစ်လုပ်ငန်း

ဤစာအုပ်၏ရှေ့ပိုင်းတွင် ကမ္ဘာဦးက ဆင်များနှင့် ယခုခေတ်ဆင်သမားတို့ အသိအမှတ်ပြုထားသော ဆင်လေးမျိုးတို့အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးတွင် ဆင်ကိုအတန်းအစား ခြောက်မျိုးထိ သတ်မှတ်ထား၏။ ယင်းတို့မှာ ပထမတန်းစား သစ်နှစ်တန်ကျော်ဆွဲနိုင်သည့်ဆင်၊ ဒုတိယတန်းစား သစ်တတန်မှ နှစ်တန်ထိ ဆွဲနိုင်သောဆင်၊ တတိယတန်းစား သစ်တတန်ထိ ဆွဲနိုင်သောဆင်၊ စတုတ္ထတန်းစား သစ်ဆွဲညံ့သောဆင်၊ ပဥ္စမတန်းစား အလုပ်သင်ဆင်နှင့် ဆဋ္ဌမတန်းစား အမိနောက်လိုက် ဆင်ငယ်များ ဖြစ်၏။

ဤနေရာတွင် ဝန်တင်ဆင်မပါသေးပေ။ ဝန်တင်ဆင်မှာ အသက်ငါးနှစ် ခြောက်နှစ်မှ ၁၆ နှစ် ၁၇ နှစ်ထိ ဆင်ဖြစ်သည်။ သို့သော် သစ်ဆွဲညံ့သောဆင်နှင့် အသက် ၅၀ ကျော် ဆင်အို များကိုလည်း ဝန်တင်ဆင် အဖြစ် အသုံးပြုလေ့ရှိကြသည်။ ဝန်တင်ဆင်များကို သစ်ထုတ်လုပ်ရေးတွင် နယ်လှည့်အရာရှိနှင့် အမှုထမ်းများက နိုင်ငံအစိုးရ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အသုံးပြုနိုင်သည်။

သစ်ထုတ်လုပ်ရေး၌ ဆင်ကျောကုန်း၏ အနေအထားကို ကြည့်၍ ခြသေ့ထိုင် ငှက်ပျောကိုင်း၊ ကျောတန်း ဝက်ကုန်း ငါးဖယ်ကုန်း၊ ကျောပြာသာဒ်ဟူ၍ ဆင်များကို ခွဲခြားထားသေးသည်။

ခြသေ့ထိုင် ငှက်ပျောကိုင်းဆိုသည်မှာ ရှေ့မြင့်ပြီး နောက်နိမ့်သောဆင်များကို ခေါ်၏။ ကျောတန်းဝက်ကုန်းမှာ ဆင်၏ ကျောသည် ဝက်၏ ကျောကုန်းကဲ့သို့ တန်းနေခြင်းကိုခေါ်သည်။ ငါးဖယ်ကုန်းဆိုသည်မှာ ငါးဖယ်၏ ကျောကုန်းကဲ့သို့ ရှေ့နိမ့် နောက်နိမ့် အလယ်မြင့်ကိုခေါ်သည်။ ကျောပြာသာဒ်မှာ ကျောကုန်းသည် ညီညာခြင်းမရှိဘဲ အဖုအထစ်များရှိသော ဆင်ဖြစ်သည်။ သစ်ဆွဲရာ၌ အကောင်းဆုံး သစ်တန်အလေးချိန် အများဆုံး ဆွဲနိုင်သော ဆင်မှာ ခြသေ့ထိုင် ငှက်ပျောကိုင်း အမျိုးအစားဖြစ်သည်။ သစ်ဆွဲရာ၌ အသုံးအနည်းဆုံး ဆင်မှာ ကျောပြာသာဒ် ဖြစ်သည်။ မညီညာသော ကျောကုန်းရှိသဖြင့် သစ်ဆွဲရာ၌ ကြိုးများစား၍ ကျောကုန်းပွန်းပဲ့တတ်သည်။

ကျောနာရှိသော ဆင်များအား ခါတိုင်း သုံးနေကျ သစ်ဆွဲ ကကြိုး တန်ဆာပလာများတင်၍ မဖြစ်နိုင်ခြင်းကြောင့် ဂုတ်စည်းလည်ပတ်တမျိုးကို သုံးရသည်။ ဤတန်ဆာပလာတွင် ပါဝင်သော ပစ္စည်းများမှာ အုံးတုန်းနှင့် ဂုတ်စည်းအစား ဆင်၏ ဂုတ်ပေါ်သို့တင်ပြီး နှစ်ဖက်တွဲလောင်းချထားသည့် သစ်ဆွဲလည်ပတ်၊ ၎င်းနောက် ရိုးရိုးလောက် မရှည်သော သစ်ဆွဲလည်ပတ်ကြိုးကို သုံးပေးရသည်။ အုံးတုန်းထက် ဂုတ်စည်းလည်ပတ်က ရှေ့သို့ ရောက်နေသဖြင့် သစ်ဆွဲလည်ပတ်ကို တိုပေးမှသာ သစ်ဆွဲသံကြိုးများ တပ်ဆင်ရာ၌ နေရာတကျဖြစ်နိုင်



သည်။ စခန်းတိုင်းမှာ လည်ပတ်အတို အနည်းငယ်ကို ဆင်အုပ်က သိမ်းဆည်းထားရသည်။ ဤနည်းနှင့် သစ်ဆွဲခြင်းအားဖြင့် ဆွဲရိုးဆွဲစဉ်နည်းလောက် အလုပ် မတွင်သည့်အပြင် လွယ်ကူသောဒေသတွင် အလတ်တန်းစား သစ်များလောက်သာ ဆွဲနိုင်သည်။ သို့သော် ဆင်များအား လုံးဝ အလုပ် မလုပ်ပဲ ထားရာမရောက်ရအောင် ဤနည်းကို သုံးခြင်းဖြစ်သည်။

ဆင်၏အရေပြား မပွန်းပဲ့ စေရန်နှင့် ဆင်တန်ဆာပလာများ အထူးသဖြင့် သစ်ဆွဲလည်ပတ်များ ပျော့ပျောင်းအောင် ပြုပြင်ရန် ဝက်ဆီသုံးရသည်။ ဆင်တကောင် အဖို့ တနှစ်အတွက် ဝက်ဆီငါးပိဿာပေးရသည်။ ဝက်ဆီကို ဟင်းချက်ဆီအဖြစ် မသုံးနိုင်စေရန် သစ်ထုတ်လုပ်ရေး လက်ထောက်ကိုယ်တိုင် မဲနယ်မှုန့်နှင့် ရောစပ်ပေးထားရသည်။

သစ်တောဝန်များနှင့် သစ်ထုတ်လုပ်ရေး လက်ထောက်များ ခရီးသွားရာတွင် သုံးရန် ခွဲဝေပေးထားသော ဆင်များအတွက် က,ကြိုး တန်ဆာပလာများတွင် ဆင်၏ အမည်ထိုးထားပြီး အမြဲတန်း ပေးထားရသည်။ နယ်တိုင်းတွင် ဗဟိုကျသည့် စခန်းတခု၌ အလုပ် စစ်ဆေးသောအခါ သုံးစွဲ နိုင်ရန် ခရီးသွား တန်ဆာပလာ သုံးစုံကို အသင့် ထားပေးရသည်။ ဤတန်ဆာပလာ များကို ငှားရသည့်အခါ ဆင်စာအုပ်တွင် စာရင်းမသွင်းရ။ သို့သော် ဦးစီးက အပိုပစ္စည်းများ ထိန်းသိမ်းထားသည့် အရာရှိအား ယာယီ ပြေစာတခု ပေးထားရသည်။ ဆင်ကို သစ်ထုတ်လုပ်ရာတွင် အသုံးပြုနေသောအခါ ခရီးသွား က,ကြိုး တန်ဆာပလာများကို တတ်နိုင်သမျှ ဗဟိုစခန်းတခုတွင် ထားပေးရသည်။

## အလုပ် ဆင်တကောင်အတွက် က,ကြိုး တန်ဆာပလာ

၁။ ဆွဲသံကြိုးတစုံ။
၂။ အမေရိကန်ပုဆိန်။
၃။ နဖားပုဆိန်။
၄။ ပေါက်ပြား။
၅။ ကွင်းဆက် (ပုစွန်ထုပ်များ)။
၆။ ဆောက်။
၇။ ဂုတ်စည်းကြိုး။
၈။ ကုံး။
၉။ ဝမ်းပေါက်ကြိုး။
၁၀။ ရင်သိုင်းကြိုး။

ဤသည်များကို အပို အမြဲဆောင်ထားရသည်။ ဦးစီး
များက နေ့ရာသီစခန်းများ၌ မိုးတွင်းတွင် သုံးလောက်အောင်
လုပ်ထားရသည်။ ကုံးများအတွက် ဝမ်းပေါက်ကြိုး များနှင့်
ခလောက်များအတွက် ကြိုးပြားများကို ယက်ယူရသည်။

မုန့်ကြိုးနှင့်ထူးများကို နယ်အတွက် ဘုံပစ္စည်းများ အ
ပြည့်ထား၍ လိုသည့်အခါ၌ ယာယီပြေစာလက်မှတ်နှင့် ထုတ်
ငှားရသည်။

## က,ကြိုး တန်ဆာပလာများကို ထိန်းသိမ်းခြင်း

က, ကြိုး တန်ဆာပလာများကို မကြာမကြာ စစ်ဆေး၍
ဆင်စာအုပ်တွင် စစ်ဆေးကြောင်း မှတ်သားထားရသည်။ အ
သစ်ထုတ်ပေးသည့်အခါမှသာ ဇယား အသစ်တခုတွင် ထည့်
သွင်းရသည်။



စခန်းသို့ရောက်၍ မသုံးသေးလျှင် က,ကြိုးတန်ဆာပလာ
းအားလုံးကို မြေပေါ်တွင် မထားပဲ သန့်သန့် ရှင်းရှင်း
သီညီ ထားရသည်။ ဆင်တကောင်စီ၏ က,ကြိုး တန်ဆာ
းကို အမြဲ တစုတည်း သိမ်းဆည်းထားရန် နေရာတခု အဖြစ်
န်းများပြုလုပ်၍ အမိုးမိုးထားရသည်။ တော်တော်ကြာကြာ
သုံးသည့် သံကြိုးများနှင့် သံကိရိယာများကို သံချေးမတက်
ောင် ရေနံချေး သုတ်ထားရသည်။

စာရင်းမှ ပယ်ဖျက်ပြီးသော သံကြိုးများမှ သုံးနိုင်သေး
သာ အပိုင်းအစများကို ဆင်ချည်ကြိုးနှင့် ထူးများ လုပ်
းရန် ပန်းပဲထံသို့ပို့ရသည်။ ၎င်းပစ္စည်းများအတွက် သစ်
ာဝန်ထံသို့ အစီရင်ခံ၍ ပစ္စည်းစာရင်းတွင် နယ်အတွက်
ုံပစ္စည်းများအဖြစ် စာရင်းသွင်းထားရသည်။

## အစိုးရဆင်များကို ငှားရမ်းခြင်း

သစ်ထုတ်လုပ်ရေး လက်ထောက်၏ စာဖြင့် ရေးသား
းသော အမိန့်မရှိပဲနှင့် အစိုးရဆင်များကို အစိုးရကံထရိုက်
ာများ၏ သစ်လုံးများ အောင်းခြင်း ဆွဲခြင်း လုပ်ငန်းများ
် သုံးခွင့်မပြုရပေ။ အစိုးရ ကံထရိုက်တာ တဦးတည်း သူ၏
်များနှင့် မရှင်းနိုင်လောက်အောင် ဒိုက်အကြီး အကျယ်
ာလာသော် ကူညီရန် သစ်ထုတ်လုပ်ရေး လက်ထောက်က
ိုးရဆင်များကို သုံးစွဲ နိုင်သည်။ အကျိုး အကြောင်းကို
်တောဝန် ထံသို့ အစီရင်ခံပြီး ကံထရိုက်တာက အစိုးရ
င်များကိုသုံးသည့်အတွက် အခကြေးငွေပေးရသည်။

အစိုးရ ကံထရိုက်တာများအား ငှားရမ်းခအဖြစ် အစိုးရ
င်တကောင်အား *တနေ့လျှင် ငါးကျပ်နှုန်း သတ်မှတ်ထား

သည်။ တာဝန်ဝတ္တရားနှင့် မဟုတ်သည့် အစိုးရအရာရှိများနှ
အစိုးရ အရာရှိ မဟုတ်သူများကပစ္စည်းသယ်ယူရန်အတွက် ငှ
လျှင်လည်း ငှင်းဈေးအတိုင်းပင် ပေးရသည်။

ခိုင်းဆင်များ၏ သစ်ဆွဲရာသီအလုပ်ချိန်မှာ ဇွန်လဆန်း
မတ်လဆန်းအထိ ကိုးလဖြစ်သည်။ ဆင်ကျောင်း စခန်းတွ
နားနေရသောကာလမှာ သုံးလဖြစ်သည်။ တလတွင် လုပ်သ
ဆင်တကောင်၏ အလုပ်လုပ်ရက်မှာ ၁၈ ရက်ရှိပြီး နား
မှာ ၁၂ ရက်ဖြစ်သည်။ သုံးရက် ဆက်၍ အလုပ်လုပ်ရ
နှစ်ရက်အနားပေးရသည်။ ထို့ကြောင့် အလုပ်လုပ်သောကိုး
အတွက် တနှစ်လျှင် ဆင်၏အလုပ်လုပ်ရက်မှာ ၁၆၂ ရက်
သာဖြစ်၏။ တနေ့လျှင်ရှစ်နာရီ အလုပ်လုပ်ရသည်။ ထို့ကြေ
ဆင်သည် တနှစ်လုံးတွင် နာရီပေါင်း ၃၀၀၀ မျှ အလုပ်လုပ်
ထိုအလုပ်ချိန်၌ ဆင်တကောင်သည် ဖျမ်းမျှ သစ်တန်တရာ
သစ်တောထဲမှ မြစ်ချောင်းရှိရာ သစ်မျှောဆိပ်သို့ သယ်
နိုင်သည်။ ဆင်၏အလုပ်သက်တန်းမှာ ၁၉–၂၀ မှ ၅၅ နှစ်
ထိဖြစ်သည်။ရှေးအင်္ဂလိပ်ခေတ်က ခိုင်းဆင် တကောင်၏အလ
သက်တန်းကာလအတွင်းတွင် ခါင်အား ကျွေးမွေး စရိတ်
ဆင်ဦးစီးအား ပေးရသော လခစုစုပေါင်းမှာ ပျမ်းမျှ အင်္ဂလိ
ပေါင် ၁၅၀၀ (မြန်မာငွေ ကျပ်ပေါင်း ၁၉၅၀၀) ကုန်
သည်ဟုဆိုသည်။

ကျွန်တော် လေ့လာ တွေ့ရှိချက်အရ ဆိုသော် ဆင်
ကောင်ကို တနေ့ ရှစ်နာရီ အလုပ်လုပ်ခိုင်းရမည်ဟု သတ်မှ
ထားသော်လည်း ရှစ်နာရီတိတိ အချိန်ပြည့် အလုပ်လုပ်ခိ
ရန်မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဆင်ဝိုင်းတခုရှိ လ
သားဆင်များကို ဆင်ဦးစီးများက အလုပ်လုပ်ခိုင်းရန် တေ



ထဲ တောင်ထဲ သွားကောက်ရစဉ် တခါတရံ သစ်လုပ်ငန်း
ခန်းနှင့် အတော် အလှမ်းဝေးနေသော နေရာသို့ ဆင်က
ရောက်နေသဖြင့် ဆင်ကောက် လာရာတွင် နေမြင့်မှ အလုပ်
ခန်းသို့ရောက်သည်။ ထိုနေ့မျိုးတွင် ဆင်ကို သစ်တခေါက်
ပ်ခေါက်သာ ဆွဲခိုင်းပြီး မွန်းလွဲ သွားသည်နှင့် အနားပေး
ိုက်ရသည်။ ပူပြင်းသော နွေလ ဆောင်းရက်များတွင်ဆိုလျှင်
နေပူပြင်းချိန်၌ ခိုင်းရန် မသင့်ပေ။

ဆင်၏အလုပ်နားရက်ကိုလည်း တနင်္ဂနွေ စနေဟု တိတိ
ျကျ သတ်မှတ်၍မရပေ။ အချို့အရပ်ဒေသများတွင် တော
ဘာင်၏ ရေမြေ အခြေ အနေအရ၊ ဆင်ဦးစီး တို့၏ ရိုးရာ
ယူအဆ အစွဲအလမ်းအရ တောရှင် တောင်ရှင်များမကြိုက်
သောနေ့ နတ်မနာလိုသောနေ့ ဟူ၍လည်း ရှိသေးရာ ထိုနေ့
းတွင် သစ်မဆွဲပေ။ များသောအားဖြင့် ကျွန်တော်တွေ့
ရသော ဆင်သမားများမှာ ဗုဒ္ဓဘာသာဝင် ကရင် ကကျန်း
အမျိုးသားများ ဖြစ်ကြသဖြင့် အဖိတ်နေ့နှင့် ဥပုသ်နေ့တို့တွင်
းကြသည်။

သစ်လုပ်ငန်းတွင် ဆင်များကို သစ်ဆွဲခြင်း၊ သစ်ပုံခြင်း၊
သစ်ရေလိုက်ခြင်းတို့တွင် သုံးသည်။ ရိုးရိုးသစ်ဆွဲခြင်းမှာ သစ်
လုံးကို နဖားဖောက်ပြီး သံကြိုးရဲလောင်း တပ်ဆွဲခြင်းဖြစ်၏။
သစ်ပုံခြင်းမှာ ပြန့်ကြဲနေသော သစ်လုံးများကို ဆင်နှင့်
အောင်းလို့မှုခိုင်းပြီး ပုံခြင်းဖြစ်သည်။ သစ်လုံးသေးလျှင် အစွယ်
င့် ကော်၍ နှာမောင်းနှင့် ရစ်ပတ် မြှောက်ချီယူကာ စုပုံရ
သည်။ ဝိသေသထူးခြားသော သစ်ဆွဲနည်းမှာ စုံတွဲဆွဲခြင်း၊
က်ခတ်ဆွဲခြင်းတို့ဖြစ်သည်။တကောင်တည်းမနိုင်သောသစ်လုံး
ကြီးများကို ဆင်နှစ်ကောင်အားနှင့် ရှေ့တကောင် နောက်

တကောင် ဆွဲစေခြင်းကို ဇက်ခတ်ဆွဲသည်ဟု ခေါ်သည်။ အ
အရပ်တွင် တွဲဆွဲသည်ဟုလည်း ခေါ်၏။ စုံတွဲဆွဲခြင်းမှာ ဆ
နှစ်ကောင်ကို ဘေးတိုက်ယှဉ်ထား၏။ ဆင်နှင့် တွဲထားသော
သစ်ကြိုးစ နှစ်ခုကို သစ်လုံး၏နဖားတွင် လျှိုသွင်းထားသည
ဆင်တကောင်နှင့်တကောင် ကပ်နေရန် ထူးကြိုးတစုံကို ဆ
ကျောနောက်နားမှကပ်လျက် အတွင်းဘက် သစ်ဆွဲသံကြိုး
ပတ်မိအောင် ချည်နှောင်ထား၍ဆွဲခြင်းကို စုံတွဲဆွဲခြင်းဟု
သည်။ ဇက်ခတ်ဆွဲရာ၌ နောက်က ထားရသော ဆင်
အစွယ်မဲ့ ဆင်မ သို့မဟုတ် ဟိုင်းများကို ထားပေးရသည
နောက်ဆင်က စွယ်စုံဖြစ်နေလျှင် သစ်ဆွဲရာ၌ ရှေ့ဆင်ကို မ
တဆ သို့မဟုတ် အလေးအပင် ဆွဲရ၍ စိတ်တိုလာသော
ထိုးတတ်သဖြင့် ထိုသို့ အစွယ်မဲ့ ဆင်မကို ထားရခြင်းဖြစ်သည




ပုံ—၁၀။ သစ်လုံးကို ဆင်နှစ်ကောင်ကတွန်း၍ တကောင်ကဆွဲရသည်



ပေ ၂၀၀၀ ကျော် မြင့်သော တောင်စောင်းကမ္ဘားများတွင် ဆင်နှင့် သစ်ဆွဲရာ၌ ဆင်သော်၎င်း၊ ဦးစီးသော်၎င်း အလုပ်ကျွမ်းကျင်မှုမရှိပါက ဆင်ရော လူပါ တောင်အောက်သို့ လိမ့်ကျ၍ သေနိုင်သည်။ ထိုသို့ တောတောင် ပထဝီအနေအထားရှိသော နေရာများ၌ သစ်ဆွဲရာတွင် ဆင်ဦးစီးသည် အားလွန်၍ သစ်တုံးလိမ့်မကျစေရန် လမ်းထွင်ခြင်း ဆွဲလမ်းဖောက်ခြင်း နံကာတုံးများဆောက်၍ ဆွဲခြင်းတို့ကို ကြိုတင်ပြုလုပ်တတ်ရသည်။ ဤသို့ ကြိုတင်ပြုလုပ်ထားပါလျက် အကယ်၍ မတော်တဆ လိမ့်ကျပါကလည်း ဦးစီးသည် ဆင်ပေါ်မှ ဆင်းပြေးခြင်း မပြုပဲ မိမိဆင်လွတ်ရာလွတ်ကြောင်းကို တမှုဟုတ်ချင်းကြံဆတတ်ရသည်။ လည်ပတ်ကြိုးကို ဖြတ်၍၎င်း၊ ဂုတ်စီးကြိုးကို ဖြတ်၍၎င်း ဆင်ကို အန္တရာယ်မှ လွတ်အောင် ရဲရဲဝံ့ဝံ့ဆောင်ရွက် ကာကွယ်ပေးရသည်။

လည်ပတ်ကြိုး ဂုတ်စီးကြိုးဆိုသည်မှာ သစ်လုံးတွင် တပ်ဆင်ထားသော "ရဲလောင်း" နှင့် "ချိတ်" ဟု ခေါ်သော သစ်ဆွဲသံကြိုးနှင့် သစ်ဆွဲနိုင်အောင် ဆင်ကို ချိတ်ဆွဲထားသည့် ကြိုးများကို ခေါ်သည်။ သစ်ဆွဲကြိုး လည်ပတ်ကြိုး ဂုတ်စီးကြိုးတို့ဆက်သွယ်ထားပုံမှာ ကွင်းစွပ်အရှင်ဖြစ်သဖြင့် လည်ပတ်ကြိုးသို့မဟုတ် ဂုတ်စီးကြိုးကို ဖြတ်လိုက်သည်နှင့် တပြိုင်နက် ဆင်နှင့် သစ်လုံးသည် တခြားစီဖြစ်သွားပြီး သစ်လုံးမှာ ချောက်ထဲ လိမ့်ကျသွားလျက် ဆင်မှာ ရှိရင်းစွဲနေရာ၌ပင် အန္တရာယ်မရှိပဲ ကျန်ခဲ့လေသည်။

ဆင်များနှင့် သစ်ဆွဲပုံကို အင်္ဂလိပ်ခေတ်က မစ္စတာဝီလယန် ရေးသားခဲ့သော စာအုပ်၌ ဦးစီးသည် ပုံချိတ်နှင့်အတူ ဆင်စီး၍ သစ်တုံးရှိရာသို့ရောက်လျှင် ရှေးဦးစွာ သစ်လုံး



ပုံ-၁၁။ သစ်လုံးကို တောင်ကမ္ဘားယံပေါ်သို့ ဆွဲယူနေပုံ

ကို အနားသတ်ခြင်း၊ အကိုင်းရှိသော နေရာနှင့် အဖုအထစ်များကို ပုဆိန်ဖြင့် ခုတ်ထွင် ရှင်းသတ်ခြင်း ပြုရ၏။ သစ်တုံး၏ အဖျားပိုင်းအစွန်း၌ အပေါက်တပေါက်ဖောက်၍ ထိုအပေါက်မှ သစ်ဆွဲသောသံကြိုးကို လျှိုသွင်း၏။ ထိုအပေါက်ကို "နီးဖား" ဟု ခေါ်၍ ၎င်းကို ဖောက်ခြင်းဖြင့် အဖိုးတန်ကျွန်းသစ် ဆုံးရှုံးသော်လည်း သစ်တုံးကို ဆွဲယူရာ၌၎င်း၊ ရေမျှောရာဖောင်ဖွဲ့ရာ၌ ၎င်း များစွာ အသုံးဝင်လှ၍ အခြားနည်းကို အသုံးမပြုပေ။

ထိုနောက် လုံးပတ် ခုနစ်ပေ၊ အရှည် ၂၉ ပေရှိ သစ်တုံးကို ဆွဲယူရ၏။ သစ်မှာ ထုထယ်ကုဗပေ ၁၀၀ ရှိ၍လေးတန်မျှ လေး၏။ ဆင်သည် မိမိ၏ ကိုယ်အလေးချိန်အပြင် ကြီးမားသော ခွန်အားမည်မျှ စိုက်ထုတ်ရမည်ကို သိ၏။ မြေကြီးမှာ ဒူးဆစ်



အထိ ဗွက်ထနေ၍ လမ်း၌ရှိသော သစ်ငုတ် ဝါး ကျောက်တုံး ကျောက်ခဲများကို ဖြတ်သွားရ၏။ သို့ဖြင့် ကမ္ဘားအစွန်းသို့ ရောက်သွား၏။ ချောက်ကမ္ဘားမှာ ပေ ၄၀၀ စောက်နက်ပေရာ၊ ဆင်သည် ကမ္ဘားအစွန်းအနီးသို့ မည်မျှအထိ သွားလျှင် ဘေးကင်းသည်ကို တိတိကျကျသိ၍ အစွန်းမှ ၁၀ ပေအကွာသို့ရောက်သော် ရပ်တန့်၏။ ထိုအခါ သံကြိုးများကို ဖြေ၍ ဦးစီးက ဆင်ကို သစ်တုံးနောက်သို့ ခေါ်သွားရ၏။ ဦးစီးသည် ခြေနှင့်ကန်ကာ နားနောက်ကို လက်ဖြင့်ကုတ်၍ အမိန့်ပေး၏။ ထိုသို့ ချော့မော့ခိုင်းမှ ဆင်သည် ခေါင်းကိုကုန်း၍ သစ်တုံးကို တွန်း၏။ ပထမအစွန်းတဖက်၊ နောက်အလယ်၊ နောက်အခြားအစွန်းတဖက်စီကို တွန်း၍ ကမ္ဘားအစွန်းနားထိ ပို့ပေး၏။ အစွန်းနားသို့ သစ်တုံးရောက်လျှင် ၁၀ မိနစ်ခန့် နား၏။ နောက်မှဆက်၍ နားနေလျှင် ဦးစီး၏ကျိန်ဆဲခြင်း၊ နားနောက်ကို ခြေဖျားဖြင့် ကုတ်ခြစ်ခြင်းခံရမည်ကိုသိ၍ ဘောလုံးကလေးကို ခြေဖြင့် တို့လိုက်သကဲ့သို့ ရှေ့ခြေကို အေးဆေးစွာ သစ်တုံးပေါ် အသာတင်လိုက်သည်နှင့် သစ်တုံးသည် ချောက်ထဲသို့ ကျသွားတော့၏။ ထိုနောက်မှ ဦးစီးနှင့် ဆင်တို့သည် အခြားတောလမ်းဖြင့် အောက်သို့ ဆင်းသွား၍ သစ်တုံးကို ချောင်းရှိရာသို့ ဆွဲယူကြရ၏။

လေးတန် သစ်တုံးကို သိပ်မကျယ်သော လမ်းကလေး အတိုင်းဆွဲ၍ ချောက်ကမ္ဘားများကိုဖြတ်ပြီး ယူရသည်မှာ ဘေးရန် များသော အလုပ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အခန့်မသင့်ပါက သစ်တုံးသည် လိမ့်ထွက်သွားနိုင်၏။ သို့ရာတွင် ဆင်သည် မည်မျှအထိ သွားလျှင် ဆွဲလျှင် ဘေးကင်းနိုင်သည်ကို လက်မအထိ တိတိကျကျသိ၍ စိတ်ရှည်စွာ အလုပ်လုပ်၏။



ပုံ-၁၂။ စွယ်စုံဆင်က ခုတ်လှဲထားသော နေရာမှ သစ်လုံးကိုဆွဲယူရန် နေရာရွှေ့ပေး၍ အခြားဆင်တကောင်က ချောက်ထဲသို့ သစ်လုံး လိမ့်ဆင်းမသွားစေရန် ဘေးမှ ကာကွယ်ထားရသည်။



အကာယ်၍ သစ်တုံးသည် ကမ္ဘားအစွန်းသို့ လိမ့်ကျသွားပါက ဂိယာနှင့် ထုးကြိုးအားလုံးကို မျက်စိတမှိတ် လျှပ်တပြက် အတွင်း ဖြုတ်ပစ်နိုင်ကြောင်း ဆင်ဦးစီးရော ဆင်ပါ သိကြ၏။ ထိုသို့ အခက်အခဲနှင့်ကြုံလျှင် ဆင်သည် နောက်သို့ ပြန်ကြုံ၍ ခေါင်းကို ကုန်းလိုက်ရုံနှင့် မိန်းကလေးတဦးသည် သူ့ပခုံးပေါ်ရှိ ပိုးတံဘက်ကို ယူချလိုက်သလို သစ်တုံးမှာ လွယ်ကူစွာ အောက်သို့ လိမ့်ဆင်းသွားပေမည်။ သို့နှင့် သစ်တုံးက ရုတ်တရက် လိမ့်ဆင်းသွားသဖြင့် ဆင်က ပါသွားရိုးထုံးစံမရှိချေ။

သစ်တုံး မျှောမည့်နေရာ ချောင်းနားသို့ ရောက်သော် ညနေ သုံးနာရီထိုးပေပြီ။ ဦးစီးသည် ဆင်ပေါ်ရှိ ကိရိယာ တန်ဆာပလာများကိုဖြုတ်၍ ဆင်တင်ပါးကိုပုတ်ပြီး အစာရှာ စားရန် သွားတော့ဟု ပြော၏။ ဆင်အစာရှာ စားနေစဉ် ဆင် ဦးစီးက သစ်ဆွဲကြိုးကို ပြုပြင်ပြီး သစ်လုံးများ ရွှေ့ချောခြင်း စသည်တို့ကို ဆက်လက်၍ ပြုလုပ်ရလေသည်။

ဆင်နှင့် သစ်ရေလိုက်ခြင်းဆိုသည်မှာ မိုးတွင်းအချိန်၌ ဖြစ်သည်။ သစ်မျှောချောင်းအတွင်းတွင် ချောင်းရေများ ဝါး လုံးထိုး စီးကျလာသောအခါ ချောင်းညာမှ သစ်လုံးများသည် ရေစီးနှင့် မျှောပါလာတတ်သည်။ ထိုအချိန်တွင် ရေဝဲကတော့ ထိုး၍ ရေစီးကြောင်းလွှဲပြီး သစ်လုံးများကမ်း၌ တင်မနေရန် ဆင်နှင့် ရေစီးထဲဆင်း၍ ကမ်းကပ်လာသမျှ သစ်များကို ရေ စီးကြောင်းထဲ တွန်းအောင်းခိုင်းပေးရသည်။ ဤလုပ်ငန်းမှာ မကျွမ်းကျင်လျှင် ဆင်ရောလူပါ ချောင်းရေစီးထဲ မျှောပါ၍ သေနိုင်သည်။ သို့မဟုတ် သစ်လုံးများ ထောင်းမိ ရိုက်မိ၍ သေနိုင်သည်။ ထို့ကြောင့် သစ်ရေလိုက်သော အလုပ်တွင် ဝါရင့် လုပ်သက်ရင့် ဆင်အိုကြီးများကိုသာ အသုံးပြုသင့်သည်။

ယင်းလုပ်ငန်းမှာ တောင်ရေကျလာပြီဆိုလျှင် နေ့ရောညပါ လုပ်ကြရသည်။ ညဆိုလျှင် ကညင်ဆီ မီးတုတ်များ ထွန်းညှိ၍ သက်စွန့်ဆံဖျား စွန့်စွန့်စားစား လုပ်ကြရသည်။

ဆင်အလုပ်စခန်းတခုတွင် သစ်လုံးရေ အနည်းအများကို လိုက်၍ ဆင်ကြီး ခုနစ် ကောင်မှ ၁၀ ကောင်အထိ ရှိတတ်သည်။ ဆင်သည် လူတို့ကဲ့သို့ပင် တကောင်နှင့်တကောင် ခြေဖဝါး အရွယ် ပုံသဏ္ဍာန်ချင်း မတူကြပေ။ ထို့ကြောင့် ဆင်ကောက် သွားရာ၌ ဆင်ဦးစီးများသည် ဆင်ခြေရာကိုတွေ့လိုက်ရုံနှင့် မိမိ ဆင်ဟုတ်မဟုတ် ခွဲခြားသိတတ်ကြသည်။ များသောအားဖြင့် ဆင်အားလုံးမှာ ရှေ့ခြေတွင် ခြေသဲ(ပန်းကွင်း)ငါးချောင်းရှိပြီး နောက်ခြေတွင် ခြေသဲ(ပန်းကွင်း)လေးချောင်းရှိသည်။ အချို့ နေရာများတွင် ခိုင်းစေရန် ဆင်ကို ရွေးချယ်ရာ၌ ဆင်တို့၏ ခြေဖဝါးကို ဂရုပြုဖို့ လိုသည်။ ရွှံ့ဗွက်ထူထပ်သော နေရာများ တွင် အလုပ်လုပ်ရမည့် ဆင်များမှာ ခြေဖဝါးပုံသဏ္ဍာန် အချိုး ကျ၍ ခြေမျက်စိတုတ်ခိုင်ရန် လိုသည်။ ဆင်အထီး အမများ ကိုလည်း သူ့နေရာနှင့်သူ အသုံးချတတ်ရ၏။ သစ်လုံးကြီးပြီး တောင်ကုန်း ထူထပ်နေသော နေရာတွင် စွယ်စုံဆင်များမှာ ဆင်မများထက် အသုံးဝင်သည်။ သစ်ခုတ်လှဲနေရာမှ သစ်ဆွဲ လမ်းသို့ သစ်လုံးကြီးများကို သယ်ယူရာ၌ ထုတ်ဆင်ခေါ် အထူးစွယ်စုံဆင်ကြီးများကို အသုံးပြုရ၏။ တခါတရံ ခုတ်လှဲ လိုက်သော သစ်ပင်သည် ပေသုံးလေးရာနက်သော ချောက်ထဲ သို့ ကျသွားတတ်လေရာ ထိုသစ်လုံးများကို ဖြတ်ပြီး ဆွဲရာ၌ အစွယ်ရှိပြီး အင်အားကောင်းသော ဆင်များကို အသုံးပြုရ သည်။



သစ်ဆွဲရသော ဆင်လုပ်သားများ၏ ပြောပြချက်အရ ကျောက်တန်း ကျောက်ခေါင် တောင်စောင်း ကျောက်ဖျာ ရှိသောနေရာတို့တွင် ဆင်နှင့် သစ်ဆွဲတော့မည်ဆိုပါက ဆင်၏ စရိုက်အထာ ဗီဇဉာဉ်ကိုလည်း သိရန်လိုပေသည်။ အချို့ ဆင် များသည် တောင်စောင်း ကျောက်တန်းများပေါ်မှ သစ်ဖြတ် ဆွဲရမည်ကို အလွန်ကြောက်၍ တဂျီဂျီအော်ကာ လူကို အာခံ တတ်သည်။ ရှေ့သို့ လုံးဝ မသွားတော့ပဲ ကိုယ်ကို ကုံ့ကာ နောက်ထိုင် ထိုင်နေတတ်သည်။ တောင်ကုန်း ကျောက်တန်း များကို နေ့စဉ်ဖြတ်လျှောက်၍ အစာရှာ စားနေကျဖြစ်သော တောဆင်များမှာမူ တောင်စောင်း ကျောက်ဖျာများကို ဖြတ် လျှောက်ရမည်ကို မကြောက်ရွံ့ပဲ သစ်လုံးများကို ချောချော ချူချူ ဆွဲသွားတတ်၏။ (များသောအားဖြင့် ဤနေရာမျိုး တွင် ဆင်ဆိုးများကို အသုံးပြုခြင်းက ပို၍ သင့်တော်သည်။ ဆင်ဆိုးများသည် စရိုက်ကြမ်းသဖြင့် မိုက်မိုက်ကန်းကန်း အလုပ် လုပ်တတ်သည်။ ကျောက်ဖျာများပေါ်က ကျသေမှာကိုပင် မကြောက်ကြပေ။)

ဆင်၏ ဓလေ့စရိုက်နှင့် ပတ်သက်၍ ဤနေရာတွင် ဆင် သမားများက ကိုင်းဆင်နှင့် တောင်ဆင်ဟု နှစ်မျိုးခွဲ၍ ဆိုကြ ပြန်၏။ ကိုင်းဆင်ဆိုသည်မှာ လွင်ကျသော မြေပြန့်တွင် ကျက် စားလေ့ရှိသဖြင့် တောင်စောင်း ကျောက်ဖျာ ကျောက်တန်း များပေါ်တွင် သစ်ဆွဲရမည်ကို စိုးရွံ့ ကြောက်လန့်တတ်ကြ သည်။ တောင်စောင်း ကျောက်တန်းများကို ဖြတ်သွား၍ ကျက်စားလေ့ရှိသော တောင်ဆင်သည် လွင်ပြင် ညွန်တော ရွှံ့ဗွက်ထဲ၌ သစ်ဆွဲရမည်ကို ကြောက်သည်။ တခါတရံ တောင် ကြား လွင်ပြင်များပေါ်တွင် မိုးရွာ၍ဖြစ်စေ၊ ချောင်းကော

အင်းကောများပေါ်၍ဖြစ်စေ အပေါ်ယံမှာ ရေပြင်ဖြစ်ပြီး အောက်တွင် ရွှံ့ညွန်များရှိတတ်လေရာ ရေကြိုက်သော ဆင်သတ္တဝါသည် ထိုနေရာမျိုး၌ ရေဆင်းစိမ်မိသဖြင့် ညွန်နစ်ကာ သေဆုံးတတ်သည်။ ဤသို့ သေဆုံးခြင်းကို ဆင်သမားများက "ပုံကျွန်သေသည်" ဟု ခေါ်သည်။ ထိုကြောင့် ဆင်နှင့် သစ်ဆွဲရာတွင် ဆင်သမားများမှာ မိမိဆင်သည် မည်ကဲ့သို့ ကိုယ်ခန္ဓာ တည်ဆောက်ပုံရှိသည်၊ မည်ကဲ့သို့ စရိုက်ရှိသည်၊မည်သည့် အရပ်ဒေသနှင့် သင့်တော်သည်ဆိုသော အချက်များကို သိထားရန် အထူးလိုအပ်လှပေသည်။

သစ်ဆွဲနေစဉ် ဆင်စခန်းများထားရှိပုံကို သစ်ထုတ်လုပ်ရေးလက်စွဲစာအုပ်၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

လုပ်ကွက်တကွက် အလယ်တွင် သစ်ထုတ်လုပ်ရေး လက်ထောက်က တစခန်း၊ ထို့အပြင် မိုးရာသီ၌ အစာရေစာများရှားပါးကုန်သည့်အပြင် အလုပ်နေရာကိုပါ ရွေးရမည်ဖြစ်သဖြင့် ဆောင်းရာသီအတွက် ဒုတိယ တစခန်းပြုလုပ်ရသည်။ နွေရာသီအတွက်ဆိုလျှင် ဆင်များသည် တခြားသတ်သတ်စခန်းများသို့သွားကြရသည်။ တစခန်းနှင့် တစခန်း အနည်းဆုံး တမိုင်ဝေးကွာရသည်။

မိုးရာသီတွင် ခြင်များ ကင်းရှင်းစေရန်နှင့် ရေစီးရေလာကောင်းရန် စခန်းကိုချောင်းအနီး ကုန်းမြင့်ပေါ်တွင် တည်ရသည်။ သစ်ပင်ဝါးပင်များကို စခန်းနှင့် ဝေးဝေးရောက်အောင် ခုတ်ထွင်ရှင်းလင်း၍ နေပူသော နေ့များတွင် ခြောက်သွားအောင် စခန်းကို တည်ထားရသည်။

စခန်းတွင် အလယ်လမ်းမကြီးတခုရှိပြီး တဖက်တချက်၌ တဲများကို ဘေးတိုက်ခပ်ခွါခွါဆောက်ထားရသည်။ အိမ်ထောင်



ရှင် ဆင်ထိန်းတယောက်လျှင် တဲတတဲ၊ လူပျို ဆင်ထိန်းနှစ်ယောက်လျှင် တဲတတဲနေရသည်။ သစ်ထုတ်လုပ်ရေးလက်ထောက်လာသည့်အခါ နေရန် တဲကြီးတတဲနှင့် အကွက်တကွက်တွင် အလုပ်လုပ်နေသော ချောင်းအုပ်များအတွက် တဦးလျှင် တဲတတဲစီဈေးကံထရိုက်တာအတွက် တဲတတဲဆောက်ထားရသည်။ တောထဲတွင် သက်ကယ်မရလျှင် သစ်ထုတ်လုပ်ရေးလက်ထောက်က အရွယ်တော်တဲတတဲအတွက် သက်ကယ်ပျစ်တရာကျ ဝယ်ပေး ရသည်။ လက်ထောက် အမှုထမ်းတယောက်သည် မိမိ၏ဇနီးကို တောသို့ ခေါ်မသွားရ။ သူ့အတွက်စားသောက်ရေးကို ဦးစီးတယောက်၏ ဇနီးက စီမံပေးရသည်။ ဆင်အုပ် သို့မဟုတ်အကြီးအကဲဦးစီးတယောက်၏ တဲအနီးတွင် သူ၏တာဝန်ဖြစ်သော မန်ကျည်းဆားနှင့်တန်ဆာပလာများထားရန် တဲကလေးတတဲရှိသည်။ ခရီးသွားဆင်ထိန်းများအတွက် အပိုတဲနှစ်တဲရှိရပြီး ထိုတဲအောက်တွင် တန်ဆာပလာများ တင်ထားရန် စင်များရှိရသည်။ စခန်း၏တဖက်တွင် ဆင်ဦးစီးများ ဆင်ပေါ်က မဆင်းပဲနှင့် သူတို့၏ သားရေနှင့်အုံးတုံးများကို အပေါ်တန်းတွင်ငင်း၊ ဆွဲသံကြိုးများကို အောက်တန်းတွင်ငင်း တင်ထားဆွဲနိုင်ရန် အမိုးကောင်းကောင်းနှင့် သားရေတန်းတခု ရှိရသည်။ ဆင်တကောင်၏ တန်ဆာပလာများ တခြားစီထားနိုင်လောက်အောင် သားရေတန်းက ရှည်ရသည်။အလုပ်ဆင်များအား တန်ဆာပလာများဖြုတ်၍ ပြီးသည့်အခါ အစာရှာအမြန်လွှတ်ရန်အတွက် အလုပ်ကွက်အနီးတွင်လည်း သားရေတန်းများ ပြုလုပ်ထားရသည်။ မိုးမစဲသည့်အခါများ၌ ရှော်နှင့်ယက်လုပ်သောတန်ဆာပလာများနှင့် သားရေချပ်များခြောက်သွေ့စေရန် သားရေတန်းအောက်တွင် မီးဖို

ပေးရသည်။ သို့သော် တန်ဆာပလာများကို ချောက်အောင် လုပ်ပေးရခြင်းထက် တန်ဆာပလာများ ရှိန့်မပေအောင်ထား ဖို့က သာ၍ အရေးကြီးပေသည်။ အလုပ်ကွက်အသစ်သို့ ရွှေ့ ပြောင်းတိုင်း သားရေတန်းအသစ်များ ဆောက်လုပ်ရသည်။

မိုးရာသီအတွင်း၌ စခန်းများတွင် ရှုံ့ပွက်မထူစေရန် ဆင် များအား စခန်းကိုဖြတ်သန်းသွားလာခွင့် မပြုရ။ စခန်းတွင် ရေမတင်အောင် မြောင်းများဖောက်ပေးထားရသည်။ ရိုးရိုး အိမ်သာများကို စခန်းနှင့် တော်တော်ဝေးဝေးမှာ ဆောက် ထားရသည်။ ဆန်ဆေးရေနှင့် ထမင်းရေများစီးသွားရအောင် တဲများ၏ နောက်ဖက်တိုင်း၌ ရေစိမ့်ဝင်သည့် တွင်းများနှင့် ယင်မဝင်နိုင်သည့် အမှိုက်သရိုက်တွင်းများ တူးထားရသည်။

စခန်းရှိ အလုပ်သမားများ၏ကျန်းမာရေးသည် သစ်ထုတ် လုပ်ရေးလက်ထောက်၏ စေတနာနှင့် အားပေးစောင့်ရှောက်မှု ပေါ်၌ တည်သည်။ လုပ်ကွက်သို့သွားရောက်သည့်အခါ အတွင်း စခန်းကို လှည့်လည်ကြည့်ရှုရင်း မိမိ၏ ညွှန်ကြားချက်များကို လိုက်နာရန် ရိုးရိုးရှင်းရှင်း ပြောဆိုဆုံးမ၍ စခန်းနေ ယောကျ်ား မိန်းမတို့အား ပညာပေးရမည်။ ဆင်ထိန်းတို့၏ ဇနီးမိန်းမများ အား မိမိတို့၏ တဲများပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားရန်နှင့် ပုပ်သိုးနံစော်သောအရာဝတ္ထုများကို နီးစပ်ရာတောထဲသို့ လွှင့် မပစ်ပဲ အမှိုက်သရိုက်တွင်းများထဲသို့ ထည့်ရန် သွန်သင်ပေးရ သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေး ပြိုင်ပွဲများပြုလုပ်၍ ဆုများ ပေးခြင်းသည် ကျန်းမာရေးအတွက် ထိရောက်သော နည်းလမ်း တခုဖြစ်သည်။

ဆင်ထိန်းများအား မိုးရာသီတွင် သူတို့တဲအမိုးပေါ်၌ ဖြစ်စေ၊ စင်ထိုး၍ဖြစ်စေ ဗူးပင် ဖရုံပင်ကဲ့သို့သော ဟင်းသီး



ပင်များ စိုက်ပျိုးရန် အားပေး ရသည်။ ဆောင်းရာသီတွင် ဆင်များမဝင်နိုင်အောင် ခြံခိုင်ခိုင်ခံ့ခံ့ ကာထားသော ဥယျာဉ် တွင် ဟင်းသီးဟင်းရွက်များပိုမိုစိုက်ကြရန် ဆော်သြပြီး မျိုးစေ့ များကို သစ်တောဝန်ရုံးက သင့်တော်သလောက် ထုတ်ပေးရ သည်။ ဆင်အုပ်အား သူ၏စခန်းတွင် ကြက်များ မွေးမြူ ထားရန် အားပေးတိုက်တွန်းရသည်။

အလုပ်စခန်းရှိ ဆင်သမားတို့၏ မိသားစု ကျန်းမာရေး အတွက် ရွေးအခါက သစ်တောအရာရှိများကိုသာ အားထား ကြရ၏။ တောထဲ၌ အနာရောဂါများ ဖြစ်တတ်သည့် အပြင် မတော်တဆ ထိခိုက်မှုများကလည်း အမြဲလိုလိုဖြစ်တတ်လေရာ သစ်တောအရာရှိမှာ မကြာခဏ ကုသပေးရ၏။ ဆင်စခန်း၌ မိန်းမရော ကလေးပါ ဘယ်ရီဘယ်ရီဖြစ်၍ ကိုယ်များ ဖောရောင် နေတတ်ပေရာ သစ်တောအရာရှိသည် တခါတရံ ကုသနည်းနှင့် ပတ်သက်၍ အရေးပေါ် ဆုံးဖြတ်ရမည် ဖြစ်၏။ တခါတရံမီးဖွား ပြီးသွေးလွန်နေသော ဆင်သမားတို့၏ မိန်းမများနှင့် ဝက်ဝံ ကိုက်သဖြင့် ဦးရေခွံလန်နေသော လုပ်သားများကိုလည်း ဆေး ကုပေးရ၏။ ဆင်လုပ်သားများ အများဆုံး ဖြစ်တတ်သော ရောဂါများမှာ ငှက်ဖျားဝမ်းကိုက်ရောဂါ စသည်တို့ ဖြစ်၏။ ယခုအခါ ဆင်သမားတို့၏ ကျန်းမာရေးအတွက် သစ်ထုတ်လုပ် ရေးလက်ထောက်များက တာဝန်ယူနေကြရသည်။

# ၁၇။ ဆင်ဦးစီး

ခိုင်းဆင်၏အကြောင်းကိုရေးသားရာ၌ ဆင်အုပ်ဆင်ခေါင်း ဆင်ဦးစီးပဲ့စီးတို့အကြောင်းမပါလျှင် မပြီးပေ၊ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေး၌ ဆင်အကောင် ၅၀ တွင် ဆင်အုပ်တယောက် ထားပေးသည်။ ဆင်အုပ်၏တာဝန်မှာ သာမန်အားဖြင့် တလ နှစ်ကြိမ် ဆင်ဝိုင်းဆင်စခန်းများကို လှည့်လည်စစ်ဆေးရသည်။ ဆင်ကျန်းမာရေးအတွက် ဆင်ခေါင်း ဆင်ဦးစီးများအား ဆင်ကျွေးရန်ဆေးနှင့် အစားအစာများ ညွှန်ကြားရသည်။ ယခုအခါ ဆင်အုပ်များကို တိရစ္ဆာန် ဆေးကုများနှင့် တွဲဖက်၍ တာဝန်ပေးထားသည်။ သို့သော် တိရစ္ဆာန် ဆေးကုများမှာ လုံလုံလောက်လောက် မရှိသေးသဖြင့် ဆင်အုပ်များသည် အလွန်အရေးပါကြသည်။ ဆင်အုပ်တို့မှာ ပဲ့စီးဦးစီး ဆင်ခေါင်း တို့၏ဘဝမှ အဆင့်ဆင့် တက်လာသူများ ဖြစ်သဖြင့် ဆင်နှင့် ပတ်သက်၍ ကျွမ်းကျင်လိမ်မာသူများ ဖြစ်ကြသည်။ လခမှာ ၁၂၆ ကျပ်မှ ၁၇၅ ကျပ်ထိ ရကြသည်။ ဆင်အုပ်ကြီးဆိုလျှင် ၁၇၅ ကျပ်မှ ၂၈၀ ကျော်ထိရလေသည်။

ဆင်ခေါင်းမှာ ဆင်ငါးကောင်ခြောက်ကောင်မှ ကိုးကောင် ၁၀ ကောင်ထိရှိသော ဆင်ဝိုင်း ဆင်စခန်းများကို ကွပ်ကဲ



ာ်ချုပ်ရသည်။ သူသည်လည်း ပဲ့စီးဦးစီးဘဝက အဆင့်ဆင့်
က်လာရ၍ ၉၇ ကျပ်မှ ၁၀၀ ကျော်ထိ လခရသူ ဖြစ်သည်။
ဆင်ထိန်း ဆင်ဦးစီးတို့မှာ လခ ၉၇ ကျပ်သာ ရကြသည်။
ာ်သည်လည်း ပဲ့စီးဘဝက တဆင့်တက်လာသော လုပ်သား
ားဖြစ်၏။ ဆင်ဦးစီးသည် ငယ်စဉ်ကစ၍ တသက်ပတ်လုံး
ာ်နှင့် တွဲဖက်ပြီး အလုပ်လုပ်ခဲ့ရသူ ဖြစ်၏။ မိရိုးဖလာအရ
သက် ခြောက်နှစ်အရွယ်မှစ၍ ဆင်ကိုစီးပြီး ဆင်နှင့်ပတ်သက်
ာဗဟုသုတရော ဒဏ္ဍာရီယုံတမ်းစကားများပါလေ့လာသိရှိခဲ့
၏။အသက် ၁၄ နှစ်တွင် သူသည် ဆင်စခန်း၌ အလုပ်သင်လုပ်
၏။ ထိုစဉ်က ပဲ့ချိတ်ခေါ် သံကြိုးနှင့် သစ်လုံးကို ချိတ်ပေးရသူ
ဖြစ်ဖြင့် ဆင်ဦးစီးကို ကူညီရ၏။ ထိုမှတဆင့် ဦးစီးအဖြစ်
အပ်ခြင်းခံရ၍ ဆင်တကောင်ကို တာဝန်ယူထိန်းကွပ်ရသော
ာမနေ့သည် သူ့အတွက် စိတ်ခေတ် အတက်ကြွဆုံး အပျော်
ဆုံးနေ့ ဖြစ်၏။ မှိန်းသင်ပြီးစ အသက် ခြောက်နှစ်ရွယ် ဆင်
က်ကိုစီးရသော သူ့အရွယ်မှာလည်း ၁၄ နှစ်သား သာသာ
သားသာဖြင့် ဆင်ငယ်နှင့် ဦးစီးလူငယ်တို့မှာ အလွန်လိုက်ဖက်
သည်။မြို့ကြီးပြကြီးသား ကလေးသူငယ်များသည် မိမိအိမ်၌
ထားသော ခွေးများအကြောင်းကို နားလည်သလိုဆင်ဦးစီး
ာ်သည်လည်း မိမိ၏ ဆင်ပေါက်ငယ်အကြောင်းကို နားလည်
သည်။

သစ်ထုတ်လုပ်ရေး၌ ဆင်ဦးစီးတို့၏ ဘဝမှာအပင်ပန်းဆုံး
အသက်အန္တရာယ်လည်း အနီးဆုံးသောဘဝ ဖြစ်၏။ ဦးစီး
ည် နံနက်တိုင်းဆင်ကို စားကျက်မှ စခန်းသို့ ရှာဖွေကောက်ယူ
။ ဆင်စခန်းဆိုသည်မှာ မြို့ရွာနှင့်အလှမ်းဝေး၍ တဲလေး
ုံးသာရှိသော တောနက်ထဲရှိ ချောင်းနံဘေးတွင် ဖြစ်လေ

ရာ အလွန်ပျင်းရိ ငြီးငွေ့ဘွယ်ရာ ကောင်းသော နေရာဖြစ် ဦးစီးသည် ကျား,ကျားသစ်, ဝက်ဝံ စသည့်သားရဲ တိရစ္ဆာ ပေါများသော တောထဲသို့ နံနက်တိုင်း ဆင်ကောက်သွားရ ခရီးမှာ ရှစ် မိုင်နီးပါး ရှည်လျားတတ်သဖြင့် တခါတရံ အ မိုးကောင်းကင်မှ နေရောင်နှင့်ဦးကို မမြင်ရခင်ကပင် ဦးစီးသ ဆင်ကောက် သွားရလေသည်။ ဆင်ကောက် သွားရခြင်း တယောက်ထဲ ဖြစ်သဖြင့် တခါတရံ မိမိဆင်ကို ရှာမတွေ့ ကျားကိုက်ခြင်း ဝံကုတ်ခြင်းပင် ခံရတတ်သည်။ ထိုကြော ဆင်ဦးစီးသည်သားရဲတိရစ္ဆာန်များကဲ့သို့ တောထဲတောင်ထ နားမျက်စိ လျင်ရသည်။ လျင်မြန် ဖျတ်လပ်၍ စိတ်ခ တက်ကြွပြီးအလုပ်ထဲ၌ စိတ်ပါလက်ပါရှိဖို့ လိုအပ်လှပေသည်

ဆင်ဦးစီး ဆင်ကောက်သွားရာ၌ ရိုးရာ အယူများ ရှိ ဆင်ကောက်ရန် သွားသော ဆင်ဦးစီးသည် ဆင် ထူး လ ကြောင်းပေါ်၌ အလေးအပေါ့ မသွားရ။ တံတွေးမထွေး အကယ်၍ ထိုသို့ ပြုလုပ်မိလျှင် ကျားနှင့် တွေ့ရတတ်သည် သို့မဟုတ် ဆင်ပျောက်တတ်သည်ဟု အယူရှိကြသည်။ အ မှာ ဆင်ဦးစီးသည် ဆင်ကောက်သွားရာ၌သာ စည်းကမ်း သည်မဟုတ်။ ဆင်ဝိုင်းစခန်း၌ နေစဉ်တွင်လည်း စည်းက ရှိရသည်။ဆင်စခန်းတွင် နေစဉ် သူများသားမယားကို မကျ လွန်ရ။ သူများပစ္စည်းကိုမယူရ။အကယ်၍ ကျူးလွန်မိပါလ ဆင်နင်းသတ်၍ သေတတ်သည်ဟု အယူရှိကြသည်။ဆင်ဦး တယောက် မိန်းမယူပြီဆိုလျှင်လည်း ဆင်ဝိုင်းရှိ လူအားလုံး အသိပေး၍ ဥဒိန္နနတ်ပြရသည်။ အချို့ကလည်း "ခေါ်ကာ နတ်၊ ခူကာရီနတ်" ဟု ဒေသလိုက်၍ အမျိုးမျိုးခေါ်ကြသည် ဦးစီးတယောက် မိန်းမယူလျှင်သာမဟုတ်၊ လူသစ် တယော



ယောက် ဝင်လာလျှင်လည်း ပြရသေးသည်။ ဥဒိန္နနတ် ပြခြင်း မှာ ဆင်စခန်းနား၌ နတ်စင်ဆောက်လုပ်ပြီး ထိုနတ်စင်နား တွင် ဆင်သမားအားလုံး ဝိုင်းဖွဲ့ကာ မိန်းမရသူ ဦးစီးက မိမိ သည် မိန်းမရပြီ ဖြစ်ကြောင်း ကြေညာရသည်။ ထိုနတ်ပြ သော နေရာသို့ မိန်းမကို ခေါ်လာရန် မလိုပေ။ နတ်ပြနေစဉ် ဝိုင်းထဲသို့ မိန်းမ မဝင်ရ၊ ဖိနပ်မစီးရ။ ခေါင်းပေါင်း ပေါင်းသွား ခြင်း မပြုလုပ်ရ။ နတ်စင်တွင် မုံ့ပြုမုံ့နှစ်တင်၍ အချို့ အရပ်တွင် က်လာဆောင်သလို စားပွဲသောက်ပွဲများပင် စခန်း၌ ကျင်းပ လေ့ရှိကြသည်။

တောထဲ တောင်ထဲသို့ နံနက် စောစော ဆင်ကောက် သွားရသော ဆင်ဦးစီးသည် မိမိဆင်၏ ခြေရာ ပုံပန်းသဏ္ဍာန် အရွယ်နှင့် မိမိဆင်၏ ထူးခြားချက်များကို အပ်ချမှတ်ချ သိရ သည်။ ဆင်ခြေရာကိုတွေ့ရုံနှင့် မိမိဆင် ဟုတ် မဟုတ် ခွဲခြားသိရ သည်။ ဥပမာ မိမိဆင်သည် ဟိုင်းဆင်ဖြစ်နေပါက ခြေရာသည် ဝိုင်းနေရပေမည်။ နောက်ခွါသီး ရှေ့ခွါသီးကိုလည်း မှတ်ထားရ သည်။ဆင်၏ စားဖတ် စားကျန်များ လွင့်ပစ် တတ်သော အကျင့်ကိုလည်း သတိထားရသည်။ ဥပမာ ကျူပင်တပင်ကို ဆင်က ချိုးစားရာ၌ အရင်းပိုင်း ကျူရင်းဖတ်ကို ဆင်သည် ထူးလမ်း၏ ဘယ်ဘက်ပစ်သလား ညာဘက်ပစ်သလား ဂရုစိုက် ကြည့်ရသည်။ ဘယ်ဘက်ကို ပစ်တတ်သော ဆင်သည် အမြဲ ထူးလမ်း၏ဘယ်ဘက်ကိုသာ ပစ်တတ်သဖြင့် မိမိဆင်မှာ ဘယ် ပစ်လား ညာပစ်လား မှတ်ထားရသည်။

ထူးလမ်းဆိုသည်မှာ ဆင်သွားရာ၌ တန်းလန်း ပါသွား သော သံကြိုးဆွဲသွားရာ စွပ်ကြောင်းကို ခေါ်သည်။ မိမိဆင် ၏ ခြေရာနှင့် ဆင်၏စားဖတ် ဘယ်ပစ် ညာပစ်ကို တွေ့လျှင်

ဦးစီးသည် ခြေရာခံ၍ လိုက်သွားရ၏။ ထိုလမ်းထဲတွင် ညာ
ဆင်နားသွားသောနေရာ သို့မဟုတ် ခေတ္တခဏ မှေးအိပ်သွား
သောနေရာကို ဂရုစိုက် ကြည့်ရသည်။ ဆင်ချေးတုံးသစ်များကို
တွေ့လျှင် ချေးတုံးတပုံကို ခြေနှင့် ကန်၍ ကြည့်ရ၏။ ချေး
တုံး၏ အတွင်းသဏ္ဌာန်ကို ကြည့်၍ ဆင်သည် ညက ဝါးကို
သလား၊ ကျူပင်ကို စားသလား၊ သစ်ခေါက် သစ်ရွက်များကို
စားသလား ခွဲခြား၍သိရသည်။ ဥပမာ ညက ဝါးကိုချည်း စား
ထားလျှင် မိုးလင်းပိုင်း၌ ကိုင်းမြက်များကို စားရန် ချောင်း
ကမ်းဘား ကိုင်းတောထဲသို့ ကေန့ သွားပြီဟု ယူဆရ၏။ ဆင်၏
ပင်ကိုယ်ထူးခြားချက်မှာ လူတို့က ဟင်းချို ဆီပြန် အချဉ်
အသုပ် အစပ်များကို မျှ၍ စားသလို ဝါး၊ ကျူ၊ သစ်ခေါက်
သစ်ရွက်၊ မြက်စသည်တို့ကို မျှမျှတတစားတတ်သည်။ ထို့ကြောင့်
ကိုင်းတောရှိရာသို့ လိုက်ရန် တောတောင် ရေမြေ အခြေအနေ
ကို သိရသည်။ ဤတောတောင်ထဲ၌ ဘယ်နေရာတွင် ကျူ
တောရှိ၍ ဘယ်နေရာ၌ ဝါးတောရှိသည်ကို သိပါမှ နေမမြင့်
ဆင်ကောက်၍ ရပေမည်။

ကိုင်းတောနားသို့ ရောက်သောအခါ ၁၀ မိနစ်ခန့် မတ်
တတ်ရပ်ပြီး ဆင်၏လည်ပင်း၌ဆွဲထားသောချူခလောက်သံကို
နားစွင့် ထောင်ရသည်။ ဆင်ဦးစီးသည် နှစ်မိုင်ခရီးလောက်က
ပင် မိမိဆင်၏ ချူခလောက်သံကို ကျက်မိသည်။ မိမိ၏ လက်
ဖြစ် ကျွန်းသားခလောက်ဖြစ်သဖြင့် မြည်သံ၏ ကျစ်လစ်ခြင်း
သြခြင်း၊ စူးရှခြင်းများကို အမှတ်ထားရသည်။ ဆင်ခလောက်
မှာ ကျွန်းသားကိုထွင်း၍ အခေါင်း ထဖက်တချက်၌ လက်ခေ
နှစ်ခုကို တွဲလွဲဆွဲထား၏။ သို့သော် ထိုလက်ခုပ်တ နှစ်ခု၏ ဘယ်
ရိုက် ညာရိုက်သံသည် တသံတည်းကဲ့သို့ ထပ်တူထပ်မျှဖြစ်၍



ကွဲပြားခြားနားခြင်းမရှိပေ။ တဖက်အသံကသြ၍ တဖက်အသံ
က စူးရှ မနေပေ။ ခလောက် တလုံးသည် အသံတမျိုးသာ
ထွက်၏။ သို့သော် တခါတရံ ခလောက်နှစ်လုံးသည် အသံချင်း
တူနေသည်ကို တွေ့ရသည်။ ခလောက် ၁၅ လုံး ၁၆ လုံးတို့၏
အသံသည် ချောင်းရေကျသံနှင့် တူသည်ဟု ဆိုသည်။ မိမိဆင်
သည် ဆင်ဆိုးဖြစ်ပါမူကား သံခလောက် ဆွဲပေးထားရသဖြင့်
သိသာလှယ်ပေသည်။ ထို့ကြောင့် ဆင်ဦးစီးသည် ဆင်ကောက်
သွားရာ၌ မိမိဆင်၏ ခလောက်သံကို မည်မျှဝေးလံသောအရပ်
မှ ကြားသည်ဖြစ်စေ မှတ်မိစမြဲဖြစ်သည်။ ခလောက်သံကို နား
စွင့်ရင်း နားလိုက် လျှောက်လိုက်နှင့် မိမိဆင်ရှိရာ အရပ်သို့
ဆင်ဦးစီးသည် စိုက်လိုက် မတ်တတ် ခရီးကွန်းသောက်ခံ၍
လိုက်ရ၏။

ဤသို့နှင့်ပင် ဆင်ဦးစီးသည် မိမိဆင်အနီးသို့ ရောက်ရှိ
လာသောအခါ သူလာမှန်းသိအောင် သီချင်းဆို သွားရသည်။
သို့မဟုတ်လျှင် ဆင်က လန့်တတ်၏။ တောထဲတောင်ထဲ၌ ဆင်
နှင့် ဦးစီးတို့မှာ တဦးကိုတဦး အထိတ်တလန့်ဖြစ်အောင် လုပ်မိ
လျှင် အန္တရာယ် ရှိကြောင်း ဆင်ရော လူပါ သိကြသည်။
ထို့ကြောင့် ဆင်ဦးစီးသည် ရှစ်ပေ ကိုးပေ အမြင့်ရှိသော ကိုင်း
တောထဲ၌ မိမိဆင်ရှိရာသို့ ဝုံးကနဲ ပြေးဝင် မသွားပဲ ချောင်း
ဘေးနားရှိ ကျောက်တုံးပေါ်၌ ထိုင်ကာ သီချင်းဟစ်ဆို၍
ဆေးတံ ဆေးလိပ်သောက်ပြီး ဆင်ကို "လာ-လာ" ဟု ခေါ်ရ
လေသည်။ ဆင်က ဂရုမစိုက်လျှင် "ဒီကိုလာ-ဒီကိုလာ" ဟု
ထပ်၍ ခေါ်ရ၏။ သို့စဉ်လျက် ဆင်က မလာသေးပါမူ ဦးစီး
သည် စိတ်တိုသော အမူအရာကို လုံးဝ မပြပဲ ဆေးတံ ဆေး
လိပ်သောက်ရင်း ၁၅ မိနစ်ခန့် ဆင်ကို ချော့ခေါ်နေရသည်။

ဆင်အား တကယ်တန်း အလုပ်လုပ်ရန် အချိန်ရောက်ပြီ ဖြစ်ကြောင်း တဖြည်းဖြည်းသိအောင် ပြုလုပ်ရသည်။ ဆင်ကောက်ထုဌ် ရွေလောကြီး၍ မဖြစ်ပေ။ ဦးစီးက အကြမ်းပတန်းဆဲဆို၍ လောကြီးလာလျှင် ဆင်ကပြန်၍ ဦးစီးကို ပုန်ကန်တတ်သည်။ သို့နှင့်ပင် ဆင်သည် မကြာခင် ကိုင်းတောထဲမှ ဦးစီးရှိရာသို့ ထွက်လာ၏။ အနီးသို့ရောက်လျှင် ဦးစီးက ဆင်နားလည်နေသော သူတို့၏ သမားရိုးကျစကားနှင့် 'မက်'ဟု အမိန့်ပေး၏။ အကယ်၍ သူအမိန့်ပေးသည်ကို မနာခံလျှင် တောစိတ်ဝင်နေသလား သတိထားကြည့်ရသည်။ ဆင်ကို တောထဲလွှတ်ထားရာ၌ ဆင်ရိုင်းအုပ်များနှင့် တွေ့ကာ တခါတရံ တောစိတ်ဝင်၍ လိုက်ပါသွား၏။ သို့မဟုတ် ထိုဆင်သည် ဦးစီးက အမိန့်ပေးသော်လည်း နားရွက်မြီးဖျားမခတ်ပဲ တွေဝေနေတတ်သည်။ ဆင်ကောက်ရာ၌ အချို့ဆင်များသည် ဤကဲ့သို့ တောစိတ်ဝင်နေချိန်တွင် ဦးစီးကို ပုန်ကန်တတ်သည်။

တောဆင်ရိုင်းအုပ်နှင့် မတွေ့ပဲ တောစိတ်မဝင်သောဆင်သည် ပထမ၌ ဆင်ဦးစီး၏ အမိန့်အတိုင်း ဆောင့်ကြောင့်ထိုင်၍ ခြေလေးဘက် ဆန့်တန်း၏။ ထိုအခါ ဆင်ဦးစီးက ထရန်အမိန့်ပေး၏။ ဆင်သည် ရှေ့ခြေနှစ်ချောင်းကာစ၍ ထ၏။ ဦးစီးက ကုန်း၍ ချိန်းကြိုး ဆွဲကြိုးနှင့် ထူးလန်ကိုဖြည်ကာ ထူးထိ ခတ်ရသည်။ ထူးကြိုးမှာ သံကြိုးကြိမ်ကွင်းများကို သုံးရသည်။ သံကွင်းထူး၌ အလယ်ကွင်းကို "ပင်လယ်ကွင်း"ဟု ခေါ်ပြီး ဆင်၏ ရှေ့ခြေနှစ်ဖက်နှင့်ဆက်သော ချိတ်ကို စပါးစပ်ဟု ခေါ်သည်။ သဘောမှာ ရှေ့ခြေနှစ်ချောင်းကို လှမ်းသွား၍ မရအောင် ပူးချည်ထားခြင်းဖြစ်၏။ ရှေ့ခြေနှစ်ချောင်းကို ပူးချည်ထားသော်လည်း ဆင်သည် ခုန်ဆွခုန်ဆွ သွားနိုင်၏။ ညဌ် ဆင်တကောင်



ထိုသို့ ခုန်ဆွခုန်ဆွ အစာရှာစားရင်း သွားသောခရီးမှာ ရှစ်မိုင်မှ ၁၂ မိုင်အထိ ရှည်တတ်သည်။ ထူးကြခတ်ထားသောဆင်သည် မြေကြီးပေါ်၌ ကောင်းစွာ သွားနိုင်သည်။ ဆင်၏ သွားခြင်းသည် လူပြေးသလောက်နီးနီးဖြစ်၏။

ထူးတပ် ထူးဖြုတ် လုပ်ပြီးသောအခါ ဦးစီးသည် ဆင်ကို ထိုင်ခိုင်း၍ ဦးကင်းပေါ် တက်စီးကာ စခန်းသို့ မောင်းလာရသည်။ ဆင်နှင့် လာခြင်း ဖြစ်သဖြင့် ခရီးက မဝေးတော့ပေ။ စခန်းသို့ရောက်လျှင် ထမင်းဟင်းများစားပြီး ဆင်ကိုရေချကာ အလုပ်ဝင်ရသည်။

ပဲစီးများမှာ ဆင်ဦးစီးများကဲ့သို့ ငယ်စဉ်ကပင် ဆင်နှင့် လက်ပွန်းတတီးနေကာ ဦးစီးကို ကူညီရသူဖြစ်သည်။ ပဲစီးပဲချိတ် လှံကိုင်ဟု အမျိုးမျိုး ခေါ်ကြသည်။ လစာမှာ ဂ၂ သာ ရ၍ ဦးစီးခိုင်းသမျှ ကူညီလုပ်ကိုင်ပေးရသည်။

ယခုခေတ် အစိုးရဆင်သမားများထဲတွင် အခြားအစိုးရ လုပ်သားများကဲ့သို့ စံပြုလုပ်သား လုပ်သားသူရဲကောင်းစသည်တို့မရှိကြချေ။ အဘယ်ကြောင့်ဆိုသော် စံပြုလုပ်သား ရွေးချယ်ရေး စည်းကမ်းချက်ထဲတွင် မူးယစ်စေတတ်သော သေရည်သေရက်သောက်စားခြင်းမရှိရဟု ပါရှိသဖြင့် အရက် ဘိန်းတို့နှင့် မကင်းသော ဆင်သမားများမှာ စံပြုလုပ်သားအဖြစ် အရွေးမခံကြရဟုသိရသည်။ သို့သော် လုပ်သက်အရ ဆုငွေ ချီးမြှင့်ခြင်းရှိသည်။ ဥပမာ လုပ်သက် ငါးနှစ်အောက် လုပ်သားတယောက်လျှင် မူရင်းလခ တလခ၊ ငါးနှစ်ကျော်မှ ၁၀နှစ်အတွင်းကို တလခခွဲ၊ ၁၀ နှစ်အထက်ကို နှစ်လခပေးသည်ဟုသိရသည်။ ဆင်ဆိုးစာရင်းဝင် ဆင်များကို ထိန်းရ စီးရ အလုပ်လုပ်ရသော လုပ်သားများနှင့် ပဲစီး လှံကိုင်များကို တလသုံးကျပ် အပိုပေးရသည်။

အဖွဲ့ပိုင် ဆင်တကောင် သေဆုံးလျှင် ထိုဆင်ဦးစီးသည် နောက်ထပ် ဆင်တကောင်ကို စီးရသည်။ လစ်လပ်နေသော ဆင်မရှိလျှင် အလုပ်မှ ထွက်သွားရ၏။ သို့သော် ယခုအခါ ဆင်ဦးစီးများမှာ အလွန်ပင် ရှားပါးနေသဖြင့် အမြဲ နေရာ လစ်လပ်နေတတ်သည်။ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေး၌ ဆင်ဦးစီးများ ရှားပါးသော ပြဿနာ ပေါ်ပေါက်နေသည်။ ဆင်ဦးစီးများ ရှားပါးရခြင်းမှာ ဆင်နှင့် အလုပ်လုပ်ရာ၌ အသက်အန္တရာယ်များသည့်အပြင် လခကလည်း နည်းပါးသဖြင့် ဆင်ဦးစီးအလုပ်မှ ယန္တရားဘက်သို့ ပြောင်းရွှေ့ သွားကြခြင်းကြောင့် ဖြစ်သည်။ယန္တရားနှင့် ထုတ်လုပ်သော သစ်လုပ်ငန်းဘက်တွင် လစာ ကောင်းသည့် အပြင် ခွင့်ရက် နားရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက် များကိုလည်း မှန်မှန်ကန်ကန် ခံစားခွင့် ရှိသဖြင့် ဆင်သမားများသည် ယခုအခါ ယန္တရားဘက်သို့ နှစ်စဉ် ပြောင်းရွှေ့လျက် ရှိကြသည်။

ဆင်ဦးစီးများမှာ နွေရာသီဆင်ကျောင်းစခန်း၌ အလုပ်နားရသည်ဆိုသော်လည်း ဆင်ကို မပျောက်မရှ အနာဒဏ်ရာ ရောဂါဘယမရအောင် စောင့်ရှောက်ရခြင်း၊ မိုးတွင်း၌ အလုပ်လုပ်ရန် ဆင်၏ ကကြိုးတန်ဆာပလာများကို ရက်လုပ်ရခြင်း၊ သစ်ဆွဲလမ်းများ ဖောက်ရခြင်းတို့ဖြင့် အကယ်စင်စစ် အားလပ်ခြင်းမရှိကြချေ။ ထိုသို့ မအားလပ်ကြသော်လည်း ဆင်ပျောက် သွားလျှင် သို့မဟုတ် ဆင်၌ အနာဒဏ်ရာ တခုခုရရှိလျှင် အပြစ်ပေးခံကြရသေးသည်။ ဆင်ထိန်းများကို အပြစ်ပေးခြင်းနှင့်ပတ်သက်၍ သစ်ထုတ်လုပ်ရေးလက်စွဲစာအုပ်တွင်အောက်ပါအတိုင်း ညွှန်ကြားထား၏။

ဆင်ထိန်းများကို ဒဏ်ငွေတပ်လျှင် ရသည့်လစာကိုလိုက်၍



အနည်းဆုံးလျှော့၍ တပ်ရသည်။ အလုပ်ပိုအလုပ်ခိုင်းခြင်း၊ သို့မဟုတ် အပြစ်တင်ခံရခြင်းကို လစာ စာအုပ်တွင် မှတ်သား ထားခြင်းသည်လည်း အပြစ်ပေးရာရောက်သည်။ တနှစ်တွင် ဤသို့ အပြစ်ပေးခြင်း သုံးကြိမ်ရှိပါက ၎င်းသည် ဆင်ထိန်းအား အလုပ်မှ ရပ်စဲရန် လုံလောက်သော အကြောင်းတခုဖြစ်သည်။

ဆင်ထိန်းတယောက် အလုပ်မှထွက်သည်ဖြစ်စေ၊ အလုပ်မှ ရပ်စဲလိုက်ရသည်ဖြစ်စေ၊ သစ်ထုတ်လုပ်ရေး လက်ထောက်က အစီရင်ခံသောအခါ ၎င်း၏ လစာ စာအုပ်ကို ပူးတွဲ၍ ပို့ရသည်။ လူသစ်အတွက် စာအုပ်ကို သစ်တောဝန်ရုံးက ခန့်စာနှင့်အတူ တပါတည်း ထုတ်ပေးရသည်။

ဆင်ထိန်းတဦး၏ ပေါ့လျော့မှုကြောင့် ပျောက်ဆုံး ရသော ကကြိုးတန်ဆာပလာများ၏ တန်ဖိုးကို ဒဏ်ငွေအဖြစ် ဖြင့် ရုံးအမိန့်စာထုတ်ပြီး ပြန်လည်ခုနှိမ်ယူရသည်။

ဆင်တကောင်အား အကြောင်းတစုံတရာကြောင့် အလုပ် မခိုင်းဘဲထားရသည့်အကြောင်းကို သစ်တောဝန်ထံသို့ အစီရင်ခံ ရာတွင် ဆင်နှင့်မတော်သော ကကြိုးတန်ဆာပလာကိုမသုံးသည့် အတွက် ကျောနာကဲ့သို့သော အနာများဖြစ်ရလျှင် ယင်းကဲ့သို့ ဖြစ်ရာ၌ ဆင်ထိန်း၏ ပေါ့လျော့မှု ရှိမရှိကို ဖော်ပြရသည်။ ဆင်ထိန်းများ၏ အပြစ်ကြောင့်ဖြစ်လျှင် ဆင်အလုပ်ပြန်ဆင်း နိုင်သည့်နေ့အထိ ၎င်းအား လစာဝက်နှင့် ထားရသည်။

ဦးစီးသည် မိမိ၏ ဆင်အတွက် လုံးဝဥဿုံ တာဝန်ယူ ရသည်။ သူ့အား ပဲ့စီးက ကူညီသည်။ သူတို့နှစ်ယောက်စလုံး အား ဆင်နှင့်အတူနေရသည့်အခါ သစ်ထုတ်လုပ်ရာ၌ သုံးရ သည်။ ပဲ့စီးအား ဦးစီးထက် ပို၍ သုံးရသည်။ ဆင်တကောင်၏ အထိန်းနှစ်ယောက်သည် တယောက်နှင့်တယောက် သင့်မြတ်ဖို့

လိုသည်။ သို့မဟုတ်လျှင် ဆင်သာနစ်နာသည်။ ဆင်ထိန်းများအား ဆင်တကောင်မှ တကောင်သို့ ရွှေ့ပြောင်းပေးရသည်။

ဆင်များသည် တနင်္လာနေ့မှ သောကြာနေ့ထိ အလုပ်လုပ်သည်။ စနေနေ့တွင် ဦးစီးများက မိမိတို့ဆင်များ မည်သည့်နေရာတွင် အစာစားနေသည်ကို လိုက်လံကြည့်ရှုပြီး သစ်ဆွဲလမ်းများ သို့မဟုတ် အခြားအလုပ်များ လုပ်ကိုင်နေကြသော ပဲ့စီးများနှင့် ပူးပေါင်း၍ အလုပ်လုပ်ကြရသည်။ တနင်္လာနေ့ အလုပ်စောစောပြန်စဘို့ အဆင်သင့်ရှိစေရန် စခန်းအနီးသို့ ဆင်များကို ညနေဘက်မှ ကောက်ယူ ထားသည်မှတပါး (ချည်ထားခြင်းမဟုတ်) တနင်္ဂနွေနေ့တွင် ဆင်များနှင့် အထိန်းများသည် တနေ့လုံး နားခွင့်ရကြသည်။ လပြည့်နေ့သည် တနင်္ဂနွေနေ့များကဲ့သို့ နေ့အားဖြစ်သည်။ အလုပ်ချိန်မှာ တနေ့ ရှစ်နာရီထက် မပိုစေရ။ အရေးကြီးပါမှသာ ကြီးသလိုအချိန်ပို လုပ်ကြရသည်။ သို့သော် အချိန်ပိုလုပ်ခပေးခြင်း အစဉ်အလာ မရှိဟု ဆင်သမားများက ပြောပြကြသည်။ သစ်ထုတ်လုပ်ရေး လက်ထောက်စခန်းတွင် ကြာကြာနေရလျှင် ဆင်တကောင် လူတယောက်ကျ ဆင်များကို စောင့်ရှောက်ကြည့်ရှု၍ ထင်းရှာ ရေခပ်ခြင်း အလုပ်များကဲ့သို့သော အလုပ်များကိုပါ ဆောင် ရွက်စေပြီး ကျန်လူများအား သစ်ထုတ်လုပ်ရာတွင် လုပ်ကိုင် စေရသည်။

နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးတွင် အဖွဲ့ပိုင် ဆင်များ အကြောင်းကို တကောင်စီ မွေးနေ့မှသည် သေသည့်နေ့အထိ အပြည့်အစုံ မှတ်သားထားသည်။ ဆင်များကို နားရွက်အလိပ် အစုတ် အပေါက်အပြဲကအစ ဂရုစိုက် မှတ်သားထားရသည်ကို ထောက်ရှု၍ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေး၌ ဆင်သည် မည်မျှ



အရေးပါ အရာရောက်ကြောင်း သိသာနိုင်သည်။ အချို့က နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးတွင် လက်ထောက် မန်နေဂျာ တယောက် သေဆုံးသွားလျှင် နောက်ထပ် မန်နေဂျာအသစ် တယောက်ရရန် မခဲယဉ်းသော်လည်း လုပ်သားဆင်တကောင် သေဆုံးပျောက်ရှသွားလျှင် နောက်ထပ် ဆင်တကောင်ရရန် အလွန်ပင် ခဲယဉ်းလှသည်ဟု ဆိုကြသည်။ သို့သော် ဤမျှ တန်ဖိုးရှိလှသော လုပ်သားဆင်များကို မပျောက်မရှ၊ အနာ ဒဏ်ရာများမရအောင်၊ အမြဲကျန်းမာသန်စွမ်းနေအောင် နေ့စဉ် စောင့်ရှောက်ပေးနေကြရသော ဆင်ထိန်းဆင်ဦးစီးတို့၏ဘဝမှာ ကား ရင်နာစရာပင် ဖြစ်၏။ ထို့ကြောင့် ယခုအခါ ဆင်သမား များမှာ စက်ယန္တရားဘက်သို့ အရွှေ့အပြောင်း များနေကြခြင်း ဖြစ်ပေမည်။ ဤသည်ကို တားဆီးရန်အတွက် ယခုအခါ ဆင် လုပ်သားများအား နွေရာသီ၌ မြို့ကြီးပြကြီးများသို့ အလည် အပတ်ပို့ပေးရန်၊ ဘုရားဖူးအပန်းဖြေစေရန်၊ ပညာပဟုသုတ ပေးရန်နှင့် လခတိုးပေးရန် ဆင်ထိန်းဆင်ဦးစီးများနှင့် ဒိုးတူ ပေါင်ဘက် အလုပ်လုပ်၍ ဆင်သမားတို့၏ ဆင်းရဲငတ်ပြတ်မှုကို မျက်မြင်ကိုယ်တွေ့ကြုံရဖူးသော သစ်ထုတ်လုပ်ရေး မန်နေဂျာ များက သက်ဆိုင်ရာသို့ တင်ပြအစီရင်ခံထားပြီဟု သိရသည်။ ဤသို့ တနည်းနည်းအားဖြင့် အခွင့်အရေး ပေးမထားလျှင် နောင်တွင် ဆင်လုပ်သားများ ရှားပါးသထက် ရှားပါးလာ ပေတော့မည်။ သစ်ထုတ်လုပ်မှုကို စက်ယန္တရားများ အစားထိုး၍ လုပ်ကိုင်နေပြီဟု ဆိုသော်လည်း မြန်မာနိုင်ငံ၏ တောတောင် ရေမြေ အခြေအနေအရ နေရာတကာတိုင်းတွင် ယန္တရားစက် များကို အသုံးချ၍ မရသေးပေ။ ယန္တရားစက်များဖြင့် အသုံး ချ၍ရသော လွင်ပြင်ခင်တန်းတလျှောက်ရှိ ကျွန်းသစ်များမှာ

ဗြိတိသျှ သစ်တောကုမ္ပဏီများက လက်ဦးသွားခဲ့ပြီဖြစ်ရာ ယခု အခါ ကမ္ဘာ့ဈေးကွက်၌ ကျွန်းသစ်တတန်လျှင် မြန်မာငွေ ၃၀၀၀ ထိ ရနိုင်သောသစ်များကို တောင်ကိုတောင်ကြားများ၌ ဆင်နှင့်ပင်ခက်ခက်ခဲခဲထုတ်လုပ်နေရ၏။ တနိုင်ငံလုံး၏ သစ်ထုတ်လုပ်မှုစွမ်းအား၏ သုံးပုံတပုံမှာ ဆင်သာဖြစ်သည်။ ထို့ကြောင့် ယခုအခါ တောဆင်ရိုင်းများကို စီမံကိန်းအမျိုးမျိုးချ၍ ရှာဖွေ ဖမ်းဆီးနေကြရပေရာ ဆင်နှင့်တွဲ၍ နိုင်ငံအတွက် လုပ်အားပေး နေကြသော ဆင်လုပ်သားများ၏ဘဝကို သက်ဆိုင်ရာတို့က မေ့ထားရန်မသင့်ပေ။

# ၁၈။ ဆင်နှင့် ရေ

လက်ထောက်မန်နေဂျာ ဦးသာဒွန်းအောင်မြင့်၏ ပင်လုံ
စ်ထုတ်လုပ်ရေးတွင် တညအိပ်ပြီး ကျွန်တော်တို့သည် နံနက်
ာစော ခြေလျင်လျှောက်၍ နန့်လိုင်ကျုံးကို ကြည့်ရှု
ာသည်။ နန့်လိုင်ကျုံးမှာ ရေပြာကျုံးကဲ့သို့ပင် သစ်လုံးများနှင့်
ည်ဆောက်ပြီး တောဆင်ရိုင်းများကို ထောင်ဖမ်းသော
ျုံးဖြစ်၏။ ကျုံးတည်ဆောက်ပုံ ဆင်ရိုင်းများဖမ်းပုံမှာ ရေပြာ
ျုံးနှင့် အတူတူပင် ဖြစ်သည်။ တောတောင်ရေမြေ အခြေ
နေက ရေပြာကျုံးထက် ခြောက်သွေ့သည်။ သောင်ဆရာ
ျုံးလူကြီး ဦးထွန်းတင်ကို ခရီးလွန်နေသဖြင့် မတွေ့ခဲ့ရပေ။
င်ဖမ်းလုပ်သားများမှာ ရေပြာကျုံးက ဆင်ဖမ်းလုပ်သား
းကဲ့သို့ အများအားဖြင့် ကရင်အမျိုးသားများ ဖြစ်ကြ၏။
နှစ်က စည်းကမ်းဖောက်ဖျက်သဖြင့် ရေပြာကျုံးသောင်ဆရာ
စောမြဗိုလ်က ထုတ်ပစ်သော ဆင်ဖမ်းလုပ်သားနှစ်ယောက်
ည်ပင် နန့်လိုင်ကျုံး၌ ဝင်ရောက်လုပ်ကိုင်နေကြသည်ဟု သိရ
ည်။ ဆင်ဖမ်းလုပ်သားများမှာ ဟိုကျုံးမှ သည်ကျုံးသို့
းလိုက်ပြောင်းလိုက်နှင့် သံသရာလည်နေဟန်ရှိသည်။

နန္ဒလှိုင်ကျုံးရှိ ဆင်များမှာ မုန်းနီ၊ ပေတလူး၊ ကေသီဦး မိုးဖီလာ၊ ပျော်ရွှင်ရွှင်၊ မောင်ငယ်တို့ ဖြစ်ကြသည်။ သူတို့ ဖသာသူတို့ အမည်ပေးထားကြခြင်းဖြစ်သည်။ နောက်လေး ကြာ၍ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးသို့ ရောင်းရသောအခါ ထို အမည်များပျောက်၍ အဖွဲ့ပိုင်အမည်သစ်များကို ရရှိကြမေ မည်။ ကျွန်တော်က ဆင်များ၏လှုပ်ရှားမှု စရိုက်သဘာဝ စသည်တို့ကို လေ့လာ၍ မန်နေဂျာ တိရစ္ဆာန်ဆေးကုဆရာတို့က သူတို့ကိစ္စသူတို့ လေ့လာမှတ်သား ညွှန်ကြားကြသည်။

ဆင်မကြီး တကောင်မှာ အနာဒဏ်ရာများပြီး မှိုင်နေ သဖြင့် တိရစ္ဆာန် ဆေးကုဝန်ထောက် ဦးကျော်မြင့်က လမ်း လျှောက် ပြခိုင်းသည်။ နောက်ခြေလှမ်းက ရှေ့ခြေလှမ်းကို ကျော်မကျော် လိုက်မှတ်ကြည့်၏။ မြန်မာ ဆေးမီးတို့များ ကျွေးမကျွေး မေးသည်။ ဆင်သမားများက ဆေးမီးတို့များ ကျွေးထားကြောင်း ပြောကြ၏။ ဤဆင်မသည် ညက တခါ လဲသေးသည်ဟု ပြောသည်။ ပင်လုံတွင် ကျွန်တော်တို့ ည အိပ်ခါနီး ကြားရသော ဆင်အော်သံမှာ ဤဆင်မ လဲကျ၍ အော်သံဖြစ်ကြောင်း ယခုမနက်မှ သိရသည်။ ကျွန်တော်တို့ သည် ထိုဆင်မကိုအထူး ဂရုပြု၍ ကြည့်ကြ၏။ ဦးကျော်မြင့် က နောက်ထပ် လဲကျမသွားစေရန် ည အိပ်ခါနီး၌ သစ်ပင် တပင်တွင် ကြိုးနှင့် မှေးဆိုင်းထားပေးပါဟု ပြောပြီး ဆေး များညွှန်ကြားသည်။

နန္ဒလှိုင်ကျုံးရှိ ဆင်များကို လှည့်လည်ကြည့်ပြီး အပြန် တွင် ကျွန်တော်က ဦးကျော်မြင့်အား လမ်း၌ ဆင်မကြီး အခြေအနေကို မေးမြန်းသည်။ ဦးကျော်မြင့်က သေမှာဘဲဟု ပြော၏။ ထိုဆင်မကြီးသာမက မောင်ငယ်မည်သော ဆင်



ငယ်မှာလည်း လသားကလေးသာဖြစ်သဖြင့် နို့မြက်ပြီးသေလိမ့် မည်ဟု ပြောသည်။ မောင်ငယ်ဆင်ကလေး၏ မိခင်မှာ ကျွန် တော်တို့ ပင်လုံမရောက်ခင် နှစ်ပတ်ကျော်လောက်ကပင် သေ သွားပြီဖြစ်သဖြင့် မောင်ငယ်မှာ နို့မြက်နေလေသည်။ ကျုံး၌ မိသောဆင်များ၏ သုံးပုံ တပုံမှာ အပျက် အစီး များသဖြင့် နှမြောစရာကောင်းလှသည်။ ဆင်တကောင်ကို ပေါက်ဈေး နှုန်းနှင့် ရရှိရန် လွယ်ကူသည် မဟုတ်ပေ။ ဤကိစ္စနှင့် ပတ် သက်၍ အသေအပျောက်နည်းမည့် နည်းလမ်းများ ရှာဖွေ ကြရန်လိုကြောင်း ကျွန်တော်က ပြောသောအခါ မန်နေဂျာ ဦးအောင်ခင်က တောဆင်ရိုင်းများကို ကျုံးသွင်း ထောင်ဖမ်း ရာ၌ ကျုံးတိုင် ကျုံးတန်းများကို အောင်းခြင်း၊ အပြင်း အထန် ရုန်းကန်လှုပ်ရှားခြင်းတို့ကြောင့် အနာ ဒဏ်ရာများရရှိ ကာ အသေအပျောက်များခြင်း ဖြစ်သည်ဆို၏။ ကာကွယ်ရန် နည်းလမ်းမှာ တောဆင်ရိုင်းများကို ကျုံး၌ မိသည်နှင့်တပြိုင် နက် မရုန်းကန် မလှုပ်ရှား နိုင်အောင် မေ့ဆေး သေနတ်နှင့် တကောင်စီပစ်ထားပြီးကျုံးထုတ်အပြင်သို့ရောက်မှ ပြေဆေးထိုး ပေးခြင်းဖြစ်သည်ဟုယူဆကြောင်း ပြောပြသည်။ ဦးအောင်ခင် မှာ ခရိုင် မန်နေဂျာဖြစ်သဖြင့် သက်ဆိုင်ရာအစည်းအဝေးပွဲ တွင် ဤကိစ္စကို တင်ပြထားသည်ဆို၏။ တခု ခက်သည်မှာ နိုင်ငံတကာ ယစ်မျိုးဥပဒေအရ မေ့ဆေးများကို နိုင်ငံခြားမှ တင်သွင်းရာ၌ အခက်အခဲရှိသည်ဟု သိရ၏။

တိရစ္ဆာန်ဆေးကုဝန်ထောက် ဦးကျော်မြင့်က သေလိမ့် မည်ဟု နိမိတ်ဖတ်ခဲ့သော ဆင်နှစ်ကောင်မှာ အမှန်ပင်သေ သွားသည်။ ကျွန်တော်က စာအုပ်ရေးနေစဉ် သူ့ မိုးမိတ်က ပြန်လာ၍ မေးမြန်းကြည့်သော အခါ နှစ်ကောင်စလုံး သေ

သွားကြောင်း ပြောသည်။ မောင်ငယ်က နို့မစို့ရ သဖြင့် နို့မြက်သေပြီး ဆင်မကြီးမှာ ဇီးပျက်ကျ၍ သေသွားသည်။ အမှန်မှာ ကျွန်တော်တို့သွားကြည့်ကြစဉ်ကပင် ထိုဆင်မကြီး ဝမ်းဗိုက်ရှိ ဆင်ကလေးမှာ သေနေပြီ ဖြစ်လေသည်။ ဆင်ကျုံး၏ စည်းကမ်းဥပဒေအရ ဇီးရှိသော ဆင်မများကို ပြန်လွှတ်ပစ်ရမည်ဆိုသော်လည်း သန္ဓေ နုသော ဆင်မကို ဇီးရှိ မရှိ ဆင်ဖမ်းလုပ်သားများက မသိနိုင်သဖြင့် ဤအဖြစ်မျိုးနှင့်ကြုံရခြင်းဖြစ်သည်။

## ဆင် ရေချခြင်း

နန့်လိုင်ကျုံးမှ ကျွန်တော်တို့သည် လာလမ်းအတိုင်းပင် ပင်လုံသို့ ပြန်လာကြသည်။ ပင်လုံသို့ရောက်သောအခါ ဆင်လုပ်သား ဦးစီးများကသူတို့၏ဆင်များကိုရေချပေးနေကြသည်ကို တွေ့ရသည်။ ကျွန်တော်မှာ ဆင်ရေချသည်ကို မမြင်ဖူးသဖြင့် ရွှေလီမြစ်ကမ်းစပ်နားထိ လိုက်၍ သဲခုံပေါ်က ထိုင်ကြည့်ရသည်။

သာမန်အားဖြင့် အလုပ်လုပ်နေချိန်တွင် ဆင်ကို တနေ့တခါ နေ့စဉ် မှန်မှန် ရေချပေး ရေချိုး ပေးရသည်။ အချိန်ရပါက တနေ့ နှစ်ခါ ရေချပေးနိုင်လျှင် ပိုကောင်းသည် ဆို၏။ ယခုနွေရာသီမှာ အလုပ် အနားပေးပြီး ဆင်ကျောင်း စခန်းရှိ ဆင်များအားလုံးကို မနက်တခါ ညနေတခါ ဆင်ဦးစီးများက ရေချပေးရ၏။ နံနက် ၁၀ နာရီမှ တနာရီအတွင်း တကြိမ်၊ ညနေလေးနာရီကျော်မှ ခြောက်နာရီအတွင်းတကြိမ် တနေ့ နှစ်ကြိမ်ဖြစ်သည်။ ညနေပိုင်း၌ ဆင်ကိုရေချလျှင် နွေရင့်ရက်များ၌ လေးနာရီ မကျော်ပဲ ရေထဲ မချသင့်ပေ။ နေပူ ပြင်းချိန်၌



ရေချမိပါက အပူရှပ်ပြီး သေတတ်သည်။ ဆင်အုပ်ကြီး
ဘင်လုံ၏ အတွေ့အကြုံအရ တခါက ဆင်တကောင်သည်
ပြင်းချိန်၌ ရေချပြီး ပြန်တက်လာသော အခါ အန်ပြီး
သွားသည်။ ဆင်ကို ရေချရာ၌ ခဏတဖြုတ်ချပေးခြင်းသည်
မကောင်းပေ။ အချိန်ကြာကြာထားပေးရ၏။


ဆင်ကိုရေချရာ၌ ဆင်ဦးစီးသည် ဆူးရစ်နွယ်, ဂုံညှင်း
နွယ်ပင် အပြားထုပြီး ဆင်ပခုံးပေါ် တင်သွားရသည်။
ရေထဲစိမ်လိုက်သောအခါ ဆင်ဦးစီးသည် ဆင်၏ တ
လုံးကို ဆူးရစ်နွယ် ဂုံညှင်းနွယ်ဖတ်များနှင့် ပွတ်တိုက်၍
နပြေ ရေချိုး ပေးရသည်။ ဆူးရစ်နွယ် ဂုံညှင်းနွယ်
မှာ ဆင်ဆပ်ပြာဟု ဆိုက မမှား နိုင်ပေ။ ဆင်ဦးစီးက
ိုက်ပေးသောအခါ အမြှုတ်များ ထွက်လာပြီး ဆင်တ
လုံး သန့်စင်သွားတတ်သည်။ တောထဲမှ ကိုက်ကပ်တွယ်
လာသော ပိုးမွှား (မရွား) ကောင်များ မှာလည်း ဆူး
ယ် ဒိုးနွယ်တို့၏ အာနိသင်ကြောင့် ကွာကျ သေသွား
သည်။ ဆင်၏စွယ်ပုံးခေါ် အစွယ်ရင်းကို လှန်လှော၍ပြီး
တိုက်ပေးရသည်။ အစွယ်ရင်းမှာ ဆင်ပါးစပ်နှင့် ကပ်
ဖြစ်သဖြင့် အစွယ်ရင်းတွင် အကယ်၍ မသန့်ရှင်းသော
ာင် မွှားကောင်များ ကပ်လျက် ပါလာပါက အစာ
၌ ဝမ်းထဲ ဝင်ပါသွားနိုင်သည်။ မသန့်ရှင်းသော ပိုးမွှား
င်များ ဝမ်းထဲဝင်ပါသွားလျှင် ဝမ်းသွားခြင်း၊ ဝမ်းပျက်
ရောဂါဖြစ်တတ်သဖြင့် ဤသို့ တိုက်ချွတ်ပေးရခြင်း ဖြစ်
။

ဆင်သည် ရေကို အလွန်နှစ်သက်သော တိရစ္ဆာန်ဖြစ်
ဦးစီးက ရေထဲ မောင်းချသောအခါ တကိုယ်လုံးကို

ရေထဲ နစ်သွားအောင် နှစ်၍ စိမ်ပစ်လိုက်ရ၏။ ဦးစီး
ကျောကုန်းတလျှောက်ကို နင်းသွားရင်း ရေထဲ၌ပင် မိမိ
ကို ပွတ်သပ်ရေချိုးပေးရသည်။ တနာရီလောက် ကြာ
ထား၍ ရေချိုးပေးနိုင်လေ ဆင်က ကြိုက်လေပင်။ ရေ
ကြာချိုးခွင့်ပေးသော၊ ရေချိုးရာ၌ သူ၏ကျောကုန်းတလျှော
နှင့် တကိုယ်လုံးကို ပွတ်သပ် ပေးသော ဆင်ဦးစီးမျာ
ဆင်သည် အလွန်ချစ်သည်ဟု ဆင်ဦးစီးများက ယူဆကြသ

ဆင်သည် ရေကူး အလွန် ကျင်လည်သော တိရ
ဖြစ်၏။ ရေကူးကျင်လည်သလို ရေအောက်သို့ ၁၅ မေ
ငုပ်နိုင်သည်။ သို့သော် ဆင်သည် လူကဲ့သို့ပင် ရေအော
ကြာကြာငုပ်၍ မနေနိုင်ချေ။ ဦးစီးသည် ဆင်နှင့် ရေ
ချင်းတွင်း ရွှေလီမြစ်များကို ကူးရာ၌ ရင်သိုင်းကြိုး၊ ကုန်
ဂုတ်စီးကြိုးများကို မြဲမြဲဆွဲပြီး ဆင်ကျောကုန်း ပေါ်တွ
ထောက်ထိုင်ကာ လိုက်ပါရသည်။ ဆင်ကိုအမိန့်ပေးရာ၌ အ
တွင် ခြေကိုမသုံးပဲ တုတ်သေးသေး တချောင်းကို သုံး
အကယ်၍ ခြေကိုသုံးလျှင် လူခြေမှာ ပျော့ညံ့ညံ့ဖြစ်သ
ရေထဲရှိ ဆင်ကို ရန်ရှာတတ်သော တိရစ္ဆာန်တကောင်ကေ
ထင်၍ ဆင်က အမှတ်တမဲ့ လန့်ဖျပ် သွားမည် ဖြစ်သ
ကိုက် ၁၀၀၀ ခန့် ကျယ်သော မြစ်ကြီးများကို ဖြတ်ကူ
တခါတရံ ဆင်သည် ကိုက် ၄၀၀ ကျော်ထိ ရေထဲ မေ
သွားတတ်သည်။ မြစ်ကိုဖြတ်ကူး၍ တဖက်ကမ်းသို့ရောက်
၍မှာဘက်ကမ်းသို့ ပြန်ကူး လာတတ်သော အကျင့်လ
သည်။ ဆင်သည် ရေကူးရမည်ကို တခါတရံ အလွန်ကြေ
တတ်၏။ ရေကူး ကျင်လည်သော်လည်း တခါ တရံ ရေ





ပုံ—၁၃။ ဝန်တင်ဆင်များ မြစ်ကိုဖြတ်ကူးနေကြပုံ။

်သည်။ ဤသည်ကို အချို့က နှလုံး လေသင်တုံးဖြတ်၍
်တက်၍ ရေနစ်သေသည်ဟု ဆိုကြသည်။ ဆင်ဦးစီးတို့ကမူ
(နတ်) ရှင်ခေါ် ရေမြွေတမျိုးကိုက်၍ သေသည်ဟုဆို၏။
ျင်ကို မည်သူမျှမမြင်ဖူးချေ။ အချို့ဦးစီးများကမူ နက်
ာ ရေဆင်တမျိုးဖြစ်သည်ဟု ဆိုကြပြန်သည်။ ရေဆင်မှာ
ာက်မခန့်ရှည်၍ အဖျား နှစ်ဖက်တွင် ချွန်ပြီး ပင်လယ်
ာနှင့်တူ၏။ ထိုရေဆင်၏ တကိုယ်လုံးကို ကြိုးထုံး ကဲ့သို့
ံးမည်မျှ ထုံးထား စေ ကာ မူ ရေထဲသို့ ချလိုက်သည်နှင့်
င်နက် လျော့ပြေသွားတတ်သည်ဟု ဆိုသည်။

## ဆင်နှင့်ရေလမ်းခရီး

ဆင်များကို ရေလမ်းခရီးဖြင့် ခရီးဝေး ရွှေ့ပြောင် သောအခါ ဖောင် သို့မဟုတ်တွဲသမ္ဗန်ကြီးများကို အသုံး ရသည်။ ထိုသမ္ဗန်ဖောင်များပေါ်သို့ ဆင်များကို တင်ရ အလုပ်မှာ စင်စစ် လွယ်ကူလှသည်မဟုတ်ပေ။ အခြားနေရာ လိုက်ဆင်များ အတုယူ၍ ရဲရဲဝံ့ဝံ့ တက်ရဲအောင် ဦးဆော နိုင်သော ခေါင်းဆောင်ဆင်တကောင်ကိုရှာ၍ ဦးစွာတင်ရ အချို့ ရေကြောက်သောဆင်များကို ဖောင်တွဲ သမ္ဗန်ပေါ် တင်ရာ၌ ရေပြင်ကို မမြင်ရအောင် ဖောင်တွဲ သမ္ဗန်ဘေး ဖက် တချက်တွင် ၁၀ ပေ ၁၂ ပေထိ အမြင့် နံရံ များ ထားပြီး တင်ရသည်။ ထိုကြောင့်လည်း ဆင်များကို ရေလ ခရီးဖြင့် ရွှေ့ပြောင်း ရာ၌ နိုင်ငံပိုင် သစ် ထုတ်လုပ်ရေး နည်းငါးမျိုး သတ်မှတ်ထားသည်။

၁။ ရေကူးသွားစေခြင်း။
၂။ သင်္ဘောဖြင့်ဆွဲသွားခြင်း။
(က) အကူအညီမပါပဲနှင့်။
(ခ) အကူအညီနှင့်။
၃။ ဖောင်နှင့်။
၄။ လှေနှင့်။
၅။ သင်္ဘောနှင့်။

**ရေကူးသွားစေခြင်း။** ။ဆင်များသည် ရေကူးသန်သော တိရစ္ဆာန်မျိုးဖြစ်သည်။ သူတို့သည် သူတို့ အလို အလျော ရေပြင်ကျယ်များကို ကြိမ်ဖန်များစွာ ဖြတ်ကူးကြသည်။ ချုပ်အချယ်နှင့် နေရသည့်အခါများ၌ပင် အစာစားရန် လွ



လိုက်သောအခါ သံကြိုးထူးပါလျက်နှင့်ပင် ကျယ်ပြောသော မြစ်များကို သူတို့ဖာသာ ဖြတ်ကူးတတ်ကြသည်။ ထိုကြောင့် ဆင်က ကျန်းမာ၍ အမော အပန်းခံနိုင်၊ ဖြတ်ကူးရမည့် နေရာကလည်း ကောင်းမွန်မည်ဆိုလျှင် သူတို့ဖာသာသူတို့ ကူး သွားစေခြင်းသည် အကောင်းဆုံးဖြစ်သဖြင့် ထိုနည်းကို အသုံး ပြုရသည်။ ဤသို့လုပ်ခြင်းဖြင့် စရိတ်ကုန်နည်း၍ အလုပ်လည်း မြန်မြန်ပြီးသည်။ သို့သော် တခါတရံ ဘေးအန္တရာယ် ရှိတတ် ၏။ ရေကူးနေစဉ် ကြွက်တက်တတ်သည်။ သို့မဟုတ် ယခင်က အရိပ်အရောင်မျှ မပြဘဲ ရုတ်တရက် ရောဂါတမျိုးမျိုး ဖြစ် လာတတ်သည်။

အနည်းငယ်သော ဆင်များမှာမူ ရေမကူးတတ်ကြချေ။ ရေကူးတတ်သော ဆင်များကိုပင် ကိုက် ၅၀ ထက်ပို၍ ကျယ် သောချောင်းများကိုဖြတ်ကူးစေရန်မသင့်ဟုအချို့ကဆိုသည်။

**သင်္ဘောနှင့်ဆွဲသွားခြင်း။** ။အချိန်မကုန်သည့်အပြင်ကရိ ကထကလည်း မများသဖြင့် ဤနည်းကိုသုံးသည်။ ဆင်ကိုအကူ အညီမပေးပဲလည်း ဆွဲသွားနိုင်သည်။ ခြေနှစ်ချောင်းကို ထူး ခတ်၍ ရှေ့ခြေနှစ်ဖက်ကြားရှိထူး၌ ဆွဲကြိုးကို ချိတ်ပြီးဆွဲသွားရ သည်။ သို့မဟုတ် အထက်တွင် ဖော်ပြထားသည့်အတိုင်း ထူး ခတ်ချည်နှောင်ပြီး ဘောနှင့်တွဲ၍ သော်၎င်း၊ ခါးပတ် တခုနှင့် ပတ်၍သော်၎င်း အကူအညီနှင့် ဆွဲပို့နိုင်သည်။ ဤနည်း နှစ်ခု တွင် ဒုတိယနည်းမှာ ဆင်အိုများနှင့် အားနည်းသောဆင်များ အတွက် သာ၍စိတ်ချရသည်။သို့သော် ကျေနပ်လောက်အောင် မဖြစ်နိုင်သဖြင့် ဤနည်းကို အများအားဖြင့် မသုံးကြပေ။ ရှမ်း ပြည်နှင့် ယိုးဒယားနိုင်ငံမှ ယူဆောင်လာသော ဆင်အသစ် တစုံအား သံလွင်မြစ်ကိုဖြတ်ကူးစေရာ၌ ယခင်က ဉရောပတိုက်

သား သစ်ကုမ္ပဏီများက ပထမနည်းကို အများအပြား သုံးခဲ့ကြသည်ဟု ဆိုသည်။

ကြောက်တတ်သောဆင်များနှင့် သြဇာမနာခံတတ်သော ဆင်များကိုအခြားနည်းဖြင့် မြစ်ကြီးများကိုဖြတ်ကူးရန်ဖျောင်းဖျချော့မော့၍မရလျှင် ဤနည်းကို သုံးရန်သင့်လျော်၍ အမှန်ပင် မြန်သောနည်းဖြစ်လင့်ကစား ဤနည်းနှင့် ဒွန်တွဲလျက်ရှိသော ဘေးအန္တရာယ်မှာကား ရေထဲသို့ ဆွဲချသည့်အခါ အချို့ဆင်များသည် ရေထဲသို့မြုပ်သွား၍ အတန်ကြာကြာ မြုပ်နေပြီး တခါတရံ ရေနစ်သေတတ်သည်အထိ ဖြစ်ရသည်။ ယခင်က သံလွင်နှင့် ဧရာဝတီမြစ်ကို ဖြတ်ကူးခိုင်းရာ၌ ဤနည်းကြောင့် သေဆုံးခဲ့ခြင်းရှိသည်ဟု သိရသည်။

ထို့ပြင် ဤနည်းကိုသုံးရာတွင် ဆင်ထိန်းများနှင့်သဘော်သားများနှစ်ဦးစလုံးက ပါးရည်နပ်ရည်ရှိပြီးဤနည်းကိုအတော်အတန် သုံးဖူးသူများဖြစ်ရန်လိုသည်။ ထို့ကြောင့် မြစ်ကြီးများကို ဖြတ်ကူးရန်ရှိ၍ ဤနည်းကို အသုံးပြုပါက ဘေးအန္တရာယ်ရှိမည်ဟု ယူဆရလျှင် သဘော်တစင်းနှင့်တင်၍ သယ်ယူသင့်သည်။ ထို့ပြင် သဘော်များသော်၎င်း၊ ပစ္စည်းတင် ဘောတွဲများသော်၎င်းမရှိပဲနှင့် မြစ်တမြစ်ကို ဖြတ်ကူးရန် အလွန် အမင်းအရေးကြီးပါက ထူးခတ်ပြီး ဆင်တကောင်ကို သဘော်နှင့် ကြိုးတပ်ဆွဲခြင်းကို မည်သည့်အခါမှ မသုံးသင့်ပေ။

**ဖောင်နှင့်သယ်ပို့ခြင်း။** ။ဆင်များကို ဤသို့ သယ်ပို့ခြင်းသည် ဘေးအန္တရာယ်ကင်းသော်လည်း နှေးသော နည်းဖြစ်၍ အန္တရာယ်ရှိသော ရေပြင်ကျယ်ကြီးများတွင်သာ သုံးကြသည်။ ဤနည်းကို အများအားဖြင့် မော်လမြိုင်နှင့် သံလွင်မြစ်တွင် ကျယ်ပြန့်သောနေရာမျိုးများ၌ သုံးသည်။ ထိုဒေသ



များတွင် ဖောင်များနှင့် ဖောင်ဖွဲ့ရန် ပစ္စည်းများအလွယ်တကူရရှိနိုင်သည့်ပြင် ဒီရေအတက်အကျကလည်း ဆင်များကိုဖောင်ပေါ် သို့တင်ရန်နှင့် ဖောင်များကို သယ်ယူ ပို့ဆောင်ရန်အတွက် အထောက်အကူဖြစ်သည်။ သို့သော် ဤနည်းတွင် အခက်အခဲတခုမှာ ဖောင်ဖွဲ့ရန်ပင်ဖြစ်သည်။ ဖောင်ဖွဲ့ရန် ပစ္စည်းများကို နေရာတိုင်း၌ မရနိုင်ပေ။ ထိုပစ္စည်းများကို စုဆောင်းရာတွင် မကြာခဏ အခက်အခဲ ကြုံ၍ စရိတ်ကုန်လည်းများသည်။

ဖောင်ဖွဲ့နည်းမှာ ကျွန်းသစ် လုံးကြီးများပေါ်တွင် ခိုင်ခံ့သောမျဉ်ပြားများဖြင့် ညီညာအောင်အခင်းခင်းပြီးဆင်ကိုတင်၍ဆင်၏ခြေများကို အခင်းပေါ်တွင် တုတ်နှောင် ထားရသည်။ ထိုနောက်ဖောင်ကို သဘော်နှင့် တွဲယူရသည်။ ဤနည်းဖြင့်ခရီးဝေးများသို့ ပို့ဆောင်နိုင်၏။ သို့သော် ရေစီးရေလာနှင့်ရေတက်ရေကျအပေါ်မှာ များစွာတည်သည်။

**လှေနှင့်။** ။ဤနည်းမှာအလွန်အသုံးနည်းသည်။ဖောင်သို့မဟုတ်သဘော်ကိုသုံးရန် အကြောင်းမညီညွတ်သောကြောင့်သော်၎င်း၊ သို့မဟုတ် ဆင်အိုများ အားနည်း၍ရေမကူးနိုင်သောဆင်များ သဘော်နှင့်ဆွဲရာတွင် ဆွဲအားကို မခံနိုင်သော ဆင်များကို သယ်ဆောင်ရန် အတွက်သော်၎င်း ဤနည်းကို သုံးသည်။

ဤနည်းမှာ ဆင်ကို လှေကြီးနှစ်ခုကြားတွင် တုပ်နှောင်ထားပြီးလှေများကိုလှော်၍ကူးခြင်းဖြစ်သည်။ ဘေးအန္တရာယ်ကင်းသော်လည်း နှေးကွေးသောနည်းဖြစ်သည်။

**သဘော်နှင့်။** ။ဤနည်းသည် ဘေးအန္တရာယ်အကင်းဆုံးနှင့်အမြန်ဆုံးနည်းဖြစ်သည်။သို့သော် နေရာတိုင်း၌ မသုံးနိုင်ချေ။ အဘယ်ကြောင့်ဆိုသော်နေရာတိုင်းတွင် ဤကိစ္စအတွက်

ဆင်တင်ရန် သင်္ဘောကြီးများမရနိုင်ပေ။ ထို့ပြင် စရိတ်အကုန်အကျများလွန်း၏။ ထို့ကြောင့် ဤနည်းကို သစ်ထုတ်လုပ်ရေး၌ သုံးခဲ့လေသည်။

ဆင်တကောင်ကို သင်္ဘောတစင်းပေါ် သို့ တင်နိုင်သည်။ သို့မဟုတ် ဆင်အများအပြားကို သင်္ဘောတွင် တွဲထားသည့် ဘောတွဲပေါ် သို့ တင်နိုင်သည်။ ဤနည်းကို မြန်မာနိုင်ငံရှိသစ်ကုမ္ပဏီကြီးများက ဆင်များကို ဧရာဝတီမြစ်ကို ဖြတ်ပို့ရာတွင် စစ်ကိုင်းနှင့် အင်းဝမြို့များကဲ့သို့ အရပ်များ၌ ကြုံကြိုက်သည့် အခါတွင်သုံးသည်။ ယခင်က ဧရာဝတီကုမ္ပဏီတွင် ဆင်အကောင် ၂၀ ထိတင်နိုင်သော ဆင်တင် ဘောတွဲတခု ရှိသည်ဟု သိရသည်။

ဆင်များကို ရေချ (ရေချိုး)ပေးခြင်း၊ ရေကူး သွားစေခြင်း၊ ရွှေ့ပြောင်းခြင်းစသည်များကို ကြည့်ရှု မေးမြန်းရင်း ကျွန်တော်တို့သည် ထိုနေ့နံနက်စာကိုပင်လုံဆင်ဝိုင်းနားရှိ သစ်ထုတ်လုပ်ရေးဗိုလ်တဲ၌ပင် စားကြသည်။ နံနက်စာစားပြီးသော အခါ ဆင်ဝိုင်း ဆင်ကျောင်းစခန်းများကို တခုပြီးတခုလျှောက်ကြည့်ရန် ရွှေလီမြစ်ကိုလှေနှင့်တခါထပ်၍ စုန်ကြပြန်လေသည်။

# ၁၉။ ဆင်ကျောင်းစခန်း

ရွှေလီမြစ်ကမ်းခြေနှစ်ဖက်တွင် ဆင်ကျောင်းစခန်းအများအပြားပင်ရှိသည်။ ကျွန်တော်တို့သည် ရွှေလီ အရှေ့ဖက် ကမ်းတွင် လှေကိုကပ်ထားခဲ့ပြီး ဆင်ကျောင်းစခန်းသို့ ခြေလျင်လျှောက်လာကြသည်။ ဆင်ကျောင်း စခန်းသို့ ရောက်တိုင်း ကျွန်တော်က ဆင်များကိုလေ့လာ၍ မန်နေဂျာ တိရစ္ဆာန်ဆေးကုတို့က ဆင်ကျန်းမာရေး မှိန်းသင်ထားသော ကျွင့်ဆင်များ၏ လိမ်မာရေးခြားအခြေအနေတို့ကို စစ်ဆေးကြသည်။

ထုံးစံအတိုင်းဆိုလျှင် သစ်ထုတ်လုပ်ငန်းသည် ဖေဖော်ဝါရီလကုန်တွင် အလုပ်စခန်းသိမ်းသည်။ အလုပ် ပြီးသည့်နောက် ဆင်များကို အထူး စီစဉ်ထားသော နွေရာသီ ဆင်ကျောင်းစခန်းများသို့ နားထားပေးရန်ပို့ရသည်။ ဆင်ကျောင်းစခန်းသို့ ရွှေပြောင်းရာတွင် အချိန်အလဟဿမဖြစ်စေပဲ ဆင်များကို မောင်းယူရာလမ်းနှင့် အနီးအနားရှိ ချောင်းများမှ သစ်များကို ရေလိုက်ရင်းသွားကြရသည်။ သစ်ကျန် အများအပြားရှိသော ချောင်းများကိုမူ အလုပ်ရာသီတွင်း၌ပင် ဆင်များနှင့် အထူးတလည် ရေလိုက်ပေးရသည်။ ဤသည်မှာ နွေလ၌ ရေလိုက်ခြင်းဖြစ်သဖြင့် ကုန်းပေါ် ကသစ်များကို ချောင်းရေထဲ အောင်းချစေခြင်းကိုဆိုလိုသည်။

၂ နွေရာသီ ဆင်ကျောင်းစခန်းအတွက် လိုအပ်သောအချက်များမှာ ဆင်များကို ရေချိုးရန်နှင့် သောက်သုံးနိုင်ရန် အမြဲစီးဆင်းနေသော ရေများရှိရမည်။ ဆင်စာများ လုံလုံလောက်လောက်ရှိရမည်။ အထူးသဖြင့် နွေရာသီတွင် ဆင်စာများဖြစ်သော သစ်ပင်သစ်ခက်များ၊ ရှက်နုံမဝေမီ ဆင်စားနိုင်သည့် နွယ်များနှင့် ကိုင်းပင်များရှိရမည်။ နေ့လယ်တွင် ဆင်များအရိပ်ခိုအောင်းနေနိုင်ရန် သစ်ပင်ရိပ်ကြီးများရှိရမည်။ ပတ်ဝန်းကျင် သစ်ဆွဲလမ်းများရှိ ရွာများမှ ကျွဲနွားများ နယ်ကျံ့မလာနိုင်သော နေရာလည်းဖြစ်ရမည်။ အကယ်၍ဆင်ကျောင်းစခန်းသို့ ဒေသခံလူများ၏ ကျွဲနွားများ နယ်ကျံ့လာပါက ထိုကျွဲနွားများထဲတွင် ဆင်များကို ကူးစက်တတ်သော ရောဂါဘယများပါလာမည်စိုးရသည်။ ထို့ကြောင့်လည်း ရွာသားများ၏ ကျွဲနွားများသွားလာရာလမ်းနှင့် သီးသီး ခြားခြားရှိသောနေရာကို ဆင်ကျောင်းစခန်းအဖြစ် သတ်မှတ်ရွေးချယ်ရသည်။ ထို့အပြင် တလတကြိမ် နှစ်ကြိမ် ဆင်စစ်ဆေးကြည့်ရှုရန် လာသောအရာရှိများအတွက် သွားရေး လာရေးလွယ်ကူသော နေရာများနှင့် ဆင်ကျောင်းစခန်းမကြီးတွင် ဆင်များ ရောဂါဘယတခုခုပေါ် ပေါက်လာပါက ဆင်များကို ရွှေ့ပြောင်း ပန်းထားနိုင်ရန် လွယ်ကူသောနေရာ ဖြစ်ရပေမည်။ အစိုးရကံထရိုက်တာများ၏ဆင်စခန်း ပုဂ္ဂလိကပိုင် ဆင်သမားများ၏ဆင်ကျောင်းစခန်းနှင့် နီးနီးကပ်ကပ်မရှိစေရပေ။

သစ်ထုတ်လုပ်ရေးလက်ထောက်များသည် မိမိတို့၏ နယ်မြေများအတွင်း သင့်တော်သောနေရာများကို ရှာဖွေ၍ ဆင်ကျောင်းစခန်းကို သတ်မှတ်နိုင်သည်။ ထိုစခန်းများသည် အထက်ပါ အချက်အလက်နှင့် ပြည့်စုံသော ဒေသဖြစ်ကြောင်း



သစ်တောဝန်ရုံးသို့ မြေပုံနှင့်တကွ အစီရင်ခံစာပို့ရသည်။ ဆင်ကျောင်းစခန်း၏မြေပုံကြမ်းကိုလေးလက်မ တမိုင်နှုန်းရေးဆွဲ၍ အစီရင်ခံစာနှင့်တပါတည်း ပေးပို့ရသည်။ သစ်ထုတ်လုပ်ရေးလက်ထောက်များ၏ အစီရင်ခံစာများကို သစ်တောဝန်ရုံးတွင် မှတ်တမ်းအဖြစ်ထားရှိပြီး ဆင်များကို ဆင်ကျောင်း စခန်းသို့ ပို့ရသည့်အခါတိုင်း အသုံးချရသည်။

ဆင်ကျောင်းစခန်း တခုတွင်သာမန်အားဖြင့် ဆင်ကြီးငါးကောင်ထက်ပို၍မထားရပေ။ အုပ်ချုပ်မှုလွယ်ကူစေရန်အတွက် စခန်းတခုနှင့်တခုကို အနီးပတ်ဝန်းကျင်၌ထားပေးရ၏။ချောင်းအုပ် သို့မဟုတ် ဆင်အုပ်တယောက်အား စခန်းနှစ်ခုကို အုပ်ချုပ်စောင့်ရှောက်စေ၍ ဝါရင့်ဆင်ဦးစီးတယောက်စီက စခန်းတခုစီကို အုပ်ထိန်းရသည်။ ဦးစွာပထမ ဆင်ထိန်းများက မိမိတို့နှင့် လက်အောက် အမှုထမ်းများအတွက် နေနိုင်လောက်အောင် တဲများထိုးရသည်။ ၎င်းနောက် အနီးအနားရှိ စခန်းများမှ လူများနှင့်စု၍ စခန်းများအနီးရှိချောင်းများတွင်တွေ့ရကမာ သန့်ရှင်းရေးလုပ်ရသည်။ သူတို့၏အဓိကအလုပ်မှာ သားရေ ကြိမ်နှင့်လျှော်များကို လုံလောက်အောင် စုဆောင်း၍ ကာ-များ ခလောက်များနှင့် ကြိုးများ၊ ဂုတ်စီးများ၊ ပုံများကို နောက်တနှစ် မိုးတွင်း သစ်ထုတ်လုပ်ရေးအတွက် အသင့်ရှိစေရန်လုပ်ထားရသည်။ ဤလုပ်ငန်းအတွက် ပစ္စည်းစုဆောင်းရန် စခန်းများမှ ထွက်ခွါသွားသူများသည် ရက်ပေါင်းအတော်ကြာမည်ဆိုကကြာနိုင်ပြီး စုဆောင်း၍ရသော ပစ္စည်းများကို ပြန်၍ သယ်ယူလာနိုင်ရန် ဆင်တစီးယူသွားလိုက ယူသွားနိုင်သည်။ အထူးသဖြင့် သစ်ဆွဲလည်ပတ်များမှာ လျှော်ဖြင့်သာ ရက်လုပ်ယူရသည်။အနံ့ခုနစ်လက်မရအောင် ကြိုး ၁၄ လွန်းသုံးရသည်။

အလျားမှာ ဆင်ကိုလိုက်၍ ဆင်ကြီးများအတွက် ခြောက်ပေ၊ ဆင်ငယ် ဆင်ရွယ်များအတွက် ငါးပေနှစ်လက်မအထိ ရှိရသည်။ ခလောက်လည်ပတ်များမှာ သုံးလက်မ ကျယ်သည်။ ဂုတ်စီးများမှာ အလုံးသုံးလက်မ အချင်းတလက်မသာသာရှိပြီးလျှော်များကိုကျစ်ယူကာ အစွန်းနှစ်ဖက်စလုံးတွင် ခိုင်ခန့်သော ကွင်းများရှိရသည်။ အလျားမှာ ဆင်၏ ကိုယ်ထည်ကိုလိုက်၍ ဆင်ကြီးအတွက် ရှစ်ပေမှ ဆင်ငယ် ဆင်ရွယ်များအတွက် ခုနစ်ပေခွဲအထိရှိရသည်။

စခန်းများနှင့် ဆင်များကို တောအုပ်က မကြာမကြာ စစ်ဆေးရသည်။ သစ်ထုတ်လုပ်ရေးလက်ထောက်ကလည်း အနည်းဆုံး တလတကြိမ် စစ်ဆေးပေးရသည်။

# ၂၀။ ရေဆင်

တခါက ရေဆင်အကြောင်းကို လူ အတော်များများ ဝိတ်ဝင်စားကြ၍ ရေဆင်ကို တွေ့ဘူး မြင်ဘူးသောသူ၊ စူးစမ်းလေ့လာဘူးသော သူများက သတင်းစာများ၌ ဆောင်းပါးရေးသားကြ၏။ ၁၅-၉-၇၀ နေ့ထုတ် ရွှေသိုစာစောင်၌ ပါရှိသော ဆောင်းပါးကို အကျဉ်းချုံး၍ရေဆင်အကြောင်း စိတ်ဝင်စားဖွယ်ရာ အချက်များကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ရေဆင်ဆိုသော သတ္တဝါ တကောင်ရှိသည်ဟူ၍ မြန်မာနိုင်ငံတွင် လူအများပင် လက်ခံယုံကြည်ကြ၏။ ရေဆင်သည် အမည်နှင့်လိုက်အောင် ကုန်းပေါ်ရှိ ဆင်နှင့် အစစဆင်တူပြီး အရွယ်အားဖြင့်အလျား လေးလက်မမှငါးလက်မခန့်ရှိပြီး၊အမြင့် သုံးလက်မမှ လေးလက်မခန့် ရှိသည်ဟု ဆိုကြသည်။ ရေဆင်အထီးသည် ဆင်အထီးကြီးများကဲ့သို့ပင် အစွယ်နှစ်ချောင်းရှိပြီး အစွယ်အလျား တလက်မခွဲခန့်ရှိသည်။ ရေဆင်ဟု အမည်တွင်ရခြင်းမှာ ငါး စသည့် အခြားရေနေ သတ္တဝါများကဲ့သို့ ရေထဲတွင်ပင် ကျင်လည်ကျက်စားလေ့ရှိပြီး ရေသတ္တဝါများနည်းတူ ကျွမ်းကျင်လျင်မြန်စွာ ကူးခတ်သွားလာနိုင်ခြင်းကြောင့် ဖြစ်သည်။ ရေဆင်သည် ကုန်းပေါ်တွင်လည်း အချိန်အနည်းငယ်ဘက်ရောက် နေနိုင်စွမ်းရှိသည်။

ရေဆင်တို့ နေထိုင်ကျက်စားလေ့ရှိသော နယ်မြေဒေသသည် အတော်ပင် ကျယ်ဝန်း၏။ ချင်းတွင်းမြစ်တလျှောက်တွင် မြောက်ပိုင်း ဟူမွလင်းနယ်အထိ ဒေသတလွှား၌ ရေဆင်ကို တွေ့ကြဘူးသည်ဆို၏။ ပျဉ်းမနားနယ်အတွင်းရှိ ပဲခူးရိုးမ၏ အနောက်ဖက် တောင်ခြေတလွှားရှိ ကျောက်ဆောင် ကျောက်တုံး အောက်ခံရှိသော ရေအိုင် ရေကန်များတွင်လည်း တွေ့ရသည်။ သို့သော် ရေဆင်တို့ အများအားဖြင့် နေထိုင်ကျက်စားလေ့ရှိသော အဓိကဒေသသည် ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းရှိ ပင်လယ်ကမ်းခြေ တလျှောက်နှင့် ကမ်းလွန်ဒေသရှိ ကျွန်းများ၊ ဒီရေအတက်အကျရှိသော မြစ်လက်တက်များ၏ ကမ်းပါး တလျှောက်တို့ ဖြစ်သည်။ ရေဆင်သည် မိကျောင်းကဲ့သို့ ပင်လယ်ရေငန်တွင်၎င်း၊ ရေတက်ရေကျရှိသော ချောင်းမှ ရေချိုပိုင်းတွင်၎င်း နေထိုင် ကျက်စားနိုင်သည်။ ရေချိုနှင့် ရေငန်တို့ တွေ့ဆုံရာစပ်ကြား ဒေသများတွင်လည်း ရေဆင်ကို တွေ့ရလေ့ရှိကြောင်း ပြောစမှတ်ပြုကြသည်။

ရေဆင်၏ ထူးခြားချက်တရပ်မှာ ဤမျှ ငယ်နှောင်းသော ရေဆင်အား ကုန်းနေ ဆင်ကြီးများက ကြောက်ရွံ့ကြသည်။ ရေဆင်ကိုက်လျှင် ဆင်ကြီးများ သေဆုံးသည်ဆိုသည့် အချက်ဖြစ်၏။ ရေဆင်ကို ဆင်ကြီးများ ကြောက်ရွံ့ကြရာတွင် သက်ရှိရေဆင်ကိုသာမက သေဆုံးပြီးသော ရေဆင်၏အလောင်းကောင် အခြောက်ကိုပင် ကြောက်ရွံ့ကြသည်။ အထူးသဖြင့် ရေဆင်အသေကောင်၏ အစွယ်ကို အထူးကြောက်ရွံ့ကြသည်။ သို့ကြောင့် ရေဆင်ရှိသည်ဆိုသော ရေအိုင်များ၊ ချောင်းများတွင် ဆင်များကို ရေချ၍ မရပေ။ ဆင်များ ထိုသို့သော ရေအိုင်နှင့် ချောင်းများထဲသို့ မဆင်းဝံ့ကြသဖြင့် ချွန်းနှင့်ပေါက်



လှံနှင့်ထိုးဆွ၍ အတင်းတွန်းပို့ပေးကြရသည်။ ရေဆင်ကိုက်လျှင် ဆင်ကြီးများ သေကြရသည်ဆိုသော ပြောဆိုချက်များကိုကား အကြိမ်ကြိမ်ကြားဘူး နားဝရှိနေကြရပေသည်။

ယင်းသို့ ရေဆင်ကို ကြောက်တတ်သည့် ဆင်များ၏ အားနည်းချက်သည် ဆင်ဦးစီးများ၊ ဆင်ထိန်းများအဖို့ ဆင်များကို နိုင်နင်းရန် အခွင့်ကောင်းတခု ဖြစ်ရပေသည်။ ဆင်နှင့် ယှဉ်တွဲ၍ အလုပ်လုပ်ရခြင်းသည် အသက်ဘေး နီးလှသဖြင့် ဆင်ဦးစီးများသည် ရေဆင်အခြောက်တကောင်ဖြစ်စေ၊ ရေဆင်အစွယ်ဖြစ်စေ ကိုယ်နှင့်မကွာ ဆောင်ထားတတ်ကြသည်။ ယင်းသို့ အဆောင်ပြုရာတွင် ရေဆင်၏အစွယ်သည် အစွမ်းပို၍ ထက်လေ့ရှိသည်။ ရေဆင်အစွယ်ကို ဆောင်ထားခြင်းအားဖြင့် ဆင်ဆိုးများကို ဦးကျိုးသွားနိုင်စေသည်သာမက တောသဲ တောင်ထဲ ခက်ခဲသော နေရာများတွင် တပင်တပန်း သစ်ဆွဲခြင်း၊ သစ်ထုတ်ခြင်း အလုပ်တို့ကို စေခိုင်းရာတွင်လည်း ဆင်များကို ပို၍ အလုပ်လုပ်အောင် လှုံ့ဆော်ပေးနိုင်ကြောင်း တွေ့ရှိရသည်။ အလုပ်လုပ်ရာတွင် ပေကပ်ကပ် လုပ်လေ့ရှိသော ညည်ဆိုးရှိသည့် ဆင်များသည်ပင်လျှင် ချွန်းနှင့် အကြိမ်ကြိမ် ပေါက်သည့်တိုင်အောင် တလှမ်းမရွှေ့သော်လည်း ရေဆင်အသေကောင်၏ အစွယ်နှင့် ထိုးပေးလိုက်သောအခါ ဒုံးစိုင်း၍ ပြေးလုမတတ် ပေါ့ပါး ဖျတ်လပ်စွာ အလုပ်လုပ်တော့သည်ဟု အဆိုရှိသည်။

ရေဆင်အကြောင်းနှင့် ပတ်သက်၍ ၁၃-၈-၇၀ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ဖော်ပြပါရှိသော သံတွဲမှ ပင်စင်စား တိရစ္ဆာန် ဆေးကုဌာန အင်စပက်တော် ဦးဘမြိုင်၏ ဆောင်းပါးတွင် အတော်ပင် ရှင်းလင်းတင်ပြထား

သည်။ ဦးဘမြိုင်သည် ရေဆင် ရှာဖွေစူးစမ်းမှုကို ၁၉၂၅ ခုနှစ်ဆီကပင် သံတွဲခရိုင် ပင်လယ်ကမ်းရိုးတန်း တလျှောက်ရှိ တံငါသည်များအကြားတွင် အစပြုခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ စစ်တွေခရိုင် ပေါက်တောမြို့နယ်တွင် အလုပ်လုပ်ကိုင်နေစဉ် ၁၉၃၀ ခုနှစ်တွင်မှ ဘာရှန်ဂါးကျွန်းစုထဲတွင်ပါဝင်သော ဆံတော်ရှင်ကျွန်း၏ တောင်ဘက် ကမ်းရိုးတွင် တံငါတဦး ဖမ်းဆီးရမိလာသည့် ရေဆင်အမတကောင်ကို အသေရရှိတော့သည်။

ဦးဘမြိုင်သည် ရေဆင်အမ အသေကောင်ကို ကြာရှည်ခံရန် ဆေးစိမ်ထားလိုသော်လည်း ဆေးရည်မရှိသဖြင့် ဆေးမစိမ်နိုင်ခဲ့ပေ။ သို့သော် ရေဆင်အမကို လတ်ဆတ်စွာ ရှိနေဆဲမှာပင် ခွဲစိတ်လေ့လာ၍ အောက်ပါ အချက်များကို မှတ်သားထားခဲ့သည်။

၁။ **အရေခွံ။** အရေခွံသည် မွဲပြာရောင်ရှိပြီး ချောမွတ်သည်။

၂။ **ခြေထောက်များ။** ခြေထောက် တချောင်းတွင် ခြေချောင်းငယ် လေးချောင်းစီ ပါရှိပြီး၊ ခြေထောက်လေးချောင်းတွင် ခြေချောင်းငယ် စုစုပေါင်း ၁၆ ချောင်းရှိသဖြင့် ဆင်ကြီးများနှင့် လုံးဝတူညီသည်။

၃။ **သွားပေါက်ပုံ။** အထက်မေးရိုးတွင် အံသွား နှစ်ချောင်း၊ အောက်မေးရိုးတွင် အံသွား နှစ်ချောင်းရှိသည်။

၄။ **မျိုးဆက် ပြန့်ပွားမှုဆိုင်ရာ အင်္ဂါအစိတ်အပိုင်းများ။** ရေဆင်အမ၏ မျိုးဆက်ပြန့်ပွားမှု အင်္ဂါအစိတ်အပိုင်းများသည် ဆင်မတကောင်၏ အင်္ဂါအစိတ်အပိုင်းများအတိုင်းပင် ဖြစ်သည်။ ရေဆင်အမ၏ သားအိမ်သည် အလျားလက်မဝက်ခန့်နှင့် အနံတလက်မ၏ လေးပုံတပုံခန့်ရှိသည်။



၅။ **အစာအိမ်။** အစာအိမ်မှာ စထရောဘဲရီ အရိုင်းအသီး၏ အရွယ်ခန့်ရှိပြီး အစာများ အပြည့်ရှိနေသည်။ စားထားသော အစာများမှာ အလွန်ပြေ့ပြောင်းပြီး "အဲလ်ဂျေး" ခေါ် ရေမှော် အမျိုးအစားဖြစ်သည်။ အစာအိမ်အတွင်းမှ အစာဖတ်များကို မီးရှို့ကြည့်သောအခါ ကြွင်းကျန်သော ပြာများသည် မှုန့်မှုန့်ညက်ညက်ရှိပြီး မာကြောသော အစိုင်အခဲဟူ၍ တခုမှမပါဝင်ပေ။ ဤအချက်ကိုထောက်၍ ရေဆင်သည် ကုန်းပေါ်မှ ဆင်များကဲ့သို့ပင် အသီးအရွက်များကိုသာ စားသုံးသည်ဟု ယူဆရသည်။

၁၉၃၅ ခုနှစ်တွင် ဦးဘမြိုင်သည် ရေဆင်**အထီး**တကောင်ကို အစွယ်များနှင့်တကွ ရရှိပြန်သည်။ ထိုရေဆင်အထီးကို သံတွဲခရိုင် တောင်ကုတ်မြို့နယ် ပဒင်းကျွန်းပေါ်မှ ငမောက်ချောင်းရွာ အနောက်ဘက်တွင် ပိုက်ကွန်ဖြင့် ဖမ်းမိခဲ့ကြသော တံငါသည်များထံမှ ရရှိခြင်း ဖြစ်သည်။ ထိုရေဆင်အထီးကိုလည်း ခွဲစိတ်လေ့လာပြီးနောက် ဦးဘမြိုင်သည် အောက်ပါ မှတ်စုများကို ရေးမှတ်ထားခဲ့သည်။

၁။ **အရေခွံ။** အရေခွံ၏ အရောင်မှာ မီးခိုးရောင်သန်းသော ခပ်ဖြူဖြူအရောင်ဖြစ်သည်။

၂။ **ခြေထောက်များ။** ရေဆင် အမကဲ့သို့ပင် ရေဆင်အထီးမှာလည်း ခြေထောက် တချောင်းစီတွင် ခြေချောင်းကလေးများ လေးချောင်းစီ ရှိကြောင်း တွေ့ရသည်။ ခြေထောက် တချောင်းစီ၏ အရွယ်ပမာဏမှာ ခဲတံ အလုံးခန့်တုတ်သည်။

၃။ **အစွယ်များ။** အဖြူရောင်ရှိသော အစွယ်များမှာ ၁၃ လက်မခန့် အလျားစီရှိပြီး လုံးပတ်မှာ မီးခြစ်ဆံချောင်း

ခန့်ရှိသည်။ အစွယ်ထိပ်များမှာ ချွန်ထက်လျက်ရှိသည်။ အစွယ်များကို နုတ်ယူကြည့်သောအခါ ဆင်၏ အစွယ်များကဲ့သို့ပင် မေးရိုးထဲတွင် ဝင်နေသော အစွယ်ပိုင်းသည် ခေါင်းပွဖြစ်ကြောင်း တွေ့ရသည်။

၄။ **သွားပေါက်မှု အခြေအနေ။** ရေဆင်အမကဲ့သို့ပင် ရေဆင်အထီးမှာလည်း အံသွားလေးချောင်းရှိသည်ကို တွေ့ရသည်။

၅။ **ရေဆင် အထီး၏ လိင်အင်္ဂါ။** ရေဆင်အထီး၏ တန်ဆာမှာ ဆင်ကြီးများ၏ တန်ဆာအတိုင်းရှိပြီး အရွယ်မှာ ၄ လက်မ အလျားရှိသည်။

၆။ **အစာအိမ်။** ရေဆင်အထီး၏ အစာအိမ်မှာ ရေဆင်အမ၏ အစာအိမ်ကဲ့သို့ပင် "ဂူးစဘဲရိုး"သီး အရွယ်ခန့် ရှိပြီး၊ အစာများပြည့်လျက်ရှိသည်။ အစာအိမ်အတွင်းရှိ အစာဖတ်များကို စစ်ဆေးသောအခါ အစိမ်းရောင်ရှိပြီး "အဲလ်ဂျေး" ခေါ် ရေမှော်ပင်နှင့် ပင်လယ်ရေညှိပင်များ ဖြစ်ဟန်ရှိသည်။ အစာအိမ်များကို လက်ဝါးတွင်ထည့်၍ လက်မနှင့် ကြိတ်ချေကြည့်သောအခါ ဖားအရိုး၊ ငါးအရိုးဟု ယူဆနိုင်သော မာကြောကြော အစိုင်အခဲဟူ၍ လုံးဝမတွေ့ရချေ။ ထို့ကြောင့် ရေဆင်အထီးသည်လည်း ရေဆင်အမနည်းတူ ကုန်းပေါ်မှ ဆင်များကဲ့သို့ပင် အသီးအရွက်စား သတ္တဝါဖြစ်ကြောင်း ကောက်ချက်ချရသည်။

ဦးဘမြိုင်သည် ရေဆင်၏ ကျက်စားရာဒေသကို စုံစမ်းရာ ပင်လယ်ကမ်းခြေတလျှောက်ရှိ ရေအောက် ကျောက်ဆောင်များရှိရာ နေရာများနှင့် ရေငန်နှင့် ချောင်းများမှ ရေချိုတို့ တွေ့ဆုံပေါင်းစပ်ရာ နေရာဖြစ်သော ချောင်းရေစီးကြောင်း



အကွေ့နေရာများတွင် နေလေ့ရှိကြောင်းတွေ့ရသည်။ ရေအောက်တွင် မြုပ်နေသော ကျောက်ဆောင်များရှိရာ ပင်လယ်ကမ်းခြေဒေသများတွင် ရေဆင်တို့၏ ခြေရာများကို ဦးဘမြိုင်ကိုယ်တိုင် တွေ့မြင်ခဲ့ရဘူးသည်။ ရေဆင်များသည် ညအမှောင်ကာလများတွင်သာ ကမ်းစပ်သို့တက်ရောက် ကျက်စားဟန်ရှိသဖြင့် ခြေရာတွေ့ရသော ဒေသများတွင် ညအခါလရောင်တွင် ဦးဘမြိုင်ကိုယ်တိုင် စောင့်ဆိုင်းလေ့လာသော်လည်း ရေဆင်တကောင်တလေကိုမျှ မတွေ့မြင်ရပေ။ သို့သော် ထိုသို့ညပိုင်းတွင် စောင့်ကြည့်ခဲ့သော နေရာများသို့နောက်အရုဏ်တက်အချိန်တွင် တဖန် သွားရောက် ကြည့်ရှုပြန်သောအခါ ရေဆင်တို့ လာရောက်သွားသော ခြေရာသစ်များကို တွေ့ရပြန်သည်။

ဦးဘမြိုင်၏ အဆိုအရမူ ရေဆင်သည် ကုန်းပေါ်မှဆင်များထက် အနံ့ခံကောင်းသည်။ ရေထဲနှင့် ကုန်းပေါ် နှစ်နေရာလုံးမှာပင် အလွန်လျင်မြန်စွာ လှုပ်ရှားသွားလာတတ်သည်။ ဆင်များသည် ရေဆင်ကို အလွန်ကြောက်ရွံ့ပြီး ချောင်းထဲမှ ရေချိုနှင့် ပင်လယ်ရေငန်တို့တွေ့ဆုံရာ နေရာအနီးအပါးသို့ ရေဆင်တကောင်ရောက်လာလျှင် ဆင်များသည် ထိုချောင်းထဲသို့ ရေချိုးရန်ရင်း၊ ရေသောက်ရန်သော်၎င်း မဆင်းဝံ့ကြတော့ဟု လူအများ ပြောစမှတ်ပြုကြသည်။ ထိုအချက်မှန်မမှန် စမ်းသပ်ရန် ဦးဘမြိုင်သည် ရေဆင်အခြောက်တကောင်နှင့် အစွယ်ကို အထက်တွင်ဆိုခဲ့သော ချောင်းရေအောက်တွင် တိတ်တဆိတ် ချထားကြည့်၏။ ထိုနောက် ထိုချောင်းထဲသို့ ဆင်များကို မောင်းချကြည့်သည်။ ဆင်များသည် အလွန်ကြောက်ရွံ့သည့် လက္ခဏာများပြပြီး ဆင်ဦးစီးများက လုံ့ချွန်ဖြင့် ထိုး၍မောင်း

ချသော်လည်း ဆင်များသည် ချောင်းရေထဲသို့ လုံးဝမဆင်းကြတော့ပဲ နောက်လှည့်၍ ပြေးကြသည်ကို တွေ့ရသည်။

တကြိမ်တွင်မူ ဦးဘမြိုင်သည် ရေဆင်၏အစွယ်တချောင်းကို ရေအိုင်တခုထဲတွင် သိုဝှက်ချထားလိုက်၏။ ဆင်ဦးစီးများက ဆင်များကို ရေချိုးရန် ရေအိုင်တွင်းသို့ မောင်းသွင်းရာတွင် ဆင်များအလွန်ကြောက်ရွံ့လျက်ရှိကြပြီး ရေအိုင်တွင်းသို့ လုံးဝမဆင်းကြချေ။ ဦးဘမြိုင်၏ အတွေ့အကြုံအရဆိုလျှင် ကိုယ်ဝန်ရှိသော ဆင်မနှစ်ကောင်သုံးကောင်တို့သည် ရေဆင်၏ အစွယ်သိုဝှက်မြုပ်နှံထားသော ရေအိုင်အတွင်းသို့ ဆင်းရသောအခါ ကြောက်လန့်၍ သန္ဓေသားလျှောကျပျက်စီးကာ များမကြာမီပင် သေဆုံးသွားကြရရှာသည်ဟု ဆိုသည်။ ဦးဘမြိုင်တဦးတည်းသာမဟုတ် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာသည်လည်း ပျဉ်းမနားနှင့် တောင်တွင်းကြီး နယ်စပ်အနီးရှိ ပဲခူးရိုးမ၏ အနောက်ဖက်ချမ်း သစ်တောရှိရာဒေသတွင် ကျောက်ဆောင်ရေအိုင်တခုအတွင်းမှ ရေဆင်တကောင်ကို ကိုယ်တိုင်ဖမ်းဆီးရမိခဲ့ဘူးသည်။ထိုအခါက ဗိုလ်တာရာသည် တောတွင်းရှိ သစ်ထုတ်လုပ်လမ်းတခုကို ရှင်းလင်းရေး တာဝန်ဖြင့် တပ်နှင့်သစ်ထုတ်လုပ်ရေးအဖွဲ့သားအချို့ကို ဦးစီး၍ တာဝန်ယူခဲ့ရသည်။ သူတို့စခန်းချရာအနီးရှိ ကျောက်ဆောင်ရေအိုင်တခုတွင် ရေဆင် အများရှိကြောင်း ဆင်သမားများထံမှ ကြားသိရသဖြင့် ဗိုလ်တာရာသည် မနက်ပြောင်းတလက်ဖြင့်နေရာကောင်းတခုမှနေ၍ရေအိုင်ကို စောင့်ကြည့်ခဲ့သည်။ ကြားရသည့်အတိုင်းပင် ရေအိုင်ထဲတွင် ရေဆင်နှစ်ကောင်သုံးကောင် မြူးတူး ကျက်စားနေကြသည်ကို တွေ့ရ၏။ အဝေးမှကြည့်ရာတွင်မူ ရေဆင်များသည် ပုစွန်ထုပ်ကောင်ကြီးများနှင့်ဆင်ဆင်တူ၏။ထိုရေဆင်များကို ငါးထောင်



သည့် မြှုံးနှင့် ဖမ်းရန် ဆင်သမားများနှင့် ကြံစည်ကြိုးစားကြည့်သည်။ ရေဆင်တကောင်ကို ဖမ်းမိကြ၏။ ဗိုလ်တာရာသည် ထိုရေဆင်ကို ရေနံဆီပုန်းလွတ်တခုမှ ရေထဲတွင် ထည့်ထားလိုက်သည်။

ရေဆင် အသေကောင်ကို ဗိုလ်တာရာသည် ခွဲစိတ်ကာ အသေအချာလေ့လာ၏။ဗိုလ်တာရာ၏အဆိုအရမူ ရေဆင်သည် အလျား ခြောက်လက်မခန့်ရှိပြီး အမြင့် ၄ ½ လက်မရှိကာ အလွန်ချောမွတ်သော အညိုရောင်ပုပ်ပုပ်အရေခွံရှိသည်။ အထက်မေးရိုးမှ ရှေ့သို့ ၁ ½ လက်မခန့် ငေါထွက်နေသော အစွယ်နှစ်ချောင်းရှိပြီးလေးဘက်စုံမတ်ရပ်အနေအထားတွင် မြေကြီးနှင့်ထိအောင် တွဲလွဲကျနေသော နှာမောင်းလည်းရှိသည်။ နားရွက်များမှာ လေးပုံသုံးပုံလက်မခန့် ဗျက်ရှိပြီး အမြီးမှာမူ တို၏။တလက်မ၏ သုံးပုံနှစ်ပုံခန့်သာ အလျားရှိသည်။ ခြေထောက်များမှာမူ ဆင်၏ခြေများနှင့်တူကာ ခြေထောက်တဖက်စီတွင် ခြေချောင်းငယ်များလေးချောင်းစီရှိသည်။

ရေဆင်ကို ဆင်များ ကြောက်ရွံ့ကြကြောင်းကို ဗိုလ်တာရာကလည်း အတည်ပြုပြောဆိုသည်။ လူသဘ်တတ်သည့် သေးဆိုးသော ဆင်ကြီးများကို ခိုင်းစေရသော ဗိုလ်တာရာနှင့် သိကျွမ်းသည့် ဆင်ဦးစီးကြီးများစွာပင် ရေဆင်၏ အစွယ်ကို အကာအကွယ်အဖြစ် ဆောင်ထားလေ့ရှိသည်ဆို၏။

တဖန် ၈–၅–၇၀ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာအယ်ဒီတာ အဖွဲ့ဝင်တဦး၏ "ရေဆင်နှင့်ည" ဟူသောဆောင်းပါးတပုဒ် ဖော်ပြပါရှိသည်။ အဆိုပါ ဆောင်းပါးတွင် ရေဆင်သာမကဘဲ ဒဏ္ဍာရီ

တပိုင်း၊ အပြစ်မှန်တပိုင်းကဲ့သို့သော "ညံ့" ခေါ်သည့် ပင်
လယ်နေ ရေသတ္တဝါကောင်၏ အကြောင်းကိုလည်း ဖော်ပြ
ထားသည်။ လက်ဖတင်နင်ကာနယ်ဂျီ၊ အိတ်၊ အီးဗန်းရေးသား
ပြုစုခဲ့သည့် "ဆင်များနှင့် ဆင်ရောဂါများ" အမည်ရှိ စာအုပ်
တအုပ်ကို ဆောင်းပါးရှင်က ရည်ညွှန်းထားသည်။ ထိုစာအုပ်
တွင် ဆင်များသည် အလုပ်လုပ်ရာမှ ကိုယ်ရှိန်ပူပြင်း၍ အင်
အားကုန်ခန်း ပင်ပန်းလာချိန်တွင် ရေထဲသို့ ဆင်းလိုက်လျှင်
ကြွက်တက်တတ်သည်။ ရေနက်ထဲတွင် ကြွက်တက်သော ဆင်
သည် ရေနစ်၍သေစမြဲဖြစ်သည်။ ယင်းသို့ ကြွက်တက်၍ ရေ
နစ်သေရခြင်းကို မြန်မာများက ဗဏ္ဍာရီဆန်သည့် ငါးတမျိုး
ဖြစ်သော "ရေဆင်" ခေါ် နတ်ဆင်ဆိုသည့် အကောင်ကိုက်၍
သေရခြင်း ဖြစ်သည်ဟု ယူဆကြောင်း ဖော်ပြထားသည်။
ဆောင်းပါးတွင် ရှေးမြန်မာသမိုင်းမှတ်တမ်းပါ အချက်အလက်
များကိုလည်း တင်ပြထားသည်။ ရှေးမြန်မာ စစ်သည်များ
ယိုးဒယားသို့ စစ်ချီရာတွင် မုတ္တမကျွကို ဖြတ်သန်းရာ၌ ဆင်
နှစ်ကောင်၊ သုံးကောင် သေဆုံးခဲ့ရဘူးကြောင်း။ အင်းဝအနီး
ရှိ ဧရာဝတီမြစ်ထဲတွင်လည်း အလားတူပင် ဆင်နှစ်ကောင်
သုံးကောင် သေဆုံးခဲ့ရပြီး ထိုဆင်များ သေဆုံးရခြင်းသည်
"ညံ့"ခေါ် သည့် ရေသတ္တဝါတကောင် ကိုက်ခဲခြင်းကြောင့် ဖြစ်
သည်ဟု ရေးသားထားသည်။ ညံ့ဟုခေါ်သော သတ္တဝါသည်
မြွေအကြီးစား တမျိုးဖြစ်ဟန်ရှိကာ အလျားကိုက်ရာပေါင်း
များစွာအထိ ရှည်လျား၍ ကြီးမားသော သတ္တဝါဖြစ်မည်ဟု
လူအများပင် မှတ်ယူယုံကြည်ကြသော်လည်း ၎င်းကို မည်သူ
မျှ မျက်မြင်ကိုယ်တွေ့မကြုံဘူးကြချေ။ ဆင်များ မြစ်ကို ဖြတ်
ကူးရာတွင်လည်း ရေဆင်ကိုက်၍ သေဆုံးကြရသည်ဟု ကြား



ဘူးနားဝကလည်း ရှိထားသဖြင့် ရေဆင်နှင့် ညံ့အတူတူပင်လော
ဟု တွေးတောဖွယ်ရာ ဖြစ်နေသည်ဟု ဖော်ပြထားပေသည်။

ထိုနောက်တဖန် ၁၆–၇–၇၀ရက်နေ့ထုတ်လုပ်သားပြည်သူ
နေ့စဉ် သတင်းစာတွင် "ရေဆင် အဆိပ်ပြင်းသလော"ဟူသည့်
ခေါင်းစဉ်ဖြင့် ပေါင်းတည်မှ ရွှေတည်စံက ဆောင်းပါးရေးသား
ထားသည်။ ၁၉၃၈ ခုနှစ်ဆီက မြစ်မခသစ်ထုတ်လုပ်ရေးနယ်မြေ
ရှိ ပေါက်တိုင်းရွာသစ်ထုတ်လုပ်ရေးလမ်း သဲသောင်ခုံပေါ်တွင်
စုပုံလျက်ရှိသော ကျွန်းတုံးများကို ဧရာဝတီမြစ်ကမ်းရှိ သစ်
ဖောင်ဖွဲ့စခန်းသို့ ပြောင်းရွှေ့ရန် သစ်တောဝန်က ညွှန်ကြား
ကြောင်း။ ထိုအချိန်က ဆောင်းပါးရှင်သည် သစ်တော ထုတ်
လုပ်ရေးအဖွဲ့ဝင်တဦးဖြစ်ပြီး သစ်လုံးများ ရွှေ့ရမည့် လုပ်ငန်း
ခွင်ရှိရာသို့ ချောင်းအုပ်ကြီး ဦးဖိုးမြစ်ဦးစီး၍ ဆင် ၁၇ ကောင်
ဖြင့် လုပ်ငန်းခွင် ဝင်ကြကြောင်း အစချီ ရေးသားထားသည်။

သစ်တုံးများ ရွှေ့ရမည့် ပေါက်တိုင်းရွာအနီးသို့ရောက်
သောအခါ ဧရာဝတီမြစ်ထဲသို့ စီးဝင်သည့် မြစ်လက်တက်တခု
ဖြစ်သော ချောင်းငယ်တခုကို ဖြတ်ကြရ၏။ ပါလာသောဆင်
၁၇ ကောင်ထဲတွင် ဆင်ဦးစီးကိုးယောက်ကို သတ်ထားသဖြင့်
ကိုးလောင်းဟု အမည်တွင်နေသော ဆင်ဆိုးကြီး တကောင်
လည်း ပါဝင်၏။ ကိုးလောင်းသည် ခေါင်းဆောင်ဆင်ကြီးဖြစ်
သဖြင့် ချောင်းရေကို ဖြတ်ရာတွင် သူ့ကို ရှေ့ဆုံးက ထား၍
ဦးစွာ ဖြတ်ကူးစေရသည်။ ကိုးလောင်းသည် ချောင်းရေစပ်သို့
ရောက်သောအခါ ချောင်းရေကို နှာမောင်းဖျားနှင့်တို့၍ အနံ့
ခံ ကြည့်ကာ ကြောက်ရွံ့ ထိတ်လန့်သော လက္ခဏာများ
ပြသည်။ ထိုနောက် ကိုးလောင်းသည် ရုတ်ချည်း နောက်သို့
ပြန်လှည့်လိုက်ပြီးနောက် ချောင်းကမ်းပါးထက်သို့ တက်ပြေး

သည်။ ချောင်းအုပ်ကြီး ဦးဖိုးမြစ်ကမူ ကိုးလောင်း မည်မျှပင် ထိတ်လန့်နေဟန်ရှိသော်လည်း ဆင်ဦးစီးများအား ကိုးလောင်းကို လုံချွန်နှင့်ထိုး၍ ချောင်းထဲ အတင်း ဆင်းခိုင်းစေသည်။ ကိုးလောင်းခမျာ မလွန်ဆန်နိုင်သည့် အဆုံးတွင် ဖြတ်ကူးရမည့် ချောင်းရေစပ်နေရာသို့ ဆင်းလာရ၏။ သို့သော်လည်း ကိုးလောင်းသည် ရေစပ်သို့ အရောက်တွင် ကျယ်လောင်စွာ တချက်အော်သံပြုလိုက်ပြီး နောက်ပြန်လှည့်ပြေးပြန်လေသည်။

ဤတွင် ဆင်ဦးစီးမှူး ဖြစ်သူက ကိုးလောင်း ရေထဲသို့ ဖြတ်မကူးဝံ့ခြင်းမှာ ချောင်းရေထဲတွင်ရေဆင်ရှိနေခြင်းကြောင့် ဖြစ်ဟန်တူသည်ဟု အကျိုးအကြောင်း ပြောကာ ချောင်းကို မဖြတ်သင့်ကြောင်း ချောင်းအုပ်ကြီး ဦးဖိုးမြစ်ကို ရှင်းပြ၏။ သို့သော် ဦးဖိုးမြစ်က လုံးဝ လက်မခံပေ။ ဆင်ဦးစီးများ အားလုံးအား ရှိရှိသမျှ ခားလုံ၊ သေနတ်လက်နက်များအားလုံးဖြင့် ဝိုင်းဝန်းတွန်းထိုးစေ၍ ကိုးလောင်းအား ချောင်းကိုဖြတ်စေ၏။ လုံချွန်၊ ခားချွန်များ၏ ထိုးဆွချက် ဒဏ်ချက်များကို မခံနိုင်သည့်အဆုံးတွင် ဆင်ဆိုးကြီး ကိုးလောင်းခမျာသည် ချောင်းရေထဲသို့ နောက်တတွန့်တွန့်ဖြင့် ဖြည်းဖြည်း ဆင်းရရှာ၏။ တလှမ်းချင်း လှမ်း၍ ဆင်းရင်းလည်း ရေကို နှာမောင်းဖြင့် တိုကာ တိုကာ အနံ့ခံနေ၏။ ချောင်းရေထဲတွင် ကိုးလောင်း၏ တကိုယ်လုံး မြုပ်လုလုအခြေသို့ ရောက်သောအခါ ကိုးလောင်းသည် အလွန်ကျယ်လောင်ပြင်းပြစွာ အော်ဟစ်ရင်း ရုန်းကန်လှုပ်ရှားကာ နောက်သို့လှည့်၍ ချောင်းကမ်းပါးထက်သို့ တရှိန်ထိုး ပြေးတက်သွားတော့သည်။ ချောင်းကမ်းပါးထက်သို့ရောက်သည့် တခဏတွင်းမှာပင် ကိုးလောင်းသည် မတ်တတ်ရပ်တည်နိုင်စွမ်းမရှိတော့ဘဲ ဒူးညွှတ်ကာ ဘေးစောင်းလဲကျသွားတော့



သည်။ ကိုးလောင်း၏ တကိုယ်လုံးရှိ ကြွက်သားများ ဆပ်ဆပ်လှုပ်ကာ တွန့်လိမ်လျက်ရှိပြီး သုံးနာရီမျှအကြာတွင် သေဆုံးသွားရှာတော့သည်။

စာရေးသူ (ပေါင်းဘည်မှ ဆောင်းပါးရှင်)၏ ယူဆချက်အရ ရေဆင်သည် အချို့မှတ်ယူသကဲ့သို့ သားလျှော ပျက်ကျသော ဆင်အသေကောင်ငယ်ကို အခြောက် လှန်းထားခြင်း မဟုတ်နိုင်ချေ။ ဆင်သန္ဓေသား အခြောက်ကောင်ကိုသာ ရေဆင်အခြောက်ဟု လိမ်လည်လှည့်ဖျား ပြောဆိုကြခြင်း ဖြစ်ပေလိမ့်မည်။ ဆောင်းပါးရှင်သည် ၁၉၄၀ ခုနှစ်က ပျဉ်းမနားခရိုင် သစ်ပုပ်ပင် သစ်ထုတ်လုပ်ရေးစခန်းတွင် ရှိစဉ်က ဆင်ဦးစီးမှူးဖြစ်သူ စတီးဘရားသား သစ်ထုတ်စခန်းမှ ဦးကြီးဘို ဆိုသူထံတွင် ရေဆင်အခြောက်တကောင် ကိုယ်နှင့်မကွာ အမြဲဆောင်ထားသည်ကို တွေ့ခဲ့ရဘူးသည်။ ရေဆင်ကို ဆောင်ထားခြင်းအားဖြင့် ဆင်ဆိုးများအပေါ် အာဏာတည်နိုင်စွမ်း ရှိသည်ဟု ဆိုသည်။

မုတ္တမကွေ့နှင့် အင်းအေနီး ရောဝတီမြစ်ထဲ ဆင်များ သေဆုံးရခြင်းမှာ ရေဆင်ကြောင့် မဖြစ်တန်ရာ။ ဦးဘမြိုင်၏ လေ့လာချက်အရဆိုလျှင် မုတ္တမကွေ့ ပင်လယ်ရေပြင်နှင့် ရောဝတီ မြစ်ရေပြင်ကဲ့သို့သော ရေပြင်ကျယ်မျိုးတွင် ရေဆင် မရှိနိုင်ပေ။ ထို့ပြင် ထိုနေရာများတွင် ဆင်များ သေဆုံးရခြင်းမှာ ငါးမန်းစသည့် မုတ္တမကွေ့နှင့် စပ်နေသော ပင်လယ်ပြင်တွင် ကြီးစိုးကျက်စားလေ့ရှိသော ပင်လယ် သတ္တဝါ များကြောင့်ဟုလည်း မဆိုသာပေ။ ရောဝတီမြစ်၏ အထက်ပိုင်းဒေသမျိုးတွင်လည်း ထိုသတ္တဝါမျိုးတို့ မရှိနိုင်ပေ။ ထို့ကြောင့် ရေဆင်နှင့် ငါးမန်းစသည်များကြောင့် မဖြစ်နိုင်ဟု ဆိုလျှင် "ညီ"

ဟူသောသတ္တဝါမျိုးကြောင့်များ ဖြစ်လေမည်လားဟု တွေးဆဘွယ်ဖြစ်လာရပေသည်။

အဆိပ်ပြင်းသော မြွေဆိုးကြီးများ ကိုက်၍လည်း ဆင်များ သေတတ်၏။ စွယ်စုံ ဆင်ကြီးများသည်ပင် သေးငယ်သော ပျားကောင်ကြောင့်ရင်း၊ ကြွက်ငယ် တကောင်ကြောင့်ရင်း ထိတ်လန့်ခြောက်ခြားတတ်သေးသည်ဖြစ်ရာ ရေထဲတွင် မမြင်ရဘဲ အနီး၌ လှုပ်ရှားသွားလာနေသော မြွေကို ကြောက်မည်ဆိုလျှင် သဘာဝယုတ္တိ ရှိပေသည်။

သူတို့ဖြတ်ကူးရမည့် ချောင်းရေထဲတွင် မြွေရှိနေလျှင်လည်း ဆင်ကြီးများ မုချပင် သိနိုင်ကြပေလိမ့်မည်။ ယင်းသို့ မြွေရှိမှန်းသိနေလျှင် ဆင်များ ချောင်းထဲသို့ ဆင်းဝံ့ကြမည် မဟုတ်ပေ။ သို့ကြောင့် ကိုးလောင်းခေါ် ဆင်ဦးစီး ကိုးဦး သတ်ခဲ့သော ဆင်ဆိုးကြီးသည်လည်း ဟားမားဒရိုင်းအက်ခေါ် မြွေဆိုးကြီး တမျိုးမျိုး ကိုက်သဖြင့် သေဆုံးခြင်းပင် ဖြစ်နိုင်ပေသည်။ ထိုမြွေကြီးမျိုးများသည် မြန်မာပြည်မြောက်ပိုင်းရှိ ဧရာဝတီမြစ်၏ နုန်းထူထပ်သော မြစ်လက်တက်များ၊ ချောင်းငယ်များတွင် ကျက်စားလေ့ရှိပေသည်။ ထို့ပြင် ရေဆင်ကြောင့် ကိုးလောင်းသေဆုံးရခြင်း မဖြစ်နိုင်သော အကြောင်းတချက်မှာ ဦးဘမြိုင်၏ ဖော်ပြချက်အရ ရေဆင်၏ အစွယ်များသည် ခေါင်းပိတ်ဖြစ်သည်ဟူသောအချက်ပင် ဖြစ်သည်။ ခေါင်းပိတ်အစွယ်သည် ဆင်အရေကို ပေါက်အောင် ထိုးဖောက် နိုင်မည်ဖြစ်သော်လည်း မြွေစွယ်ကဲ့သို့ အဆိပ်ကို ထိုး သွင်း ရန်ပြွန်ချောင်း မပါရှိနိုင်ပေ။

အများလက်ခံ ယုံကြည်သကဲ့သို့ ရေဆင် အခြောက်ကို ဆင်များ အကယ်ပင် ကြောက် မကြောက်သိရန် တိရစ္ဆာန်ရုံရှိ



မဟုခေါ် သောဆင်မကြီးနှင့် အကျွမ်းတဝင် ရှိသူတဦးက ရေဆင်၏ အစွယ်ကို တုလုပ်ထားသည်ဆိုသောရင်ထိုးတခုကို ကိုယ်တွင်ဆင်၍ ဆင်မ မဟု အနီးသို့ ချဉ်းကပ် ကြည့်သည်။ ဆင်မ မဟုသည် ကြောက်ရွံ့သည့်လက္ခဏာ စိုးစဉ်းမျှမပေါ် ပဲနဂိုနေမြဲ အတိုင်းပင် ရှိသည်။ သို့သော် ဆင်မ၏မျက်လုံးများကြည့်ပုံမှာမူ တစုံတရာကို ယန့်မကင်းဟန်ရှိကြောင်းပေါ် လွင်နေပေသည်။

သစ်စေးသုတ်ထားသော ရေဆင် အခြောက်တကောင်ကိုလည်း သေတ္တာငယ်တလုံးတွင်ထည့်ကာ ဆင်ထိန်း အကြီးအကဲအား ဆင်မ မဟုအားပြ၍ အနံ့ခံစေသည်။ ဆင်မ မဟုသည် ဘာမှ ထူးခြားဟန်မရှိပဲ အမှတ်မဲ့ပင် အနံ့ခံကြည့်သည်။ ကြောက်ခြင်း၊ စိတ်လှုပ်ရှားခြင်း အရိပ်လက္ခဏာ မဖြစ်ပေါ်ပေ။ ဆင်ထိန်း၏လက်ထဲတွင် ရေဆင်ထည့်ထားသော သေတ္တာကိုကိုင်၍ ဆင်မကို လှည့်ပတ်လျှောက်ကြည့်သော်လည်း ဆင်မ မဟုက ဂရုမစိုက်ပေ။ ထိုနည်းတူပင် အခြား ဆင်သုံးကောင်ဖြစ်သော မိုးမိုး၊ မိုးမိတ်နှင့် ဂျင်းဖောမယ်တို့ အနီးသို့ ရေဆင်အစွယ်ကို ပြုလုပ်ထားသော ရင်ထိုးနှင့် ရေဆင် အခြောက်ပါရှိသော သေတ္တာတို့ကို ယူသွားသောအခါ ကြောက်လန့်ဟန်၊ စိတ်လှုပ်ရှားဟန် လက္ခဏာလုံးဝ မပြကြချေ။

ရေဆင်၏အစွယ်ကို ဆင်များ ကြောက်ရွံ့တတ်ကြသည်မှန်လျှင် တိရစ္ဆာန်ရုံအတွင်းမှ ဆင်များ ကြောက်လန့်သည့် လက္ခဏာပြတန်ရာသည်။ ယခုကဲ့သို့ ဆင်များ လုံးဝကြောက်ရွံ့မှုမရှိကြခြင်းသည် ရေဆင်အစွယ်ကို ဆင်များ မကြောက်ရွံ့တတ်ကြခြင်းကြောင့်သော်လည်းဖြစ်မည်၊ သို့မဟုတ် ပြကြည့်သော ရေဆင်၏အခြောက်ကသော်လည်း အစစ်အမှန် မဟုတ်၍ ဖြစ်ပေလိမ့်မည်။

ဆင်၏ သန္ဓေ သားကောင်သည် သန္ဓေနစဉ်ကာလများ မှာပင် ဆင်ကြီးများနှင့် သွားပေါက်မှု အနေအထားမှလွဲ၍ အားလုံးတူညီ၏။ အရွယ်အားဖြင့် အလျားခြောက်လက်မ၊ အမြင့် လေးလက်မရှိပြီး ခွေးစဆင်ကလေးများမှာမူ အလျား နှစ်ပေခွဲနှင့် အမြင့်နှစ်ပေရှိသည်။ ယင်းသို့ အရွယ်ပမာဏသာ ကွာခြားပြီး အခြား လက္ခဏာများ အားလုံး တူညီခြင်းကြောင့် ဆင်သန္ဓေသားကိုပင် ရေဆင်ဟု လိမ်လည်လျှင်လည်း ဖြစ်နိုင် ပေသည်။ ဆင်သန္ဓေသားတွင်မူ သွားများအနည်းငယ် ပေါက်စ ဖြစ်နေတတ်သည်။

ထို့ကြောင့် ဓာတ်မှန်ရိုက်ကြည့်လျှင် ဆင်သန္ဓေ သား ကောင် ဟုတ်မဟုတ် အတိအကျ သိသာနိုင်ပေသည်။ အစွယ် မပါရှိသည်ကလွဲ၍ ရေဆင်နှင့် ဆွေမျိုးနီးစပ် ဖြစ်နိုင်သော သတ္တဝါတကောင်မှာ "ရော့ဟိုင်းရက်"ဖြစ်သည်။ ထိုသတ္တဝါ ကို အာဖရိကနှင့် အနောက်တောင် အာရှဒေသများတွင်သာ တွေ့နိုင်သည်။ ထိုသတ္တဝါသည် ယခုလက်ရှိ ရုပ်လက္ခဏာသွင် ပြင်အတိုင်း နှစ်ပေါင်း သန်းပေါင်းများစွာ တည်ရှိခဲ့သည်။ ၎င်းသည် အမြင်အားဖြင့် ပူးသတ္တဝါနှင့် ဆင်တူသော်လည်း အနီးစပ် ဆွေမျိုးမှာ ဆင်ဖြစ်သည်။ သို့သော် ရေနေ နို့တိုက် သတ္တဝါ မဟုတ်ပဲ ကျောက်ဆောင်များ ထူထပ်ရာတွင် ကျက်စားလေ့ရှိသည့် သတ္တဝါဖြစ်၏။

ထို့ကြောင့် လက်ရှိ လေ့လာတွေ့ရှိရမှု အခြေအနေတွင် "ရေဆင်"ဆိုသည်မှာ ရော့ဟိုင်းရက် သတ္တဝါနှင့် ဆွေမျိုးစပ် တူဖြစ်ပြီး မြေတွင်းအောင်း သတ္တဝါနှင့်လည်း သွင်ပြင် လက္ခဏာအားဖြင့် တူညီသည့် သတ္တဝါမျိုးဖြစ်သည်ဟုသာ ဆို နိုင်ပေသေးသည်။ လက်တွေ့ မြင်တွေ့လေ့လာမိသူများ၏ အဆို



အရ ရေဆင်ကို ရေထဲတွင်သာ တွေ့ရလေ့ရှိသဖြင့် ရေဆင်ကို ရေသတ္တဝါ တကောင်ဟုပင် အကြမ်းအားဖြင့် မှတ်ယူရန် ရှိ ပေသည်။

တော်လှန်ရေး ကောင်စီဥက္ကဋ္ဌထံသို့ ပေးလှူသော ရေ ဆင် သုံးကောင်ကို ဓာတ်မှန်ရိုက်ကြည့်သောအခါတွင်မူ ရေဆင် အစစ်မဟုတ်ပဲ "အတု" များသာ ဖြစ်နေကြောင်း တွေ့ရ သည်။ အိမ်ကြွက်အသေကောင်များကို အစွယ်တုများ ထပ် ထားခြင်း၊ ရှေ့နှင့် နောက်ခြေများကို လက်ကောက်ဝတ်နှင့် ခြေကျင်းဝတ်နေရာများမှ တိုအောင်ဖြတ်ကာ ဆင်ခြေနှင့် တူ အောင် ဆွဲဆန့်ထားခြင်း ပြုလုပ်ထားသည်ကို တွေ့ရသည်။ ရေဆင် သုံးကောင်အနက် လည်တိုင်ရိုးများ နုတ်ပစ်ထားပြီး ခေါင်းရိုးနှင့် ကိုယ်ထည်ရိုးတို့ကို သံချောင်းတခုနှင့် ထိုးဆက် ထားသည်။ သို့ဖြင့် ဂုတ်တိုသွားစေကာ ဆင်နှင့် တူအောင် ဖန်တီးထားခြင်းဖြစ်သည်။ ထိုရေဆင် သုံးကောင်ကို ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ပါဏဗေဒဌာနက မိုက်ကရိုစကုပ်ဖြင့် ကြည့်ရှုလေ့လာပြီးဖြစ်၏။ ထိုလေ့လာချက်အရ ကြွက်သေ ကောင်များသာဖြစ်ကြောင်း ကောက်ချက်ချရသည်။ ယင်းသို့ ရေဆင် အတုများသာ ပေါ်ထွက်လာခြင်း ဖြစ်သော်လည်း လက်တွေ့လေ့လာ မြင်တွေ့ဘူးသူများ၏ သာဓက အထောက် အထားများအရ နို့တိုက်သတ္တဝါမျိုးစုတခုတွင်ပါသော ရေဆင် ဆိုသည့် သတ္တဝါမျိုး အမှန်တကယ်ပင် ရှိနေပေလိမ့်မည် ဟု၍ ယုံကြည်နိုင်စရာရှိပေသည်။ နောင်တနေ့သောအခါတွင် ယင်း ရေဆင်အစစ်တကောင်ကို ရရှိလာပါမှ ရေဆင်၏ သဘာဝ လက္ခဏာ အစစ်အမှန်ကို ခွဲခြားသိနိုင်မည် ဖြစ်ပေတော့သည်။